
www.burmeseclassic.com



# ဆုမြတ်မွန်မွန်

နေမဝင်ချယ်ရီ

Design : Chit Sann (528)

BURMESE CLASSIC .com
burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

နေမဝင်ချယ်ရီ

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၅၉၀၉၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၃၀၀၉၀၈

၂၀၀၉ ခုနှစ်၊ မေလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

BURMESE CLASSIC .com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

ဆရာမ မဆုမြတ်မွန်မွန်


ခင်မင်လေးစားသောအားဖြင့် မမမွန်လို့ခေါ်ပါရစေ။ ကျွန်တော်က မမမွန်စာဖတ်ပရိသတ်တစ်ယောက်ပါ။ မမမွန်ရဲ့စာအုပ်တွေကို တော်တော်များများဖတ်ဖူးပါတယ်။ စာအုပ်တိုင်းလိုလို အရမ်းကောင်းတာပဲ။ တချို့စာအုပ်တွေဆိုရင် ကျွန်တော်နဲ့ တိုက်ဆိုင်မှုတွေပါ တော်တော်များများပါတယ်။ မမမွန်ရဲ့စာအုပ်တွေကို ကျွန်တော် အရင်ဆုံးဖတ်ဖူးတာဆိုရင် 'ချစ်သူတို့၏အခမ်းနားဆုံးအရာ'ဆိုတဲ့စာအုပ်ပါ။ ကျွန်တော် အဲဒီစာအုပ်ကို အရမ်းကြိုက်တယ်။ နောက်လတွေထွက်မည့်စာအုပ်တွေကိုလည်း မျှော်နေမိတယ်။ မမမွန်တစ်ယောက် ဒီထက်မကအောင်မြင်ကြီးပွားပြီး ကျန်းမာစွာဖြင့် စာအုပ်များကို ဆက်လက်ရေးသားနိုင်ပါစေလို့ ဆန္ဒပြုရင်း ...

သူရအောင်
ကျောက္ကူလမ်း။
ဘုန်းစိုးရပ်၊ မုံရွာမြို့၊
ဓာတ်ကြောင် ရွှေပြည်မိုး။


burmeseclassic.com

www.burmeseclassic.com










စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

burmeseclassic.com

www.burmeseclassic.com

## ဆုမြတ်မွန်မွန်၏ ထွက်ပြီးစာအုပ်များ


၁။ မျက်နက်ဝန်းရဲ့မေတ္တာတံချူ
၂။ ရင်ခုန်ချစ်ခြင်းနှင့်အတ္တနန်းတော်
၃။ လ,သုံးစင်းနှင့် ကြ,ခုန်ခြင်း
၄။ ကြွင်းကျန်ရစ်သောသစ္စာ
၅။ အနမ်းဆက်တိုင်း
၆။ အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်
၇။ နှုတ်ခြင်းပြိုင်ပွဲ
၈။ မော်ကာချာရွှေရုပ်
၉။ အငြိုးမြစ်
၁၀။ အချစ်ဦးနှင့်လွဲပြီးသည့်နောက်(ဖူးစာ)
၁၁။ အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ်
၁၂။ သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ
၁၃။ ကြယ်ကလေးရဲ့နှင်တံ
၁၄။ ရင်ခွင်ဆီသို့လှေကားထစ်များ
၁၅။ နှလုံးသားတစ်ခုအရှင်းပြု၍
၁၆။ ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ်ပညာ
၁၇။ ကိုယ်ယောင်ဖျောက်မှင့်တဲ့ နှင်းဆီတို့ရဲ့သခင်
၁၈။ အကြင်နာများ ကောင်းကင်ယံသို့ လွှင့်တင်ထားသည်
၁၉။ ချစ်သူတို့၏ အခမ်းအနားဆုံးအရာ
၂၀။ ပန်းတစ်ပွင့်၏မှုပိုင်ရာသီဥတု
၂၁။ လမင်းခေတ်က ချစ်ခြင်း၏ယဉ်ကျေးမှု
၂၂။ လိပ်မွှော်ပင်ပျိုလေးရဲ့ကောင်းဘို့ုင်
၂၃။ မန္တလေးသား
၂၄။ တစ်သက်မှာတစ်ခါ တစ်ခါမှာတစ်ယောက်
၂၅။ အဆင့်မြင့်ရည်းစားစကား
၂၆။ အလွမ်းတိုင်းမရပ်တဲ့ သံယောဇဉ်ရထား
၂၇။ ဖော်ဖော်ဝါရီ(၁၄)




ယခုလဆက်လက်၍




၃၀။ နေမဝင်ချယ်ရီ [ပုလဲရတုအထိမ်းအမှတ်]




## ၁

"လေးလေးရေ ... လေးလေး ... ကျွန်တော်ရောက်လာ ပြီဗျူ"

"ကြားတယ် ... ကြားတယ် ... နှင်းကန်အော်မနေနဲ့ကွ"

နှင်းကန်အော်မနေနဲ့သာ ဆိုနေသော်လည်း လေးလေး ... လူလုံးထွက်ပြမလာသေးချေ။ သူက မောမောပန်းပန်းဖြင့် ...ယ်လာသော လက်ဂေ့ချ်နှင့် လွယ်လာသော ကျောပိုးအိတ်ကို ...က်တီပေါ်သို့ ဖုန်းခနဲ ပစ်ချလိုက်ကာ လူတစ်ကိုယ်လုံးကိုလည်း ...က်တီပေါ်သို့ ပစ်လှဲထိုင်ချလိုက်သည်။

"အမယ်လေး ... ငါ့ဆက်တီကကြိမ်တွေတော့ ပေါက်ထွက် ကုန်တော့မှာပဲ မောင်မင်းကြီးသားရယ်"



burmeseclassic.com

www.burmeseclassic.com



အခုမှပင် လေးလေးက ရောက်လာကာ သူ့ကို အပြစ်တင်စကားဖြင့် ဆီးကြိုနှုတ်ဆက်တော့သည်။ သူက တစ်နေ့ကုန် ကားစီးလာရသဖြင့် အညောင်းအညာတွေကို ဂျိုးဂျိုးဂျွတ်ဂျွတ် မြည်အောင် ချိုးပြီးကာမှ ...

"အား ... လေးလေးတို့များ ကိုယ့်တူတစ်ယောက်လုံး ရောက်လာတာတောင် ပျော်ရွှင်ဖွယ်ကောင်းအောင် ကြိုဆိုနေရှာတယ်၊ ထွက်ကိုမလာတော့ဘူး၊ ဘာလုပ်နေတာလဲ"

"ဟော့ကောင် ... မင်း စားဖို့သောက်ဖို့ ချက်ပြုတ်နေရတာကွ၊ စေတနာကို စော်ကားဖို့ ပြင်ဆင်မနေနဲ့"

"ဩော် ... အပင်ပန်းခံလို့ လေးလေးရာ၊ တူဝရီး နှစ်ယောက်တည်းပဲ ဆိုင်မှာ သွားစားကြမှာပေါ့"

"မသွားချင်ပါဘူးကွာ။ ကိုယ့်အိမ်ကိုယ် အေးအေးဆေးဆေး စကားပြောရင်း စားရတာက ပိုကောင်းပါတယ် ...

ကဲ ... မင်းလည်း ကားစီးရတာ ပင်ပန်းလာရောပေါ့။ ခဏနားပြီးရင် ရေချိုး၊ ရေချိုးပြီးမှ ထမင်းစားရင်း စကားပြောကြတာပေါ့"





သူက ပျင်းသလိုနှင့် အီးအဲဆွဲနေလျှင် လေးလေးက အနားလာရပ်ကာ "ဟော့ကောင် ... ထပါကွ"ဟု ဆွဲထူသည်။ သူက လေးလေးရဲ့ ဗိုက်ပူပူနှင့် ခါးတုတ်တုတ်ကြီးကို ကလိထိုးက စလျှင် လေးလေးက ကိုးရိုးကားရားဖြင့် ယောင်ချေပြီ။

တကယ်တော့ သူဟာ လေးလေး တာဝန်ကျရာ မြို့လေးသို့ အပန်းဖြေရန်၊ စိတ်အေးလက်အေး အနားယူရန် ရောက်လာသော သူတစ်ယောက်ပဲ ဖြစ်ပါသည်။

သူက လွန်ခဲ့သော ငါးနှစ်တိတိ သဘောလိုက်နေခဲ့သူဖြစ်သည်။

အခုလည်း သဘော်ပေါ်မှ ဆင်းလာတာ မကြာသေးချေ။ ရန်ကုန်မှာ မိဘတွေနှင့် တစ်လလောက်ပဲ နေခဲ့ကာ အမေ့ရဲ့မောင်ဖြစ်သူ လေးလေးရှိရာ အေးချမ်းသာယာသော ကောင်ကြီးမြို့လေးသို့ လေးလေးနှင့် အေးအေးဆေးဆေးနေရန် ရောက်လာခဲ့ခြင်းပဲ ဖြစ်ပါသည်။

"ဟော့ကောင် ထ,ကွ၊ ရေချိုးတော့၊ ငါ ရေနွေးစပ်ထားပြီး သား အဆင်သင့်ပဲ၊ သွားချိုးတော့"

www.burmeseclassic.com



"အင်းပါ လေးလေးရာ၊ လေးလေးက တကယ့် ပစ်ပစ်ပ်နဲ့ မိန်းမကြီး ကျနေတာပဲ၊ ဒါကြောင့် မိန်းမ မရဘဲ လူပျိုကြီး ဖြစ်နေတာ"

"ဟာ ... ဒီကောင်တော့"

လေးလေးက သူ့ကို လက်သီးရွယ်လျှင် သူက တကယ်မလုပ်မှန်း သိပါလျက်နှင့် ကြောက်ချင်ဟန်ဆောင်ကာ ထိုနေရာမှ အသာထပြေးလာရသည်။ အဲဒီနောက် ရေချိုးခန်းထဲအထိ ရောက်လာသေးသည်။

"ဟော့ကောင် ... မြန်မြန်ချိုး၊ လန်းဆန်းရုံလောက်ဆို တော်ပြီ၊ ငါ မိန်းမ မရတာ ပစ်ပစ်ပ်များလို့ မဟုတ်ဘူးကွ ...

နားလည်လား"

"သိပါတယ်၊ လေးလေးကို ဟိုက ထားခဲ့လို့ မဟုတ်လား"

"ဟော့ကောင် ... လျှောက်အော်မနေနဲ့ မြန်မြန်ချိုး"

သူက တဟားဟားနှင့် ရယ်ကာ ရေကို တဗွမ်းဗွမ်းနှင့် အားပါးတရ လောင်းချိုးလိုက်သည်။ အခုမှပဲ တကယ့်ကို





လန်းဆန်းသွားတာ ဖြစ်တော့သည်။ ရေချိုးပြီးနောက်တွင် သူ့အတွက် ပြင်ဆင်ထားသော အခန်းထဲမှာ သူ့အဝတ်အိတ်က ရောက်နှင့်လို့ နေချေပြီ။

သူက အသားထူထူရှိသော စပို့ရှပ်လည်ပိတ် လက်ရှည်နှင့် ဂျင်းဘောင်းဘီ တစ်ထည်ကို ကောက်ဝတ်ကာ အပြင်ထွက်လာလျှင် မွှေးပျံ့သော ဟင်းရနံ့က သူ့ကို ထမင်းစားဖို့ လာခေါ်နေသလိုပဲဖြစ်သည်။ သူက ထမင်းစားခန်းထဲသို့ အသာခင်ရောက်လာလျှင် အိမ်ရှင်မကြီး တစ်ဦးနှယ် ထမင်းပွဲ ပြင်ဆင်နေသော လေးလေးကို ပြုံးချင်စရာ မြင်တွေ့ရသည်။

သူ ပြုံးသွားတာကိုလည်း မြင်ဖြစ်အောင် မြင်သွားကာ လေးလေးက လက်သီးတစ်ချက် လှမ်းရွယ်ပြကာ ...

"မင်းနော် ... မဟုတ်က ဟုတ်ကတွေ လျှောက်ပြောဖို့တော့ မစဉ်းစားနဲ့"

"ဟာ ... လုံလုံနေပါဗျာ၊ ဘာမှ မပြောရပါဘူး"

"မင်းအကြည့်ကို ငါ သိတယ်"

"မင်းအကြည့်က သေစေနိုင်တယ်ပေါ့၊ ဟုတ်လား"



burmeseclassic.com

www.burmeseclassic.com



"မင်း တော်တော်စကားများလာပါလား၊ ပင်လယ်ထဲမှာ စကားမပြောခဲ့ရသမျှ အခုမှ အတိုးချ ပြောဖြစ်တယ်နဲ့ တူတယ်"

"မဟုတ်ပါဘူးဗျာ၊ လေးလေးကို သဘောကျလို့ပါ၊ ပုခက်လွှဲသော လက်တွေနဲ့အပြိုင် ငရုတ်ဆုံကိုင်နိုင်တဲ့ လေးလေးရဲ့လက်ကို ကြိုက်လို့ ...

ကဲ ... ကဲ ... အနံ့တွေ မွှေးနေတာပဲ၊ ဘာတွေချက်ထားကာလဲ၊ ဒါတွေ လေးလေး တစ်ယောက်တည်း ချက်တာပေါ့၊ နေပါဦး ... လေးလေးရဲ့တပည့်တစ်ယောက် ရှိတယ်ဆို"

သူက ကုလားထိုင်မှာ ဝင်ထိုင်ရင်း ဟင်းတွေကိုလည်း ငေ့ငဲကြည့်ရှုကာ မေးလိုက်စဉ် လေးလေးက ထမင်းပန်းကန်တွေထဲ ထမင်းခူးကာ ထည့်နေရင်းမှ ...

"မောင်ချိုက သူ့အမေဆုံးလို့ ရွာခဏ ပြန်သွားတယ်ကွ၊ တစ်ရက် နှစ်ရက်လောက်ဆို ပြန်ရောက်တော့မှာပါ ...

ဒါနဲ့ ... မင်း ဒီမှာ ဘယ်လောက်နေမယ် စိတ်ကူးလဲ"





သူက လေးလေးရဲ့လက်ရာ ငါးခေါင်းဟင်းချိုထဲမှ ငါးဥတစ်လုံးကို ဖူးခနဲ မှုတ်နေရာမှ မျက်လုံးလှန်ကြည့်ကာ ...

"ဘာလဲ ... လေးလေးက ကျွန်တော် အကြာကြီးနေမှာ စိုးရိမ်နေတာလား"

"ဟေ့ကောင် ... အပိုစာသားတွေ လျှောက်မရွတ်နဲ့ကွာ၊ မင်းဘာသာ တစ်လပဲနေနေ၊ တစ်နှစ်ပဲနေနေ၊ တစ်သက်လုံးပဲနေနေ ငါ့အတွက် ဘာမှမဖြစ်ဘူး ...

မင်း တော်တော်စကားများတဲ့ကောင်ပဲ၊ အရင်က ဒီလို စကားမများတတ်ပါဘူး၊ စကားကို နည်းနည်းပြောပြီး အစားကို များများစားစမ်းကွာ"

"ဝုတ်ကဲ့ ... ဝုတ်ကဲ့ ... ကျွန်တော် လေးလေးဆီမှာ နောက်တစ်ခေါက် သင်္ဘောပြန်မတက်မချင်း နေမှာဗျာ ...

နောက် ... ဒီနားတစ်ဝိုက်မှာ ဓာတ်ပုံတွေ ရိုက်စရာ ရှိတယ်၊ ပင်းတယဘက်က ရှုခင်းတွေ တော်တော်လှတယ်၊ အဲဒီဘက်တွေကို သွားရိုက်ချင်တယ် ...

လေးလေး အားတဲ့တစ်နေ့ အင်းလေး၊ ပင်းတယ ဘက် သွားရအောင်ဗျာ ... နော်"



burmeseclassic.com

www.burmeseclassic.com



လေးလေးက သူ့ကို မျက်စောင်းကြီး ရွယ်ချိန်၍ ကြည့်ကာ ...

"ဒီပိုးက အခုထိ မကုန်သေးဘူးလား"

သူက လေးလေး လက်ရာ ယုန်သားဆီပြန်နှင့် ကော့ပျံတက်နေသော ရှမ်းဆန်ထမင်းကို ပလုတ်ပလောင်းစား ရင်းမှ ဝူးဝူးဝါးဝါး ပြန်ဖြေရသည်။

"အဲဒါ ပိုး,မဟုတ်ဘူးနော် လေးလေး။ ကျွန်တော် တကယ် ဖြစ်ချင့်တဲ့ ကျွန်တော့်ရဲ့ Professional (အသက်မွေးဝမ်း ကျောင်းအလုပ်)၊ Seaman life (သင်္ဘောသားဘဝ)ကို ကျွန်တော် မနှစ်သက်ဘူး ...

ဒါပေမဲ့ အဲဒီကောင်က ငွေရလွယ်တယ်၊ နောက် ကျွန်တော်က စွန့်စွန့်စားစား လုပ်ရတာကို ဝါသနာပါတဲ့ အတွက်ရော နိုင်ငံတကာကို လှည့်ချင်တာရောကြောင့်သာ လုပ်ခဲ့တာ ...

ကျွန်တော် တကယ်တမ်း နေချင်တာ အေးအေးဆေး ဆေးနဲ့ ဓာတ်ပုံတွေ လျှောက်ရိုက်နေရတဲ့ ဘဝမျိုးပဲ။





မြန်မာပြည်မှာ ဓာတ်ပုံရိုက်လို့ အရမ်းလှတဲ့ နေရာတွေ ရှိတယ်၊ မြန်မာပြည်အနှံ့ ဂန္ဓာရီဓာတ်ပုံဆရာကို လုပ်ချင် တာ ... ဟဲ ဟဲ"

"လုပ်ပါကွာ၊ လုပ်ပါ၊ မင်း စိတ်ချမ်းသာရင် အကုန်လုပ်ပါ"

"ဒါနဲ့ ကျွန်တော် ဝယ်ခိုင်းထားတဲ့ ဆိုင်ကယ်ရော"

"ဝယ်ပြီးပါပြီကွာ၊ ဂိုဒေါင်ထဲမှာ ရှိပါတယ်"

"ဟဲ ဟဲ ... သင့်ခ်ယူ။ လေးလေးက တကယ်ချစ်ဖို့ကောင်း တယ်၊ အားပါး ... ကျွန်တော် ဒီကိုရောက်တာ ပျော်တယ် ဗျာ၊ တကယ်။ ကျွန်တော့်စိတ်ထဲမှာ ဘာဖြစ်လို့မှန်း မသိ ဘူး၊ အရမ်းပျော်ပြီး စိတ်ချမ်းသာနေတယ်"

လေးလေးက သူ တကယ်ပျော်ရွှင်နေပုံကို ဒီတစ်ခါ တော့ သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"လူဆိုတာ ကိုယ်လုပ်ချင်တာ လုပ်ခွင့်ရရင် စိတ်ချမ်းသာ ရတာပဲကွ။ ဆင်းရဲမှ ချမ်းသာမှ မဟုတ်ဘူး ...

ဘဝမှာ ကိုယ်လုပ်ချင်တာကို လုပ်ခွင့်ရတဲ့လူက လူတော်ပဲ၊ ဒါပေမဲ့ လုပ်ချင်တာတွေ လုပ်ခွင့်ရဖို့ဆိုတာ



burmeseclassic.com

www.burmeseclassic.com



တချို့အတွက် အဆင်သင့် ဖြစ်နေတတ်တယ်၊ တချို့အတွက်ကတော့ ကြိုးစားပြီးမှ ရတယ်”

သူက လေးလေးရဲ့ စကားကို အပြည့်အဝ ထောက်ခံဟန်ဖြင့် လက်မတစ်ချက် ထောင်ပြလိုက်ကာ ...

“ရိုက်ထ် လေးလေး။ အဲဒါ အမှန်ပဲ၊ ကျွန်တော်ဆိုရင် အခုလို အေးအေးဆေးဆေး နေခွင့်ရဖို့ သင်္ဘောပေါ်မှာ နေ့မနား ညမနား အလုပ် လုပ်ခဲ့တယ် ...

ရတဲ့ပိုက်ဆံတွေကို ကမ်းကပ်တိုင်း အလကားသုံး မပစ်ဘူး။ ကျွန်တော် ကြိုက်တဲ့ ခတ်ပုံကင်မရာတွေ၊ ပစ္စည်းတွေ ဝယ်တယ်။ အဝတ်အစားကောင်းကောင်း ဝယ်တယ်။ ကောင်းကောင်းစားတယ်။ ဒါပဲ ...

အခုကျတော့ ကျွန်တော့်ရှာခဲ့တဲ့ ငွေတွေဟာ မိဘကို ပြန်ထောက်ပံ့ရုံတင် မကဘူး ကျွန်တော့်ဘာသာ အေးအေးဆေးဆေးနဲ့ ဖူဖူလုံလုံ နေနိုင်ပြီ ...

ကျွန်တော့်ဝါသနာကို စိတ်ကြိုက် အကောင်အထည် ဖော်နိုင်ပြီ”





“ဟုတ်တယ်ကွ၊ တစ်ခါတလေတော့လည်း လောကမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို အရင်ဦးစားပေးရမယ်၊ ငါ့အထင်တော့ အဲဒါက ကိုယ့်အတွက် ပိုကောင်းမယ် ...

မင်းကိုပဲကြည့်၊ မင်းက ဖြစ်သင့်တာကို ဦးစားပေးပြီး ဘဝရပ်တည်ရေးအတွက် အလုပ် လုပ်ခဲ့တယ်၊ ဟော ... အခု မင်းဖြစ်ချင်တာတွေ အကောင်အထည်ဖော်လို့ ရနေပြီ မဟုတ်လား”

“သိပ်သေချာတာပေါ့”

သူက လေးလေးကို တိကျခိုင်မာနေသော အသံကြီး ြင့် ပြောလိုက်လျှင် လေးလေးက ဖိနို့တယ်ဟူသော သဘောဖြင့် ခုံးကျုံ့ပြသည်။

သူက တဟားဟားနှင့် ဘာကို ကျေနပ်နေမှန်း သိဘဲ ကျေနပ်နေကာ ထိုနေ့က ထမင်းတွေလည်း တော်တော် ားဖြစ်လေသည်။

ပြီးတော့ လေးလေးနှင့်အတူ ကော်ဖီသောက်ကာ ကားတွေ ဆက်ပြောသေးသည်။ အဓိက,ကတော့ လေးလေးက



burmeseclassic.com

www.burmeseclassic.com



နားထောင်သမားဖြစ်လျက် သူက သူ့ရဲ့ နိုင်ငံတကာသဘော အတွေ့အကြုံတွေကို စိကာပတ်ကုံး ပြောပြတာ ဖြစ်ပါသည်။

အဲဒီနောက် စကားစက မပြတ်သေးသဖြင့် နောက် နေ့တွေဖို့ ချန်ထားပါဦးကွာဟု လေးလေးက ပြောမှသာ ဇလးလေး ကို ဝွတ်နိုက်ချ်ဟု နှုတ်ဆက်နိုင်တော့သည်။





သူက ရောက်ခါစပင် ဖြစ်သော်လည်း တက်ကြွ ထွန်းအား ကြီးနေသဖြင့် နားနားနေနေတောင် မနေနိုင်တော့ချေ။ နောက်တစ်နေ့နံနက်သို့ ရောက်တာနှင့် သူစီးမည့် DT ဆိုင်ကယ် ကြီးကို စက်နှိုးကာ ကင်မရာအိတ်ကို လွယ်လျက် အပြင်သို့ ထွက်လာခဲ့သည်။ အဲဒီနောက်တော့ သူဟာ မြို့စွန်ဘက်ကျသော နေရာကို မောင်းလာခဲ့ကာ လျှိုတွေ၊ တောင်ကုန်းတွေရှိသောဘက် မှာ ဆိုင်ကယ်ကို ရပ်လိုက်ပါသည်။

လှမ်းမျှော်ကြည့်လိုက်တာနှင့် လွမ်းစရာကောင်း အောင် ဖမ်းစားနေသော ရှမ်းရိုးမတောင်တန်းကြီးတွေကို ကြည့် ကာ သူ့ရင်ထဲမှာ လွမ်းစရာ ဆွေးစရာ မရှိပါဘဲနှင့်တောင် လွမ်း လာ ဆွေးလာရလေသည်။ မြူခိုးတွေ ရစ်သိုင်းကာ ထင်းရှူးရနံ့



burmeseclassic.com

www.burmeseclassic.com



တစ်မျိုး သင်းပျံ့နေသော လေထုသည် အားပါးတရ ရှူသွင်းလိုက်တာနှင့် အဆုတ်ကို လန်းဆန်းသွားစေသည်။

သူက သဘာဝအလှရှုခင်းတွေကို လက်ပိုက်လျက် ခေတ္တ ငေးမောနေပြီးမှ အိတ်ထဲမှ ကင်မရာကိုထုတ်ကာ ပစ္စည်းတွေကို တစ်ခုချင်း တပ်ဆင်လိုက်သည်။ ကင်မရာတွင် Tele တပ်လျက် အဝေးက မြင်ကွင်းတွေကို တစ်ခုချင်း စိတ်ကြိုက်ဆွဲ ရိုက်နေတုန်းမှာပဲ သူ့ရဲ့ကင်မရာမြင်ကွင်းထဲသို့ စိတ်ဝင်စားဖွယ် ကောင်းသော တစ်စုံတစ်ရာက တိုးဝင်လို့ လာတော့ဖြစ်သည်။

လေတဟူးဟူး တိုက်ခတ်နေသော ချောက်ကမ်းပါး ထက်တွင် မိန်းကလေးတစ်ယောက်က သူ့ကို ကျောပေး၍ ရပ် နေခြင်းဖြစ်သည်။ ကမ်းပါးစွန်းမှာ ရပ်နေတာမို့ အဲဒီမိန်းကလေး ဝတ်ဆင်ထားသော လောင်းကုတ်အင်္ကျီကပင် နောက်သို့ တဖျပ် ဖျပ်နှင့် လွင့်ခါနေပုံထောက် လေတိုက်အားက မနည်းဘူးဆိုတာ တွက်ဆ၍ ရလေသည်။

လှမ်းမြင်နေသော ရှမ်းတောင်တန်းကြီးနှင့် အတူ မြူနိုးတွေဝေနေသော မြင်ကွင်းကြားမှာ သူမ ရပ်နေပုံက ဒဏ္ဍာရီ





ဆန်သော ရုပ်ရှင်ပြကွက်တစ်ခုနှင့် ဆင်တူလေသည်။ ကုတ်အင်္ကျီ က တဖျပ်ဖျပ် လွင့်ခါကာ၊ ဆံနွယ်တွေက လေထဲမှာ ဝဲဖြာနေပုံ သည် နောက်ခံကကြည့်သော မြင်ကွင်းနဲ့တောင် ထူးခြားစိတ် ဝင်စားဖွယ် ကောင်းနေပြီဖြစ်သည်။

သူက အတော်အိပ်မက်ဆန်သော မြင်ကွင်းကို ချက်ချင်းပင် ခလုတ်နှိပ်ကာ သိမ်းဆည်းထားလိုက်သည်။ သဘာဝ လွန်းသဖြင့် Continuous နှင့် ဆက်တိုက်ရိုက်ကာ နေတုန်း ပင် သူမက သူ မထင်မှတ်သော အပြုအမူ တစ်ခုကို စတင် ဆောင်လိုက်သည်။

အဲဒါကတော့ တိုက်တန်းနစ် ရုပ်ရှင်ဇာတ်ကားထဲ မင်းသမီး ကိတ်ဝင်းစလက်လို လက်ကို လေထဲမှာ ပျံ့ဝဲတော့ သဏ္ဌာန် လုပ်လိုက်တာ ဖြစ်လေသည်။ သူဟာ မထင်မှတ် သော အဲဒီမြင်ကွင်းကြောင့် မျက်လုံးပြူးသွားရကာ ခြေလှမ်းတွေ သူမအနားသို့ ဘယ်လိုရောက်သွားမှန်းတောင် မသိချေ။ ရဲ့ ခြေထောက်တွေ အနည်းငယ်ကြွကာ ရှေ့သို့ ကိုင်းသွား ပဲ သူက အချိန်ကိုက်ပင် သူကိုဆောင့်ဆွဲပြီးသား ဖြစ်လေသည်။



burmeseclassic.com

www.burmeseclassic.com



ဟန်ချက်မညီစွာ ဆောင့်ဆွဲလိုက်ရတာမို့ သူရော အဲဒီမိန်းကလေးရောဟာ လုံးထွေးလျက် နှစ်ယောက်စလုံး ပစ်လဲ ကျသွားခဲ့သည်။ မိန်းကလေးက ချက်ချင်းပင် သူ့ကို တွန်းထိ ရိုက်ပုတ်ကာ ...

"လွှတ် ... လွှတ်စမ်း၊ ရှင် ... ဒါ ဘာလုပ်တာလဲဟင်"

သူက ဖင်ထိုက်လျက်သား ရှိနေရာမှ တင်ပါးက ဘာနဲ့ဆောင့်မိမှန်း မသိ၍ နာကျင်သွားကာ တော်တော်နှင့်မထ နိုင်သေးချေ။ သူမကတော့ မတ်တတ်ထရပ်ပြီးဖြစ်ကာ သူ့ကို စူးစူးဝါးဝါးကြည့်လျက် ရှိနေသည်။

"ဘာလုပ်ရမှာလဲ၊ မင်း မလုပ်သင့်တာ တစ်ခုကို လုပ်တော့ မှာမို့ ဆွဲလိုက်ရတာပေါ့၊ အား ... ကျွတ် ... ကျွတ်"

သူက တင်ပါးကို ရှုံ့ရှုံ့မဲ့မဲ့နှင့် ပွတ်ကာ မတ်တတ ထရပ်လျှင် သူမက သူ့ပုံစံကို မသက်သာသလို အကဲခတ်၍ သည်။ သူက အမျိုးသမီးကို တစ်ချက်ကြည့်လိုက်ကာ ...

"လူ့ဘဝဆိုရာ ဒီလောက် ရခဲတာ။ မင်းက ဘာဖြစ်လို့ လောကကြီးထဲမှာ မနေချင်ရတာလဲ"





"အား ... ရှင် ဘာတွေ လာပြောနေတာလဲ"

"ဘာပြောရမှာလဲ၊ မင်းလုပ်တာ မင်းအသိဆုံး နေမှာပေါ့။ လောကမှာ ဘယ်ပြဿနာမဆို ဖြေရှင်းလို့ရတဲ့ နည်းလမ်း တစ်ခုတော့ ရှိစမြဲပဲ မိန်းကလေး ...

ဘာဖြစ်လို့ လောကကြီးကို အရှုံးပေးရမှာလဲ"

သူမက ခပ်တည်တည်နှင့် စကားတွေဆိုနေသော သူ့ပုံစံကို တစ်ချက် အကဲခတ်ကာ သက်သာမကင်း ဖြစ်နေသည့် ...တ်တွေတော့ လျော့ပါးသွားဟန်တူသည်။ သက်ပြင်းတစ်ချက် ...ချလိုက်တာကို သူ သတိထားမိလေသည်။ ပြီးလျှင် တဆတ်ဆတ် ...ုန်ယင်နေသော နှုတ်ခမ်းများက ပွင့်အာလာကြပြီးလျှင် ခပ်ဆတ် ဆတ် ဆိုသည်။

"လူတိုင်းမှာ ကိုယ့်အခက်အခဲနဲ့ကိုယ် ရှိတတ်ကြတာပဲ။ ရှင်က ရှင်နဲ့မဆိုင်ဘဲ ဘာကိစ္စ သူများကိစ္စထဲ ဝင်ပါချင် နေရတာလဲ"

"ငါက ဝင်မပါ,ပါဘူး။ ဒါပေမဲ့ မင်း ဒီလိုလုပ်လိုက်တာ နဲ့ ငြိမ်းအေးသွားမယ် ထင်လား။ မင်းမှာ ဘဝများစွာ ဆက်လက်စတေးနေရဦးမှာပဲ ...



burmeseclassic.com

www.burmeseclassic.com



ပြဿနာတစ်ခုကို ဒီလိုနည်းလမ်းနဲ့ ဖြေရှင်းစရာ မလိုတာ။ မင်း ဒီလိုဖြေရှင်းလိုက်လို့ သူများတွေအတွက် ဝမ်းသာစရာဆို မင်း ကျေနပ်နိုင်မလား ... ပြော"

သူ့စကားကြောင့် သူမ မျက်လုံးတွေ လက်ခံ တောက်ပသွားသည်။

ဒီတော့မှ သူ သေချာ ကြည့်မိသွားလျှင် သူမရဲ့ မျက်ဝန်းထဲမှာ အရည်လဲ့နေသော မျက်ရည်စတွေကို လှစ်ခနဲ လှမ်းမြင်လိုက်ရတာ ဖြစ်လေသည်။

သူမက ဖျတ်ခနဲ ခေါင်းငုံ့သွားလျှင် ပျော့နွဲ့နေသော ဆံနွယ်တွေက ဝေါခနဲ ပြိုဆင်းလာကာ သူမ မျက်နှာတစ်ခြမ်းကို ကဗျာဆန်စွာ အုပ်မိုးသွားကြသည်။ ဒီတော့မှ သူဟာ ရှေ့မှာရပ် နေသော မိန်းကလေးရဲ့ပုံစံကို အကဲခတ်ခွင့် ရသွားတာဖြစ်သည်။

အညိုရောင်ထက် ပိုညိုသော ခါးထိလုထိခင် ဆံနွယ် တွေကြားမှ ထိုးထွက်နေသော ဖူးစင်နုညက်နေသော မျက်နှာသည် တော်ရုံတန်ရုံ ရုပ်ဆိုးသူတွေအတွက် ကိုယ့်ကိုယ်ကိုယ် သတ်သေ ချင်စိတ် ပေါက်သွားမည့် မျက်နှာမျိုးဖြစ်သည်။





အတွင်းက ဝတ်ဆင်ထားသော လည်ထောင်အင်္ကျီ နက်၊ အပြင်ဘက်က အဖြူရောင် လော်င်းကုတ်ရှည်၊ မြင်တာ တန်ဖိုးမသေးမှန်း သိသာနေသော ခပ်ထူထူအိအိ အနက် ရောင် မိန်းမဝတ်စတိုင်လ် လောင်းပန်ဘောင်းဘီ၊ လက်သူကြွယ် ဝတ်ဆင်ထားသည့် အရည်တဖျပ်ဖျပ်လက် တောက်ပနေသော လက်စွပ်နှင့်အတူ အဲဒီလက်နှင့် ဆံနွယ်တွေကို သပ်တင်လိုက် သည့် အခိုက်မှာ ပေါ်လာသော နားရွက်ဖြူဖြူလေး၌ စီတန်းဝင် ထားသော စိန်ပွင့်သုံးပွင့်ပါ နားပေါက်သုံးပေါက် ...

စသဖြင့် ... စသဖြင့် ... လူပုံစံရော၊ အပြင်အဆင် အဆောင်အယောင်တွေပါ အထက်တန်းလွှာ ဘစ်နေရာကမှန်း သိသာနေသော အနီ မိန်းကလေးငယ်ဟာ လောကကြီးကို စိတ် ...ရော ဘာအကြောင်းများ ရှိနေပါလိမ့်။ သူက ဘယ်နားက ...လာမှန်း မသိသော ကရုဏာစိတ်ဖြင့် သူမကို ငေးကြည့်နေ ...

"မင်းမှာ ဘာပြဿနာတွေ ရှိနေလို့လဲ"

သူမက မဖြေချေ။ အံကို တင်းတင်းကြိတ်ကာ ...နေရာသို့ မမိုတ်မသုန် ကြည့်ကာနေသည်။ သူက သက်ပြင်း ...ကိုကို ချကာ ...



burmeseclassic.com

www.burmeseclassic.com



"ထားပါတော့၊ အခုမှတွေ့တဲ့ လူတစ်ယောက်ကို မင် တယ်ပြောချင်မလဲ၊ ဒါပေမဲ့ မင်းကို ကိုယ် တစ်ခုပြောချ တာက လူ့ဘဝဆိုတာ တကယ် ရခဲတယ်။ အဲဒီရခဲ ဘဝမှာ သူများတွေအတွက် ဘာမှအကျိုးမပြုနိုင်ဘူး ဆိုရ တောင်မှ ကိုယ့်ကိုယ်ကိုယ်တော့ အကျိုးပြုဖို့ လိုလိမ့်မယ်

နောက်ဆုံးကွာ ကိုယ်က မိဘကို လုပ်မကျွေးနိ ဘူးပဲ ထားဦး၊ မိဘကို ဒုက္ခမပေးရင်၊ စိတ်ဆင်းရဲအော မလုပ်ရင်၊ ဒါဟာ တစ်ဖက်တစ်လမ်းက မိဘကို အကျ ပြုပေးတာပါပဲ ...

အမိုက,ကနေတော့ လူတစ်ယောက်မှာ စိတ်ပါ စိတ်ထားတတ်ရင် အားလုံး အိုကေတယ်။ ဘဝမှာ ဆ ရဲတာ ချမ်းသာတာ အရေးမကြီးဘူး၊ နေတတ်ဖို့ပဲ အ ကြီးတယ် ...

အဲဒါပဲ"

သူက စိတ်ပါလက်ပါဖြင့် ရှည်ရှည်ဝေးဝေး ပြော နေလျှင် သူမက သူ့ကို အံ့ဩသလို တစ်ချက်မော့ကြည့်သ





ပြီးတော့ သူ့မျက်နှာကို သေချာကြည့်နေလျက် ခဏကြာလျှင် ဟက်ဟက်ပက်ပက်ကြီး ရယ်ချလိုက်သဖြင့် သူ့မှာ ရုတ်တရက် ကြောင်တောင်တောင် ဖြစ်သွားရသေးသည်။

"ဟား ဟား ... ရှင်က ကျွန်မကို အဲဒီလို တကယ်လုပ် လိမ့်မယ်လို့ ထင်ထားတာလား ... ဟင်"

သူမက လှောင်သလို ပြောနေတာမို့ သူက စေတနာကို စော်ကားရကောင်းလားဟူ၍ စိတ်တိုသွားတာ ဖြစ်သည်။

"မင်း ငါ့ကို လှောင်စရာ ဘာအကြောင်းမှ မရှိဘူး အမိ။ ငါသာ ဖမ်းမဆွဲထားခဲ့ရင် အခုလောက်ဆို မင်း တောင်စောင့်ဘီလူးမတော့ ဖြစ်နေလောက်ပြီ။ နားလည်လား၊"

"ဘာ ... ဘာတောင်စောင့်ဘီလူးမလဲ၊ ရှင် စကားပြောတာ ကောင်းကောင်းပြောနော်"

သူက သူမ ဒေါသထွက်သွားပုံကို အခုမှ တဟားဟား ပြန်ရယ်ခွင့် ရသွားကာ ခပ်ကြာကြာပဲ ရယ်ပေးလိုက်သည်။

"ဟား ဟား ... တောင်စောင့်ဘီလူးမပဲ ဖြစ်မှာပေါ့ကွ၊ မင်းက တောင်စောင့်နတ်သမီးလေး ဖြစ်ချင်သေးလို့လား ...



burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင်တော့ အချိန်ရှိသေးတယ်၊ ကြိုးစားလိုက်ဦး"

"တောက်"

သူမက ခပ်တိုးတိုး တောက်ခေါက်လျှင် သူက ပခုံးတစ်ချက်တွန့်ကာ သူမအနားမှ ထွက်လာခဲ့လိုက်သည်။ အဲဒီနောက် မြက်ခင်းပေါ်မှာ သူ ပစ်ချထားခဲ့သော ကင်မရာကို ကုန်းကောက်ပြီး ပြန်အမော့မှာပဲ သူ့ကို လက်ပိုက်ကြည့်နေသော သူမကို ထပ်တွေ့လိုက်ရတာ ဖြစ်လေသည်။ သူမက တန်ဖိုးကြီးမှန်း သိသာသော သူ့ကင်မရာကို တစ်လှည့်၊ သူ့ကို တစ်လှည့် ကြည့်ပြီးလျှင် ...

"ရှင်က ဓာတ်ပုံဆရာလား"

"မဟုတ်ပါဘူး"

"ဒါဆို သတင်းထောက်လား"

"ဟာ ... မဟုတ်ပါဘူး။ ဘာတွေ လာမေးနေတာလဲ"

"ထင်တာ မေးနေတာပဲလေ။ ရှင့် ကင်မရာက ပရော်ဖက်ရှင်နယ်သုံးတဲ့ ကင်မရာပဲဟာ"





သူက တွေးခေါ်ပုံ မသေးလှသော သူမစကားကို ဟက်ခနဲ တစ်ချက် ရယ်မိကာ သူမကို ခေါင်းညိတ်ခေါ်လျက် အခုနက ရိုက်ယူထားသော သူမပုံတွေကို တစ်ပုံချင်း ပြန်ပြလိုက်ဘာဖြစ်သည်။ သူမက ဘာပါလိမ့်ဟု ကင်မရာထဲတွင် ပေါ်နေသော ရုပ်ပုံများကို စိတ်ဝင်တစားနှင့် ငုံ့ကြည့်နေရာမှ ...

"ဟင် ... ဒါ ကျွန်မပုံတွေပဲ။ ရှင် ခိုးရိုက်ထားတာပေါ့၊ ဟုတ်လား"

"ခိုးရိုက်ထားတယ်လို့ မသုံးနှုန်းနဲ့ အမျိုးသမီး။ ငါရိုက်နေတဲ့ Focus ထဲကို မင်းပုံက ရောက်လာတာ ...

ဒီမှာကြည့်လေ ... ပုံက ဘယ်လောက်သဘာဝကျလဲ။ အရှမ်းမိုက်တယ်။ Lighting ကလည်း ကွက်တိပဲ။ မင်း ဝတ်ထားတဲ့ အဝတ်အစားကလည်း မိုဒယ်ပုံ ဆန်နေတယ် ...

ဒါကြောင့် အလွတ်မပေးဘဲ ရိုက်သွားမိတာပါ။ ဆောရီး ... မင်းလိုချင်ရင် ကူးပေးမယ်"

သူမက ဓာတ်ပုံကို တွေတွေစိုက်ကြည့်ကာ ဘာမှ ပြန်မပြောချေ။ သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်လျက် ...



burmeseclassic.com

www.burmeseclassic.com



"ရှင်က ညှော်သည်လား"

"အင်း ... ဆိုပါတော့"

"ညှော်သည် ... ညှော်သည် ... အင်း ... တကယ်တော့ လူတွေအားလုံးဟာ ညှော်သည်တွေချည်းပါပဲလေ"

သူမက အဲဒီစကားကို စိတ်နဲ့ကိုယ်နဲ့ မကပ်သလို ရေရွတ်တာ ဖြစ်သည်။ သူက မျက်လုံး ထပ်ပြူးသွားရင်းမှ သူမကို စေ့စေ့စပ်စပ် အကဲခတ်ကာ ...

"မင်း နေတော့ ကောင်းပါတယ်နော်"

"ဘာလဲ ... ရှင်က ကျွန်မ ရူးနေတယ် ထင်နေလို့လား"

"အား ... အဲဒီလိုတော့ မထင်ပါဘူး။ ဒါပေမဲ့ မင်းကြည့်ရတာ တစ်မျိုးပဲ။ စိတ်နဲ့ ကိုယ်နဲ့ သိပ်မကပ်သလိုလို စိတ်ဓာတ်ကျနေသလိုလို ...

အဲဒီလိုမျိုး ဖြစ်နေတယ် ...

အဲဒါလည်း နေမကောင်း ဖြစ်တာပဲ။ အဲဒီ နေမကောင်း ဖြစ်တာက ရိုးရိုးဖျားနာတာထက် ပိုဆိုးတယ်။ ပိုကြောက်စရာ ကောင်းတယ် ...





မင်း အိမ်ပြန်ပြီး အနားယူလိုက်ပါလား"

သူမက သူ့စကားတွေကို စူးစိုက်စွာ နားထောင်ပြီးနောက် ယောင်ယောင်မှ ပြုံးလာသည်။ အဲဒီနောက် သူ့မျက်နှာကိုကြည့်ကာ အသေအချာကို ပြုံးပြနေတော့တာ ဖြစ်လေသည်။ ကြာလာလျှင် သူက မနေတတ်သလို မျက်မှောင်ကြုတ် ခေါင်းကုတ်ကာ သူပါ ရူးချင်သလို ဖြစ်လို့လာလေသည်။

"မင်း ဘာဖြစ်နေတာလဲကွာ ... ကျွတ်"

သူမက ပြုံးနေရင်းမှ ဒီတစ်ခါတော့ မျက်နှာလွှဲ ယ်သွားတော့ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေတော့သည်။ ပြီးလျှင် တစ်ကိုယ်တည်း တီးတိုးပြောဟန်ဖြင့် ...

"အခုမှတွေ့တဲ့ သူစိမ်းတစ်ယောက်ကတောင် ကျွန်မ ဘာဖြစ်နေတယ် ဆိုတာကို အကဲခတ်တတ် စိုးရိမ်ပူပန်ပေးတတ်ဖော် ရသေးတယ် ...

သူက ဘာဖြစ်လို့ ကျွန်မအပေါ်မှာ နားမလည်ပေးနိုင်ရတာလဲ"

သူကတော့ ထိုမိန်းကလေးကို ကြည့်ကာ ခေါင်းသိမ်းနေရုံမှလွဲ၍ ဘာမှ မတတ်နိုင်တော့ချေ။ သူမမှုံစံသည် စိတ်



burmeseclassic.com

www.burmeseclassic.com



မနဲ့သောသူ တစ်ယောက်လည်း မဟုတ်။ လောလောဆယ်မှာ ပြဿနာကြီးနှင့် ရင်ဆိုင်နေရတဲ့ ပုံစံလည်း မဟုတ်ချေ။

သို့သော် ခံစားချက်ဆိုးများကို ရက်ရှည်လများ သိမ်းပိုက် ထုပ်ပိုးထားရသူ တစ်ယောက်၏ စိတ်ဓာတ်ကျ၊ စိတ်ခံစားဒဏ်ရာရမှုများ အထင်းသား ပေါ်လွင်နေတာကိုတော့ စိတ်ပညာဖြင့် ဘွဲ့ရထားသည့်သူက သေချာစွာပင် အကဲခတ်မိလေသည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

အဲဒီစကားကို ဘာအတွက်ကြောင့် သူ့ပါးစပ်က ထွက်သွားတယ်ဆိုတာ သူ့ကိုယ်သူပင် မသိချေ။

သူမက သူ့ကို လှည့်ကြည့်လာကာ နားလည်ရခက်သော အပြုံးတစ်မျိုးဖြင့် ...

"ရတနာသိုက် ... တဲ့"

"ရတနာသိုက် ! "

သူက သူမနာမည်ကို ထူးဆန်းသလို ရေရွတ်ကြည့်လျှင် သူမက နှုတ်ခမ်းကို တင်းတင်းစေ့လျက် ခေါင်းတစ်ချက်ဆတ်ကာ ...





"ဘာပဲဖြစ်ဖြစ်လေ၊ ရှင့်ကို ကျွန်မ ကျေးဇူးတင်ပါတယ်၊ တကယ်တော့ လူ့ဘဝဆိုတာ အစအဆုံး ပြဋ္ဌာန်းထားပြီးတဲ့ ဖတ်စာတစ်ပုဒ်ပဲ ...

ဒါကို ကျွန်မတို့ ပြင်ဆင်ခွင့် မရှိဘူး။ ကံကြမ္မာက ကျွန်မကို ရှင်သန်ခွင့် ပေးထားတုန်းပဲဆိုတော့ အဲဒီရှင်သန်ခွင့်ကို လက်ခံရမှာပဲ ...

ကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေပေါ့လေ"

သူမက ပြောချင်ရာ ပြောပြီးတာနှင့် နောက်သို့ လှည့်ကြည့်စတမ်း ချာခနဲ ထွက်သွားကာ ခပ်လှမ်းလှမ်းမှာ ထားသော Mark II ကား အဖြူရောင်ပေါ်သို့ ကိုယ်တိုင်မောင်းနှင် ထွက်ခွာသွားတော့တာ ဖြစ်သည်။

သူကတော့ အဲဒီနေရာမှာပဲ ပဟေဠိများစွာဖြင့် ရစ်ခဲ့ရသည်။ နာမည်ကိုက ပြည့်စုံခြင်းသာမကဘဲ ပြည့်လျှံကို ဖော်ပြနေသည့် မိန်းကလေးတစ်ယောက်ဟာ လောကကြီး ဘာကြောင့် နေမပျော်ရတာလဲဟု တွေးတောရင်း သူဟာ ပုံတောင် ဆက်မရိုက်နိုင်ခဲ့တော့ချေ။



burmeseclassic.com

www.burmeseclassic.com



၂

နောက်တစ်နေ့မနက် သူ နိုးလာသောအခါ ထမင်း
စားခန်းထဲတွင် လေးလေးကို အဆင်သင့်တွေ့ရသည်။ လေးလေး
က သူ့ကိုမြင်လျှင် "လာကွာ"ဟု ခေါ်ကာ ကော်ဖီငှဲ့ပေးသည်
စားပွဲမှာ ဝင်ထိုင်လိုက်သောအခါ ပူပူနွေးနွေး ကြော်ထားပြီးသ
ဖြစ်သော ခေါပုတ်ကြော်ကို ရှေ့သို့ချပေးလျက် ...

"မောင်ချို မရောက်သေးခင်တော့ ခေါပုတ်တို့ ထမင်းကြေ
တို့နဲ့ပဲ နှစ်ပါးသွားရမှာပဲ။ သူရောက်မှ မင်းစားချင်
ဝယ်ခိုင်း၊ ရှမ်းခေါက်ဆွဲတို့ မြေအိုးမြီးရှည်တို့"

"ရပါတယ် လေးလေးရာ၊ ယောက်ျားသားတွေပဲ ဖြိုသ
ပေါ့"





"ဘာတုန်း ဖြိုသလစ် ဆိုတာက"

လေးလေးက သူ့စကားကို နားမလည်သလိုဖြင့်
ချက်မှန်ပေါ်မှ ကျော်ကြည့်ကာမေးလျှင် သူက ဟက်ခနဲ ရယ်ချ
လိုက်သည်။ ကော်ဖီမစ် မဟုတ်သော သဘာဝကော်ဖီမှုန့်ကို နှပ်
ချော်ထားသည့် ကော်ဖီပူပူနှင့် ခေါပုတ်ကြော်မွှေးမွှေးတို့ဟာ
ဆောင်ကြီးရဲ့ နံနက်ခင်းနှင့် တကယ်ပဲ လိုက်ဖက်ပါသည်။

သူက ခေါပုတ်ကြော်တစ်ခုကို ကောက်ဝါးရင်းမှ ...

"ဒါကြောင့် ..."

သူ့စကားပင် မဆုံးရသေးချေ။ လေးလေးက မျက်
နှာပြုံးပြကာ ...

"ဟော့ကောင် ... ဒါကြောင့် ငါ လူပျိုကြီးဖြစ်တာလို့ ပြော
မလို့ မဟုတ်လား၊ ဘာမှမဆိုင်ဘူး၊ ဆွဲမစိနဲ့"

"မစိပါဘူး လေးလေးရာ။ ဩော် ... ဒါနဲ့"

တကယ်တော့ သူက လေးလေးကို မနေ့ကတွေ့ခဲ့
သော မိန်းကလေးအကြောင်း မေးချင်တာမို့ စကားတွေ လျှောက်
နေခြင်းသာ ဖြစ်သည်။ ပြီးတော့ သူ့ဦးလေး လူပျိုကြီးကို
ဆက်ချင်တာလည်း ပါ,ပါသည်။



burmeseclassic.com

www.burmeseclassic.com



"လေးလေး... ရတနာသိုက် ဆိုတဲ့ မိန်းကလေးကို သိလား
ဟင်"

"ရတနာသိုက် !"

လေးလေးက သူ့စကားကို မျက်ခုံးပင့်ကာ သံယော
လိုက်ရင်း အံ့သြသလိုနှင့် မေးသည်။ အဲဒီပုံစံကို ထောက်ရှုခြင်း
အားဖြင့် လေးလေးဟာ သူမကို သိတယ်ဆိုတာ တစ်ဝက်လော
တော့ သေချာလို့ သွားခဲ့ပြီဖြစ်သည်။

"ဟော့ကောင် ... မင်းက ရောက်လာတာဖြင့် တစ်ပတ်
တောင် မရှိသေးဘူး၊ မနေ့ကမှ ရောက်တယ်၊ ရတနာသိုက်
ကို လာမေးနေပြန်ပြီ ...

ဒီကောင်တော့ကွာ"

"ဟား ... ဒါဆို လေးလေး ရတနာသိုက်ကို သိတယ်ပေါ့
ဟုတ်လား"

"မင်းကရော ... ဘယ်လိုလုပ် သိလာတာလဲ"

သူမေးတာကို ပြန်မဖြေဘဲ ပြုံးထေ့ထေ့နှင့် အသည်း
ယားအောင် လုပ်နေသော လေးလေးကို သူက လက်ညှိုးတ
ချောင်း ထောင်ပြကာ ...





"ကလိလာထိုးမှာနော် လေးလေး။ ပဲများမနေနဲ့"

"ဟား ... ဖွတ်ကိုပါပဲလား။ ဒါနဲ့ မေးစမ်းပါရစေဦး၊ အဲဒီ
မိန်းကလေးနဲ့ မင်းနဲ့က ဘယ်လိုလုပ် သိတာလဲ"

သူက မနေ့ကဖြစ်စဉ်ကို အကျဉ်းချုပ် ပြောပြလိုက်
သည်။ လေးလေးက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"အင်း ... ငါက သူ့ကို ဟိုးအရင်က တစ်ခါပဲ မြင်ဖူးတာ
ပါ။ ညည်ခံပွဲတစ်ခုမှာ သူ့အဖေနဲ့ သူနဲ့ လာတာပေါ့။ အခု
တော့ သူ့အဖေက ဆုံးသွားပြီ။ ဆုံးသွားတာ သိပ်တော့
မကြာသေးဘူး။

ဦးမြသိုက်တဲ့။ တော်တော် ရှိတယ်ကွာ။ ရတနာသိုက်
က သူ့ရဲ့တစ်ဦးတည်းသော သမီးပဲ"

"သူ့မှာ ရုပ်ရည်ရော၊ ဉာဏ်ရော ဒီလောက်ပြည့်စုံနေတာ
စိတ်ဆင်းရဲစရာ ကိစ္စတွေ အဲဒီလောက်ရှိလား"

"ဒါတော့ ငါလည်း မပြောတတ်ဘူး။ သူ့အဖေက နောက်
မိန်းမ ထပ်ယူထားသေးတယ်။ ကောင်မလေးက အလွန်
ဆုံးရှိလှမှ နှစ်ဆယ့်လေး,ငါးလောက်ပေါ့။ သူ့မိထွေးက
အသက်သုံးဆယ်လောက်ပဲ ရှိတယ်"



burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒါဆို မိတွေးနဲ့ နေ့,နေရတာပေါ့၊ ဒါလည်း ဘာစိတ်ဓာတ်ကျစရာလိုလဲ။ ဒီမိန်းကလေးနှယ်"

သူက မချင့်မရဲပုံစံနှင့် ဆိုလျှင် လေးလေးက သူ့ကို ပြုံးကြည့်သည်။ လေးလေးရဲ့အကြည့်ကို သူ သဘောပေါက်လေသည်။

"လေးလေးကလည်းဗျာ၊ ကျွန်တော်က ရိုးရိုးသားသာ ပြောတာပါ"

"အေးပါ ... ငါကရော ဘာပြောနေလို့လဲ"

"ဒါ ... လေးလေး သိတဲ့အကြောင်း အကုန်ပဲပေါ့"

သူ့စကားကို လေးလေးက ပခုံးတွန့်ပြသည် ပြီးတော့မှ ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"မင်းကြည့်ရတာ ရတနာသိုက်ကို စိတ်ဝင်စားနေတယ် တူပါတယ်၊ သူ့အတွက်နဲ့ စိတ်ထဲထည့်မနေပါနဲ့ကွ မင်း စိတ်ဝင်စားဖို့ မဖြစ်နိုင်တော့ပါဘူး"

သူက လေးလေးကို နားမလည်သလို မော့ကြည် သည်။ လေးလေးက သူ့ကို ရယ်ရွှင်မြူးသော မျက်လုံးများဖြ ကြည့်ကာ ...





"သူ့မှာ ယောက်ျားရှိတယ်ကွ"

"ဟင် ... ဟုတ်လား"

"အေး ... ယောက်ျားရှိတယ်။ သူ့အဖေကပဲ ပေးစားထားတာ။ သူ့အဖေရဲ့လူယုံပေါ့။ သားအဖနှစ်ယောက် မင်္ဂလာဆောင်တာ တစ်နှစ်ပဲ ခြားတယ်။ သူ့အဖေက အရင်ယူတယ်။ ပြီးမှ သူ့လူယုံနဲ့ သူ့သမီးနဲ့ ပေးစားခဲ့တာ ...

သူ့ဘဝက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ လူက လည်း စိတ်ဝင်စားဖို့ ကောင်းတယ်။ ဘဝကလည်း စိတ်ဝင်စားဖို့ ကောင်းတယ် ...

ဒါပေမဲ့ စိတ်သွားမဝင်စားနဲ့၊ အဲဒါပဲ"

လေးလေးက စကားကို အပြတ်ပြောလိုက်ဟန်ဖြင့် ကော်ဖီကို မော့သောက်လိုက်သေးသည်။ သူကတော့ မျက်မှောင် ကြုတ်ကြုတ်ဖြင့်သာ ဆက်တွေးရင်း သူမရဲ့ပုံစံက မျက်လုံးထဲ တွင် တရိပ်ရိပ်နှင့် ပြန်ပေါ်လာလျက်ရှိသည်။

အဆင့်အတန်းမြင့်သော ရုပ်ရည်နှင့် ဉာဏ်ရည်လည်း ခိုမ့်ပုံမပေါ်သည့် မိန်းကလေးဟာ လောကကြီးမှာ ဘာအလိုမကျ စရာတွေများ ရှိနေလို့ပါလိမ့်။



burmeseclassic.com

www.burmeseclassic.com



အနားမှာ အားကိုးအားထား ပြုစရာ ယောကျ်ားသားတစ်ယောက်လုံးလည်း ရှိပါလျက်နှင့် ဘာကြောင့်များ လောကကြီးကို စိတ်ကုန်နေရတာပါလိမ့်။ အိမ်ထောင်ရေး အဆင်မပြေမှုတွေလား၊ အိမ်တွင်းရေး ပြဿနာတွေလား။ ဒါတွေဟာ လောကကြီးမှာ မနေချင်တော့လောက်အောင်ပဲ ခမ်းနားကြီးကျယ်သလား။ သူက လိုက်မမီ မတွေးတတ်စွာနှင့် ခေါင်းတယမ်းယမ်းပဲ ရှိတော့သည်။





ညနေဘက်ရောက်သောအခါ သူက အပြင်မထွက်ချင် မနေတတ်သည့် ထုံးစံအတိုင်း ဆိုင်ကယ်တစ်စီးနှင့် အပြင်ထွက်လာခဲ့သည်။

သူ ထွက်လာခဲ့တာက မြို့အစွန်ဘက်ပိုင်းမို့ လူကအနည်းငယ်ရှင်းကာ သွားလာသူ သိပ်မရှိလှချေ။ ဒါကိုပဲ သူကသဘောကျကာ ဆိုင်ကယ်ကို ခပ်ဖြည်းဖြည်းစီးရင်း လမ်းဘေးက ရှုခင်းများကို ငေးမော၍ လာခဲ့သည်။

တစ်နေရာအရောက်တွင် သူ့မျက်ခုံးများကို ပင့်သွားသော မြင်ကွင်းတစ်ခုက လမ်းဘေးမှာ ထိုးရပ်ထားသည့်ကားတစ်စီးပဲ ဖြစ်ပါသည်။ ထိုကားဟာ လောလောလတ်လတ်တွေ့ထားရသော ကားဖြစ်၍ သူဟာ အဲဒီကား ဘယ်သူ့ကား



burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိပြီးဖြစ်၍နေသည်။ အထူးသဖြင့် ကားနံပါတ်ကို မြ
သောအခါ ပို၍ သေချာသွားခဲ့ပြီဖြစ်သည်။

သူက မနက်ခင်းက ပြောခဲ့သော လေးလေးရဲ့စကား
ကို သတိရကာ ပြုံးချင်သလို ဖြစ်သွားခဲ့ရသေးသည်။ ဆောရီး
လေးလေးရေ။ မျက်နှာချင်းဆိုင် တွေ့နေတော့လည်း ရှောင်လွှဲ
မဖြစ်နိုင်တော့လို့ပါ။ သူက စိတ်ထဲမှာပဲ လေးလေးကို ကျိ
တောင်းပန်ကာ ဆိုင်ကယ်ကတော့ သူမ ကားအနားသို့ ရပ်ပြီးနေ
ဖြစ်သည်။

သူက ဆိုင်ကယ်ပေါ်မှနေကာ ကားထဲသို့ လှမ်း
ငုံ့ကြည့်လိုက်လျှင် မျက်လုံးပြူးသွားရတော့တာ ဖြစ်သည်။ ကား
မောင်းသူနေရာမှာ ထိုင်နေသော ထိုမိန်းကလေးသည် ကုရှင်
နောက်လှန်ချထားကာ ရင်ဘတ်ကို လက်နှင့်ဖိလျက် ဝေဒနာတစ်
ကို မချိမဆန့် ခံစားနေရဟန်တူသည်။

သူက ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ ချက်ချ
ပင် ဆိုင်ကယ်ကို ဒေါက်ထောက်လျက် သူမထံသို့ အပြေးအလွှ
ရောက်သွားမိသည်။





အနီးကပ် မြင်ရတော့မှ သူမမျက်နှာတွင် ချွေးစေး
များ ပြန်နေကာ နှုတ်ခမ်းတွေက သွေးမရှိတော့သလို ဖြူဖပ်ဖြူ
ရော် ဖြစ်နေသည်။ သူက ကားတံခါးကို ဆွဲဖွင့်ကာ ...

"မိန်းကလေး ... ဟိတ်၊ မိန်းကလေး ... ဘာဖြစ်တာလဲ။
မင်း နေကောင်းရဲ့လား"

"အင်း ... ကျွတ် ... ကျွတ် ... ကျွတ်"

သူမက သူ့ကို မျက်လုံးခဏပဲ ဖွင့်ကြည့်နိုင်သည်။
ချက်ချင်းပဲ ပြန်မှိတ်ကာ မောနေဟန်ရှိသော သူမကိုကြည့်လျက်
သူ့ရင်ထဲတွင် တစ်စုံတစ်ခုကို စိုးရိမ်လို့လာသည်။ သူက ဆုံးဖြတ်
ချက်တစ်ခုကို ယတိပြတ် ချလိုက်ဟန်ဖြင့် သူ့ဆိုင်ကယ်ကို
အနီးရှိ သစ်ပင်ချုံခြားထဲသို့ တွန်းယူလာကာ ဖွက်ထည့်ထားလိုက်
လျက် ဇက်သော့ပါခတ်ကာ သော့ပိတ်ထားခဲ့လိုက်သည်။

ပြီးလျှင် ကားထဲသို့ ပြန်လာကာ သူမကို အသာ
အယာပဲ မွေ့ချလျက် နောက်ခန်းထဲမှာ သက်သောင့်သက်သာ
လဲလျောင်းစေသည်။ ပြီးလျှင် သူက ကားပေါ်တက်လျက် ခပ်
မြန်မြန်ပဲ မောင်းထွက်လာခဲ့တော့သည်။ မြို့ထဲသို့ အဝင်တွင်
စက်ဘီးနှင့် တွေ့ရသော လူတစ်ယောက်ကို ...



burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အနီးဆုံးဆေးခန်း ဘယ်နားမှာ ရှိမလဲ ခင်ဗျာ"

"ဩော် ... ဟိုရှေ့က လမ်းချိုးထဲ ဝင်လိုက်၊ အုတ်အနီတွေနဲ့ ဆောက်ထားတဲ့အိမ်က ဆရာဝန်အိမ်ပဲ။ အရေးကြီးနေလို့လား"

"ဟုတ်တယ်၊ ကျေးဇူးပဲဗျာ"

သူက ခပ်မြန်မြန်ပဲ ကားကိုမောင်းလာခဲ့သည်။ ဆရာဝန်အိမ်အရှေ့သို့ ရောက်လျှင် အကျိုးအကြောင်း ပြောပြကာ သူမကို ဆရာဝန်က ဆေးကုသဖို့ ပြင်သည်။ သူကတော့ အပြင်ဘက်ကနေ၍ ရပ်စောင့်နေရတာ ဖြစ်ပါသည်။ ခဏကြာလျှင် ဆရာဝန်က ထွက်လာခဲ့ကာ ...

"လူနာက တော်တော် စိတ်ပင်ပန်းနေတဲ့ပုံပဲ၊ နှလုံးအားနည်းတဲ့ အနေအထားမှာ ရှိတယ်။ အားလည်း နည်းနေတယ် ...

စိတ်အေးလက်အေးနဲ့ အနားယူပြီး အားမွေးရမယ်။ ဆေးကုသမှုကိုလည်း ဆက်ပြီး ခံယူရလိမ့်မယ်။ ဒါမှ သေချာ ကျန်းမာလာမှာ"





"ဩော် ... ဟုတ်ကဲ့"

"သူ့ကို သေချာဂရုစိုက်ပေးပါ၊ မဟုတ်ရင် ကျန်းမာရေး ထိခိုက်နိုင်တယ်။ အဓိက,က စိတ်ပဲ။ စိတ်ချမ်းသာအောင် နေဖို့လိုတယ် ...

အခုတော့ ဆေးထိုးထားလို့ မှိန်းနေတယ်။ ခဏနေရင် ခေါ်သွားလို့ ရပါပြီ။ အထဲဝင်တွေ့လို့လည်း ရပြီ"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ ဒေါက်တာ"

သူက ဆရာဝန်ကို ကျေးဇူးတင်စကား ပြောပြီး [illegible]က် သူမရှိနေသည့် အခန်းတွင်းသို့ ခန်းဆီးစကိုမ,ကာ ဝင်[illegible]ခဲ့သည်။ သူမက ခုတင်ပေါ်မှာ အသာမှိန်းနေကာ နေပါသည်။ [illegible]အနားသို့ သူ ရောက်သွားသည်အထိ သူမက မျက်လုံးဖွင့်[illegible]သည့်ဖြစ်သေးချေ။ သူက မေးမှိတ်ထားသည့် မျက်ဝန်းများ[illegible]ရင်ကို အသာပဲ ငေးကြည့်နေမိသည်။

မိန်းကလေးရယ် ... မင်းမှာ ဘယ်လောက်တောင် [illegible] သောကဖြစ်ရာတွေနဲ့ ကြုံတွေ့နေရတာမို့လို့ ဒီလို စိတ်မချမ်း[illegible]ရာကောင်းတဲ့ ပုံစံမျိုးတွေနဲ့ချည်း ကြုံဆုံနေခဲ့ရတာလဲ။



burmeseclassic.com

www.burmeseclassic.com



သူက အပြစ်ရယ်လို့ မြူတစ်မှုန်မျှ ရှာစရာမရှိသော သူမ မျက်နှာလေးကို ငေးကာနေတုန်းမှာပဲ သူမက မှေးမိုတ်ထား သော မျက်လုံးများကို အသာအယာ ဖွင့်လို့လာသည်။ သူက အဲဒီတော့မှ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားကာ ...

"မင်း သတိရပြီလား၊ သက်သာလား"

သူမက မျက်လွှာတစ်ချက်ချလျက် အဖြေပေးသည်

"လမ်းဘေးမှာကားရပ်ပြီး မင်း မူးနေတာတွေ့လို့ ဆေးခန်း ကို ခေါ်လာတာပါ။ ကိုယ့်ကို မင်း မှတ်မိတယ်မဟုတ်လား"

"မှတ်မိတယ်"

သူမက တိုးညင်းစွာ ဖြေသည်။ ပြီးလျှင် မျက်ရည် စီးကြောင်းနှစ်ကြောင်းက ပါးပေါ်သို့ ပြိုင်တူစီးဆင်းလာလျှ သူ့မှာ မျက်လုံးပြူးသွားကာ ဘာလုပ်ရမယ်မှန်း မသိတော့ ချက်ချင်းပင် မျက်ရည်သုတ်ပေးရတော့မှာလိုလို၊ ထွေးပွေ့ ရတော့မှာလိုလိုဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရသည်

"ဟာ ... ဟော့ ... ဟော့ ... မငိုနဲ့လေ။ ကျွတ် ... ဒုက္ခ ပဲကွာ၊ မင်းက စိတ်ထိခိုက်ခံလို့ မရဘူးနော်"





"ရှင့်ကို စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မဘဝကို ကျွန်မ ဝမ်းနည်း လို့ပါ"

အဲဒီအပြောကို သူက ကရုဏာသက်စွာနှင့် စိတ်မ ကောင်း ဖြစ်သွားရသည်။ တကယ်ကိုပင် ရိုးသားသောစိတ်ဖြင့် သူမရဲ့ မျက်ရည်တွေကို သုတ်ပေးချင်ပါသည်။ သို့သော် သူ့လက် တွေက မဝံ့ရဲချေ။

"မင်းကြည့်ရတာ နေကောင်းပုံလည်း မပေါ်ဘူး။ အားလည်း မရှိဘူး၊ ဒါနဲ့များ ဘာဖြစ်လို့ အပြင်ကို တစ်ယောက်တည်း ကားမောင်းပြီး ထွက်လာရတာလဲကွာ ...

မိန်းကလေးတစ်ယောက်တည်း အဖော်မပါ ဘာမ ပါနဲ့"

သူ့ရဲ့ ကရုဏာဒေါသော အပြောကို သူမက တစ် ခါမှ မကြားဖူးသောသူလို ငေးကြည့်ကာနေသည်။

"ရှင် ကျွန်မကို ကယ်တင်တာ နှစ်ခါရှိပြီနော်။ ရှင့်ကို ကျေးဇူးတင်ပါတယ်"



burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးကွာ။ မင်းသာ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်စမ်းပါ။ မင်းကြည့်ရတာ လောကကြီးကို အရှုံးပေးချင်နေတဲ့ပုံ ...

ဒါမျိုး မဖြစ်သင့်ဘူး။ အင်း ... ပြောရတာလည်း ခက်တယ်။ မင်းနဲ့ ကိုယ်နဲ့က မိတ်ဆွေလည်း မဟုတ်တော့"

သူက နားထင်ကို လက်နဲ့ကုတ်ရင်း စဉ်းစားရကျပ် သလိုပြောလျှင် သူမက အဲဒီပုံစံကို ငေးကြည့်ကာ ပြုံးနေသည်။

"ကျွန်မကတော့ ရှင့်ကို မိတ်ဆွေအဖြစ် သတ်မှတ်ပါတယ်"

"ဟုတ်လား"

သူမရဲ့ မျက်ခုံးတပင့်နှင့် အံ့အားတသင့် ပြောဟန်ကို သူမက နှစ်နှစ်ခြိုက်ခြိုက်ပဲ ရယ်ပြသည်။ ဘုရားရေ ... ဒီ မိန်းကလေးကို ရယ်ရွှင်ဖွယ်ဖြစ်အောင် သူ လုပ်နိုင်ပါလား။

"ကျွန်မနာမည် ရတနာသိုက်ပါ။ မြို့စွန်ရပ်ကွက် တောင်ကုန်းပေါ်က ရတနာ့စံအိမ်မှာ နေပါတယ်"

သူက ဒီ့ထက် ဘာများထပ်ပြောလိမ့်မလဲဟု မျှော်လင့်သော်လည်း သူမက ဆက်မပြောတော့ချေ။ သူက သက်ပြင်းကို ကျိတ်ချကာ သူ့ကိုယ်သူ ပြန်မိတ်ဆက်လိုက်ရသည်။





"ကိုယ့်နာမည် တော်ဝင်အောင်လို့ ခေါ်တယ်။ ဒီမြို့ကို လာလည်တာပါ။ ဒီမှာ ကိုယ့်ဦးလေး ရှိတယ်။ သူက အကောက်ခွန်ဌာနက ဦးစီးမှူး။ ကိုယ့်ဇာတိကတော့ ရန်ကုန်ပေါ့"

"သြော်"

သူမက အဲဒီတစ်လုံးသာ ရေရွတ်သည်။ အဲဒီအချိန်မှာပဲ ဆရာဝန်က ဝင်လာကာ သူမကို ထပ်၍စစ်ဆေးသည်။ ပြီးတဲ့အခါ သောက်ဆေးတစ်ချို့နှင့် နေထိုင်စားသောက်ရမည့်ပုံစံကို ပြောကာ ...

"အိမ်မှာပဲ နားနားနေနေ အနားယူပါ။ အဓိက,က စိတ်ကို သိပ်ထိခိုက်အောင် မနေပါနဲ့။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

အဲဒီနောက် သူက ဆရာဝန်ကို နှုတ်ဆက်ကာ ဆေးခန်းထဲမှ ပြန်ထွက်လာခဲ့ကြသည်။

"မင်းအိမ်အထိ ကိုယ် လိုက်မောင်းပို့ပေးရမလား"

"ရှင့်ဆိုင်ကယ်ကရော"



burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဆိုင်ကယ်က မင်း ကားရပ်ထားတဲ့ နေရာမှာပဲ ထားခဲ့ရတာပေါ့။ အဲဒါက ပြဿနာမရှိပါဘူး ... မင်း ကားမောင်းလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်။ အခု ဒီကားနဲ့ ရှင့်ဆိုင်ကယ် ရှိတဲ့နေရာကို မောင်းသွားလေ။ ပြီးမှပဲ ကျွန်မ အိမ်ပြန်တော့မယ်။ ကျွန်မ အိမ်က နီးပါတယ်"

"အင်း ... ဟုတ်ပြီလေ"

သူက ကားပေါ်တက်ကာ မောင်းထွက်လာခဲ့လျှင် သူမက နံဘေးကပဲ တိတ်ဆိတ်စွာ လိုက်ပါလို့လာသည်။ သူက စကားတစ်ခွန်းကို ပြောသင့် မပြောသင့် ချိန်ဆနေရင်းမှ နှုတ်ဖျားက ထွက်သွားရသေးသည်။

"မင်းမှာ ဘာအခက်အခဲတွေများ ရှိနေလို့လဲ"

"အခက်အခဲ ! ။ မရှိပါဘူး"

"ဒါဖြင့်ရင် ဘာဖြစ်လို့ ဒီလောက်တောင် လောကကြီး[illegible] စိတ်ကုန်ခန်းတဲ့ပုံ ပေါက်နေရတာလဲ၊ ကိုယ် မင်းကို [illegible] ဖန်မယ်နော် ...





ဖြစ်မလား ... ပြော"

သူမက သူ့ဘက်ကို တစ်ချက်လှည့်ကြည့်ကာ ပြုံးခေါင်းညိတ်လေသည်။

"မင်းမှာ လက်တလော ရင်ဆိုင်နေရတဲ့ ပြဿနာအခက်အခဲတော့ မရှိဘူး။ ဒါပေမဲ့ မင်းဘဝကို မင်း မပျော်ပိုက်ဘူး ဖြစ်နေတယ် ...

မင်းကိုယ်မင်း အသက်ရှင်နေရတာ အဓိပ္ပာယ်မရှိဘူး ဖြစ်နေတာ။ ပြောရရင်တော့ကွာ မင်း Depression ဆိုတာ ကြားဖူးတယ် မဟုတ်လား။ စိတ်ကျရောဂါခေါ်တာပေါ့ ...

အဲဒါမျိုး ဖြစ်နေတာ"

သူမက မဆိုင်းမတွဘဲ ချက်ချင်း ပြန်ဖြေလေသည်။

"ဟုတ်တယ်။ ကျွန်မ ဒီပရက်ရှင် ဝင်နေတာ။ ကျွန်မကိုယ် ကျွန်မလည်း သိတယ်"

"သိတယ် ! ။ သိတယ်ဆိုရင် မင်း ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ဒီလိုအဖြစ်ခံနေရတာလဲ"



burmeseclassic.com

www.burmeseclassic.com



ဒါကို ပြုပြင်ယူနိုင်ရမယ်လေ။ Stress (စိတ်ဖိစီး
တွေကို တိုက်ထုတ်နိုင်ရမယ်"

သူမက သူ့ဘက်ကို လှည့်ကြည့်ကာ အကြည့်
ဆုံး ပြုံးပြလာသည်။

"ဟုတ်ပါတယ်။ ရှင်ပြောတာတွေ အားလုံးမှန်တ
ဒါပေမဲ့ အဲဒီ စိတ်ကျဝေဒနာတို့၊ စိတ်ဖိစီးမှုဒဏ်တွေ
တာက ဖြစ်လာတဲ့အခါမှာ ကိုယ့်ဆေးမှာ ကိုယ့်ကိုနားလ
စွာနဲ့ ချွေးတွေ ဖေးမတတ်တဲ့ အဖော်ကောင်းတွေ
မယ် ...

သူတို့ရဲ့ မေတ္တာ စေတနာတွေနဲ့ ဖေးမတ
အဲဒီလူတစ်ယောက်ဟာ အဲဒီဝေဒနာတွေထဲက ရုန်းထ
ဖို့ အင်အားတွေ ရလာမှာ"

"ဟာ ... မဟုတ် ..."

"ဒါဖြင့်ရင် အဲဒီလိုလူတွေ မရှိရင်တော့ သေရမယ်ဆို
သဘောပေါ့"

သူမက သူ့စကားကို လက်ဝါးတစ်ဖက် ကာပြက





"ရှင် ပြောမှာ ကျွန်မ သိတယ်။ အဲဒီလူတွေ မရှိရင်လည်း
ကိုယ့်ဘာသာ ဖြေပျောက်တတ်ရမယ်လို့ ပြောချင်တာ
မဟုတ်လား ...

ကျွန်မ အဲဒီလောက် မတော်ဘူးရှင့်။ ပြီးတော့
ခံစားရတဲ့ ဝေဒနာတွေကလည်း သတ္တဝါနဲ့ လက်နက်နဲ့
မမျှဘူး။ ကျွန်မဘဝ တစ်သက်တာမှာ စိတ်သောက ဖြစ်
စရာဆိုတာ, ဘယ်တုန်းကမှ မခံစားရခဲ့ဖူးဘူး ...

ဒီတော့ အခု ခံစားရတဲ့အချိန်မှာ ကျွန်မအတွက်
ဒီကမ္ဘာလောကကြီးမှာ နေစရာနေရာ မရှိတော့သလို ခံစား
ရတယ် ...

အဲဒါပဲ"

သူက စကားတစ်ခွန်းကို မဝံ့ရဲနှင့် ဆိုလိုက်
သည်။

"မင်းမှာ မိသားစုတွေ မရှိကြတော့ဘူးလား"

သူမမျက်နှာဟာ အနည်းငယ်မဲ့တဲ့တဲ့ ဖြစ်သွားသည်
သူ ထင်ပါသည်။



burmeseclassic.com

www.burmeseclassic.com



"လူတွေက သတ်မှတ်ပေးထားတဲ့ မိသားစုဝင်တွေတော့ ရှိတယ်။ ကျွန်မ ရင်ထဲက မိသားစုဝင်တွေကတော့ မရှိကြတော့ဘူး"

"ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ။ မင်း ကိုယ့်ကိုယ်ကိုယ်တော့ ဂရုစိုက်ပါ"

ပြောရင်းနှင့် သူတို့ကားက ဆိုင်ကယ်ထားသော နေရာသို့ ရောက်လို့လာခဲ့သည်။ သူက ကားကိုရပ်လျက် ဆိုင်ကယ်ကို ဖွက်ထားသောနေရာမှ ပြန်ထုတ်ယူလာခဲ့သည်။ သူ ပြန်ထွက်လာချိန်ဝယ် သူမက ကားမောင်းသူ နေရာမှာ နေရာယူပြီး ဖြစ်လို့နေသည်။

"မင်း ... ရှေ့က မောင်းသွားလိုက်။ ကိုယ် နောက်က လိုက်လာခဲ့မယ်။ ဖြည်းဖြည်းပဲမောင်း၊ ဖြစ်တယ် မဟုတ်လား"

သူမက ခေါင်းတစ်ချက်သာ ညိတ်ပြရင်း သူ့မေးခွန်းနှင့် မဆိုင်သော အဖြေစကားတစ်ခွန်းကို ပြောကြားလို့လာခဲ့သည်။





"နေရာတိုင်းမှာ အကောင်းနဲ့ အဆိုးက ဒွန်တွဲနေတတ်တယ် ဆိုတာ တကယ်မှန်တယ်။ ကျွန်မက အဆိုးတွေနဲ့ ကြုံတွေ့နေရတဲ့ အချိန်မှာ ရှင် ရောက်ရောက်လာတတ်တာလည်း အကောင်းနဲ့အဆိုး ဒွန်တွဲမှုတစ်ခုပဲပေါ့နော် ...

ရှင့်ကို ကျွန်မရဲ့ မိတ်ဆွေကောင်းအဖြစ် သတ်မှတ်ပါတယ် ကိုတော်ဝင်အောင်၊ ဆီးယူ"

အဲဒီနောက် သူမရဲ့ ကားလေးက ရှေ့က မောင်းထွက်သွားကာ သူက မလှမ်းမကမ်းမှ အသာလိုက်လာခဲ့သည်။ သူမပြောသော ရတနာစံအိမ်သို့တက်ရာ ကုန်းမြင့်လမ်း ရောက်သောမှသာ သူက လက်တစ်ဖက်ပြလျက် ရှေ့ဆက်မောင်းလာခဲ့တော့တာ ဖြစ်ပါသည်။



burmeseclassic.com

www.burmeseclassic.com



## ❧ ၃ ☙

နောက်တစ်နေ့နံနက် နေရောင်ခြည်နှင့်အတူ နိုးထ
လာသော သိုက်သည် ပါးစပ်ထဲမှာ ခံတွင်းပျက်နေသလို ဖြစ်နေ
ရုံမှလွဲ၍ လန်းဆန်းနေခဲ့ပါသည်။

မနေ့က အိမ်ပြန်ရောက်ချိန်မှာစ၍ ဟောလစ်ပူပူ
တစ်ခွက်နှင့် ဆရာဝန်ပေးထားသော ဆေးကိုသောက်ပြီး အိပ်ခဲ့သည်
ဖြစ်ရာ အခုမှပဲ ပြန်နိုးတော့တာဖြစ်သည်။ အရင်တုန်းကတော
အိပ်ပျက်ညတွေ ရှိခဲ့၍ နိုးထရာမှာလည်း စိတ်မကြည်လင်ချေ

အခုတော့ ကြည်လင်စွာ နိုးထလာခဲ့ချေပြီ။ အိပ်ရာ
မှ ထ,အပြီး တစ်ကိုယ်ရေ သန့်ရှင်းရေး လုပ်ပြီးသော သိုက်ဟာ





င်းတံခါးမှတစ်ဆင့် ခြံထဲကို ငေးနေတုန်းမှာပဲ နောက်ပါးမှ
ကြား၍ လှည့်ကြည့်လိုက်လျှင် ...

"နိုးနေပြီလား သိုက်"

သူက ခပ်တည်တည်ပဲ သိုက်ရဲ့ခုတင်ပေါ်မှာ ဝင်
သည်။ သိုက်ဟာ ဆတ်ခနဲဖြစ်သွားလျက် မျက်မှောင်ကို
ိုးကာ ...

"ရှင် ဘာကိစ္စ ကျွန်မအခန်းထဲ ဝင်လာရတာလဲ"

"ဟား ... သူများကြားရင် ရယ်ရမယ့် မေးခွန်းကြီးပါလား
ကွ၊ ဟမ် ... ကိုယ့်မိန်းမ အခန်းထဲ ကိုယ်ဝင်လာတာ
ဘာဖြစ် လဲ"

သူက တမင်ပင် ရွဲ့သည့်အလား ခုတင်ပေါ်မှာ
င် အိပ်ချလိုက်သေးသည်။ သိုက်သည် အဲဒီအပြုအမူကို
ဆွ့ခုန်အောင် ဒေါသထွက်သွားကာ စူးစူးဝါးဝါးပင် အော်
ပစ်လိုက်လေသည်။

"ရှင် ... ထွက်သွား၊ ထွက်သွားစမ်း။ ထစမ်း ... ကျွန်မ
ခုတင်ပေါ်က"



burmeseclassic.com

www.burmeseclassic.com



သူ့ကို ချွေးမောင်းသလို မောင်းနှင်နေသော လေး
ကြောင့် သူက အိပ်နေရာမှ ဆတ်ခနဲ ထ,လာကာ သိုက်ရဲ့
မေးစေ့အောက်နားကို သူ့ရဲ့သန်မာကြမ်းတမ်းသောလက်ဖြင့် ရုတ်
ရက် ဖျစ်ညှစ်ပစ်လိုက်လျှင် တော်တော်နှင့် ရုန်းမထွက်နိုင်
ရုန်းလေ နာကျင်လေသာဖြစ်သည်။

သိုက်ဟာ နာကျင်လွန်းသဖြင့် ချက်ချင်းပဲ မျက်
တို့က အိုင်ဖွဲ့လာသည်။ အခုနတုန်းက ကြည်လင်သာယာသော
စိတ်တို့မှာ ဘယ်နားရောက်သွားမှန်းတောင် မသိချေ။ ဒီလူ
သိုက်ကို စိတ်ရော ကိုယ်ပါ နာကျင်စေသူ ဖြစ်သည်။

သူက သိုက်ရဲ့ ပါးပြင်နုနုကို ပါးမြိုင်းမွေးကြ
ကြမ်းတွေရှိသော သူ့ပါးပြင်ဖြင့် (တမင်နာကျင်အောင်) ခပ်ကြ
ကြမ်း ပွတ်တိုက်ပစ်ကာ ဖျစ်ညှစ်ထားသော မေးစေ့ကိုလည်း
ဆောင့်တွန်းလွှတ်ပေးလိုက်လျှင် ခံနိုင်ရည်အား သိပ်မရှိလှသော
သိုက်မှာ ခုတင်ပေါ်သို့ ပုံလဲကျသွားရသည်။

သူက ခါးထောက်လျက် ပြုံးမဲ့မဲ့ စိုက်ကြည့်ကာ

"မင်း ငါ့ကို ဘယ်တုန်းက အဲဒီလေသံမျိုးနဲ့ ပြောလို့
လို့လဲ ရတနာသိုက်။ ဟင် ...





ဒီအချိုးမျိုး မင်းအဖေ ရိုက်ဂွန်းကပဲ ရမယ်။ နားလည်
လား။ ငါ့ကို မင်းရဲ့နွားများ ထင်နေလား။ ဟင် ...။ ငါ
နွားမဟုတ်ဘူး ကျားကွ ... ကျား။ ပြီးတော့ မင်းရဲ့ယောကျ်ား
နားလည်လား ...

ငါ့ကို နောက် ဒီပုံစံမျိုးနဲ့ ဘယ်တော့မှ မဆက်ဆံ
နဲ့"

သိုက်သည် ခုတင်ပေါ် ပုံလဲနေရာမှ သူ့ကို ရူးရူး
ဝါးဝါး လှည့်ကြည့်ရင်း အံကို တင်းတင်းကြိတ်ထားမိသည်။
ဖေဖေရဲ့လူယုံဖြစ်သော ဒီလူယုတ်မာဟာ တကယ့်ကို အကြံသမား
ဖြစ်သည်။ ဖေဖေ ရှိစဉ်အခါက သူ့ကို အားကိုးယုံကြည်လာအောင်
လုပ်လျက် ဖေဖေ့ကို မရမက အယုံသွင်းကာ သိုက်ကိုရအောင်
လက်ထပ်ခဲ့သူ ဖြစ်သည်။

မင်းသားခေါင်းဆောင်းထားသော ဘီလူးလိုအကောင်
သည် လွန်ခဲ့သော နှစ်နှစ်ခန့်က ဖေဖေ ဆုံးသွားပြီးချိန်မှစ၍
အတိရုပ် စ,ပြလာတော့တာ ဖြစ်သည်။ သိုက်အပေါ် ဆက်ဆံပုံ
တွေဟာ မောက်မာ အတက်စီးဆန်လာသည်။ မူးရူးရမ်းကား
လာသည်။ အဆိုးဆုံးက မိန်းမကိစ္စမှာ အတော်ဆိုးရွားစွာဖောက်



burmeseclassic.com

www.burmeseclassic.com



ပြန်လာခြင်းပဲ ဖြစ်လေသည်။ တပည့်တပန်းတွေ များစွာဖြင့် ဖေဖေ့နေရာမှာ ဩဇာအာဏာပြလျက် ဗိုလ်ကျစိုးမိုး ရမ်းကားနေခဲ့သည်မှာ ကမ်းကုန်၍ နေလေသည်။

လွန်ခဲ့သော တစ်နှစ်ခန့်ကစ၍ သူနှင့် သိုက်၏ အိမ်ထောင်ရေးပဋိပက္ခမှာ အတော်ပြင်းထန်လာလျက် သိုက်သည် အဲဒီအချိန်တည်းက ကိုယ့်အခန်းမှာကိုယ် သီးသန့်ပြန်ခွဲနေခဲ့ခြင်း ဖြစ်သည်။ ဒီလူဟာ ကွာရှင်းဖို့ တောင်းဆိုတာကိုလည်း လက်မခံ၊ သိုက်ကို အမြဲပင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်အောင် ညှဉ်းပန်း နှိပ်စက်နေသူပဲ ဖြစ်လေသည်။

"မင်းအခန်းထဲကို ဝင်ချင်လို့ ဝင်လာတယ်များ မှတ်နေသလား။ နောက် ငါ့ကို အော်ရဲအော်ကြည့် ... တောက်"

"သေလိုက်ပါလား။ ရှင် စကားပြောချင်ရင် အောက်မှာပဲ ပြော၊ အခန်းထဲကို ဝင်လာစရာအကြောင်း ဘာမှမရှိဘူး"

"ဟာ ... ဒီမိန်းမ ပြောလေကဲလေပါလား။ တောက် ... ဒီမှာ ရတနာသိုက်။ ငါ ပိုက်ဆံဆယ်သိန်းလောက် လိုတယ်၊ အဲဒါ ခဏထုတ်ပေးစမ်း"





"ဘာ ! ဆယ်သိန်း။ ဟုတ်လား။ ရှင် ဒီလောက်လုပ်ငန်းတွေ အများကြီး လုပ်နေတာ ဘာဆယ်သိန်း ထုတ်ပေးရမှာလဲ ...

အရင်လကလည်း ကျွန်မပိုင်တဲ့ လီမွှော်ခြံတွေက ငွေတွေကို ရှင်ပဲ ထုတ်သွားတာ။ အဲဒီငွေတွေကရော ဘယ်မှာလဲ ...

ဟင် ... ဝိုင်စက်ရုံက ကုန်ကြမ်းမှာမယ့် ပိုက်ဆံတွေလည်း ရှင် ဖြတ်အုပ်သွားတာ မသိဘူးများ ထင်နေလား"

"ဟော့ ... ရတနာသိုက်။ မဖြစ်စလောက် ပိုက်ဆံတွေကို လူကြားကောင်းအောင် လာအော်ပြမနေနဲ့ ...

မင်းအဖေ အဘိုးကြီးက လူလည်လုပ်သွားတာ။ ရှိသမျှအမွေတွေ အားလုံး မင်းကို လွှဲပေးသွားပြီးမှ ငါ့ကိုတော့ ကျွန်တစ်ယောက် ဝယ်သလို မင်းအနားမှာ ရာသက်ပန်ကျွန်ကြီး လုပ်ခိုင်းသွားတာ၊ ငါ မသိဘူးများ ထင်နေလား ...

ငါ မအ,ဘူးကွ၊ နားလည်လား"



burmeseclassic.com

www.burmeseclassic.com



"ရှင့် မအေ,မုန်း လူလည်ကျောင်မှန်း သိတယ်၊ ရာသက် ပန် ကျွန်,မဖြစ်ချင်ရင် ကျွန်မကို အခုကွာလိုက် ... ကွာလိုက်လေ။ အခုကွာပေး ... ကွာပေး"

သိုက်သည် ဒေါသထွက်လွန်းအား ကြီးသဖြင့် အာခေါင်ခြစ်ကာ ကုန်းအော်ပစ်လိုက်သည်။ သူကလည်း သိုက် အဲဒီလိုအော်တာကို ဒေါသထွက်စွာဖြင့် သိုက် အခန်းထဲက ပန်း အိုးတစ်လုံးကို နံရံဆီ ပစ်ပေါက်ခွဲလိုက်တာ ဖြစ်သည်။ အော်ဟစ် သံ၊ ပန်းအိုးကျကွဲသံတွေဖြင့် ဆူညံပွက်လောရိုက်နေသော သိုက် ရဲ့အခန်းထဲသို့ မြခက်ခက်က အလျင်အမြန် ဝင်ရောက်လာသည်။

"ဘာယ်လိုဖြစ်ကြတာလဲ ကိုစိုင်းဝဏ္ဏရယ်။ လင်မယား,အချင်း ချင်းပဲ ပြေပြေလည်လည် ပြောကြမှပေါ့။ သိုက် ... ညီမ လေး ဘာဖြစ်သွားသေးလဲဟင်"

သိုက်က ဘာမှပြန်မပြောချေ။ နှုတ်ခမ်းကိုကိုက် အံကို တင်းတင်းကြိတ်ထားသော်လည်း ဒေါသစိတ်ကြောင့် မျက် ရည်ပူတွေက စီးကျလျက်ရှိသည်။ သိုက်ရဲ့ မိထွေးတော် မြခက်ခက် သည် သိုက်ရဲ့ မျက်ရည်တွေကို ကြင်နာစွာ သုတ်ပေးရင်းမှ ...





"ရှင် သိုက်ကို ဆက်ဆံတာ ဟုရားလွန်နေပြီနော် ကိုစိုင်း ဝဏ္ဏ။ ဒါ ရှင့်ဆရာရဲ့သမီး။ ရှင့်မိန်းမပါ"

"ဩော် ... ဟော် ... ဟော် ... ဘယ်လိုကြီးလဲ ဒေါ်မြခက် ခက်ရဲ့၊ လင်ပါသမီးလေးကို တော်တော်ချစ်နေတယ်ပေါ့ လေ ... ဟုတ်လား ...

ဘာလဲ ... ဒီလို ကပ်ဖားယပ်ဖားလုပ်မှ ခင်ဗျား အတွက် ဝေစုထပ်ရမယ် ထင်နေလို့လား။ လာလုပ်မနေနဲ့ ... ဒီကောင်မက တစ်ပြားကို နှစ်ပြားခွာချင်နေတဲ့ ဟာမ"

သိုက်သည် စော်ကားလွန်းသော မိုက်မိုက်ရိုင်းရိုင်း ...ားတွေကြောင့် အသက်ရှူမဝတော့အောင်ပင် ဒေါသတွေ ဆို့ ...ရကာ ခေါင်းကိုမော့လျက် ဒေါသတွေကို ပြန်မျိုချနေရသည်။ ...ဆင့်အတန်းမရှိသော အရိုင်းအစိုင်း တစ်ယောက်နှင့် တုဖက်၍ ...သည်း မပြောလိုတော့ချေ။

သိုက်ကိုက ဝဋ်ကြွေးတွေ မကုန်နိုင်သေးတာပဲ ဖြစ် ...သည်။ စိုင်းဝဏ္ဏက သိုက်ကို လက်ညှိုးငေါက်ငေါက်ထိုးလျက် ...



burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ရတနာသိုက်။ ငါပြောတဲ့ စကားကို မင်းခေါင်း
ထဲ ထည့်ထား။ ပြီးတော့မှ ငါ့အဆိုး မဆိုနဲ့"

ပြီးလျှင် သိုက် အနားမှ လေမုန်တိုင်း တိုက်သလ
ထွက်ခွာသွားတော့တာ ဖြစ်သည်။ လန်းဆန်းကြည်လင်နေသော
သိုက်ရဲ့နံနက်ခင်းလေးမှာ ချက်ချင်းပဲ ကျက်သရေကင်းမဲ့က
ရုပ်ဆိုး အကျည်းတန်သွားရပြီဖြစ်သည်။

သိုက်သည် စိတ်ဆင်းရဲကြီးစွာနှင့် မျက်ရည်တွေ
တွေ ကျနေတာကို မခြစ်က သနားကြင်နာစွာ သုတ်ပေ
လျက် ...

"စိတ်မညစ်ပါနဲ့ သိုက်ရယ်။ ကံတရားပဲပေါ့ ...

တစ်သက်လုံး လူ့ရွေးမှန်ခဲ့တဲ့ အစ်ကိုကြီး ဒီတစ်
တော့ အကြီးအကျယ်ပဲ မှားသွားတာပဲ"

"ဖေဖေ့မှာ အပြစ်မရှိပါဘူး မခက်။ ဒီလူယုတ်မာကို
ဟန်ဆောင်ကျွောင်းနေတာပါ ...

ရတယ် မခက်။ စောစောစီးစီး အနှောင့်အယှ
ဖြစ်သွားရင် ... ဆောရီး"





"အို ... အနှောင့်အယှက်ကတော့ မဖြစ်ပါဘူး။ မှ,လည်း
သိုက် စိတ်ဆင်းရဲနေတာမြင်တော့ ဘယ်စိတ်ချမ်းသာပါ
မလဲ ...

သိုက် ဒီပြဿနာတွေကို ဘယ်လိုလုပ်မယ် စိတ်ကူး
လဲ"

သိုက်က မခက်မျက်နှာကို တစ်ချက်မော့ကြည့်လိုက်
သည်။ ဆံပင်ရှည်ရှည်ကြီးနှင့် ရိုးရာဝတ်စုံတွေကိုသာ ဆင်မြန်း
ဝတ်ဆင်မှာတတ်သော မခက်သည် သူ့ဘာသာ ဘာသိဘာသာနေ
တတ်သူဖြစ်၍ သိုက်နှင့်တော့ သိပ်ပြဿနာမရှိလှချေ။ သူလည်း
သူ့ဘာသာနေ၍ သိုက်လည်း သိုက်ဘာသာသိုက် နေလေသည်။

ဖေဖေ သူ့ကို လက်ထပ်ခဲ့စဉ်မှာလည်း သိုက်ဟာ
ခမ်းပန်းတသာလည်း မကြိုဆိုသလို မကျေမနပ်နှင့် ဆန္ဒပြခြင်း
လည်း မရှိခဲ့ပါ။ ဒါကြောင့် သိုက်နှင့် သူသည် လိုတာထက် ပို
ရင်းနှီးခြင်းလည်း မရှိပေ။

တကယ်တော့ သိုက်မှာ နွေးထွေးတဲ့ မိသားစုဝင်တွေ
တစ်ယောက်မှ မရှိတာ ဖြစ်ပါသည်။



burmeseclassic.com

www.burmeseclassic.com



"လောလောဆယ်တော့ စိတ်ကူးထားတာ မရှိပါဘူး"

"သိုက် ... သူ့ကို ကွာရှင်းချင်တယ် မဟုတ်လား"

သိုက်က မခက် မျက်နှာကို ဖျတ်ခနဲ ကြည့်မိသည်။ သိုက်ကို ကြည့်နေသော မခက်ရဲ့ မျက်ဝန်းတွေထဲမှာ အဓိပ္ပာယ်တွေက အမျိုးမျိုး ယှက်ဖြာ၍ နေလေသည်။ လောလောဆယ်မှာတော့ သိုက်ဟာ ဘာကိုမှ အဖြေမပေးချင်။ မစဉ်းစားချင်သေးပေ။

"တော်ပါပြီ မခက်ရယ်။ ဒီအကြောင်းတွေကို လောလောဆယ် မပြောချင်တော့ပါဘူး။ လောလောဆယ် သိုက် တစ်ယောက်တည်းပဲ နေချင်တယ်"

မခက်က သိုက်ကို နားလည်သလိုကြည့်ကာ ပခုံးသားကို တစ်ချက်ဖျစ်ညှစ်ပေးရင်း ...

"စိတ်ညစ်စရာတွေ သိပ်မတွေးပါနဲ့ သိုက်ရယ်။ Breakfast မစားရသေးဘူး မဟုတ်လား။ မ, ပို့ခိုင်းလိုက်မယ်နော်"

သိုက်က ခေါင်းတစ်ချက်ပဲ ညိတ်ပြလိုက်နိုင်သည်။ ခုတင်ပေါ်မှထကာ ပြတင်းတံခါးမှနေ၍ အဝေးသို့ပဲ လှမ်းမျှော်





ကြည့်နေခဲ့မိလျှင် ပျံသန်းသွားသော ငှက်ကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

အဲဒီငှက်ကလေးကို မြင်လျှင် သိုက်ဟာ ငယ်ငယ်ကဖေဖေ အမြဲနားထောင်နေကြဖြစ်သည့် သီချင်းလေးကို သွားအမှတ်ရမိသည်။ ဝေဟင်မှာ လေဟုန်စီး ယီးလေးယို ...

အဲဒီသီချင်းထဲကလိုပဲ သိုက်ဟာ တစ်နေရာဆီကို ပျံသန်းသွားချင်သည်။ အဆုံးမဲ့ မိုးသားကြီးကို ဖြတ်ကျော်ကာ ...ကို လွတ်မြောက်ခွင့် ပေးနိုင်မည့် စိတ်အေးချမ်းသာ တစ်...ကို အဟုတ်ပဲ ပျံသန်းသွားချင်ခဲ့ပါသည်။



burmeseclassic.com

www.burmeseclassic.com



သိုက်ဟာ သိပ်နေမကောင်းချင်သဖြင့် အိမ်ထဲ
သုံးရက်လောက် အနားယူပြီးလျှင် နည်းနည်းတော့ လန်း
လတ်ဆတ်သွားပြီ ဖြစ်သည်။ အိမ်ထဲမှာပဲ အောင်းမနေတတ်
သူပီပီ တစ်နေ့သော နံနက်ခင်းမှာတော့ ခပ်စောစော
တစ်ယောက်တည်း အပြင်သို့ ထွက်လာခဲ့လေသည်။

အဲဒီနေရာလေးကတော့ သိုက် သွားစားနေ
သည့် ရှမ်းရိုးရာအစားအစာများကို ကော်ဖီနှင့် တွဲဖက်
သည့် အေးချမ်းတိတ်ဆိတ်သော ခြံဝင်းလေးထဲက အိမ်ဆိုင်
တစ်ဆိုင်ပဲ ဖြစ်ပါသည်။ သိုက် ဝင်လာတာကိုမြင်သော
က ...

"မလာတာ ကြာပြီရော ... ဘယ်သွားနေလဲဇေ့"





ဟု ဖော်ဖော်ရွေရွေပဲ ဆီးကြိုနှုတ်ဆက်လေသည်။

"ဟုတ်တယ် ... သိပ်နေမကောင်းလို့ပါ"

"ဪ ... ကျန်းမာရေး ဂရုစိုက်ဝေ့။ ဘာစားမလဲ"

"တို့ဟူးနွေးပဲ ပေးပါ"

"ရမယ် ခဏပဲစောင့်။ အကျရည်သောက်ဦး၊ ပူပူလေးမှုတ်သောက်"

သိုက်ဟာ ထောင့်ကျကျစားပွဲမှာ ထိုင်လျက် အကျ
ည်ရေနွေးကြမ်းပူပူကို မှုတ်သောက်နေသည့် အခိုက်မှာပဲ စားပွဲ
လူတစ်ယောက် လာရပ်တာကို ခံစားမိ၍ မော့ကြည့်လိုက်လျှင် ...

"ဟင် ... ရှင်ပါလား"

သူက ပြုံးကာ ခေါင်းတစ်ချက် ဆတ်ပြရင်း ...

"မသေသေးတော့လည်း ရှင်နေရတာပေါ့"

သူ့စကားကို သိုက်က အထာပေါက်စွာဖြင့် ပြုံးမိ
သွားသည်။ တစ်လက်စတည်းမှာပင် ကိုယ့်ကိုယ်ကိုယ်လည်း
တိပြုံးမိသွားရသည်မှာ ဒီသုံးရက်အတွင်းမှာ ဒါသည် သိုက်အဖို့
အဦးဆုံးအကြိမ် ပြုံးမိခြင်းပဲ ဖြစ်လေသည်။



burmeseclassic.com

www.burmeseclassic.com



"မင်းကို လန်းလန်းဆန်းဆန်းပဲ တွေ့ရတယ်နော်။ ဝ
သာပါတယ်၊ နေကောင်းသွားပြီပေါ့"

သူက နှုတ်ဆက်တော့မှပင် သိုက်က ကိုယ့်အတွေ
ကမ္ဘာထဲကကိုယ် လွတ်မြောက်ခွင့် ရတော့သည်။ သူ့ကိုပြန်လည
ပြုံးပြကာ ...

"ကောင်းသွားပြီ။ ထိုင်ဦးလေ စားပြီးပြီလား"

"မစားရသေးဘူး၊ အခုမှ ရောက်တာ"

"အင်း ... ဒီမှာပဲ စားလိုက်ပါလား"

သူက သိုက်ရဲ့ဖိတ်ခေါ်မှုကို ကျေနပ်သွားသ
ပြုံးကာ လက်ခံသည်။ ဆိုင်ရှင်ဦးလေးကြီးကိုလည်း ထိုင်ရင်
နောက်လှည့်ကာ ရှမ်းခေါက်ဆွဲတစ်ပွဲဟု မှာကြားလိုက်သေးသည
ပြီးလျှင်တော့ သိုက်တို့နှစ်ဦးဟာ မျက်နှာချင်းဆိုင် အနေအထ
ဖြင့် တစ်ယောက်နှင့် တစ်ယောက် ပြုံးပြလိုက်ကြသည်။ သူ
စတင်၍ ...

"ဒီဆိုင်လေးက ရှမ်းခေါက်ဆွဲ တော်တော်ကောင်းတ
လို့ နာမည်ကြီးတယ်ဗျ။ မနေ့ကမှ ကြားဖူးလို့ အခုဒ
စားတာလေ"





"ရှမ်းခေါက်ဆွဲတင် မဟုတ်ဘူး။ ရှမ်းထမင်းဟင်းလည်း
ရတယ်၊ အရမ်းကောင်းတယ်။ ချက်ပြုတ်တာလည်း ဆိုင်
ရှင်လင်မယားပဲလေ။ သူတို့ပဲချက်၊ သူတို့ပဲ စားပွဲထိုးနေ
ကြတာ။ ပန်းကန်ဆေးတဲ့ အလုပ်သမားတစ်ယောက်ပဲ
ထားတယ်"

"မင်းက တော်တော်သိနေပါလား"

"သိဆို ကျွန်မက ဒီဆိုင်ရဲ့ ကက်စတန်မာကြီး"

အဲဒီအချိန်မှာပဲ သိုက်မှာထားသော တို့ဟူးနွေးက
ရောက်လာသဖြင့် သိုက်ဟာ တူနှစ်ချောင်းနှင့် စတင်မွှေနေပြီ
စားသည်။ သူက သိုက်ကို အကဲခတ်သလိုကြည့်ကာ ...

"မင်း ကြည့်ရတာ တစ်ယောက်တည်းပဲ လွတ်လွတ်လပ်
လပ် နေတတ်တယ်နဲ့ တူတယ်နော်"

"တစ်ယောက်တည်း အထီးကျန်ဆန်နေရတာဆို ပိုမှန်မယ်"

သူက သိုက် အပြောကို မျက်ခုံးတစ်ချက်ပင့်ကာ ...

"အထီးကျန်ဆန်တာရယ်၊ တစ်ကိုယ်တော် ဖြစ်နေတာရယ်
ဆိုတဲ့ စကားဟာ လူအားဖြင့် တစ်ဦးတစ်ယောက်ကို
ကိုယ်စားပြုတယ် ...



burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကတော့ ရုပ် တည်ပုံခြင်း ကွဲပြားနေကြတယ်။ တစ်ကိုယ်တော်ဘဝက် ပြောင်းလဲပစ်လို့ မရဘူးလေ"

"တစ်ကိုယ်တော် !"

သိုက်က မေးမြန်းသလို ရေရွတ်လျက် သူက ခေါင်းတစ်ချက် ညိတ်ကာ ...

"ဟုတ်တယ် ... ကိုယ့်ဘဝကလည်း ပြောရမယ်ဆိုရင် တစ်ယောက်တည်းပါပဲ ...

မိဘတွေ ဘာတွေတော့ ရှိတာပေါ့။ ဒါပေမဲ့ အရွယ် ရောက်တည်းက သင်္ဘောတက်သွားရတာ။ မိဘကို ပြန် ထောက်ပံ့ချင်တာလည်း ပါတာပေါ့။ သင်္ဘောတက်တာ အကြာကြီးပဲ၊ ရှစ်နှစ်လောက်ရှိမယ် ...

ဟား ... အရမ်း အထီးကျန်ရတာနော်၊ တစ်နေ့လာ လည်း ဒီပင်လယ်ကြီး၊ နောက်တစ်နေ့လာလည်း ဒီပ လယ်ကြီး၊ ဘယ်ကိုကြည့်လိုက် ကြည့်လိုက် ရေပြင်ကြ ချည်းပဲ ...





တချို့ဆို ဂေါက်သွားတဲ့ သင်္ဘောသားတွေတောင် ရှိတယ်။ အဲဒီလိုပေါ့ ... အဲဒီလို ဘဝထဲမှာ ကြီးစားရုန်း ကန်ပြီး နေလာခဲ့ရတာလေ။ ဒီတော့ တစ်ကိုယ်တည်း အထီးကျန်နေရတဲ့ အဖြစ်ကို တစ်ကိုယ်တော်ရွက်လွှင့်နေ ရတဲ့အဖြစ် ပြောင်းလဲပစ်နိုင်ရမှာပေါ့ ...

တစ်ကိုယ်တည်း ဆိုတာက weak၊ တစ်ကိုယ်တော် ဆိုတာက brave (ရဲရင့်သော)။ တစ်လုံးတည်းနဲ့ ကပ်လွဲ သွားတာ ... ဟား ... ဟား"

သူက အဆုံးသတ်စကားကို ရယ်ရွှင်ဖွယ် ပြောလိုက် လည်း သိုက်ဟာ ပျော့ပျော့နေတတ်ပြီး ဖော်ရွေကူညီတတ် သူ့ကို ခင်မင်စိတ်တို့ ဖြစ်ထွန်းသွားရပြီ။ သိုက်ာ အတွက် ပြေသိမ့်စရာ စကားတွေ ဆိုတတ်သော မိတ်ဆွေကောင်း အဖြစ် သိုက် သူ့ကို မှတ်ယူလေသည်။

"အင်း ... ရှင်ကတော့ ယောကျ်ားလေးကိုး။ ကျွန်မကတော့ စိတ်ဓာတ်က အဲဒီလောက် မရင့်ကျက်ဘူးရှင့်"

"ဟား ... မိန်းကလေးသော ယောကျ်ားလေးသော မဆိုင် ဘူးလေ။ အဓိက,က စိတ်ဓာတ်ပဲ ...



burmeseclassic.com

www.burmeseclassic.com



ကိုယ်ကတော့ အဲဒါမျိုးကို လက်မခံဘူး။ ကိုယ့်ဘ
ကို ကိုယ်ပဲပိုင်တယ်၊ ကိုယ့်စိတ်ရဲ့ စိတ်ချမ်းသာမှုကိုလည်
ကိုယ်ပဲ တာဝန်ယူသင့်တယ်လို့ ထင်တယ်။ သူများကြော
ပျော်ရတဲ့ ပျော်ရွှင်မှုဆိုတာ သိပ်မစစ်ဘူး။ သူက မပေး
မရတော့တဲ့ဘဝ ...

ဒီတော့ ကိုယ့်စိတ်ချမ်းသာမှုကို ကိုယ့်ဘာသာ
ရအောင်လုပ်ရမှာပေါ့”

သူ့အတွက် မှာထားသော စားစရာတွေလည်
ရောက်လာပြီမို့ သူက စားသောက်ဖို့ ပြင်ဆင်နေသည်။

“ရှင်က စိတ်အကြောင်း အရမ်းပြောတယ်နော်”

သူက ရှမ်းခေါက်ဆွဲကို အားပါးတရ စားရင်းမှ

“ကိုယ်က စိတ်ပညာအဓိကနဲ့ ဘွဲ့ရထားတာလေ၊ လူ
ရဲ့ မတူညီတဲ့ ကွဲပြားခြားနားတဲ့ စိတ်တွေကို စိတ်ဝင်
တယ် ...

စိတ်ဓာတ်ကျ စိတ်အားငယ်နေတဲ့ လူတွေကို
ရရင် အလိုလိုကို အားပေးချင်နေတာ။ မင်းကိုလည်း
စိတ်ချိုးချိုးကျနေတဲ့ ပုံစံကြောင့် ဂရုပြုမိသွားတာပါ”





သိုက်က သူနှင့် စတွေ့တုန်းက အဖြစ်အပျက်ကို သတိသွားရမိကာ ပြုံးမိသွားရသည်။ တစ်လက်စတည်းမှာပင် သူ့ကို ဖြေရှင်းချင်စိတ်ပါ ပေါ်လာခဲ့သည်။

“အဲဒီတုန်းကလေ ကျွန်မက ရှင် ပြောသလို အဲဒီလိုကြီး ကိုယ့်ကိုယ်ကိုယ်လုပ်ဖို့ အစီအစဉ် မရှိပါဘူး ...

ဒါပေမဲ့ ကျွန်မလုပ်ရပ်က အန္တရာယ်များတယ် ဆိုတာတော့ သိတယ်။ ဖြစ်သွားလည်း ကိစ္စမရှိဘူး။ ဖြစ်ချင်ရာဖြစ် ဆိုတာမျိုးပဲ ...

အဲဒီလို ကမ်းပါးမှာရပ်ပြီး လွှင့်မြောလွတ်လပ်တဲ့ ခံစားမှုမျိုးကို ခံစားကြည့်ချင်တာ”

“မင်းက အခု မလွတ်လပ်တဲ့ ဘဝမျိုးလား”

သူ့စကားကြောင့် သိုက်သည် သူ့ကို ဖျတ်ခနဲ မျက်လုံးလှန် ကြည့်မိလျှင် သူက အလျင်အမြန် ပြောသည်မှာ ...

“ဆောရီးနော် ... ကိုယ့်စကားက ဘောင်ကျော်သွားရင် တောင်းပန်တယ်။ မင်းကို ကူညီချင်လို့ မေးတာပါ”

“ကိစ္စမရှိပါဘူး။ ကျွန်မဘဝအကြောင်းကို ရှင့်ကို ပြောပြဖို့ စိတ်ကူးထားပါတယ်။ ကျွန်မ နာမည်က ရတနာသိုက်



burmeseclassic.com

www.burmeseclassic.com



ဆိုတာတော့ ရှင့်ကို ပြောပြပြီးပြီနော်။ ဖေဖေ့နာမည်က ဦးမြသိုက်။ မေမေကတော့ ကျွန်မကိုမွေးရင်း မီးတွင်းထဲမှာပဲ ဆုံးပါးသွားတာ။ ကျွန်မဘဝက မေမေ မရှိခဲ့တာက လွဲရင် ပြည့်စုံခဲ့တယ် ဆိုပါတော့ ...

ဖေဖေက လွန်ခဲ့တဲ့ ငါးနှစ်လောက်ကမှ နောက်အိမ်ထောင် ထပ်ပြုခဲ့တာပါ။ သူက ကျွန်မနဲ့ အသက်ငါးနှစ်ပဲ ကွာတယ်။ သူနဲ့လည်း အိပ်ပြဿနာ မရှိခဲ့ပါဘူး။ ပုံမှန်ပဲပေါ့။ နောက် ... ဖေဖေက ကျွန်မကို သူ့လူယုံ သူ့တပည့်နဲ့ ပေးစားလိုက်တယ်"

ဒီနေရာအရောက်တွင် သိုက်ရဲ့အသံက တိမ်ဝင်လို့သွားသည်။

သူကတော့ သိုက် ပြောတာကို စိတ်ဝင်တစားနှင့် စူးစိုက်နားထောင်ရုံမှလွဲ၍ သူ့မျက်နှာတွင် မရိုးသားမှု ဘာတစ်ခုမှ ရှိမနေပါ။

သို့သော်လည်း သိုက်သည် ကိုယ်နှင့် မတိမ်းမယိမ်း ယောက်ျားတစ်ယောက်ထံမှာ ကိုယ်ရဲ့အိမ်ထောင်ရေး အဆင်မပြေမှုတွေကို ထုတ်ဖော်ပြောပြရမှာ ဝန်လေးသလို ဖြစ်နေသည်။





"အဲဒီတော့ ..."

သိုက်က ဆက်မပြောတော့သဖြင့် သူကပဲ စကားဆက်ပေးတာ ဖြစ်သည်။ သိုက်သည် သက်ပြင်းတစ်ချက်ကို လိုက်ရင်းမှ ...

"သြော် ... ကျွန်မဘဝအတွက် ဖေဖေက စိတ်ချလုံခြုံရလိမ့်မယ်လို့ ထင်ခဲ့တဲ့လူက သူထင်သလို မဟုတ်ခဲ့ဘူးပေါ့"

သူဟာ ပါးနပ်သိမြင်လွယ်သော လူတစ်ယောက်မို့ လောက်ပြောလိုက်ရုံမျှဖြင့် သိုက်ရဲ့အိမ်ထောင်ရေး အခြေအနေ နားလည်နိုင်ပေလိမ့်မည်။ သူက ခေါင်းတစ်ချက်ဆတ်ကာ ...

"မင်းအဖေကရော"

"ဖေဖေက လွန်ခဲ့တဲ့ နှစ်,နှစ်လောက်ကပဲ ကားအက်ဆီးဒင့်နဲ့ ဆုံးသွားခဲ့ပါပြီ"

"သြော် ... ဆောရီး။ စိတ်မကောင်းပါဘူး ရတနာသိုက်။ မင်းအဖေ ဆုံးတော့ သူတစ်ယောက်တည်းပဲလား"

"ရှင် ... ရှင် ဘာကိုပြောတာလဲ"

"မဟုတ်ဘူးလေ၊ ကားအက်ဆီးဒင့်နဲ့ဆိုတော့ သူ့ဟာသူ မောင်းရင်းဆုံးတာလား၊ သူများမောင်းတာကိုလိုက်စီးပြီး ..."



burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မဟုတ်ဘူး ကိုတော်ဝင်အောင်။ အဲဒီညက ကျွန်မက အိပ်ပျော်နေပြီ။ ဖေဖေက အိမ်ပြန်နောက်ကျတတ်တယ်လေ။ အဲဒီညက တော်တော်လည်း မိုးချုပ်နေပြီ။ မိုးတွေလည်း အရမ်းရွာနေတာ ...

ဖေဖေက သူ့အလုပ်ကနေ အိမ်ကိုပြန်လာတဲ့လမ်းမှာ ကားမှောက်ပြီး ဆုံးသွားတာပါ"

သိုက်ဟာ ပြောရင်းနဲ့မှ ဖေဖေ့ကို ပြန်သတိရသွားကာ အဲဒီနေ့ကို ပြန်ရောက်သွားသလိုလို ခံစားလိုက်ရသည်။ ဖေဖေ ကားအက်ဆီးဒင့် ဖြစ်တာဟာ ညတစ်နာရီမှာဟု သိရသော်လည်း တစ်အိမ်လုံးက သိုက်ကို မနက်ကျမှ အသိပေးခဲ့ကြတာဖြစ်သည်။ အဲဒီအတွက် သိုက်ဟာ ဒေါသတကြီး ပေါက်ကွဲခဲ့သော်လည်း ယောက်ျားဖြစ်သူ စိုင်းဝဏ္ဏရဲ့ စနက်တွေကြောင့်သာဟု သိရလေသည်။ သူကတော့ ခပ်တည်တည်ပင် ...

"အဲဒီအချိန်ကြီး မင်း သိတော့လည်း စိတ်ဆင်းရဲရုံပဲ ဖြစ်မှာလေ။ သတင်းဆိုး ဆိုတာ နောက်ကျမှ သိရတော့ မကောင်းဘူးလား"





သူ ပြောနေပုံက သေသွားတဲ့သူဟာ သိုက်နှင့် ဘာမှမဆိုင်သလိုပင်။ စိုင်းဝဏ္ဏသည် ဖေဖေ သေပါပြီဆိုသော နေ့ကတည်းက သိုက်အပေါ် ဆက်ဆံပုံတွေ အချိုးပြောင်းလဲခဲ့ခြင်းဖြစ်သည်။ မှတ်မှတ်ရရ ဖေဖေ ဆုံးသွားပါပြီ ဆိုကတည်းက ဒီနေ့အထိ သိုက်ရဲ့ စိတ်ဆင်းရဲမှုတွေကလည်း စတင်ခဲ့တာ ဖြစ်ပါသည်။

"မင်းအဖေလို လုပ်ငန်းရှင်ကြီး တစ်ယောက်က ကားကို ကိုယ်တိုင်မောင်းတာလား"

"ဖေဖေက ကျွန်မနဲ့အတူတူ အပြင်သွားရင် သူပဲ မောင်းတယ်။ သူ့ဇနီးနဲ့သွားရင် ဒရိုင်ဘာမောင်းတယ်။ အလုပ်ကိစ္စနဲ့ဆိုရင် စိုင်းဝဏ္ဏပဲ။ စိုင်းဝဏ္ဏ ဆိုတာ ကျွန်မခင်ပွန်းပါ။ သူ မောင်းတယ်၊ တစ်ခါတလေ ဖေဖေ့တပည့်တွေပေါ့၊ ဖေဖေ မမောင်းတတ်ဘူး ...

အဲဒီနေ့ကတော့ စိုင်းဝဏ္ဏ တခြားအလုပ်ကိစ္စတွေနဲ့ သပ်သပ်သွားနေရတယ်။ ဖေဖေ အက်ဆီးဒင့် ဖြစ်တဲ့အချိန်မှာ သူ အိမ်မှာရှိနေတယ်။ ဖေဖေ ဖြစ်တော့လည်း သူနဲ့ မခက်ပဲ ဆေးရုံကို လိုက်သွားကြတာ"



burmeseclassic.com

www.burmeseclassic.com



"မင်အဖေက ပွဲချင်းပြီး ဆုံးသွားတာလား"

"ဟုတ်တယ်။ စလစ်ဖြစ်ပြီး သစ်ပင်ကို တိုက်မိပြီး ..."

သိုက်က ဆက်မပြောနိုင်တော့ချေ။ ပြန်ပြောလျှ သိုက်ပဲ စိတ်ဆင်းရဲနေခဲ့ရတာ ဖြစ်သောကြောင့် ဒီစကားတွေ သိုက်က တော်တန်ရုံ ပြောမထွက်ခဲ့ချေ။

"ရတနာသိုက် နောက်ကို ချက်ချင်းလှည့်မကြည့်လိုက် နော်။ ခဏကြာမှ တစ်ခုခုတောင်းသလိုနဲ့ မသိမသာကြည် မျက်စောင်းထိုး စားပွဲက လူတစ်ယောက်က ကိုယ်တို့နှ ယောက်ကို အကဲခတ်နေတာ တော်တော်ကြာနေပြီ"

သူက အဲဒီစကားကို စားရင်း သောက်ရင်းမှ ဘာ ဖြစ်သလို ပြောသော်လည်း သိုက်က ဆတ်ခနဲတောင် တုန်သွ ရသည်။ ခဏကြာတော့မှ နောက်သို့လှည့်ကာ ကော်ဖီတစ်ခွ နွားနို့ရောပေးဟုလှမ်းပြောရင်း သူ ပြောပြထားရာနေရာသို့ ကြ လိုက်လျှင် ဦးထုပ်ခပ်ငိုက်ငိုက် ဆောင်းထားသော လူတစ်ယော က အကျရည်သောက်ရင်း တကယ်ပဲ သိုက်တို့ကို အကဲခတ်သ ရှိနေသည်။ သိုက်ရဲ့စိတ်ထဲမှာ တစ်ချက် ရှုပ်ထွေးသွားရသည်





"ဟုတ်လား ရတနာသိုက်"

"ဟုတ်တယ် ကိုတော်ဝင်အောင်။ အဲဒီလူက ဘယ်သူလဲ မသိဘူး။ ကျွန်မ အသိလည်း မဟုတ်ပါဘူး"

"အင်း ... ဒီလူ့ပုံစံက တစ်မျိုးတော့ တစ်မျိုးပဲ။ ဘာပဲ ဖြစ်ဖြစ် မင်းကို တစ်ခုအကြံပေးချင်တာက လူပြတ်တဲ့နေ ရာတွေ ဘာတွေကို တစ်ယောက်တည်း မသွားဖို့ပါ ...

တစ်နေ့ကလို တစ်ယောက်တည်း မူးနေတာမျိုး မှာ မသမာသူတွေနဲ့ တွေ့ရင် မင်း ဒုက္ခရောက်သွားနိုင် တယ်"

"ဟုတ်ပါတယ်၊ အဲဒါကို ကျွန်မလည်း နားလည်မိပါတယ်။ အဲဒီနေ့ကလည်း နေမကောင်း ဖြစ်နေတာကို တော်တော် စိတ်ညစ်စရာ ပေါ်လာလို့ အိမ်မှာမနေချင်တော့တာနဲ့ အပြင်ထွက်လာလိုက်တာ ...

ရှင့်ကို ကျေးဇူးတင်စကားတောင် သေချာမပြောရ သေးဘူး။ အဲဒီအတွက်ရော အစစအရာရာအတွက်ပါ ရှင့် ကို ကျေးဇူးတင်ပါတယ်"



burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး ရတနာ့သိုက်"

သိုက်သည် သူ့အစား မောလွန်းလှသဖြင့် တစ်ချက်ပြုံးရင်းမှ ...

"ကျွန်မကို အများတကာ ခေါ်သလို သိုက်လို့ ခေါ်လည်း ရပါတယ်"

"အေးကွာ ... မင်းနာမည်ခေါ်ရတာ တစ်မျိုးတော့ တစ်မျိုးကြီးပဲ၊ ဟော ... ဟော ... ဟိုလူက သေချာထပ်ကြည့်နေပြန်ပြီ ...

မင်း ဘာနဲ့လာတာလဲ။ ကားနဲ့လား"

"အင်း ... ဟုတ်တယ်"

"ပြန်ရင် သတိဝီရိယနဲ့ ပြန်နော်။ ဩော် ... ဒါနဲ့ ကိုယ်ဟိုတစ်နေ့ကရိုက်တဲ့ ဓာတ်ပုံတွေ ကူးထားပြီးပြီ။ အသည်းယားစရာကောင်းတဲ့ မင်းဓာတ်ပုံလည်း ပါတယ် ...

အဲဒီပုံကို ပုံကြီးချဲ့ကြည့်တာ တော်တော်လှတယ်။ အဲဒါ ကိုယ် ဓာတ်ပုံပြိုင်ပွဲတစ်ခုဝင်ချင်လို့။ မင်း ခွင့်ပြုပါလား"





သူ့စကားကြောင့် သိုက်သည် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်လို့သွားသည်။ သူ ပြောနေပုံက ခွင့်ပြုပါနော်ဆိုတာမျိုးလည်း မဟုတ်။ ခွင့်ပြုပါလား ဆိုတာက သူ့ဆုံးဖြတ်ချက်က တစ်ဝက်ချပြီးတဲ့ပုံ ပေါက်နေသည်။

"ဩော် ... မင်းအနေနဲ့ တခြားပြဿနာဖြစ်မှာ ဘာညာကို စိုးရိမ်စရာ မလိုပါဘူး။ နောက်ကျောဘက်က ရိုက်ထားတာပဲဟာ ...

မပြောရင် မင်းကိုယ်မင်းတောင် သိမှာမဟုတ်တဲ့ပုံမျိုးပါ။ ပုံက အရမ်းကောင်းနေလို့လေ။ သဘာဝလည်း အရမ်းကျတယ်။ မနက်နေရောင်ခြည်က တောင်စောင်းတွေပေါ် ဖြာကျနေတဲ့ပုံ၊ မီးခိုးငွေ့တွေ လွင့်နေပုံတွေက တကယ့် ပန်းချီကားတစ်ချပ်လိုပဲမို့"

"ကဲပါ ... အဲဒီလောက်လည်း ညွှန်းမနေပါနဲ့။ ရှင့်သဘောပါပဲ။ ဘယ်ဓာတ်ပုံပြိုင်ပွဲကို ဝင်ပြိုင်မှာလဲ"

"ဂျပန်ကလုပ်တဲ့ ဓာတ်ပုံပြိုင်ပွဲ တစ်ခုပါ။ အရမ်းကြီးကြီးကျယ်ကျယ်ကြီးတော့ မဟုတ်ပါဘူး။ လျှပ်စစ်ပစ္စည်းကုမ္ပဏီ



burmeseclassic.com

www.burmeseclassic.com



တစ်ခုက လုပ်တာ။ ဆုရတဲ့ပုံတွေနဲ့ ပြက္ခဒိန်ပြန်ထုတ်မှ
ပေါ့။ ပ, ဒု, တ, အပြင် နှစ်သိမ့်ဆု ကိုးပုံတိတိ ရွေး
ချယ်မယ် ဆိုတော့လည်း မျှော်လင့်ချင်တာပေါ့လေ”

“ရှင်က ဒါဆို ဓာတ်ပုံဆရာပေါ့”

“မဟုတ်ပါဘူးကွာ၊ အပျော်တမ်းပါ။ ဝါသနာရှင်အဆင့်
ပေါ့။ ကိုယ့်ကိုယ်ကိုယ်တော့ အဲဒီလိုပဲ ခံယူထားပါ
တယ် ...

အဲဒီဓာတ်ပုံ ပုံကြီးချဲ့ကူးပြီးရင် မင်းကို လက်ဆောင်
ပေးမယ်လေ”

သိုက်က သဘောတကျပြုံးကာ “ယူရတာပေါ့”ဟု
ဆိုလိုက်လေသည်။ အဲဒီနောက်မှာတော့ သူနှင့် သိုက်ဟာ ထွေရာ
လေးပါး ပြောဆိုပြီးနောက် အသီးသီး ပြန်ကြဖို့ ပြင်ဆင်သည်။

နှစ်ဦးသားဟာ အပြင်သို့ အတူတူ ထွက်လာ
လျှင် မျက်စိလျင်သော သူက သိုက်ရဲ့ကားတံခါးလက်ကိုင်နေရာ
မှာ ကပ်ထားသော စာရွက်အဖြူခေါက်လေးကို အရင်ဆုံးမြင်သည်။

“သိုက် ... ဟိုစာရွက်က ဘာလဲ”





သူပြုမဝင်မြင်သော သိုက်ဟာ ခေါင်းကိုခါယမ်း
ကာ “မသိဘူး”ဟု ဖြေရသည်။ အနီးနားရောက်မှ ဖြုတ်ကြည့်
လိုက်လျှင် ကွန်ပျူတာစာစီထားသော အောက်ပါစာသားများကို
မြင်ရလေသည်။

“ရတနာသိုက် ...

အိမ်ထောင်ရှိ မိန်းမတစ်ယောက် အနေနဲ့ အနေ
အထိုင် ဆင်ခြင်ပါ။ လွန်ကဲလာလျှင် ခင်ပွန်းဖြစ်သူအား
အသိပေး တိုင်ကြားရပါလိမ့်မည်။

ဖြောင့်မတ်သူတစ်ဦး”

သိုက်နှင့်အတူ သူကပါ စိတ်ဝင်တစားနှင့် စာကို
... ပါငှဖတ်နေတုန်းမှာပင် ဖျတ်ခနဲ မြည်သံနှင့်အတူ ကင်မရာ
... ရိုက်မှီး ပွင့်သံကိုပါ ကြားလိုက်ရပြီးနောက် သစ်ပင်အကွယ်
... သူတစ်ယောက် ထွက်ပြေးတာကို လှမ်းမြင်လိုက်ရလေသည်။
... ချက်ချင်းပင် အဲဒီလူနောက်သို့ ပြေးလိုက်သွားသေးသည်။

သို့သော် မမီတော့ပါ။ သိုက်သည် စာကိုဖတ်ကာ
... တွေ တဆတ်ဆတ် တုန်လာသည်အထိ ဒေါသထွက်လာရ



burmeseclassic.com

www.burmeseclassic.com



လေသည်။ ဘယ်သူကများ သိုက်ကို ဒီလိုစွပ်စွဲဝံ့သနည်း။ ဒေ
စိတ်ဖြင့် စာကို ချက်ချင်းပင် လုံးခြေပစ်ဖို့ ဟန်ပြင်စဉ်မှာ
သူက ဖျတ်ခနဲ ဆွဲယူသွားကာ ...

"မလုပ်နဲ့ သိုက်။ ဒါဟာ သက်သေအထောက်အထ
တစ်ခုပဲ။ ဒါကို သိမ်းထားရမယ်"

"တောက် ... မိုက်ရိုင်းလိုက်တာ။ ဘယ်လူယုတ်မာက
ဒီလိုမျိုး ရေးကြသလဲ"

သူက သက်ပြင်းတစ်ချက်ချကာ သိုက်ကို
လေးနက်နက် ကြည့်လို့လာသည်။

"သိုက် ... မင်းကို တစ်စုံတစ်ယောက်က အမြဲစောင့်ကြ
နေပြီး အကောက်ကြံဖို့ ကြိုးစားနေပြီနဲ့ တူတယ် ...

ဒါကြောင့် မင်း သတိဝီရိယနဲ့ နေပါလို့ ပြောအ
အခုနက ခုတ်ပုံရိုက်ပြီး ထွက်ပြေးသွားတဲ့လူနဲ့ ဆိ
မှာ ကိုယ်တို့ကို စောင့်ကြည့်နေတဲ့ လူနဲ့က အတူ
သိုက်"

"ဟင် ... ဟုတ်လား"





"ဟုတ်တယ်။ ကိုယ် နောက်က ပြေးလိုက်သွားတော့ သူ
ဝတ်ထားတဲ့အင်္ကျီက ဟိုလူဝတ်ထားတဲ့ အင်္ကျီပဲ ...

သတိဝီရိယနဲ့တော့ နေပေါ့။ မင်းမှာ အားကိုးတိုင်
ပင်ရမယ့်သူမျိုး မရှိဘူးလား သိုက်"

သိုက်သည် သူ့စကားကို ဘာပြန်ပြောရမှန်း မသိ
အောင် ဖြစ်လို့သွားလေသည်။ သိုက်ကို ဇမြှာပြုသဖြင့် သိုက်တွင်
အိမ်ထောင်ရှိကြောင်းလည်း သူ သိပြီးပြီ။ သို့သော် အဲဒီအိမ်ထောင်
ဟာ ကိုယ်ပေါင်းစိတ်ခွာ ဖြစ်နေသော၊ လုံးဝ အတွင်းထဲမှာ
ပျက်စီးလျက်ရှိနေသော၊ နာမည်အရသာ ပေါင်းသင်းမှုရှိတော့
သည့် အိမ်ထောင်ရေး ဆိုတာ လူ့ကို ဗိုက်ကြာ၊ ခုလို ဖွင့်
ပြောပြရပါမည်နည်း။

ကိုယ်နှင့် မတော်မတယ်ဘိ၊ ရှိခဲ့သော လူပျိုလူလွတ်
ယောက်ျားသားတစ်ယောက်ကို ကျွန်မ အိမ်ထောင်ရေးက အဆင်
မပြေပါဘူးဟု ပြောပြရမှာလောက် ရှက်ဖွယ်ကောင်းသောကိစ္စ
ဟု သိုက်က ထင်လေသည်။

သူက သိုက်မျက်နှာ ပြောင်းလဲဖြစ်ပျက်သွားပုံကို
ကာပေါက်သွားဟန်တူကာ ...



burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မေးခွန်းက မင်းအတွက် ဖြေရတာ ခက်ခဲနေရ...
ဆိုရင် တောင်းပန်ပါတယ်။ မိတ်ဆွေကောင်းတစ်ယော...
အနေနဲ့ မင်းကို အကြံပေးရရင် ဘယ်တော့မှ အရှုံးမပေ...
စိတ်မှာတ်မကျနဲ့ ...

စိတ်ကျရင် လူပါကျပြီပဲမှတ်"

သိုက်သည် သူ့စကားကို ကြားရလျှင် ကြက်သီးေ...
ပင် ဖြန်းခနဲ ထသွားလေသည်။ စိတ်ကျရင် လူပါကျပြီဆိုေ...
စကားမှာ ဖေဖေရဲ့လက်သုံးစကားပဲ ဖြစ်သည်။ ဖေဖေသ...
အသက်ခြောက်ဆယ် ပြည့်ခါနီးမှာ ကွယ်လွန်သွားခဲ့ခြင်း ဖြစ်ေ...
လည်း ရောဂါအနာရယ်လို့ ဘာမှ မဖြစ်ခဲ့ဖူးချေ။

ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ကာ စိတ်ပျို့ကို...
ဆိုသည့်အတိုင်း အမြဲဖျတ်လတ် ပေါ့ပါးစွာ နေခဲ့သူ ဖြစ်သ...
ဘုရားရေ ... သူ့ကို သိုက် ရင်းနှီးသလို ခံစားနေခဲ့ရသည်...
လက်စသတ်တော့ သူ့ရဲ့အကျင့်နှင့် ခံယူချက်တို့မှာ ဖေဖေ...
တူနေ၍ပဲ ဖြစ်ပေမည်။

"ကျေး ... ကျေးဇူးပါပဲ ကိုတော်ဝင်အောင်"





"ကျေးဇူးတင်စရာ မလိုပါဘူး။ မင်းမှာ ဘာအခက်အခဲပဲ
ရှိရှိ ကိုယ့်ကို သတိရပါ သိုက်။ ကိုယ့်အိမ်ဖုန်းနံပါတ်လည်း
မှတ်ထားပေါ့။ (... ... ...)တဲ့။ မင်း အကူအညီလိုတိုင်း
ဆက်သွယ်နိုင်ပါတယ် ...

မိတ်ဆွေကောင်း ဆိုတာ တစ်ယောက်နဲ့ တစ်ယောက်
ကူညီရမယ့် ဝတ္တရားရှိပါတယ်။ ဒါကြောင့် မင်းစိတ်ထဲမှာ
ဘာကိုမှ အပြစ်မကင်း မခံစားနဲ့ ...

ကိုယ်တို့က ရိုးသားတဲ့ မိတ်ဆွေတွေပါ"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ။ ဒါဆို ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပြီ ... ကားကို ဂရုစိုက်မောင်းဦး"

သိုက် ပြုံးပြုံးရင်း ကားပေါ်တက်ကာ လက်တစ်မှက်
...ဆင်၍ နှုတ်ဆက်လျက် ကားကို အသာမောင်းထွက်လာခဲ့သည်။
...အဒက်ရှ်ဘုတ်ပေါ်မှာ ပစ်တင်ထားသော စာရွက်ခေါက်လေးကို
...လျှင် ဒေါသထွက်သည့်ကြားမှ ရယ်ပင်ရယ်ချင်ရလေသည်။

ဘာတဲ့ ... အိမ်ထောင်ရှိ မိန်းမတစ်ယောက်အနေနဲ့
...နေအထိုင် ဆင်ခြင်ရမယ် ဆိုပါလား။ ဟား ... သိုက်က ခေါင်း



burmeseclassic.com

www.burmeseclassic.com



မော့ကာပင် ရယ်ပစ်လိုက်ချင်ရေလေသည်။ အဲဒီမိန်းမရဲ့ ယောက်
ကရော သိပ်ကို အိမ်ထောင်ရေး စောင့်ထိန်းရှာသူကြီးကိုး။ သို
သည် ဒီလိုတွေးမိလိုက်လျှင် ဝမ်းနည်းနာကျင်သွားရသည်
စိုင်းဝဏ္ဏကို ချစ်လွန်း၍ မဟုတ်ဘဲ ဆိုးရွားစွာ ဖောက်ပြန်နေသေ
အိမ်ထောင်ရေးတစ်ခုဌ် မှုနေလိုဘဲ ရှင်သန်နေရသော အ
စိတ်ပျက်၍ပဲ ဖြစ်လေသည်။





## ၄

လေးလေးရဲ့ တပည့်ကျော် မောင်ချို ပြန်ရောက်လာပြီမို့ သူတို့ထမင်းဝိုင်းက ပိုမိုစိုပြည်လာသလို သူကလည်း မောင်ချို့ထံမှ အတင်းအစုံအလင်ကို သတင်းရလေသည်။ မောင်ချိုသည် ပါးစပ်က ပြောလည်းပြော၊ လက်ကလည်းလုပ် တကယ့်ကို ဘေးနားကလူ မပျင်းအောင် စွမ်းနိုင်သူဖြစ်သည်။

အခုလည်း သူက ရတနာသိုက်ဟု ဆိုရုံရှိသေး၊ သူသိသမျှ အကုန်ကို ချက်ကျလက်ကျ ပြောသွားတော့တာ ဖြစ်လေသည်။

"ရတနာသိုက် ! အား ... သိတာပေါ့။ သူတို့ ရတနာစံအိမ်က ဒီမြို့မှာ နာမည်ကြီးပဲဟာ။ သူကလည်း ချောတယ်



burmeseclassic.com

www.burmeseclassic.com



လေ။ သူ့အဖေကလည်းချော၊ သူ့မိထွေးကလည်း ဖင်မာဦး လို ပုံစံမျိုးလေ။ ဆံပင်ရှည်ရှည် ကိုယ်လုံးလှလှနဲ့ ...

သူ့ယောကျ်ားကလည်း တကယ့် နိုင်ငံခြားမင်းသား လိုမျိုးပဲ။ ပါးမြိုင်းမွေးတွေ၊ နှုတ်ခမ်းမွေးတွေနဲ့ လူထွားကြီး ရတနာသိုက်အဖေရဲ့ လူယုံပေါ့။ သူ့တပည့်နဲ့ပဲ ပြန်ပေ စားထားတာ ...

ဒါပေမဲ့ အဘိုးကြီး ဆုံးသွားပြီးတဲ့နောက်ပိုင်း အဲ လူက နည်းနည်းအနံ့ထွက်ချင်လာတယ်ဗျ"

"ဘာလဲ ... ချွေးနံ့လား"

"ဟာ ... ကိုတော်ဝင်ကလည်း။ အဲဒီလို မနောက်နဲ့ဗျာ"

"ဟား ဟား ... အေးပါကွာ၊ မနောက်ပါဘူး၊ ဆက်ပြော ဆက်ပြော ... အင်း"

"ဘာတွေ ဆက်ပြောရမှာလဲတော့။ အခုမှ ဘုန်းကြီးရှုး လေလှူးနဲ့ အံကိုက်ဖြစ်နေပြီနဲ့ တူတယ်"

လေးလေးက မီးဖိုခန်းထဲ ဝင်လာကာ တစ်စွန်းတစ်စ ကြားရင်း ဝင်ပြောလိုက်လျှင် မောင်ချိုက သူ့ကို မျက်စပစ်ပြ လေသည်။ မောင်ချိုသည် မနက် မနက် စျေးသွားတာ ကြားရတဲ့





သတင်းပလင်း အစုံအလင်ကို လေးလေးအား ပြန်ပြောချင်သော် လည်း လေးလေးမှာ နားထောင်ပေးဖို့ အချိန်က မရပေ။

အခုတော့ ပြောချင်သူနှင့် နားထောင်ချင်သူတို့ အဆင်တွေပြေ၍ နေလေသည်။

"ပြောပါစေ လေးလေးရာ၊ နို့မို့ဆို ဒီကောင်လေးတွေ စုထားရတာ ပေါက်ထွက်သွားနိုင်တယ် ..."

အဟား ... ကဲ ... ဆက်ပြောလေ၊ ရတနာသိုက်ရဲ့ ယောကျ်ားက ဘာအနံ့ ထွက်တာလဲ"

လေးလေးကပါ သူ့စကားကို မျက်ခုံးအပင့်သားဖြင့် ဝင်ရောက် နားထောင်လေသည်။

"ဩော် ... ရုပ်ကလည်းဖြောင့်၊ ဗိုက်ဆံကလည်း ချမ်းသာ ဆိုတော့ ပွေတာ ရှုပ်တာပေါ့ဗျာ"

"ရတနာသိုက်ကလည်း ဒီလောက် ချောနေတဲ့ဥစ္စာပဲ။ ဒါကို သူ့ယောကျ်ားက ပွေနိုင်သလား"

"အဲဒါတော့ မပြောတတ်ဘူး။ အဲဒီလို သတင်းကြားရတာပဲ။ အခုဆို ပိုတောင်ဆိုးနေသေးတယ်။ ရတနာသိုက်ကလည်း ကျွာရှင်းခွင့်ကို တစ်ချိန်လုံး တောင်းနေတယ်လို့ ကြားတာပဲ ...



burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဟိုလူက လုံးဝကွာမပေးဘူးတဲ့။ သူတို့က တစ်အိမ်တည်းမှာသာနေတာ၊ မပေါင်းတာလည်း ကြာပြီလို့ ပြောတယ်။ အဲဒီ ရတနာသိုက်ဟာ သူ့ယောက်ျားနဲ့ ရန်ဖြစ်တိုင်း အမြဲငိုနေရတာချည်းပဲတဲ့"

သူ့မျက်လုံးထဲတွင် သူမရဲ့ပုံရိပ်တွေက အနေးပြကွက်တွေ နောက်ပြန်ဆွဲသလို တရိပ်ရိပ် ပြန်၍ပေါ်လာလေသည်။ သနားစဖွယ်ကောင်းသော သူမဟာ ဒီဝဋ်ကြွေးတွေကို ဘယ်အချိန်ထိများ ပေးဆပ်နေရဦးမှာပါလိမ့်။

သူဟာ တကယ့်ကိုပဲ လိပ်ပြာသန့်စွာဖြင့် သူမကို ညီမအရင်းတစ်ယောက်နှယ် သနားကြင်နာမိပါသည်။

"သူတို့ကြည့်ရတာ အိမ်တွင်းရေး အရှုပ်အထွေးလည်း ရှိမယ်နဲ့တူတယ်"

ဒီစကားကို ဝင်ပြောသူက လေးလေး ဖြစ်သည်။ မောင်ချိုကတော့ ဆရာ့ထံမှ ထောက်ခံချက်စကားတစ်ခွန်း ရတာကြောင့် ဆက်ပြောဖို့ အတော်ကြီး အားတက်သွားကာ ...

"ဟုတ်တယ် ဆရာ။ အဓိက,က အမွေပြဿနာပဲ။ ဦးမြသိုက်က မသေခင်တည်းက ရွှေနေကြီးနဲ့ အမွေတွေကို





သေချာခွဲပေးပြီးသားလို့ ကြားတယ်၊ သူ့ဇနီး မြခက်ခက်ကိုလည်း သပ်သပ်ပေးပြီးသား။ သူ့သမီးကိုတော့ လုပ်ငန်းတော်တော်များများနဲ့ အတွင်းပစ္စည်းအားလုံး ပေးခဲ့ပြီးသားဆိုပဲ"

"ဪ ... ဪ ... အဘိုးကြီးက အကွက်စိသားပဲ"

"အင်း ... သူ အခုလို အကွက်စိခဲ့တာလည်း သူ့သမီးအတွက် ဒုက္ခခံဖို့ ဖြစ်နေသလိုပေါ့"

"မောင်ချို ... မင်းက ဒီအကြောင်းတွေ ဘယ်လိုများ သိနေရတာတုန်း၊ အမွေကိစ္စတွေ အထိပါ"

"ဪ ... ဆရာကလည်း၊ အဲဒီအိမ်ကခိုင်းတဲ့ မိန်းကလေးတွေက သူတို့ရန်ဖြစ်တော့ ဒီကိစ္စတွေ ကြားနေ သိနေရတာပေါ့။ သူတို့က ဈေးဝယ်တော့ ဈေးထဲက ဈေးသည်တွေကို ပြန်ပြောပြ။ ကျွန်တော်ကလည်း ဈေးသွားနေတော့ ဈေးထဲကနေ ကြားခဲ့တာပေါ့"

"အင်း ... ကောင်းပါလေ့ကွာ။ ဒါနဲ့ တော်ဝင်၊ မင်းကရော အဲဒီမိန်းကလေးနဲ့ ဘယ်လောက်များ ရင်းနှီးနေပြီတုန်း ...

ဖြစ်နိုင်ရင်တော့ ကင်းကင်းနေစေချင်တယ်ကွာ"



burmeseclassic.com

www.burmeseclassic.com



"ဟား ... လေးလေး ပြောပုံကြီးကလည်း ...။ ကျွန်တော်အဲဒီလို အကျင့်ပျက်တဲ့ လူစားမျိုး မဟုတ်ပါဘူး လေးလေးရ ...

ပွဲလန့်တုန်း ဖျာခင်းတတ်တဲ့ကောင်မျိုးလည်း မဟုတ်ပါဘူး"

"အေးပါ ... မင်းမှာ အဲဒီလိုစိတ် မရှိဘူး ဆိုတာလည်း ယုံပါတယ်။ ဒါပေမဲ့ သူ့အခြေအနေက သာမန်အခြေအနေမှ မဟုတ်တာ။ သိပ်ကို ကြွယ်ဝနေတဲ့ အနေအထားမှာမှ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နေတဲ့သူ ...

ဒီတော့ ပတ်ဝန်းကျင်က ကောင်းတာထက် မကောင်းတာကိုပဲ ပိုပြောကြမှာလေ"

သူက မနေ့ကတင် လောလောလတ်လတ် ရထားသော ပစ်စာအကြောင်းကို ဖျတ်ခနဲ သတိသွားရလေသည်။

ဩော် ... သနားစရာ ကောင်းလိုက်တဲ့ ရတ်နာသိုက်။ ဒီအတိုင်းဆို သူမရဲ့ အခြေအနေက သိပ်မလွယ်တော့ဘူးဆိုတာ သူ ရိပ်စားမိလေသည်။

သူဟာ ပထမဆုံးအကြိမ်အဖြစ် သူမရဲ့ ခင်ပွန်းဖြစ်သူ စိုင်းဝဏ္ဏ ဆိုတာကို တွေ့ချင် မြင်ဖူးချင်လာခဲ့သည်။ ပြီးတော့





သူမ ကျင်လည်နေထိုင်ရာ ပတ်ဝန်းကျင်မှာ ဘယ်လိုလူမျိုးတွေ ဆက်ဆံနေထိုင်ရသလဲ ဆိုတာပါ စိတ်ဝင်စားလို့ လာလေသည်။

ကိစ္စတစ်ခုကို စိတ်ဝင်စားမိသွားလျှင် ဘယ်တော့မှ ာက်မဆုတ်တတ်သူပီပီ သူက သိုက်ရဲ့ ပုံကြီးချဲ့ထားသော တ်ပုံကြီးကိုယူကာ တစ်နေ့သော ညနေမှာတော့ လေးလေးရဲ့ ာ်ကားနှင့် ရတနာစံအိမ်သို့ ထွက်လာခဲ့တော့တာဖြစ်သည်။

မြို့အစွန်ဘက်ကျကျ တောင်ကုန်းတစ်ခုပေါ်မှာ တည် ဆောက်ထားသော ရတနာစံအိမ်သည် နာမည်နှင့်လိုက်အောင်ကို ်းနားကြီးကျယ်လွန်းတာ ဖြစ်သည်။ ကုန်းမို့မို့ပေါ်တွင်ရှိရာ အိမ်သို့တက်သွားရာ ကားလမ်းတစ်လျှောက်ကို တမင်ကွေ့ပတ် ာက်ထားတာကအစ ကဗျာဆန်လို့နေသည်။

စီတန်းနေသော ချယ်ရီပင်တွေသည် စနစ်တကျပုံ ာ်ထားသဖြင့် တညီတညာတည်း တစ်ပုံစံတည်း လှပစွာ ပွင့် ကြသည်။ သူက ကြီးမားကြံ့ခိုင်သော ခြံဝင်းတံခါးကြီးမှပဲ ဘွင်းသို့ လှမ်းမျှော် အကဲခတ်နေတာဖြစ်သည်။ အထဲကိုဝင်ဖို့ ခမ်းရသေး။ အဲဒီအချိန်မှာပဲ လူတစ်ယောက်က ရောက်လာကာ ကို အကဲခတ်လျက် ...



burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲ"

"ဒီအိမ်က ရတနာသိုက်နဲ့ တွေ့ချင်လို့ပါ"

ထိုလူက သူ့ကို ပို၍အကဲခတ်လာသည်။ အရပ်ခ မြင့်မြင့်တွင် ပြာလဲ့စိုနေသော ဂျင်းဘောင်းဘီနှင့် ချောကလက် ရောင်ဆွယ်တာ ဝတ်ထားကာ လည်ပင်း၌ အဖြူရောင်မာဖလာ တစ်ထည်ကို စတိုင်လ်ကျကျ ပတ်ထားသေးသော သူ့ပုံစံ ရတနာသိုက်နှင့် ဘာများပတ်သက်ပါသလဲဟု အပြင်းအထ စဉ်းစားနေပုံရသည်။

သူက ခြေဆုံး ခေါင်းဆုံး အကဲခတ်နေတာ စိတ်မရှည်တော့သဖြင့် ...

"ဘယ်လိုလဲ ... ဝင်ခွင့်မရှိဘူးလား"

ထိုလူက သူ့ပုံစံကို သိပ်တော့လည်း မပြောရဲပုံဖြ ခြံတံခါးကို ဖွင့်ပေးလိုက်လေသည်။ သူက ပခုံးတစ်ချက်တွန့်က ကားပေါ်တက်လျက် ခြံထဲသို့ မောင်းဝင်လာခဲ့လိုက်သည်။ တော မြင့်မြင့်တွေကို လှမ်းမြင်နေရသော နောက်ခံပန်းချီကားတစ်ခ လို ရှုခင်းနှင့် အဖြူရောင် ရတနာစံအိမ်သည် သူ့စိတ်ကို အကြ အကျယ်ပဲ ဖမ်းစားလို့နေသည်။





လမ်းဘေးတစ်ဖက်တစ်ချက်မှာ စိုက်ထူထားသော တိုင်များနှင့် ရေပန်းအလှဆင်ထားသော ရေကန်ငယ်တစ်ခု၊ ခံတကျ စိုက်ပျိုးထားသော ပန်းပွင့်ရောင်စုံတို့ဖြင့် ရှုချင်စဖွယ် ဥယျာဉ်ရဲ့ စံအိမ်ရှင်သခင်မလေးဟာ ရွှေဘုံပေါ်မှာ စံနေရတာ င် စိတ်ဆင်းရဲကြီးစွာများကို ခံစားနေရသတဲ့။

'မင်း စိတ်မထားတတ်သေးလို့ပါ' သိုက်ရယ်။

သူက ပေါ်တီကိုအောက်သို့ ကားထိုးရပ်လိုက်စဉ်မှာ အိမ်ထဲမှ ဒေါသတကြီး ထွက်လာသော လူတစ်ယောက်နှင့် ၍ဆုံသည်။ သူဟာ ဘယ်သူကမှ မိတ်ဆက်မပေးပါဘဲနှင့် ဟာ သိုက်ရဲ့ခင်ပွန်း စိုင်းဝဏ္ဏ ဆိုတာ ချက်ချင်းပဲ သိလေ ည်။ စိုင်းဝဏ္ဏ ဆိုသူသည် သူ့ထက် ငါးနှစ်လောက်တော့ ကြီး ပုံပေါ်ကာ ကြားဖူးထားသလို ထွားထွားကျိုင်းကျိုင်းနှင့် သန့်မာမာပဲ ဖြစ်သည်။ မျက်နှာတွင် နူးညံ့မှုနှင့် စိတ်သဘော ကောင်းမှုတို့က တစ်စက်လေးမှ ရှိမနေချေ။

လောင်းကုတ်အင်္ကျီတစ်ထည်ကို ခပ်ဖားဖား ဝတ် ထားသော ဒီလူ့ပုံစံဟာ မဆိုးတစ်ယောက်နှင့်ပဲ ပို၍တူနေ



burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယော
စက္ကန့်အတော်ကြာမျှ အကဲခတ်မိကြပြီးလျှင် ထိုလူကပဲ စ
ကာ ...

"မင်းက ဘယ်သူလဲ။ ဘာကိစ္စလဲ"

မေးပုံက ခပ်ရင့်ရင့်ပဲမို့ သူကလည်း နယူတန်
နိယာမအတိုင်းပဲ ကျင့်သုံးလိုက်သည်။

"ကျုပ်နာမည်က တော်ဝင်အောင်။ ကိစ္စက ရတနာသို
တွေ့ချင်လို့ လာတာ"

သူ့ရဲ့အဖြေစကားကြောင့် အဲဒီလူရဲ့ မျက်နှ
ပို၍ ခက်ထန်သွားကာ မျက်မှောင်လည်း တစ်ချက်ကြုတ်
သွားသည်။

"မင်းက ဘာကိစ္စ သူနဲ့ တွေ့ချင်ရတာလဲ"

"ကျုပ်က သူ့မိတ်ဆွေပါ"

"မိတ်ဆွေ !"

ထိုလူက အဲဒီစကားကို ရေရွတ်နေတုန်းမှာပဲ
က ထပ်ပွင့်လာကာ ဆံပင်ရှည်ရှည်နှင့် ယဉ်စစရှိသော မိန်းမ





က်က ထွက်၍လာသည်။ အနည်းငယ် ဖော်ရွေသော မျက်နှ
င် ...

"သိုက်ရဲ့မိတ်ဆွေနဲ့ တူတယ်။ အိမ်ထဲကို ကြွပါရှင်"

သူက ခေါင်းတစ်ချက် ညိတ်ပြရင်း ကားပေါ်မှ
ပုံကိုယူကာ အိမ်ထဲသို့ ဝင်မည့်ဆဲဆဲမှာပင် ဟိုလူ့ထံမှ
မနပ် ရေရွတ်သံတစ်ခုကို ကြားလိုက်ရသေးသည်။

"တောက် ... ဒီဟာမကတော့ ရှုပ်ရှုပ်ယှက်ယှက်တွေ
လုပ်ထားပြန်ပြီ"

သူက လှည့်ကြည့်လိုက်လျှင် ထိုသူက ဂရုမစိုက်
ဖြင့် ကားပေါ်တက်ကာ မောင်းထွက်သွားပြီဖြစ်သည်။ ထို
ကတော့ အားတုံ့အားနာဟန်ဖြင့် သူ့ကို ပြုံးပြကာ အိမ်ထဲ
တ်ခေါ်လာသည်။ အပြင်ကနှင့် မတူဘဲ နွေးထွေးနေသော
ထဲတွင် သိုက် ရှိမနေပါ။

ထိုမိန်းမက ဆိုဖာများကို ညွှန်ပြရင်းမှ ...

"ထိုင်ပါဦး။ ကျွန်မ သိုက်ကို သွားခေါ်လာပေးပါမယ်။
ဒါထက် ... ဒီက ..."



burmeseclassic.com

www.burmeseclassic.com



"တော်ဝင်အောင်လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ … ခဏစောင့်ပေးပါ"

သူမက သူ့အနားမှ ပျောက်ကွယ်သွားသည်။
သည် ထိုင်နေရင်းမှနေ၍ ဧည့်ခန်းတစ်ဝိုက်ကို အကဲခတ်မိသ
ဧည့်ခန်းတစ်ခုလုံးဟာ ဖိတ်ဖိတ်တောက် သားနားလွန်းနေတ
တော့ အထူးပြောပြစရာ မလိုပါ။

သို့သော် ဘာအရိပ်တွေမှန်း မသိ လွှမ်းမိုးနေ
တစ်မျိုးသော အေးစက်ချောက်ချားစရာတွေ ရှိနေသည်။ အိ
ဝင်လိုက်တာနှင့် ပျော်ရွှင်ပြည့်စုံမှုဆိုကာ ရှားပါးမှန်း သိသ
သော စိတ်ခံစားမှုတစ်မျိုးပဲ ဖြစ်ပါသည်၊

သူက ခြေသံကြား၍ လှည့်ကြည့်လိုက်လျှင် အခု
မိန်းမပဲ ဖြစ်နေပြန်သည်။

"သိုက်က သိပ်နေမကောင်းလို့ အိပ်နေပါတယ်။ အ
တကြီးကိစ္စများ ရှိလို့လားရှင်"

"ဩော် … မရှိပါဘူး။ ကျွန်တော်က သူ့မိတ်ဆွေပ
ပစ္စည်းလေး သူ့ကို ပေးချင်လို့ပါ။ အဲဒါလေးပဲ ပေး‌ပေ





သူက စက္ကူတစ်ထပ်၊ ကြွပ်ကြွပ်အိတ်ကို တစ်ထပ်ဖြင့်
ချထုပ်ပိုးထားသော ဓာတ်ပုံမှန်ဘောင်ကို ထိုမိန်းမလက်ထဲ
လွှဲပြောင်းပေးလိုက်သည်။

"ဟုတ်ကဲ့ … အခုလို အိမ်တိုင်ရာရောက် လာပေးတာ
ကျေးဇူးတင်ပါတယ်။ ဘယ်လိုမှတော့ စိတ်မရှိပါနဲ့ …
သိုက်က နေမကောင်း ဖြစ်နေရာလို့ပါ"

"ကိစ္စမရှိပါဘူး။ ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး"

ထိုမိန်းမက ပြုံးကာ ခေါင်းညိတ်ပြသည်။ သူက
ထဲမှ ပြန်ထွက်လာပြီးနောက် ကားပေါ်မတက်ခင်မှာ ရဲတိုက်
ယ် ခမ်းနားသော အိမ်ကြီးကို တစ်ချက် မော့ကြည့်လိုက်ကာ
ကြီးရဲ့ တစ်နေရာမှာ စိတ်ဆင်းရဲကြီးစွာ ငိုကြွေးနေရှာမည့်
ကို စိတ်ထဲမှ မှန်းဆကာ နှုတ်ဆက်လိုက်သည်။

ဘာကြောင့်မှန်းတော့ မသိချေ။ သူသည် ကိုယ်နှင့်
မဆိုင်မှန်း သိသိကြီးနှင့် သိုက်ကို ဘာကြောင့် သနားကရုဏာ
နေရသလဲတော့ မပြောတတ်ပါ။ သူ့အမြင်တွင်တော့ သိုက်
ဆူးတွေဝိုင်းရံကာထားသော နှင်းဆီပွင့်လေးတစ်ပွင့်နှင့် တူ



burmeseclassic.com

www.burmeseclassic.com



ရှာပါသည်။ နှင်းဆီတောင်မှ အားငယ်ဖျော့တော့စွာ ရှင်သန်
ရတဲ့ နှင်းဆီပွင့်လေး။

သူမကို ရဲရဲတောက်ပ သတ္တိတွေ ရှိစေချင်သည





သိုက်သည် စိုင်းဝဏ္ဏနှင့် ရန်အကြီးအကျယ် ဖြစ်ပြီး
ည့်နောက်တွင် နှလုံးခုန်နှုန်း မမှန်တော့မှန်း ကိုယ့်ကိုယ်ကိုယ်
ပြီးနောက် ဆရာဝန်ကို ဖုန်းဆက်ခေါ်ရသည်။ ဆရာဝန်ရောက်
ပြီး ဆေးထိုးပေးပြီးသွားလျှင် ခဏကြာ၌ အိပ်ပျော်လို့သွား
သည်မှာ ညရှစ်နာရီလောက်မှပင် ပြန်နိုးတော့လေသည်။

ဗိုက်ထဲက ဆာသလိုရှိလာ၍ ဘဲလ်တီးကာ ခေါ်လိုက်
င် ကောင်မလေးတစ်ယောက်နှင့်အတူ မခက်ပါ ရောက်လို့လာ
သည်။ မခက်သည် သိုက်ရဲ့နဖူးကို ကြင်နာစွာဖြင့် စမ်းကြည့်ရင်း

"နေကောင်းသွားပြီလား၊ သက်သာလား သိုက်"

သိုက်က ခေါင်းတစ်ချက်ပဲ ညိတ်ပြကာ ကောင်မ
းကို လှမ်းပြောလိုက်သည်။



burmeseclassic.com

www.burmeseclassic.com



"ဟောလှစ်ခပ်နွေးနွေးတစ်ခွက် ဖျော်ခဲ့"

"ကြက်သားစွပ် လုပ်ထားတယ် သိုက်ရဲ့။ အဲဒါလေး သောက်လိုက်ပါလား"

"တော်ပြီ ... မခက်၊ သိုက် ဟောလစ်ပဲ သောက်ချင်တယ်"

ကျောင်းမလေးက ခေါင်းညိတ်ကာ အခန်းထဲမှ ပြန်ထွက်သွားသည်။ ခက်သည် သိုက်ရဲ့နံဘေး ခုံပုလေးတွင် ဝင်ထိုင်လိုက်ပြီးနောက် ...

"သိုက်ဆီကို ညနေက ဧည့်သည်တစ်ယောက် လာတယ်"

"ဟုတ်လား"

သိုက် စိတ်ထဲတွင် ကိုတော်ဝင်းကို ဖျတ်ခနဲ သတိရသွားသည်။ သို့သော် အိမ်အထိတော့ ရောက်မလာနိုင်ပါဘူးဟု တွေးဖြစ်သွားသည်။

"တော်ဝင်းအောင် တဲ့။ သိုက်ရဲ့မိတ်ဆွေလို့ ပြောတာ"

သိုက်က မျက်ခုံးတစ်ချက် ပင့်သွားသည်။ မခက်က သိုက်မျက်နှာကိုကြည့်ကာ စကားဆက်ပြောလေသည်။





"သိုက်ကို လာကြည့်တော့ အိပ်ပျော်နေတာနဲ့ မနှိုးတော့တာ။ သူက သိုက်ကို ပစ္စည်းတစ်ခုတောင် ပေးသွားသေးတယ် ...

သိုက်ရဲ့ စာကြည့်စားပွဲပေါ်မှာ တင်ထားတယ်နော်"

"အင်း"

မခက်က စကားစကို ဖြတ်ချင်ပုံ မရသေးချေ။ ခပ်အေးအေး သိုက်ရဲ့ပုံစံကိုကြည့်ကာ ထပ်၍ စကားဆက်ပြန်သည်။

"သူက အဝင်၊ စိုင်းဝဏ္ဏက အထွက်လေ။ စိုင်းဝဏ္ဏကတော့ သိတယ်မှုလား။ ထုံးစံအတိုင်း မေးမြန်းစစ်ကြောနေသေးတယ်"

သိုက်သည် စိုင်းဝဏ္ဏ အသံကြားတာနှင့် ချက်ချင်းပဲ အသက်ရှူနှုန်းတွေ မြန်လာကာ အံကိုတင်းတင်းကြိတ်လိုက်ပါသက အလုံးအရင်းနှင့် ပြန်ထွက်လာရသည်။ အဲဒီအချိန်မှာ ဟောလစ်ရောက်လာသဖြင့် မခက်က သိုက်ကို ပွေ့ထူကာ ထိုင်လျက်သားမှ ဟောဟာစ်သောက်စေသည်။

မခက်က သိုက်ရဲ့ဆံစလေးများကို ညင်သာစွာ သပ်တင်ပေးရင်းမှ ...



burmeseclassic.com

www.burmeseclassic.com



"မ,အကြံပေးချင်တာက ဒီမှာပဲ နေ,နေရတာ သိုက်အတွက် မွန်းကျပ်မှု ဖြစ်စေတာပေါ့။ ပင်လယ်ကမ်းခြေလို နေရာမျိုး ဖြစ်ဖြစ်၊ ပုဂံလိုနေရာမျိုးဖြစ်ဖြစ် အပန်းဖြေခရီး ထွက်ပါလား သိုက်ရဲ့ ...

သိုက်ရဲ့ ကျန်းမာရေးအတွက်ဆို ပင်လယ်ဘက်က ပိုကောင်းတာပေါ့"

မခက် ပြောမှပင် သိုက်ရဲ့ခေါင်းထဲ၌ အကြံတစ်ခု လင်းလက်သွားသည်။ သိုက် ဘာဖြစ်လို့ အဲဒီစိတ်ကူးမျိုးကို မစဉ်းစားမိရတာပါလိမ့်။

သိုက်အဖို့တော့ စိုင်းဝဏ္ဏရဲ့ မျက်နှာကို တစ်နေ့ မမြင်ရလျှင် တစ်နေ့ပို၍ အသက်ရှည်ရမည်သာ ဖြစ်လေသည်။

ဖြစ်နိုင်လျှင် သိုက်သည်လည်း မွန်းကျပ်မှုတွေရှိရာ ဒီနေရာမှ တစ်နေရာသို့ လွတ်လပ်ပေါ့ပါးစွာ ပျံသန်းသွားချင်လှလေသည်။ ဒါဆိုရင် သိုက်ရဲ့စိတ်တို့ အထိုက်အလျောက်တော့ ငြိမ်းအေးမှု ရရှိနိုင်မှာပဲ။

"ဟုတ်တယ် ... သိုက်လည်း ဒီမှာမနေချင်ဘူး"





သိုက်သည် ပထမဆုံးအကြိမ်အဖြစ် မခက်ကို သိုက်ရဲ့ဆန္ဒတချို့အား ထုတ်ဖော်ပြောမိသွားသည်။ သိုက်နှင့် မခက်သည် ဖေဖေရှိစဉ်တည်းက ဘာသိဘာသာ နေကြသူများဖြစ်လေရာ သာမန်စကားမှလွဲ၍ သူ့ခံစားချက် ကိုယ့်ခံစားချက်တို့ကို ထုတ်ပြောခဲလှသည်။

ဖေဖေ ဆုံးသွားပြီးတော့ ဒီရတနာစံအိမ်ဟာ သိုက်တစ်ဦးတည်းပိုင်ဖြစ်ကြောင်း သိရပြီးတဲ့ နောက်ပိုင်းမှာလည်း မခက်က ဒီမှာပဲ ဆက်နေပါရစေဟု ခွင့်တောင်းခဲ့သဖြင့် သိုက်ကလည်း မငြင်းပယ်ခဲ့ချေ။ ကိုယ်တစ်ယောက်တည်းနဲ့စာလျှင် အဖော်သဟဲ ရှိတာပေါ့ ဟူသော အတွေးနှင့် မခက်နေတာကို ဘာမှမကန့်ကွက်ခဲ့ပါ။

ဖေဖေက မခက် အတွက်လည်း တခြားရပ်ကွက်တစ်ခုမှာ ခြံနဲ့တိုက်တစ်လုံး သပ်သပ်စီစဉ်ပေးခဲ့ပြီးသားဖြစ်သည်။ ဖေဖေသည် ရှေ့ရေးကို အမြော်အမြင်ကြီးစွာဖြင့် အားလုံးကို ခနစ်တကျ စီမံခန့်ခွဲသွားခဲ့တာ ဖြစ်သည်။ စိုင်းဝဏ္ဏ နာမည်နှင့် သီးသန့်လွှဲခဲ့တာ မရှိသော်ငြားလည်း လုပ်ငန်းတော်တော်များများ



burmeseclassic.com

www.burmeseclassic.com



ကို သူပဲ ဆက်ဦးစီး လုပ်ကိုင်နေရသည်မို့ သူ့အတွက် ငွေဆိုတာ စိတ်ထင်တိုင်း သုံးနိုင်သည့် အခွင့်အရေးကို အပြည့်အဝရကာ ထားသည်။

ဒါကို လောဘမသတ်နိုင်သော အနှီယောကျ်ားသားသည် အချိန်ရှိသရွေ့ သွားလေသူ ဖေဖေ့ကို မကောင်းပြော၊ သိုက်ကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် နေ့ရှိသရွေ့ နှိပ်စက်နေတော့တာဖြစ်သည်။ တစ်ချိန်က သိုက်ကို မော်တောင်မကြည့်ဝံ့ခဲ့သည့် စိုင်းဝဏ္ဏသည် အခုတော့ စိတ်မထင်ရင် မထင်သလို ပစ္စည်းတွေ ပစ်ပေါက်ခွဲကာ တစ်အိမ်လုံးကို သူ့အိမ်သူ့ရာနှယ် အာဏာပြ သောင်းကျန်းလျက် ရှိလေသည်။

"စိတ်ပြေလက်ပျောက်ပေါ့ သိုက်ရယ်။ ခရီးထွက်တာဟာလည်း လူတစ်ယောက်စိတ်ကို အများကြီး အသစ်ဖြစ် ပြောင်းလဲစေတာပဲလေ ...

မ,သာ သိုက်နေရာမှာဆို မြန်မာပြည်အနှံ့ ခရီးတွေ ထွက်ပစ်မှာ အမှန်ပဲ။ တစ်နေ့ တစ်နေ့ ဒီအိမ်ထဲမှာပဲ စိတ်ဆင်းရဲ ခံနေရတာ ဘာလုပ်မှာလဲ ...





အစ်ကိုကြီးလည်း ဒီလိုပဲ၊ တစ်နေ့ တစ်နေ့ စီးပွားတွေသာ ကျုံးရှာနေခဲ့တာ တကယ်တမ်း ဘဝရဲ့စည်းစိမ်ကို ဘာမှ ခံစားသွားခဲ့ရတာ မဟုတ်ဘူး"

ဖေဖေရဲ့အကြောင်းကို ကြားလျှင် သိုက် ရင်ထဲ၌ ဝမ်းနည်းနာကျင်စိတ်က လိုက်ခနဲ မြင့်တက်လာသည်။ အမြဲတမ်း ထက်ထက်မြက်မြက်ရှိကာ ပျော်ပျော်နေတတ်သော၊ သူတစ်ပါးကို သနားကြင်နာတတ်သော ဖေဖေ့ပုံကို မျက်လုံးထဲမှာ ပြန်မြင်ယောင်လာလျှင် ဆုံးရှုံးသွားရတယ်ဆိုသော အသိကို ဘယ်လိုမှ လက်မခံနိုင်ချေ။

"တကယ်တော့ အစ်ကိုကြီးဟာ မ,ရဲ့ကျေးဇူးရှင်ဆိုလည်း ဟုတ်ပါတယ်။ မိဘမရှိ ဘမရှိ တစ်ကောင်ကြွက် ဘဝကနေ အစ်ကိုကြီး ကယ်တင်ခဲ့လို့ ဒီလိုဘဝမျိုးမှာ နေခွင့်ရခဲ့တာပါ ...

မ, အစ်ကိုကြီးကို လက်ထပ်ခဲ့တာလည်း အရိပ်အာဝါသတစ်ခုအနေနဲ့ အားကိုးမှီခိုချင်တာ တစ်ခုတည်းနဲ့ပါ။ ဒါကြောင့် မ,ကိုတော့ သိုက်ရဲ့စိတ်ထဲမှာ သံသယရှင်းရှင်း ထားစေချင်တယ်ကွယ်"



burmeseclassic.com

www.burmeseclassic.com



"သိုက် မခက်ကို နားလည်ပါတယ်၊ သိုက်နဲ့ မခက်ကြား မှာ ဘာပြဿနာမှ မရှိပါဘူး"

မခက်ဟာ အရင်တုန်းကတော့ ဖေဖေ့ရဲ့ အရက်ချက်စက်ရုံတစ်ရုံမှ စာရေးမတစ်ယောက်သာ ဖြစ်သည်။ မိဘဆွေမျိုးတွေ မရှိရှာတော့ဘဲ ရုပ်ရည်လှပသော မခက် အနားမှာ တကယ့်မေတ္တာစစ်နှင့် မဟုတ်ဘဲ ကျော့ရှုံ့ကြံချင်သော သူတွေကသာ များနေခဲ့တာမို့ ဖေဖေရဲ့မေတ္တာသက်ဝင် ကမ်းလှမ်းမှုကို မခက်က ဝမ်းပန်းတသာပဲ ခေါင်းညိတ်ခဲ့တာ ဖြစ်သည်။

"သိုက် ကျန်းမာအောင် နေနော်။ သိုက် ကောင်းကောင်း နေကောင်းရင် မ,တို့ ခရီးထွက်ကြတာပေါ့"

"အင်း ... သွားကြမယ်"

သိုက်ရဲ့အဖြေစကားကို ကြားလျှင် မခက်က ဝမ်းသာသွားသော မျက်နှာဖြင့် သိုက်ရဲ့လက်တွေကို ဆွဲယူဖျစ်ညှစ်လာသည်။ သိုက်ကလည်း မခက်ကို ကြည်နူးစွာ ပြုံးပြလိုက်သည်။ ဘာပဲဖြစ်ဖြစ် အနားမှာ တိုင်ပင်ဖော်ရသည့် မိန်းမသားတစ်ယောက် ရှိတာဟာ သိုက်အတွက်တော့ ဖြေသာစရာတစ်ခုပါပဲဟု မှတ်ယူရပေလေသည်။





လောကကြီးဟာ သိုက် ထင်သလို အဆိုးချည်းပဲတော့ မဟုတ်ချေ။ အခုဆိုရင် မခက်ကလည်း သိုက် မထင်ထားသော ဂရုစိုက်မှု ဖေးမမှုတို့ကို ပေးလာခဲ့သလို တော်ဝင်အောင်ဆိုသော လူတစ်ယောက်ကလည်း သိုက်အတွက်တော့ စိတ်ဓာတ်တွေ မြှင့်တင်ပေးသည့် မိတ်ဆွေကောင်းတစ်ဦး ဖြစ်သည်။

သူဟာ အများစိတ်ဝင်စားစရာ ရုပ်သွင်နှင့်ဖြစ်သော်လည်း သိုက်ကို ပြောဆိုဆက်ဆံပုံတို့မှာ တကယ့်ကို ရိုးသားဖြူစင်တာကို သိုက် ခံစားနားလည်၍ ရပါသည်။ အိမ်ထောင်ရှိ မိန်းမတစ်ယောက်မှာလည်း ရိုးသားသော ယောကျ်ားမိတ်ဆွေ ရှိခွင့်ရှိတာပဲ မဟုတ်လား။

သိုက်ကတော့ မလိုသူတွေ ဘယ်လိုပဲ ခြိမ်းခြောက်ခြိမ်းခြောက် ဂရုမစိုက်ချေ။ သိုက်ရဲ့ရိုးသားဖြောင့်မတ်မှုကို ဘုရားသိသည်ဟု ယူဆလေသည်။

"သူက ဘာလာပေးတာလဲ မခက်"

"ဟင် ... ဘယ်သူလဲ"

သိုက်ဟာ မေးပြီးမှ ကိုယ့်ကိုယ်ကိုယ် မှားမှန်းသိသွားသည်။ စိတ်ထဲကတွေးနေသော အကြောင်းအရာဟာ အပြင်



burmeseclassic.com

www.burmeseclassic.com



ဘက်ကို အဆက်အစပ်မရှိ ရုတ်တရက် ထွက်သွားတာကို မခက်လည်း ရိပ်မိချင် ရိပ်မိပေလိမ့်မည်။

မတတ်နိုင်တော့။ သိုက်က မှင်သေသေနှင့်ပင် ...

"ကိုတော်ဝင့်ကို ပြောတာပါ။ သူ ဘာလာပေးတာလဲ"

"ဩော် ... ဓာတ်ပုံမှန်ပေါင်လို ဟာမျိုးပဲ။ စက္ကူနဲ့ပတ်ထားပြီး အပြင်က ပလတ်စတစ် အုပ်ထားသော့ ဘာမှန်းတော့ သေချာမသိဘူး ...

သိုက် ကြည့်ချင်လို့လား၊ ယူပေးရမလား"

"နေ ... နေ ... မခက်။ ရပါတယ်၊ အရေးမကြီးပါဘူး"

သိုက်က ငြင်းလိုက်သဖြင့် မခက်က ဘာမှဆက်မပြောတော့ချေ။ ပြန်အိပ်ဖို့ လှဲလိုက်သော သိုက်ကို စောင်ခြုံပေးကာ အသာပြုံးပြရင်း ခေါင်းတစ်ချက်ဆတ်ပြီး နှုတ်ဆက်ထွက်ခွာသွားသည်။

သိုက်ကို စောင်ကို တင်းတင်းဆွဲယူခြုံရင် မျက်ဝန်းများကို အသာမေးမှိတ်ကာ အိပ်ဖို့ကြိုးစားလိုက်သည်။ အခုနကလောက် ဝေဒနာ မခံစားရတော့သော်လည်း သိပ်ပြီးနေလို့မကောင်းတာ ကိုယ့်ကိုယ်ကိုယ် သိလို့နေသည်။





သိုက်သည် မျက်ဝန်းများကို ကြိုးစားမေးမှိတ်ရင်း ပေါ်မှ ဖေဖေ့ဓာတ်ပုံကို လှမ်းမြင်လျှင် မျက်ရည်တစ်စက ပြင်ပေါ်သို့ ပွင့်ထွက်စီးဆင်းသွားသည်။ ဖေဖေရယ် ... ဘက်ကို ဘာကြောင့် စိတ်ချလက်ချ ထားရက်သွားရတာလဲ။



burmeseclassic.com

www.burmeseclassic.com



၅

"ဟာ ... သိုက်။ ဘယ်လာတာလဲ"

သူက စင်တွေရှိရာ ထောင့်ချိုးဘက်မှ ကွေ့ထွ
လာလျှင် တစ်စုံတစ်ယောက်နှင့် တိုက်မိမလို ဖြစ်သွားလ
အမြန်အရှိန်သတ်လိုက်ရသည်။ ကြည့်လိုက်လျှင်တော့ သူ့ရဲ့မိ
ဆွေမလေး သိုက် ဖြစ်လို့နေသည်။ သိုက်ကလည်း သူ့ကိုမြင်သွ
တာနှင့် ပြုံးရွှင်သွားသော မျက်နှာထားကို တွေ့လိုက်ရသည်။

တကယ်တော့ သူဟာ ဒီနေ့မှ အသစ်ဖွင့်သည
သားရေပစ္စည်းအမျိုးမျိုး အရောင်းဆိုင်ဖွင့်ပွဲကို ရောက်လာခဲ့တ





ခြင်းပါသည်။ သိုက်လည်း ဒီလိုပဲ ရှိမှာပင်။ သိုက်က သူ့ကိုပြန်
မေးသည်မှာ ...

"ဒီဆိုင်ဖွင့်ပွဲကိုပဲ လာတာလေ။ ကိုဇော်ဝင်ရော ... တစ်
ယောက်တည်းပဲလား"

"အင်း ... တစ်ယောက်တည်းပဲ။ ကိုယ်က သားရေဂျာကင်
တွေ၊ ဖိနပ်တွေ စိတ်ဝင်စားတယ်လေ။ ဒီရောက်တော့
အံကိုက်ပဲပေါ့ ...

ဒီကပစ္စည်း စစ်တယ်ဆို"

"ဟုတ်တယ် ... စစ်တယ်။ အရင်တုန်းကတော့ သူတို့က
အော်ဒါချုပ်တာပေါ့။ အခုမှ ဆိုင်ဖွင့်လိုက်တာ။ ခြော် ...
ဟိုတစ်နေ့က ကိုဇော်ဝင် အိမ်ကို ဓာတ်ပုံကြီး လာပေးသွား
သေးတယ်နော် ...

အဲဒီတုန်းက ကျွန်မ နေမကောင်းဖြစ်နေလို့ပါ။
အိပ်ပျော်နေတာနဲ့"

သိုက်က အားတုံ့အားနာဟန်ဖြင့် ဖြေရှင်းနေတာကို
သူက လက်ကာပြကာ ...



burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ဘာမှကိစ္စမရှိဘူး။ လမ်းကြုံနေတာနဲ့ ဝင်ထေ လိုက်တာ၊ ဘယ်လိုလဲ၊ ကြိုက်ရဲ့လား ...

ကိုယ်ကတော့ အဲဒီပုံကို ဆုတစ်ခုတော့ ချိတ်လိုး မယ်လို့ မျှော်လင့်နေတယ်"

သိုက်က သူ့စကားကို ဟက်ခနဲ ရယ်လေသည်။ "ချိတ်လည်း ကိုတော်ဝင့် အစွမ်းကြောင့်ပါပဲ။ ကျွန်မက ဖြင့် ဘာမှတောင် မသိဘူး။ ပြီးတော့ နောက်ပိုင်းက ရိုက် ထားတော့ ဘာမှတောင် မသိသာပါဘူး ...

ဆုရတယ်ဆိုရင်တော့ ကျွန်မက ဝမ်းသာရမှာပေါ့"

"အာ ... ဘယ်ဟုတ်မလဲ။ အဲဒီဓာတ်ပုံက လူတစ်ယောက် ပါနေလို့ ပိုအသက်ဝင်သွားတာ။ ပြီးတော့ မင်းက ရိုးရိုး လုံချည်နဲ့ ဘာနဲ့ဆိုလည်း အဲဒီလောက် ခံစားလို့ကောင်း မှာ မဟုတ်ဘူး ...

အခုဟာက အဝတ်အစားကအစ အင်တာနေရှ နယ်လ် ဆန်နေတယ်။ ရှုခင်းက အရမ်းလှတယ်၊ လွှမ်း မောဖွယ် ကောင်းတယ်၊ ဒါကို မိန်းကလေး တစ်ယောက်က





လွမ်းမောစရာ ခံစားနေတယ်။ ဒါကြောင့် အဲဒီဓာတ်ပုံ နာမည်ကိုတောင် 'လွမ်းနေသော မိန်းကလေး' လို့ ပေးထား တာ"

သိုက်သည် သူ့စကားကို ဟက်ဟက်ပက်ပက်ကြီး ပဲ ရယ်လေသည်။ အဲဒီအချိန်မှာပဲ သိုက်နှင့်အတူ ဆိုင်ဖွင့်ပွဲကို လိုက်ပါလာသော မြခက်ခက်ဟာ သိုက် အဲဒီလို ရယ်မောနေတာ ကို မျက်လုံးအဝိုင်းသားနှင့် ကြောင်ပြီးကြည့်နေမိသည်။ သူမသည် သိုက် အဲဒီလို ရယ်မောတာကို တစ်ခါမှ မမြင်ဖူးခဲ့ချေ။

ဟိုးအရင်တည်းကလည်း မမြင်ဖူးခဲ့။ အခုနောက် ပိုင်းမှာတော့ ပိုတောင်ဆိုးလေသည်။ သိုက်ရဲ့မျက်နှာဟာ လောက ကြီးကို စိတ်ကုန်ခန်းနေသလို အက်ကွဲနာကျင်နေတတ်သော မျက်နှာမျိုးဖြစ်သည်။ အခုတော့ သောကတွေဝေးစွာ ဟက်ဟက် ပက်ပက် ရယ်မောနေသော မျက်နှာသည် နဂိုအလှကို လင်းထွက် သွားအောင် ပံ့ပိုးပေးနေလေသည်။

သူ ဘာကြောင့် ဒီလောက်နှစ်ခြိုက်စွာ ရယ်နေရတာ ပါလဲ။ မြခက်ခက်က သိချင်စိတ်ဖြင့် အသာဆက်ကြည့်လိုက်လျှင်



burmeseclassic.com

www.burmeseclassic.com



သိုက်နှင့် စကားရပ်ပြောနေသော လူတစ်ယောက်ကို မြင်တွေ့
သည်။ ဟင် ... ဒါဟာ တစ်နေ့က အိမ်ကိုလာသွားတဲ့လူပဲ

ထိုလူသည် တစ်ခါမြင်ဖူးတာနှင့် နောက်ထပ်မေ
နိုင်စေတော့သော ရုပ်ရည်ပိုင်ရှင်မျိုးဖြစ်သည်။ မြင့်မားသောအ
အမောင်းနှင့် ကိုက်ညီသော ယောက်ျားပီသသည့် ခန္ဓာကိုယ်သ
အားကစားလိုက်စားထားသူ တစ်ယောက်လို ကြံ့ခိုင်စွာ ကြ
ကောင်းနေသည်။ အသားအရေကလည်း တောင်ပေါ်သားတွေ
နီစပ်စပ် မဟုတ်ဘဲ ဖြူစင်သော အသားအရေမျိုး ဖြစ်သည
ကြည့်ရတာ ဒီမြို့ခံတစ်ယောက် ဟုတ်ပုံမပေါ်ချေ။ ထူထဲသေ
မျက်ခုံး စူးရှတောက်ပလွန်းသော်လည်း ကြင်နာတတ်ပုံရသေ
မျက်ဝန်းများနှင့် ပြုံးလိုက်လျှင် လေးညို့လို ကော့တက်သွားသ
နှုတ်ခမ်းများပိုင်ရှင် ထိုလူဟာ သိုက်နှင့် ဘယ်လိုများ သိကျွ
သွားရတာပါလိမ့်။

အဲဒီအချိန်မှာ သိုက်က မြခက်ခက်ကို မြင်သွားကာ

"ဩော် ... မခက် လာလေ။ မိတ်ဆက်ပေးရဦးမယ်။

သိုက်ရဲ့မိတ်ဆွေလေ ကိုတော်ဝင်အောင်တဲ့ ...





ကိုတော်ဝင် ... ဒါက မြခက်ခက်တဲ့။ ဖေဖေ့ရဲ့ဇနီး
ပါ"

သိုက်ရဲ့ အပိုအလိုမရှိ မိတ်ဆက်ပေးမှု အပြီးတွင် ...နှင့် မြခက်ခက်က တစ်ယောက်ကို တစ်ယောက် ပြုံးပြလိုက်ကြသည်။

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် မမြခက်ခက်"

"ဟုတ် ... ခက်လည်း ဝမ်းသာပါတယ်ရှင်၊ တစ်နေ့က အိမ်ကိုလာသွားတဲ့ ညှော်သည် ထင်ပါရဲ့"

"ဩော် ... ဟုတ်ပါတယ်"

တော်ဝင်က ဒီထက်ပိုပြီး ဘာမှဆက်မပြောချေ။ ...က်ကလည်း ဘာမှမပြော။ တော်ဝင်က သိုက်ကို နှုးလည်စွာ ... ပြုံးပြလိုက်ပြီးနောက် ...

"သိုက်တို့ ကြည့်ကြဦးလေ၊ ကိုယ်ကတော့ ဝယ်ပြီးသွားပြီ။ ပြန်တော့မယ်"

"ဩော် ... ဟုတ်ကဲ့"

"ခွင့်ပြုပါဦး မမြခက်ခက်"



burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

တော်ဝင်အောင် ထွက်သွားလျှင် မြခက်ခက်
သိုက်ကိုရဲ့အနားသို့ တိုးကပ်ကာ ...

"သူ့ကြည့်ရတာ တော်တော်သဘောကောင်းမယ့်ပုံ
တယ်နော်"

"အင်း"

သိုက်က သားရေဂျာကင်တွေကိုပဲ စိတ်ဝင်စား
မြကာ အင်းတစ်လုံးပဲ ဖြေသည်။ ဒါကို မခက်က ဖွဲ့မလျှော့
ပဲ ...

"သိုက်ရဲ့မိတ်ဆွေက ရုပ်ရှင်မင်းသား လုပ်လို့ရတ
နေအောင်လို ပုံစံမျိုးနော်"

"မသိပါဘူး မခက်ရယ်။ ပြန်ရအောင်လေ"

သိုက်က ကြာကြာမနေချင်တော့သဖြင့် ဝယ်ယူ
သော ပစ္စည်းများကိုဆွဲကာ ပြန်ဖို့အတွက် ဆိုင်ရှင်တွေကို
ဆက်သည်။ ပြီးလျှင် မခက်နှင့်အတူ ဆိုင်ထဲမှ ထွက်လာ
ဝယ် ကားဆီသို့ မရောက်ခင်မှာပင် ...





"တို့ မောင်းရမလား သိုက်"

လာကတည်းကလည်း မခက်ပဲ မောင်းခဲ့သည်မို့ရော
သိုက်က သိပ်မမောင်းချင်တာရောကြောင့် ခေါင်းပဲညိတ်ပြလိုက်
သည်။ မခက်က ကားတံခါးကို ဖွင့်မည့်ဟန်ပြုစဉ်မှာပဲ ကားတံခါးဝ
မှာ ကပ်ထားသော တစ်စုံတစ်ရာကြောင့် ဖွင့်မည့်လက်တို့က
တန့်သွားရကာ ...

"ဟင် ... ဒါ ဘာပါလိမ့် သိုက်ရေ"

သိုက်သည်လည်း မခက်ရဲ့အသံကြောင့် လှမ်းကြည့်
လိုက်လျှင် ပထမတော့ ဇဝေဇဝါ။ နောက်တော့ တစ်စုံတစ်ရာကို
ဖျတ်ခနဲ သဘောပေါက်၍ သွားလေသည်။ မခက်ကတော့ ဘာ
မှန်းညာမှန်း မသိစွာဖြင့် စာရွက်ခေါက်လေးကိုဖွင့်ကာ ဖတ်ဖို့
ပြင်ဆင်နေပြီ။

သိုက်သည် မျက်လုံးတွေ ရုတ်တရက် ပြာဝေလာ
ကာ မခက်ရဲ့လက်ထဲမှ စာရွက်ခေါက်လေးကို ဘယ်လိုဆွဲယူမိ
သိုက်မှန်းတောင် မသိချေ။ သိုက် သတိပြန်ဝင်လာချိန်ဝယ် စာ
ရွက်ခေါက်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက် မခက်က
သိုက်ကို မျက်လုံးအကြောင်သားဖြင့် ငေးကြည့်နေပြီဖြစ်သည်။



burmeseclassic.com

www.burmeseclassic.com



သိုက်သည် နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာကာ ရင်ထဲမှာ မွန်းကျပ်ဆို့နင့်လို လာသည်။

"သွား ... သွားရအောင် မခက်"

မခက်သည် ချက်ချင်းပဲ ဖြူဖျော့သွားသော သိုက်ကို နားမလည်သလို ကြည့်လာကာ ...

"သိုက် ... သိုက် ... ဘာဖြစ်တာလဲ။ နေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲဟင်၊ အဲဒီဟာကရော ..."

သိုက်သည် နားထင်ကို လက်တစ်ဖက်နှင့်ဖိကာ အခြားလက်တစ်ဖက်ကလည်း မခက်ကို ကာပြရင်း ကားပေါ်သို့ တက်လိုက်လျှင် မခက်ကလည်း ဘုမသိ ဘမသိပင် ကားမောင်းသူနေရာမှာ ဝင်ထိုင်လိုက်ရသည်။ ကားကိုစက်နှိုး၍ မောင်းထွက်လိုက်ရသော်လည်း မြခက်ခက်သည် ဘာကိုမှ နားမလည်ချေ။

ဒီစာရွက်ခေါက် သေးသေးလေးဟာ သိုက်ကို ဘာကြောင့်များ ဒီလောက် တုန်လှုပ်စေရသလဲဆိုတာ စဉ်းစား၍မရပေ။

ပြီးတော့ သိုက်သည် ဒါကို ဘယ်သူ့ကိုမှလဲ သိစေချင်ပုံမရပေ။ သူတစ်ယောက်တည်း ဘာစိတ်ဒုက္ခတွေ ရောက်နေသလဲ မသိရပေမယ့် ခက်သည် သိုက်ကို ဖေးမချင်ပါသည်။





"သိုက် နေမကောင်းဘူးလား။ ဆေးခန်းကို တစ်ခါတည်း ဝင်မလား"

"နေပါစေ မခက်။ အိမ်ကပဲ ဖုန်းဆက်ပြီး လှမ်းပင့်လိုက်မယ်။ အခု အိမ်ကိုပဲ မြန်မြန် ပြန်ရောက်ချင်နေတယ်"

"အင်း ... အင်း။ ဒါဆို အိမ်ကိုပဲ မောင်းလိုက်မယ်နော်"

သိုက်က ဘာမှတောင် ပြန်မပြောနိုင်တော့ချေ။ ကားနောက်မှီကိုသာ မှီထိုင်လျက် စိတ်ကိုတည်ငြိမ်အောင် မနည်းစုစည်းနေရသည်။ နားထဲတွင် ဖေဖေ့အသံလိုလို ကိုတော်ဝင်ရဲ့အသံလိုလို ကြားနေရသေးသည်။ စိတ်ကျရင် လှုပါကျစ်တယ်။ အဲဒီအသံတွေက နားထဲတွင် ပဲ့တင်ရိုက်နေသလိုပဲ ရှိသည်။

သိုက် အားတင်းထားရဦးမည်။ သိုက်ဟာ ဒီလိုနည်းနှင့် လောကကြီးကို အရှုံးမပေးချင်သေးပေ။ လောလောဆယ်တွင်တော့ သိုက်သည် စက္ကူခေါက်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားစမြဲပင်။



burmeseclassic.com

www.burmeseclassic.com



သူက သိုက်ကမ်းပေးလိုက်သော စာရွက်ခေါက်လေးကို ဖတ်ပြီးနောက် စိတ်ရှုပ်ထွေးစွာဖြင့် သိုက်ရဲ့မျက်နှာကို လှမ်းကြည့်လိုက်လျှင် သူမ မျက်နှာက ပြိုကျတော့မည့် မိုးလိုပင်။ သူက စိတ်မကောင်းစွာနှင့် တစ်ချက်ပင့်သက်ရှိုက်လိုက်သည်။ ဒီမိန်းကလေးကိုမှ ဘာကြောင့် လူတွေက ဂရုစိုက်ကာ ဒုက္ခပေးချင်ရတာပါလိမ့်။

ကျစ်ကျစ်ပါအောင် ဆုပ်လိမ်ကာ ထားခဲ့သဖြင့် တွန့်ကြေနေသော စာရွက်ခေါက်လေးကို သူက ဒုတိယတစ်ကြိမ် ပြန်ဖတ်ကြည့်မိသည်။

လက်ရေးကတော့ ပင်ကိုလက်ရေး မဟုတ် လက်နှိပ်စက်ရိုက်ထားသော လက်ရေးမျိုးဖြစ်သည်။





"ရတနာသိုက် ...

မင်းနဲ့ တော်ဝင်အောင်တို့ ခေါင်းချင်းဆိုင် စာဖတ်နေတဲ့ဓာတ်ပုံ၊ အတူစားသောက်နေတဲ့ပုံတွေကို မင်းယောကျ်ားဆီ မရောက်စေချင်ရင် အခုလာမယ့် စနေနေ့မနက်ကိုးနာရီမှာ မင်းတို့ခြံရှေ့က စာတိုက်ပုံးထဲကို ငွေငါးသိန်းထည့်ထားလိုက်ပါ။

ဒီကိစ္စကို မင်းယောကျ်ား သိသွားရင် ငါးသိန်းမကတဲ့ စိတ်ဆင်းရဲမှုကို ခံစားရမယ် ဆိုတာ သိတယ်နော်။

မရက်စက်ချင်သူ"

"ဒီစာကို ဘယ်တုန်းက ရတာလဲ သိုက်"

"မနေ့က ဆိုင်ဖွင့်ပွဲ အပြန်မှာပါ"

သိုက်က ရီဝေစွာဖြင့် အပြင်ဘက်ကို ငေးနေလေသည်။

သူက စိတ်ဆင်းရဲကြီးစွာ ဖြစ်နေသော သိုက်ရဲ့ပုံစံကို တစ်ချက် အကဲခတ်လိုက်ကာ ဒီကိစ္စမျိုးကို အဆုံးတိုင်ကူညီဖို့ ဆုံးဖြတ်လိုက်ပြီးဖြစ်သည်။



burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက သာမန်ကိစ္စတော့ မဟုတ်တော့ဘူး သိုက်၊ မင်းနဲ့ ကိုယ့်ရဲ့ ရှိုးသားတဲ့ ခင်မင်မှုကို အခွင့်ကောင်းယူ ပြီး မင်းကို ငွေညှစ်ချင်တာပဲ။ မင်းရဲ့ရှိုသမျှ ထွက်ပေါက် တွေကို ပိတ်ထားတာ ...

လူဆိုတာ လွတ်လပ်စွာ ရှင်သန်နိုင်ခွင့် ရှိတာပဲ၊ ဘာမှ မဟုတ်တာ လုပ်နေတဲ့သူတွေလည်း မဟုတ်ဘူး၊ ဒါကို ကြောက်နေရင် သူတို့ကို အရှုံးပေးရာကျတယ်"

"မသိတော့ပါဘူး ကိုတော်ဝင်ရယ်။ ကျွန်မကျမှပဲ ဘာ ကြောင့် စိတ်ဆင်းရဲစရာတွေချည်း စုပြုံရောက်နေသလဲ ဆိုတာတော့ မပြောတတ်တော့ပါဘူး"

"မင်းကို မလိုတဲ့သူ၊ ရန်ငြိုးထားတဲ့သူတွေ ဘာတွေများ ရှိနေလား"

"မသိတော့ပါဘူး။ ဖေဖေ ရှိတုန်းကတော့ ဒါမျိုးတွေ မကြုံခဲ့ဖူးပါဘူး၊ ဖေဖေက အပေါင်းအသင်း ဝင်ဆံ့ပြီး ရက်ရောပေးကမ်းတတ်တော့ လူချစ်လူခင် ပေါပါတယ်_

ဒီကိစ္စကတော့ ရှင်ပြောသလို ငွေညှစ်ချင်တာ နေမှာ ပေါ့"





"မင်းကရော ဘယ်လိုလုပ်ချင်သလဲ"

သိုက်က သူ့ကို လှမ်းကြည့်လိုက်သော မျက်ဝန်း များထဲတွင် ယုံကြည်အားကိုးသော အမိပ္ပာယ်တွေကို တွေ့လိုက် ရသည်။ သိုက်သည် တစ်စုံတစ်ရာကို အပြင်းအထန် စဉ်းစားနေ သော ပုံစံဖြင့် ...

"ကျွန်မ သိပ်စိတ်ရှုပ်မခံချင်ဘူး ကိုတော်ဝင်၊ သူတို့တောင်း တဲ့ငွေကို ပေးလိုက်ရမလားပဲ"

ထိုခေတ်က ကားတစ်စီးဝယ်လို့ ရနိုင်လောက်သော ငွေကို သိပ်စိတ်ရှုပ်မခံချင်တာ တစ်ခုတည်းနှင့် ပက်ခနဲပေးပစ် ဖို့ စိတ်ကူးရှိနေသော မိလျှံနှာပေါက်စမလေး သိုက်ကို သူက အရေးကျစွာ ငေးကြည့်နေမိသေးသည်။

"ဒီတစ်ခါပေးပြီးတာနဲ့ မင်းအတွက် ပြီးသွားလိမ့်မယ်လို့ ထင်နေလို့လား သိုက်။ တစ်ခါရမှန်းသိရင် နောက်တစ်ခါ ထပ်လုပ်နေဦးမှာပဲ ...

နောက်ဆုံး မင်းကိုတောင် ပြန်ပေးဆွဲသွားနိုင်တယ်"

သူ့အပြောကြောင့် သိုက်က အလန့်တကြား မော့ ကြည့်လေသည်။ သူက ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းနေပြီး ဘာမှ ...



burmeseclassic.com

www.burmeseclassic.com



"ပြဿနာတစ်ခုဆိုတာ ပြီးပြီးရော ဖြေရှင်းရတဲ့ အရာမျိုးမှ မဟုတ်တာ။ စနစ်တကျ ဖြေရှင်းပါမှ နောက်ထပ် ပြဿနာတွေ ထပ်မတက်နိုင်မှာပေါ့ သိုက် ...

ဒီကိစ္စဟာ ဒီလောက်လည်း စိတ်ပျက်စရာကောင်းတဲ့ ကိစ္စမဟုတ်ပါဘူး။ ကိုယ့်သဘောကတော့ မင်းကို ဒီငွေတွေ မပေးစေချင်ဘူး"

"ဒီလိုဆိုရင် ..."

သိုက်က ဆက်မပြောနိုင်တော့ဘဲ အသံတိမ်ဝင်သွားသည်။ သိုက်သည် ဘာကိုဆိုလိုကာ ဘာကိုပြောချင်နေမှန်း သူသိသည်။ သို့သော် သူကတော့ ကိုယ်မဟုတ်သော ကိစ္စတစ်ခုအတွက် အရှုံးပေးရမည့် အဖြစ်ကို မလိုလားချေ။

ထိုအချိန်တွင် သူသည် သိုက်ကို သူ့ရဲ့ညီမအရင်းတစ်ယောက်အဖြစ် တကယ်ဖြစ်လိုက်စေချင်ပါသည်။ သိုက်ရဲ့ အစ်ကိုတစ်ယောက်အနေဖြင့် အစစအရာရာ တာဝန်ယူကာကွယ်ပေးချင်သည်။ အခုတော့ သိုက် ဆိုသော မိန်းကလေးသည် ကားပိုင်လင်ယောကျ်ား ရှိခဲ့တာတောင် အားကိုးရာမဲ့ဘဝကို ရောက်နေခဲ့သည်မှာ ဘယ်ဘဝက ဝဋ်ကြွေးလဲတော့ မပြောတတ်တော့ချေ။





"သိုက် ဘာကိုမှ မစိုးရိမ်နဲ့၊ တကယ်လို့ လိုအပ်ရင် မင်းခင်ပွန်းကို ကိုယ် လိုက်ရှင်းပေးနိုင်တယ်။ ဒါဟာ ဘာမှ မဟုတ်တဲ့ ကိစ္စသေးသေးလေးကို သက်သက်ပြဿနာဖြစ်အောင် လုပ်ထားတာ ...

မင်းကို ဘယ်နေရာမှ မလှုပ်နိုင်အောင် ခြိမ်းခြောက်ထားတာ။ ဒီတစ်ကြိမ်မှာ မင်းက သူတို့ကို အရှုံးပေးလိုက်ရရင် နောက်ထပ် ထပ်ခါ ထပ်ခါ အရှုံးပေးနေရဦးမှာပဲ ...

ဒါကြောင့် ဒီအတိုင်းပဲ နေလိုက်ပါ။ သူတို့ဘာဆက်လုပ်မလဲ စောင့်ကြည့်ကြတာပေါ့"

သူ့စကားကိုတော့ သိုက်က လေးနက်စွာ နားထောင်ကာ ခေါင်းညိတ်ပြရှာသည်။ ပြီးတော့ ညည်းညည်းညူညူဖြင့် ပြောသေးသည်မှာ ...

"ကျွန်မလောက် ကံဆိုးတဲ့မိန်းမတော့ ဒီလောကမှာ ရှိမယ် မထင်ဘူးနော်။ ရှင်ကတော့ ကံကောင်းသူ တစ်ယောက်ပါပဲ။ ရှင့်ကြည့်လိုက်ရင် အမြဲတမ်း နိုးကြားတက်ကြွနေတာချည်းပဲ ...



burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်စရာဆိုတာလည်း လုံးဝရှိပုံမရဘူး။ ကျ

ထူးလိုက်တာ"

ဒီတစ်ခါ ဟက်ဟက်ပက်ပက် ရယ်ရသူက ဖြစ်သည်။ သူမ ပြောနေပုံက တကယ့်ကို အားကျသံအပြည့် တမေ့တမောမို့ သူဟာ ဟက်ဟက်ပက်ပက်ကြီးကို ရယ် သည်။ ဩော် ... တရားရှာ ကိုယ်မှာတွေ့ဆိုသော စကား တကယ့်ကိုပဲ မှန်နေပါရော့လား။ သူသည် ရတနာသိုက် ဆို မိန်းကလေးနှင့်တွေ့မှ တကယ့်ကို တရားကျစရာတွေချည်း သာ တွေ့နေရတော့လေသည်။

"လောကကြီးက စိတ်ချမ်းသာစရာတွေကို ရှော ... ဆိုပြီး ပေးထားတာ မဟုတ်ဘူး ရတနာသိုက်ရဲ့။ ဟာကိုယ် ရှာဖွေယူရတာ ...

လောကကြီးမှာ ပြည့်စုံတဲ့လူ ဆိုတာ ဘယ် မရှိဘူး။ တစ်ခုခုတော့ အမြဲလိုနေတာချည်းပဲ။ အနုံ တခြားမိန်းမတစ်ယောက်ယောက်က မင်းရဲ့ ရုပ်ရည် မနက်ကို အကြီးအကျယ် အားကျနေချိန်မှာ မင်းက ကိုယ်ကိုယ် ကံအဆိုးဆုံးလူလို့ ထင်နေတယ် ...





ဒါဟာ တရားရှာ ကိုယ်မှာတွေ့ပဲ ရတနာသိုက်"

"ရှင်က တရားဟောလည်း ဖြစ်တယ်နော်"

ဒီစကားကိုတော့ သူမက ပြုံးပြုံးလေး ဆိုနိုင်ပြီဖြစ်သည်။ သူက ခုမှ သက်ပြင်းတစ်ချက် ချနိုင်တော့ရင်း ...

"လူတစ်ယောက်ရဲ့ဘဝမှာ အခက်အခဲဆိုတာ တစ်နေ့မဟုတ် တစ်နေ့တော့ ရောက်လာတတ်ကြတာပဲ သိုက်။ အဲဒီအတွက် စိတ်ဓာတ်ရေးရာအရ ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်တယ် ...

မင်းက ဘဝမှာ တစ်သက်လုံး အပူပင်တင်းကင်း မတောင့်မတ မကြောင့်မကြ နေခဲ့ရတာဆိုတော့ အခုလို စိတ်ဓာတ်ကျစရာတွေ ရလာတဲ့အခါမှာ ဘဝကို အရှုံးပေးချင်တဲ့စိတ်တွေ ဖြစ်လာတာပေါ့။ စိတ်ဓာတ်ရေးရာအရ ကြိုတင်ပြင်ဆင်မှုမှ မရှိခဲ့ဘဲကိုး။ တကယ်တော့ ...

ဘဝဆိုတာ တိုက်ပွဲတစ်ခုပဲ သိုက်။ အဲဒီတိုက်ပွဲက မသေမချင်း တိုက်နေရမှာ။ ဒီတော့ ကိုယ့်မှာ စိတ်ဓာတ် လက်နက်တွေ ပြည့်စုံနေဖို့ လိုမယ်"



burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မှတ်ထားပါမယ်"

သူသည် သိုက်ရဲ့မျက်နှာကို လေးနက်စွာ ကြ
လိုက်ရင်းမှ သူ့ရင်ထဲတွင် အပြောချင်ဆုံး စကားတစ်ခွန်း
ရဲရဲပဲ ပြောချလိုက်တော့သည်။

"ဒီစကားကို ကိုယ် အရိုးသားဆုံး ပြောခဲ့တာပါ သို
မင်းကို စတွေ့ကတည်းက စိတ်ဝင်စားဖို့ ကောင်း
မိန်းကလေးတစ်ယောက်လို့ ထင်မှတ်ခဲ့တယ်။ မင်း
အကြောင်းကို သိရတော့လည်း မင်းကို စာနာမိပါတယ်

အခုချိန်မှာတော့ မင်းဟာ အခက်အခဲတွေနဲ့ ရင်
နေရပြီ။ ဒါဟာ ကိုယ်နဲ့လည်း တစ်နည်းတစ်ဖုံ ပတ်သ
နေတဲ့အတွက် မင်းမှာ ဘာအခက်အခဲရှိရှိ ကိုယ်
သတိရပါ သိုက် ...

ကိုယ့်ကို မင်း ယုံကြည်နိုင်ပါတယ်"

သိုက်သည် သူ့စကားကို အကြာကြီး စဉ်းစား
ပြီးမှ ခေါင်းတစ်ချက် ညိတ်ပြခဲ့သည်။





၆

ထိုနေ့က သိုက် အတွက် စိတ်ဆင်းရဲကြီးစွာ ဖြစ်
ာ နေ့တစ်နေ့ ဖြစ်ခဲ့သည်။ သိုက်သည် ကိုတော်ဝင် အကြံ
သလို ပိုက်ဆံငါးသိန်းပေးမည့် စိတ်ကူးအား စွန့်လွှတ်ပစ်
ည်။ တကယ်တမ်း သေချာပြန်တွေးကြည့်တော့လည်း ဒီကိစ္စ
ာမှရေရေရာရာ ပြဿနာမဟုတ်ချေ။ ကိုယ်နှင့် တော်ဝင်
ဟာ ဖောက်ပြန်နေကြတာလည်း မဟုတ်သလို နှစ်ယောက်
ာ မရိုးမသားစိတ်တို့လည်း မရှိကြတာ အသိသာကြီးပဲ
ည်။



burmeseclassic.com

www.burmeseclassic.com



သက်သက်မဲ့ အကောက်ကြံ ငွေညှစ်တာကို ပေး လိုက်လျှင် နောက်ထပ် ထပ်၍ငွေညှစ်ဖို့ကလည်း တစ်ဝက်သေ ချာပြီဖြစ်သည်။ ကိုယ်မဟုတ်လျှင် ကြောက်စရာမလိုဟူသော ဆုံးဖြတ်ချက်အတိုင်း သိုက်က အဲဒီကိစ္စကို ဥပေက္ခာပြုထားလိုက် သည်။

ဥပေက္ခာပြုလိုက်သော စနေနေ့ လွန်မြောက်သွား သော နောက်တစ်နေ့မှာတော့ သိုက်အတွက် စိန်ခေါ်ပွဲတစ်ခုက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လို့လာခဲ့တော့သည်။ ထိုနေ့ကတနင်္ဂနွေ နေ့ ညနေခင်းဖြစ်ကာ သိုက်က ညေ့်ခန်းထဲတွင် စာအုပ်တစ်အုပ် ကို အေးဆေးစွာ ဖတ်နေခဲ့သည်။

အရင်ရက်တွေတုန်းက စိုင်းဝဏ္ဏာဟာ ညနေခင်း ဘယ်တော့မှ ပြန်ရောက်လေ့ရောက်ထ မရှိသဖြင့် သိုက်က အေး အေးလူလူပဲ စာဖတ်နေခဲ့တာဖြစ်သည်။

အဲဒီနေ့က စိုင်းဝဏ္ဏသည် ပေါ်တီကိုအောက်သို့ ကား ကို ခပ်ကြမ်းကြမ်း ထိုးရပ်ကာ ဒရောသောပါးဖြင့် အိမ်ထဲသို့ ဒေါသတကြီး ဝင်လာခဲ့တာဖြစ်သည်။





"ဟော့ … ရတနာသိုက်"

သိုက်ကို လှမ်းခေါ်လိုက်သော သူ့အသံကြီးဟာ …ထဲတွင် မိုးခြိမ်းသံလို ညံဟည်း၍သွားသည်။ သိုက်က ထိုင် …မထဘဲ မျက်လုံးလှန်ကြည့်ခြင်းဖြင့်သာ သူ့ကို တုံ့ပြန်သည်။

"မင်း တော်တော်အကျင့်ပျက် ဖောက်ပြန်တဲ့ မိန်းမပါလား ဟင်။ ဘယ်လောက် ရှက်စရာကောင်းလိုက်လဲ …

မင်း အရှက်နည်းနည်းမှ မရှိတဲ့မိန်းမ"

သူပြောလိုက်သော စကားကြောင့် သိုက်ခေါင်းထဲ … မိုက်ခနဲ ဖြစ်သွားသည်။ သူ ဘာကိုဆိုလိုတယ် ဆိုတာကို …သီး ချက်ချင်းပဲ သိလိုက်သည်။

"ရှင် … ရှင် ဘာစကားပြောတာလဲ။ စကားပြောတာ မမိုက်ရိုင်းနဲ့နော်"

"ဟား … ငါက စကားပြောတာဘာ မိုက်ရိုင်းတာ။ မင်း လို နောက်မီးလင်းတတ်တဲ့သူမျိုး မဟုတ်ဘူးကွ …

တောက် … ဟိုနေ့က အိမ်အထိ လာသွားတဲ့ အကောင်က မင်းလင်ငယ် မဟုတ်လား … ပြောစမ်း"



burmeseclassic.com

www.burmeseclassic.com



သူပြောလိုက်သော အင်မတန် ရှန်ရှင်းကြမ်းတမ်းသော စကားလုံးကြီးဟာ သိုက်ရဲ့နားထဲသို့ သံပူရည်လောင်းချလိုက်သလို စီးဆင်းဝင်သွားသည်။ သိုက်ရဲ့ဘဝတစ်သက်တာတွင် မိုက်ရိုင်းရမ်းကားသော စကားလုံးများကို ပြောဖို့နေနေသာသာ ကြားပင် မကြားဖူးခဲ့ချေ။

သူနှင့်ရတော့မှပင် သိုက်ဟာ ဒါမျိုးတွေကို ကြားရုံတင်မက ဇယ်ကိုပါ လာပြောနေခဲ့တာ ဖြစ်သဖြင့် ဆော်ကားခံလိုက်ရလေခြင်းဟု ဆတ်ဆတ်ခါ နာရသည်။

"စိုင်းဝဏ္ဏ ... နင် လူကမွေးရင် လူလိုပြော"

သိုက်ရဲ့ စူးစူးဝါးဝါး အော်ဟစ်သံက ဧည့်ခန်းထဲတွင် ပျံ့လွင့်သွားသည်။ သူက အဲဒါကို ဒေါသထွက်ဟန်ဖြင့် စားပွဲပေါ်က ပန်းအိုးကို ခြေထောက်နှင့် လှမ်းကန်ကာ ခွဲပစ်လိုက်လေသည်။ သိုက် အံကိုတင်းတင်းကြိတ်ထားရင်းမှ မျက်လုံးအိမ်ထဲတွင် မျက်ရည်စတို့က ချက်ချင်းပြည့်အိုင်၍လာသည်။

ဒီလိုအောက်တန်းစားတစ်ယောက်ကို လင်ယောက်ျားတော်ထားရတာလောက် သိုက်ရဲ့ဘဝမှာ စိတ်ဆင်းရဲကြီးတာ





တော့ပြီ။ သူက ဂျာကင်အိတ်ကပ်ထဲမှ ဓာတ်ပုံတွေကို ဆွဲထုတ်ကာ သိုက်ထံသို့ ပစ်ပေါက်လိုက်လေသည်။ ဓာတ်ပုံတွေက ကိုယ်ကို ထိမှန်ကာ လွင့်ပျံ့ကျသွားသည်။

"အဲဒီမှာကြည့် ... ငါက မင်းကို အလကား စွပ်စွဲနေတာလား၊ သက်သေ အထောက်အထားနဲ့ စွပ်စွဲနေတာလား ဆိုတာ"

သိုက်သည် အတုန်တုန် အလှုပ်လှုပ်ဖြင့် ဓာတ်ပုံတွေကို ကောက်ကြည့်လိုက်သည်။ ဘုရားသခင် ... ဓာတ်ပုံတွေဟာ သိုက် ထင်သလို ရှမ်းဆိုင်မှာ ရိုက်ထားသော သာမန်ဓာတ်ပုံမဟုတ်။ မြို့စွန်ဘက်မှာ သိုက် တစ်ယောက်တည်း ကားမောင်းရင်း မူးမိုက်နေခဲ့တုန်းမှာ ကိုတော်ဝင်ဟာ ပွေ့ချီ၍ နောက်ခန်းသို့ ပြောင်းပေးစဉ် လှမ်းရိုက်ထားသောပုံတွေဖြစ်သည်။

"ပြောစမ်း ... အဲဒါ ဘာတွေလဲ။ ရိုးသားပါတယ်ဆိုတဲ့ မိန်းမ ပြောဦးလေ။ မြို့အစွန်ဘက်မှာ ဒီကောင်က မင်းကို ပွေ့ချီနေရအောင် မင်းတို့နှစ်ယောက်က ..."

"တော်တော့"



burmeseclassic.com

www.burmeseclassic.com



သိုက်က ဆံက်မကြားရဲ့ရွာနှင့် နားကိုပိတ်ထားလိုက်ရသည်။ ရင်ထဲမှာ ဘလုပ်လုပ်ဖြစ်ကာ လူက မူးနောက်၍ လာလေသည်။

"ဒါကြောင့် မင်းက ငါ့ဆီက ကွာရှင်းခွင့်ကို မတရားသဖြင့် လိုချင်နေတာကိုး၊ တော်တော်လည်း အကြံကြီးတဲ့ မိန်းမပါလား ... ဟင်။ ပြောစမ်း ... မင်းတို့က ဘယ်အထိ ခရီးပေါက်နေကြပြီလဲ ... ပြောစမ်း"

သူက သိုက်ရဲ့လက်မောင်းနှစ်ဖက်ကနေ ဆွဲယူကာ လက်နှစ်ဖက်စလုံး နာကျင်အောင် ဖျစ်ညှစ်လျက် လှုပ်ခါကာရမ်းကာ မေးခြင်းဖြစ်သည်။ သိုက်ဟာ သူ့ရဲ့သန်မာသော လက်များထဲမှ ရုန်းမထွက်နိုင်ပေ။ တစ်ကိုယ်လုံးကို လှုပ်ယမ်းကိုင်ဆောင့်နေသောကြောင့် ခေါင်းထဲကပါ ချာချာလည်၍ လာလေသည်။

"ရှင် ... လွှတ် ... လွှတ်စမ်း"

"ဟောက် ... မင်းကွာ၊ ငါ လုပ်ထည့်လိုက်ရ သေတော့မယ်"

သူက ဒေါသတကြီးဖြင့် သိုက်ကို ဆောင့်တွန်းလွှတ်လိုက်လျှင် သိုက်သည် ဆိုဖာပေါ်သို့ ပုံကာလဲကျသွားသည်။





တ်ဆင်းရဲကြီးစွာဖြင့် မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် ကျသို့လာလေသည်။ သူဟာ သိုက်ကို မရိုက်မနှက်သော်ငြား တွန်းထိုးတာလောက်ထိတော့ အသားနာအောင် နှိပ်စက်တတ်သူဖြစ်၏။

သိုက်သည် ဝမ်းနည်းစိတ်နှင့်အတူ ဒေါသတွေကလိုက်လိုက် တက်လာကာ အမုန်းတရားများ ပြည့်လျှံနေသောက်လုံးများဖြင့် သူ့ကို အစိမ်းလိုက် ဝါးစားမလို ကြည့်လျက် ...

"လုပ်ရဲ လုပ်ကြည့်စမ်း။ ရှင် ကျွန်မသိက္ခာကို ဘာမှလာစော်ကားစရာ မလိုဘူး။ ရှင်ကရော ဘယ်လောက် သစ္စာသမာဓိရှိနေတဲ့ ယောကျ်ားမို့လို့လဲ"

"ဪ ဟော် ... ဟော်။ ဒါဆို မင်းကလည်း အားကျမခံ ဒီလို ပြန်လုပ်တယ်ပေါ့လေ၊ ဟုတ်လား"

"ရှင့်ပါးစပ် အစုတ်အပြတ်ကို ပိတ်ထား။ ရှင့်စိတ်ဓာတ်နဲ့ ဘာမှလာမနှိုင်းနဲ့။ ပြောစမ်း ... ဒါတွေကို ရှင့်ဆီ ဘယ်သူက ပို့တာလဲ"

"မသိဘူး။ ဒါတွေ ငါ့ကို လာမမေးနဲ့။ မင်းရှုပ်ထားတဲ့ ဇာတ်လမ်း မင်းကိုယ်မင်း အသိဆုံးနေမှာပဲ"



burmeseclassic.com

www.burmeseclassic.com



"သိတယ် ... ကျွန်မ ကိုယ့်အကြောင်း ကိုယ်သိတယ်။ ဒါကြောင့် လိပ်ပြာလည်း သန့်တယ်။ ရှင်သာ အရှုံးဦးနှောက်နဲ့မို့ မတွေးတတ်တာ ...

ဒီခေတ်ပုံမျိုးဟာ ကျွန်မ နောက်ကို တကောက်ကောက် လိုက်နေတဲ့ သူမှသာ အမိအရ ရိုက်ယူနိုင်တဲ့ပုံမျိုးပဲ။ ဒါဟာ တမင်လုပ်ကြံထားတယ် ဆိုတာ လုံးဝအသိသာကြီး"

"ဟား ဟား ... ငါက အရှုံးဦးနှောက် ... ဟုတ်လား။ ဒါဟာ လုပ်ကြံထားတယ်ဆိုရင် အဲဒီနေ့က အဲဒီကောင်က မင်းကို အဲဒီလို မပွေ့ခဲ့ဘူးပေါ့ ... ဟုတ်လား"

သိုက်သည် စိုင်းဝဏ္ဏကို စူးစူးရဲရဲကြီး စိုက်ကြည့်ကာ အံကိုတင်းတင်းကြိတ်ထားရသည်။ ဒီလူရမ်းကားကို အထူးတလည် ရှင်းပြ၍ မနေချင်တော့ပေ။ အပြစ်ကို မရမကရှာနေသော လူတစ်ယောက်ကို ရှင်းပြနေလည်း အပိုပဲဖြစ်မည်။

"ရှင် ဘာမှ လာအရစ်တက်မနေနဲ့ စိုင်းဝဏ္ဏ။ ရှင် ဘာဖြစ်ချင်လဲ၊" ဒါပဲပြော"





"ဩော် ... မင်းက ငါ ကွာရှင်းတော့မယ်များ ထင်နေလို့လား၊ ဟား ... မင်း သိပ်လိုချင်နေတဲ့ ကွာရှင်းခွင့်ကို ပေးလိုက်ရင် ငါ့လောက်မိုက်တဲ့လူ ဒီကမ္ဘာမှာ ရှိတော့မှာ မဟုတ်ဘူး ရတနာသိုက် ...

စိတ်ချ၊ မင်းကို ဘယ်တော့မှ မကွာရှင်းဘူး"

သိုက်သည် သူ့ကို မုန်းတီးလွန်းစွာဖြင့် စိုက်ကြည့်နေရာမှ ရင်ဘတ်ထဲတွင် တဖြည်းဖြည်းနှင့် အောက်မျက်၍ လာသည်။

"ဒါပေမဲ့ မင်းကို တစ်ခုတော့ သတိပေးလိုက်မယ်။ မင်းအကောင်နဲ့ မင်းနဲ့ အနေအထိုင်ဆင်ခြင်။ ဒီကောင့်ကို နောက်တစ်ခါ မျက်စိရှေ့မှာ မြင်လို့ကတော့ မသတ်သာဘူးမှတ်"

သိုက်သည် သူ့ရဲ့အာဏာပြ ဗိုလ်ကျစိုးမိုးသောအသံကို ကဲကဲဆတ် ဒေါသထွက်သွားရကာ ...

"ရှင် မဆိုင်တဲ့လူတွေကို ဘာမှဆွဲထည့်စရာမလိုဘူး။ ကျွန်မက ရှင့်လို ဖောက်ပြန်နေတဲ့ လူစားမျိုးလည်း မဟုတ်ဘူး...

ဒါ ကျွန်မရဲ့မိတ်ဆွေ"



burmeseclassic.com

www.burmeseclassic.com



"ဪ ... မင်းက မင်းအကောင်ကိုထိတော့ နာတယ်ပေါ့ ဟုတ်လား။ ဘာရိုးသားတာလဲ ... ဟင်၊ မြို့စွန်က လူပြတ်တဲ့နေရာမှာ နှစ်ယောက်တည်း ကားတစ်စီးနဲ့ ရှိနေတာ ရိုးသာတာလား ...

ဒီထက်ရိုးသားချင်ရင် အိမ်ပေါ်ပါ ခေါ်တင်ထားလိုက်ပါလား"

"ရှင် မမိုက်ရိုင်းနဲ့"

သိုက်ရဲ့ စူးစူးဝါးဝါး အော်ဟစ်သံအဆုံးတွင် မခက်က အပြေးတစ်ပိုင်း ရောက်လာသည်။ စိုင်းဝဏ္ဏကို ပြော ပါးစပ်ဟတုန်းမှာပဲ ...

"ဝင်မရှုပ်နဲ့ မြခက်ခက်။ ဒါ ငါတို့လင်မယားကိစ္စ။ နဲ့ ဘာမှမဆိုင်ဘူး၊ ဘေးဖယ်နေ"

သိုက်က ဆိုဖာပေါ် ပုံလဲကျနေရာမှ ထ၍ အော်သည်။

"ဘာလင်မယားလဲ၊ ရှင်နဲ့ ကျွန်မ ဘာမှမဆိုင်ဘူး။ ကို ကျွန်မ မပေါင်းနိုင်တော့ဘူး စိုင်းဝဏ္ဏ။ ရှင် ကျွန်





နိုပ်စက်ပေါင်းများပြီ၊ ကျွန်မ တရားရုံးမှာ ရှင်နဲ့ကွာရှင်းခွင့်ကို လျှောက်မယ်"

စိုင်းဝဏ္ဏရဲ့ မျက်လုံးတွေက ကောက်ကျစ်စွာ မှေးစင်းသွားကြသည်။

"လျှောက်လေ ... အဲဒီ လျှောက်ဆိုချက်ဟာ ဘာကြောင့်လျှောက်ရတယ်ဆိုတာ ငါကရော မပြောဘဲ နေမှာလား။ မင်း နောက်ထပ် ယောကျ်ားလိုချင်လို့ လျှောက်ရပါတယ်လို့ ငါကပြောမှာပဲ ...

ဒီဓာတ်ပုံတွေ တင်ပြလိုက်ရုံပဲ။ မင်း အရှက်ကွဲခံနိုင်ရင် လျှောက်လေ ရတနာသိုက်။ ငါကတော့ အဆင်သင့်ပဲ"

"တောက်"

သိုက်သည် ဘက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်ပြီးနောက် မျိုသိပ်နာကျင်ရလွန်းသဖြင့် ရင်ဘတ်ထဲက မခံမရပ်နိုင်အောင် အောင့်လာကာ နေရာမှာတင် လဲပြို၍ ကျသွားလေသည်။ မခက်ရဲ့ အလျင်အမြန် ဖေးမမှုကြောင့်သာ အောက်သို့ ပြုတ်မကျသွားခြင်း ဖြစ်သည်။



burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် မခက်ရဲ့ အကူအညီနှင့်ပင် ဆရာဝ
ပင့်ကာ သိုက်ကို ကုသရ၏။ ဆရာဝန်က သိုက်ရဲ့စိတ်ထော
ကိုယ်ကြေ ဖြစ်နေပုံကို မသက်မသာနှင့် ကြည့်ကာ ...

"ဘယ်လိုဖြစ်ရတာလဲ သိုက်ရယ်။ ဒီလောက်ကြီး စိ
ဆင်းရဲစရာတွေ ကြုံနေရအောင် ဘာဖြစ်နေလို့လဲ ...

သိုက်က စိတ်ဆင်းရဲမှုတွေ ခံစားဖို့ ခံနိုင်ရည်
လုံးဝမရှိဘူးနော်။ ဆေးတွေက အနည်းအကျဉ်း သက်သ
အောင်ပဲ လုပ်ပေးနိုင်မှာ"

သိုက်က ဆရာဝန်ရဲ့ စကားတွေကို ကြားသ
မကြားသလိုဖြင့် မျက်နှာကြက်ကို မျက်စိအကြောင်သား ငေးကြ
နေရင်းမှ ...

"သိုက် ရောဂါက ဘယ်တော့လောက် သေနိုင်မ
ဒေါက်တာ"

"အို ... သိုက်"

မခက်က အလန့်တကြားဖြင့် ဝင်ဟန့်သည်။ ဆ
ဝန်က သိုက် မျက်နှာကို အံ့ဩဟူးဆန်းသလိုကြည့်ကာ ဘာမှ





သိ မသဲမကွဲ ရေရွတ်သည်။ သိုက်ကတော့ ဘယ်သူ့ကိုမှ
ကြည့်မနေပေ။ ရင်ထဲမှာရှိသော ပြောချင်သည့် စကားတွေကိုသာ
တစ်ခုပြီးတစ်ခု ဖွင့်ချနေသည်။

"ဒေါက်တာ့ကိုတော့ အားနာပါတယ်။ နောက်တစ်ခါ
သိုက် နေမကောင်းဖြစ်ရင် လာမကုပေးပါနဲ့တော့ ဒေါက်တာ၊
သိုက် အသက်ရှင်နေရရင် ပိုစိတ်ဆင်းရဲစရာပဲ ဖြစ်မယ် ...

ဖေဖေကတော့ ငြိမ်းချမ်းသွားပြီ။ သိုက်လည်း အဲဒီ
ငြိမ်းချမ်းမှုမျိုးကိုပဲ လိုချင်တော့တယ်။ သိုက် ဖေဖေ့နောက်
ကိုပဲ လိုက်သွားချင်တယ် ...

သိုက် အသက်မရှင်တော့ဘူး။ မနေချင်တော့ဘူး"

ဆရာဝန့်က မြခက်ခက်ကို အံ့ဩသလို လှည့်ကြည့်
သည်။ မြခက်ခက်က ခေါင်းယမ်းပြလိုက်လျှင် ဆရာဝန်က
တစ်စုံတစ်ရာကို နားလည်သဘောပေါက်လို့သွားသည်။ အဲဒီနောက်
သိုက်ကို ချော့မော့သလိုနှင့် ကြည့်ကာ ...

"စိတ်ညစ်တယ် ဆိုတာ ခဏပဲ ခံတာပါ သိုက်ရယ်။
သိုက် နေကောင်းသွားရင် စိတ်ချမ်းသာရမှာပေါ့။ အခု



burmeseclassic.com

www.burmeseclassic.com



ဟောလစ်ပူပူလေး သောက်လိုက်၊ အိပ်ပျော်အောင် အိပ်လိုက်နော် သမီး ...

မနက်မိုးလင်းလို့ နိုးလာရင် နေကောင်းသွားမယ်။ အိပ်ပျော်သွားအောင် အိပ်လိုက်"

"ဘယ်တော့မှ မနိုးတော့တဲ့ အိပ်ခြင်းမျိုးနဲ့ အိပ်ချင်ပါတယ် ဒေါက်တာ"

ဆရာဝန်က ဘာမှဆက်မပြောနိုင်တော့ဘဲ ခေါင်းကိုသာ ဖြည်းဖြည်းခါယမ်းနေတော့သည်။ သိုက်သည် မြခက်ခက် ကမ်းပေးသော ဆေးနှင့် ဟောလစ်ကို ယူသောက်ပြီးနောက် မျက်လုံးကို မှိတ်ချပစ်လိုက်ကာ ဘယ်သူ့ကိုမှ စကားမပြောတော့ပေ။

ဆရာဝန်က သက်ပြင်းတစ်ချက် ချပြီးနောက် မြခက်ခက်ကို မျက်ရိပ်ပြကာ အပြင်ဘက်သို့ ခေါ်ထုတ်လာသည်။

"ဘယ်လိုဖြစ်တာလဲ မမြခက်။ သိုက်ရဲ့ အခြေအနေဟာ တစ်နေ့တခြား ပိုဆိုးနေပါလား။ နှလုံးကပါ သိပ်မကောင်းရတဲ့ကြားထဲ စိတ်တွေပါ ကယောက်ကယက် ဖြစ်နေတယ်





သူ့အမျိုးသားနဲ့ တော်တော်အဆင်မပြေ ဖြစ်နေလား"

"ဟုတ် ... ဟုတ်ကဲ့"

"ဟင်း ... ခက်တယ်ဗျာ။ ဒီကောင်မလေးလည်း ဝဋ်တစ်မျိုးပဲ။ ဖြစ်နိုင်ရင် သူ့ကို တစ်နေရာရာမှာ သွားအနားယူစေချင်တယ် ...

အနားမှာ စောင့်ရှောက်မယ့် ဆွေမျိုးဉာတိကလည်း မရှိ။ အင်း ... မမြခက်ရေ၊ ခင်ဗျားကတော့ သူ့ကိုအတတ်နိုင်ဆုံး စောင့်ရှောက်ပေးပါဗျာ"

"စိတ်ချပါ ဒေါက်တာ၊ သူ့ကို ခရီးထွက် အနားယူဖို့ ကျွန်မ တိုက်တွန်းထားပါတယ်၊ သူ နေကောင်းတာနဲ့ သွားဖို့ စီစဉ်မှာပါ"

"ခုချိန်မှာ သူ့စိတ်တွေက နော်မယ် မဟုတ်တော့ သူ့ကို အမြဲမပြတ် စောင့်ကြည့်နေဖို့တော့ လိုမယ်။ တစ်ခုခုဆိုရင် ကျွန်တော့်ကို အချိန်မရွေး ဖုန်းဆက်ပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ"



burmeseclassic.com

www.burmeseclassic.com



မိသားစုဆရာဝန် ပြန်သွားပြီးနောက် မြခက်ခက်က သိုက်ကို အသာသွားကြည့်လိုက်လျှင် ဆေးအရှိန်ဖြင့် အိပ်မောကျသွားပြီဖြစ်သော သိုက်ကို တွေ့ရသည်။ အိပ်ပျော်နေတာလည်း တစ်မျိုး စိတ်ချမ်းသာရပါတယ် သိုက်။





သိုက်ရဲ့ရှေ့တွင် ဖေဖေက မားမားမတ်မတ်ရပ်ကာ ပြုံးပြလို့နေသည်။ သိုက်သည် ဖေဖေ့ကိုမြင်လျှင် ပထမတော့ အံ့သြသွားကာ နောက်တော့ ဝမ်းသာအားရဖြင့် ပြေးဖက်မိသည်။ သို့သော် ဖေဖေ့ကို မထိမိချေ။ လေထုကြီး တစ်ခုကိုသာ ပွေ့ဖက်မိသလို ဖြစ်သွားသည်။

သိုက်က ဝမ်းနည်းနာကျင်စွာဖြင့် ဖေဖေ့ကို အလန့်တကြား ကြည့်မိသည်။ ဖေဖေက ပြုံးမြဲပြုံးလို့သာပင်။

"သမီးလေး"

ဖေဖေရဲ့ခေါ်သံက လေးနက် နက်ရှိုင်းကာ နူးညံ့လို့နေသည်။ ဖေဖေ့ရဲ့ အပြုံးတွေကလည်း အခါများစွာကနှင့်မတူဘဲ ငြိမ်းအေးလွန်းလှပါသည်။



burmeseclassic.com

www.burmeseclassic.com



"ဖေ ... ဖေ ...။ ဖေဖေ့ဆီကိုလေ ... သမီး ... သမီး ..."

သိုက်က ဖေဖေ့ကို မထင်မှတ်ဘဲ ပြန်တွေ့ရသဖြင့် ဝမ်းသာလုံးဆို့ကာ စကားတွေက တော်တော်နှင့် မထွက်နိုင်ချေ။ ဖေဖေသည် သန့်ရှင်းစင်ကြယ်သော ဝတ်စုံအဖြူကို ဝတ်ဆင်ထားကာ ဖေဖေ့နောက်ပါးဆီမှ အပြာရောင် အလင်းတန်းတစ်ခုကလည်း ကောင်းကင်ပေါ်မှ ထိုးဆင်းကျနေသည်။ ဖေဖေက အဲဒီအလင်းတန်းကြီးထဲက ကျလာတာလား။

အဖြူရောင်မီးခိုးငွေ့တွေ လွှင့်မြောနေသောကြားမှ သိုက်သည် ဖေဖေ့ထံသို့ တစ်လှမ်းချင်း လျှောက်လာနေမိသည်။ သို့သော် ဖေဖေ့ထံကို တော်တော်နှင့် မရောက်နိုင်ချေ။ နီးကာ နေပါလျက်နှင့် ဝေးသလို ဖြစ်နေသည်မှာ ဘာကြောင့်ပါနည်း။

"ဖေဖေ ... ဖေဖေရေ ... သိုက် ... သိုက်လေ ဖေဖေ့ဆီကို လာချင်တယ်။ သိုက်ကို ခေါ်သွားပါ ဖေဖေ ...

သိုက် ... ဒီမှာ မနေချင်ဘူး။ သိုက်ကို ဖေဖေ ခေါ်သွားပါနော်"

"နောက်ကျရင် သမီးလေး စိတ်ချမ်းသာရမှာပါ"





"ဟင့်အင်း ... ဟင့်အင်း။ သမီးဒီမှာနေနေရသရွေ့ဘယ်တော့မှ စိတ်ချမ်းသာမှာ မဟုတ်ဘူး။ ဖေဖေနဲ့ပဲ နေချင်တယ် ...

သိုက်ကို ခေါ်သွားပါ ဖေဖေရယ် ... နော်၊ သိုက် လိုက်ခဲ့ပါရစေ"

ဖေဖေက သိုက်ရဲ့စကားကို မယုံသည့်အလား ပြုံးကာ နောက်ပြန်လှည့်သွားသည်။ အဲဒီအချိန်တွင် သိုက်သည် ကျန်ခဲ့မှာ စိုးသည့်စိတ်ဖြင့် ဖေဖေ့နောက်သို့ အတင်းပြေးလိုက်မိသည်။ ဖေဖေကတော့ အပြာရောင် အလင်းတန်းကြီးထဲသို့ တရွေ့ရွေ့ဖြင့် ပျောက်ကွယ်လို့နေပြီ။

"ဖေဖေရေ ... သိုက်ကို မထားခဲ့ပါနဲ့"

သိုက်က အသံကုန်အော်ဟစ်ကာ ဖေဖေ့နောက်သို့ ဒှတ်အတင်း ပြေးလိုက်သော်လည်း မမီတော့ချေ။ သိုက်ရဲ့ရှေ့တွင် ချောက်ကမ်းပါးကြီးတစ်ခုက ဘွားခနဲပေါ်လာကာ သိုက်သည် အဲဒီအထဲသို့ ပြုတ်ကျ၍ သွားခဲ့တော့သည်။



burmeseclassic.com

www.burmeseclassic.com



## ၇

"အား"

အသံနက်ကြီးနှင့် ကျူးအော်မိပြီး အိပ်ရာမှ ဝေါက်ခနဲ ထထိုင်လိုက်လျှင် အနုနက အဖြစ်အပျက်မှာ တကယ်မဟုတ်ဘဲ အိပ်မက်တစ်ခုမှန်း သိုက် သိသွားသည်။ သို့တော် တကယ့်အတိုင်းပင်။ သိုက်သည် ဖေဖေ့ကို တကယ်တွေ့လိုက်ရသလိုပဲဖြစ်သည်။ အခုတလောမှာ ဖေဖေ့ကိုချည်း သတိရနေလျက် ဖေဖေ့ကိုပဲ တမ်းတနေခဲ့သည်မို့ ဖေဖေဟာ သိုက်ထံကို လာခဲ့သည်ဟုပဲ သိုက် ယုံကြည်လေသည်။

အိပ်ရာက နိုးချိန်တွင် သိုက် တစ်ကိုယ်လုံး ချွေးတွေထွက်လျက် အပြင်မှာ တကယ်ပြေးထားရသလို ရေကလည်း





တော်လျက်ရှိသည်။ ညနေငါးနာရီခွဲလောက်ကတည်းက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သဖြင့် ညနှစ်နာရီ တစ်ရေးပြန်နိုးချိန်တွင် ရေငတ်လျက် ဗိုက်ဆာနေသလိုရှိ၏။

သိုက်က စောင်ကိုဖယ်ပြီးနောက် ခုတင်ပေါ်မှဆင်းလိုက်ကာ အခန်းထဲတွင် ရေပုလင်းကို ရှာကြည့်သည်။ ရေပုလင်းက မရှိပေ။ ကိစ္စမရှိ ဗိုက်ကလည်း ဆာနေသည်မို့ အောက်ထပ်သို့ဆင်းကာ ကောင်မလေးတစ်ယောက်ကိုနှိုးပြီး ခိုင်းဖို့ စိတ်ကူးရကာ သိုက်က အောက်ထပ်သို့ ခပ်ဖြည်းဖြည်းပဲ ဆင်းလာခဲ့သည်။

သိုက်သည် လှေကားထစ်တစ်ချောက် ခပ်ဖြည်းဖြည်း ဆင်းလာရင်းမှ လှေကားအဆုံးသို့ ရောက်ခါနီးတွင် မမြခက်ရဲ့အခန်းမှ မီးလင်းနေတာကို တွေ့မြင်နေရတာကြောင့် ဝမ်းသာလို့သွားသည်။ မမြခက်သည် ဖေဖေ ဆုံးသွားပြီးတည်းက အောက်ထပ်သို့ ပြောင်းရွှေ့သွားခဲ့တာ ဖြစ်သည်။

မနက်ဆိုလျှင် အလုပ်သမားတွေနှင့် အတူထ,ကာ တစ်အိမ်လုံးကို စီမံကွပ်ကဲပေးခဲ့ခြင်း ဖြစ်သည်။ တစ်ခြံလုံးရဲ့ကိစ္စအဝဝကို သိုက်က ဘာမှလှည့်ကြည့်စရာ မလိုချေ။



burmeseclassic.com

www.burmeseclassic.com



သိုက်က မမြခက် အကြောင်းကို တွေးမိသွားရင်းမှ ဒီအချိန်ကြီးထိ မမြခက် တစ်ယောက် မအိပ်သေးဘဲ ဘာများလုပ်နေပါလိမ့်ဟု စဉ်းစားမိသွားကာ ခြေသံကို ခပ်ဖွဖွနင်းလျက် အသာဆင်းလာခဲ့သည်။ တစ်အိမ်လုံး အိပ်မောကျနေတဲ့ အချိန်မှာ တစ်ခုခုတော့ တစ်ခုခုပဲ။

အခန်းနားနှင့် နီးကပ်လာလေလေ အသံတချို့က ခပ်သဲ့သဲ့ ကြားလာရလေဖြစ်လျှင် သိုက်သည် စိတ်ဝင်တစားဖြင့် အခန်းနားသို့ အသာတိုးကပ်၍ လာခဲ့သည်။ အခန်းနားသို့ ရောက်လာလျှင် သိုက်ဟာ တရုတ်ကပ်မှန်အနားသို့ အသာတိုးကပ်သွားမိသည်။ တရုတ်ကပ်မှန်ကို အခန်းထဲက ခန်းဆီးချထားသဖြင့် ဘာမှ မမြင်ရသော်လည်း အထဲက တစ်ခုခုဖြင့် ခန်းဆီးကခံသွားသဖြင့် မျက်လုံးတစ်လုံးစာလောက် နေရာလေးဟာ ဟလို့နေသည်။

"အဟင်း ... ဟင်း။ အလကား ... အပိုတွေ"

ရယ်မောလိုက်ကာ ခပ်ချွဲချွဲ ပြောလိုက်သော အသံမှာ မမြခက်ရဲ့အသံဆိုတာ လုံးဝသေချာ၍နေသည်။ သိုက်သည်





မျက်မှောင့်တစ်ချက်ကြုတ်သွားလျက် အခြေအနေကို အကြီးအကျယ် စိတ်ဝင်စားသွားသည်။ သူ ဘယ်သူနဲ့များ စကားပြောနေတာပါလိမ့်။ သိုက်လိုပဲ အိပ်မက်,မက်ပြီး ယောင်နေတာများလား ...

"ရော် ... အပိုလား တကယ်လား ဆိုတာ ဘယ်လိုယုံအောင် လုပ်ပြရမှာလဲ"

ဒီအသံကိုကြားလျှင် သိုက်ရဲ့မျက်လုံးအစုံမှာ ပြူးကျယ်ဝိုင်းစက်လို့ သွားသည်။ ပါးစပ်အဟောင်းသားတောင် ပွင့်သွားကာ သေချာသွားအောင်ပင် အတုန်တုန်အလှုပ်လှုပ်ဖြင့် ဟ,နေသော ခန်းဆီးစ နေရာလေးမှ အတွင်းသို့ ချောင်းကြည့်လိုက်လေသည်။

မြင်လိုက်ရသော မြင်ကွင်းတစ်ခုကြောင့် သိုက်သည် လန့်မအော်မိအောင် ပါးစပ်ကိုလက်ဖြင့် အလျင်အမြန် အုပ်ပစ်လိုက်ရလေသည်။ ခုတင်ပေါ်တွင် စိုင်းဝဏ္ဏနှင့် မမြခက်သည် စောင်တစ်ခုတည်းကို အတူခြုံထားကာ မမြခက်က စိုင်းဝဏ္ဏရဲ့ လက်မောင်းကို ခေါင်းအုံးထားလျက် လက်များက စိုင်းဝဏ္ဏရဲ့ လည်ပင်းကို သိုင်းဖက်ကာထားသည်။



burmeseclassic.com

www.burmeseclassic.com



ဘုရား … ဘုရား …။ ကမ္ဘာလောကကြီးတစ်ခုလုံး ဘာများ ဖြစ်ကုန်ပါပြီလဲ။ သိုက်သည် အဲဒီမြင်ကွင်းကို စက်ဆုပ်စွာ (သို့မဟုတ်) မယုံနိုင်စွာဖြင့် ငေးကြောင်ကာ ကြည့်နေမိသည်။ မမြခက်ရဲ့ သွယ်ပျောင်းသော လက်ချောင်းတွေက စိုင်းဝဏ္ဏရဲ့ ပါးပြင်ကို ပွတ်သပ်ယုယကာ …

"ဒီလိုမျိုးပဲ တွေ့တွေ့နေရတာ အိပ်ရေးပျက်လှပြီ စိုင်းရဲ့။ သူများကို မစာမနာ … ဟင်း"

စိုင်းဝဏ္ဏက ဟက်ခနဲ တစ်ချက်ရယ်ကာ မမြခက်ရဲ့ ပခုံးသားတွေကို ဖျစ်ညှစ်ပစ်လိုက်သည်။ ပြီးလျှင် နှုတ်ချင်းသွားတိုက်သေးကာ …

"သိပ်မကြာခင် လွတ်လွတ်လပ်လပ် နေရတော့မှာပါ ခက်ရာ။ ဒီပုံအတိုင်းဆို ဟိုကောင်မလည်း သက်ဆိုးရှည်မှာ မဟုတ်ပါဘူး"

သူ့အပြောကြောင့် သိုက်ရဲ့ကျောမှာ မတ်ခနဲဖြစ်သွားသည်။ မမြခက်ရဲ့အသံက ဆက်ထွက်လာသဖြင့် ကမန်းကတန်း ပြန်ကုန်းကာ ငုံ့ကြည့်လိုက်ရပြန်သည်။





"စိုင်းကလည်းကွာ၊ သူက ဒီလောက် ကွာရှင်းခိုင်းနေတာ ကွာပေးလိုက်ပေါ့။ သူလည်း ဒီလောက် ကွာချင်နေတာပဲ၊ လုပ်ငန်းတချို့တလေ စိုင်းပဲ ရမှာပေါ့"

စိုင်းဝဏ္ဏရဲ့ လောဘတက်နေသောရယ်သံက ထွက်ပေါ်လာသည်။ မမြခက်ရဲ့ပါးတစ်ဖက်ကို ဆွဲလိမ်ပစ်လိုက်ရင်းမှ …

"မင်းက လောဘနည်းလှချည်လား ခက်ရဲ့။ ငါကတော့ ဒီလောက်နဲ့ ဘာလို့ တင်းတိမ်နေမှာလဲ။ တကယ်တော့ သူ့အဖေ အဘိုးကြီးက မင်းရေ ငါ့ရောကို ဘယ်လောက် ဖျက်ဆီးသွားလဲ။ မင်း ရထားတဲ့ ဝေစုဆိုတာ သူ့သမီးရထားတဲ့ အစွန်အဖျားပဲ ရှိတယ် …

လုပ်ငန်းတွေကို ဘေးချိတ်ထားဦး။ ဒီကောင်မမှာ ရှိတဲ့ အတွင်းပစ္စည်းတွေကိုက နည်းနည်းနောနောမှ မဟုတ်တာ။ ပစ္စည်းတွေရော ဘဏ်မှာအပ်ထားတဲ့ ငွေတွေရော နောက် … ငါမသိတဲ့ ဟိုတယ်လုပ်ငန်းတွေလည်း ရှိသေးတယ် …

ဒီကောင်မက နည်းနည်းနောနော ချမ်းသာတာ မဟုတ်ဘူး။ သူ မရှိတော့ရင် ဒါတွေက သူ့ရဲ့တရားဝင်



burmeseclassic.com

www.burmeseclassic.com



ယောက်ျားဖြစ်တဲ့ ငါပဲ ရ,ရမှာပေါ့ ခက်ရဲ့။ ကွာရှင်းပေး လို့ ဘယ်ဖြစ်မှာလဲ ...

သူသေမယ့်နေ့ကို ထိုင်စောင့်ရုံပဲပေါ့။ နောက်ဆုံး မသေသေးရင်တောင် မှတ်ပုံတွေ ရှိနေတာပဲ။ ဒါတွေနဲ့ တရားရင်ဆိုင်ရင် သူ့ဆီက လျော်ကြေးတွေ အများကြီး ရမှာပါ ...

မဟုတ်ဘူးလား အချစ်လေး ... ဟင်"

အဲဒီနောက် စိုင်းဝဏ္ဏနှင့် မမြခက်တို့၏ မျက်စိရှက်ဖွယ် အနေအထိုင်ကို သိုက်သည် အော့နလုံးနာစွာ၊ ရွံရှာစက်ဆုပ်စွာ၊ အော်ဂလီဆန်စွာ၊ လုပ်ရက်လိုက်ကြလေခြင်းဟူသော စိတ်ဆင်းရဲကြီးစွာတို့ဖြင့် လှည့်အတွက်မှာ လူက မိုက်ခနဲဖြစ်သွားလျက် နံဘေးမှာရှိနေသောစင်ကို သွားတိုက်မိကာ စင်ပေါ်မှ ပန်းအိုးက အောက်သို့ ခွမ်းခနဲ ကျကွဲသွားသည်။

ချက်ချင်းပဲ "သွားပြီ"ဟူသော အသိက ရင်မှာကြီးစိုးသွားသလို အခန်းထဲမှ စကားသံတွေကလည်း တိတ်သွားကာ စိုင်းဝဏ္ဏရဲ့အသံက ထွက်ပေါ်လာသည်။

"ဘယ်သူလဲ"





သိုက်က မဖြေမိချေ။ အခုမှပင် ကြက်သီးတွေထ, ာကာ ကြောက်စိတ်က ကြီးစိုးလာသည်။ နှလုံးသားတစ်ခုလုံး ာ ဘောက်ဘက်ခတ်နေသလို တဒုန်းဒုန်း မြည်ဟည်းနေသည် ာ ကိုယ့်နှလုံးခုန်သံကို ကိုယ်ပြန်ကြား၍ နေရလေသည်။

"ဟော့ ... အပြင်က ဘယ်သူလဲလို့ မေးနေတယ်လေ"

စိုင်းဝဏ္ဏက ခုတင်ပေါ်မှ ဝုန်းခနဲထ,ကာ တံခါးရှိရာ သို့ လျှောက်လာသော ခြေသံတွေကို သိုက်မှာ ကြားနေရသော် ည်း ဒူးတွေက မခိုင်သောကြောင့် မတ်မတ်တောင် မရပ်နိုင် ချေ။ နံရံကိုမှီကာ အသက်ကို ဝဝရှူရင်း ပြောင်းလဲတော့မည့် ခြေအနေတစ်ခုအတွက် အားအင်တွေကို မွေးထားလိုက်သည်။

တကယ်တမ်းမှာ သိုက်ဘက်က ဘာမှကြောက်စရာ ရှိပေ။ သူတို့နှစ်ယောက်ကသာ အင်မတန် အရှက်မရှိသော ာက်ပြန်သူတွေ ဖြစ်ကြသည်။ စိုင်းဝဏ္ဏက အခန်းတံခါးကို း ခနဲ ဖွင့်လိုက်လျှင် နံရံမှာကပ်နေသော သိုက်ကို တွေ့မြင်လို့ ားသည်။

ပထမတော့ အံ့ဩသလို ရှိသွားပြီး ချက်ချင်းပင် က်နှာက သရော်မော်ကား ပုံစံသို့ ပြောင်းလဲသွားသည်။ နောက်



burmeseclassic.com

www.burmeseclassic.com



မှ အပြေးလိုက်ထွက်ပေါ်လာသော မမြခက်ကလည်း သိုက်ကို တွေ့မြင်သွားလျှင် "အို"ခနဲ အာမေဋိတ် တ,လေသည်။ သိုက်သည် သူတို့နှစ်ယောက်စလုံးကို စူးစူးဝါးဝါး စိုက်ကြည့်လျက် တစ်ခွန်းတည်းသော စကားကို ပျစ်ပျစ်နှစ်နှစ် ပြောလိုက်သည်။

"လူယုတ်မာတွေ"

စိုင်းဝဏ္ဏက ဟက်ခနဲ ရယ်ကာ ကောက်ကျစ်သော မျက်နှာထားဖြင့် သိုက်ရဲ့အနားသို့ တဖြည်းဖြည်း တိုးကပ်လာသည်။

"အေးပေါ့ ... မင်း အမြင်မှာတော့ ငါတို့က ယုတ်မာတယ်ပေါ့ ရတနာသိုက်။ ဒီအချိန်မှာ မင်း သိသွားပြီဆိုတော့ ဘာမှ မထူးတော့ပါဘူး ...

မင်းလည်း မင်းအဖေနောက်ကို လိုက်ရတော့မှာပေါ့"

စိုင်းဝဏ္ဏရဲ့ စကားကြောင့် သိုက်ရဲ့နောက်ကျော ထဲမှာ ချက်ချင်းစိမ့်တက်သွားသည်။ စိုင်းဝဏ္ဏရဲ့ မျက်နှာကတော့ သားကောင်ကို ရက်စက်တော့မည့် မုဆိုးတစ်ယောက်လို အေးအေးစွာ တည်ငြိမ်လို့နေသည်မှာ ဘာအပြစ်မှ မလုပ်ထားတဲ့ အတိုင်း။





သိုက်မှာသာ ဓာချွေးတွေ ပြန်လို့လာလေသည်။

"ရှင် ... ရှင် ... ဘာယုတ်မာဦးမှာလဲ။ အယုတ်တမာကြီး ... ဟင် ... မမြခက်၊ ရှင်လည်း သိပ်အောက်တန်းကျတယ် ...

အောက်တန်းစားတွေ အရှက်မရှိတဲ့လူတွေ ထွက်သွားကြ၊ ကျွန်မ အိမ်ပေါ်က အခုဆင်းသွားကြ"

သိုက်ရဲ့စကားမှ မဆုံးခင် စိုင်းဝဏ္ဏရဲ့ လက်ပြန် ...က်ချက်က သိုက်ရဲ့မျက်နှာပေါ်သို့ ကျရောက်လို့လာလျှင် သိုက် ...ည် ကြမ်းပြင်ပေါ်သို့ ပုံလဲ၍ကျသွားသည်။

သိုက် လဲကျသွားသော နေရာသို့ စိုင်းဝဏ္ဏက ဒူး ...ထောက်ထိုင်ချလိုက်ပြီးနောက် သိုက်ရဲ့ဆံပင်တွေကို ဆောင့်ဆွဲကာ ...က်နှာကို မော့စေပြီးမှ ...

"မင်းက အခုချိန်ထိကို အသံက မာနိုင်တုန်းပဲကိုး ရတနာသိုက်ရဲ့။ မင်းနဲ့ မင်းအဖေက တစ်လမ်းစဉ်တည်းပဲ။ လွန်ခဲ့သော နှစ်,နှစ်ခန့်က မင်းအဖေလည်း ဒီလိုပဲ။ ငါတို့ကို ဒီလိုပဲ တွေ့သွားပြီး ကမူးရှူးထိုးနဲ့ ကားမောင်းသွားပြီး ကားမှောက်သေရတာ"



burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဒါဆို ကျွန်မအဖေကို သတ်တာ ရှင် ... ရှင်ပေါ့"

"နိုး ... နိုး ...။ ငါတို့ မသတ်ပါဘူး။ သူ့ ဘာသာ ကားမှောက်သွားတာပါ။ ဒါပေမဲ့ ဘရိတ်မမိတဲ့ ကားတော့ မောင်းသွားတာပေါ့လေ ... ဟား ဟား ဟား"

"တောက် ... လူယုတ်မာ။ ရှင် ... သတ်တာ။ ကျွန်မအဖေကို ရှင်သတ်တာ"

"စိတ်မကောင်းပါဘူး ရတနာသိုက်။ မင်းကိုလည်း မင်းအဖေရဲ့နောက်ကို ပို့ရတော့မယ်။ မင်းထိုက်နဲ့ မင်းကံပေါ့။ ဒီကမ္ဘာကြီးပေါ်မှာ ဘယ်လိုနည်းနဲ့ သေဆုံးသွားရတယ်ဆိုတာ မင်းကိုယ်မင်းတောင် မသိနိုင်တဲ့ သေနည်းမျိုးနဲ့ မင်း သေရတော့မယ် ...

ဟုတ်ပြီလား"

သူက ပြုံးပြုံးလေးပြောကာ သိုက်ရဲ့ဆံပင်တွေကို နာကျင်အောင် တစ်ချက်ဆောင့်ဆွဲလိုက်သည်။ သိုက်သည် ထိတ်လန့်သော၊ နာကြည်းသော၊ စက်ဆုပ်သော အမည်တပ်၍ မရနိုင်





သော မုန်းတီးခြင်းများစွာ ပါဝင်သည့် မျက်လုံးများဖြင့် သူ့ကို မော့်ကြည့်မိစဉ်မှာပဲ သိုက်ရဲ့မေးရိုးထံသို့ အင်မတန် နာကျင်သော ဝေဒနာတစ်ခုက ကျရောက်လို့ လာခဲ့သည်။

အဲဒီနောက်မှာတော့ သိုက်ရဲ့ကမ္ဘာဟာ လုံးဝအမှောင်အတိ ကျသွားခဲ့တာ ဖြစ်တော့သည်။



burmeseclassic.com

www.burmeseclassic.com



မြခက်ခက်သည် မေ့လဲသွားသော သိုက်ကို ကြည့်ကာ စိုင်းဝဏ္ဏကို တစ်ချက်မော့ကြည့်လျက် ...

"သူ့ကို ဘာလုပ်မလို့လဲ စိုင်း"

စိုင်းဝဏ္ဏက သွေးအေးစွာဖြင့် တစ်ချက်ပြုံးကာ ...

"အစမကျန်တဲ့ လက်စဖျောက်နည်းမျိုးနဲ့ လက်စဖျောက်ပစ်ရမှာပေါ့။ တစ်အိမ်လုံး ဘယ်သူမှ မနိုးဘူး မဟုတ်လား"

မြခက်ခက်က အိမ်အနောက်ဘက် အခန်းကို တစ်ချက်ငေ့ဝဲကြည့်ကာ သေချာသွားဟန် အပြင်ကနေ လော့ချပစ်လိုက်သည်။

"ဘယ်သူမှ မနိုးဘူး စိုင်း။ သူ့ ... သူ့ကို ဘာလုပ်မှာလဲဟင်"





စိုင်းဝဏ္ဏရဲ့ သွေးအေးရက်စက်တော့မည့် ပုံစံကို မြခက်ခက်သည် စိုးရိမ်တကြီးဖြင့် စိတ်ဝင်စားစွာ မေးမြန်းလေသည်။ ကိုယ်ဟာ လောဘကြီးသော ဖောက်ပြန်ရေးသမားဟု ဆိုရသော်လည်း ရာဇဝတ်ပြစ်မှုကြီး တစ်ခုကို ကျူးလွန်ရတော့မည် ဆိုတဲ့အခါမှာ ဓာချွေးတော့ ပြန်မိလေသည်။

သူမရဲ့အဖေ ဦးမြသိုက်တုန်းက ကားဘရိတ်ပေါက်အောင် လုပ်ထားခဲ့တယ် ဆိုသော်လည်း ကိုယ်တိုင်ကိုယ်ကျ သတ်ခဲ့ရတာ မဟုတ်ချေ။

အခု ရတနာသိုက်ရဲ့ အလှည့်မှာတော့ ကိုယ်တိုင် အဆုံးစီရင်ရတော့မည် ဖြစ်သည်။ ဒါဟာ လူသတ်မှုတစ်ခုလို့ တွေးမိလေတိုင်း မြခက်ခက် ကြက်သီးထရလေသည်။

"စိုင်း သူ့ကို တကယ်သတ်မှာလား။ ဒါကို နောက်ဆက်တွဲ ပြဿနာတွေ ..."

မြခက်ခက်ရဲ့ စကားပင် မဆုံးသေးချေ။ စိုင်းဝဏ္ဏက ဖျတ်ခနဲ မျက်လုံးလှန်ကြည့်ကာ ...

"သူ့ကို မရှင်းပစ်လို့ မင်းက ဘာလုပ်ချင်လို့လဲ ခက်။ ဒီမိန်းမက အားလုံးသိသွားပြီလေ။ မင်းကိုရော ဒီအတိုင်း



burmeseclassic.com

www.burmeseclassic.com



သူက ကြည့်နေမှာလား။ အခုနက မင်းကိုကြည့်
အကြည့်တွေမှာ ဝါးစားချင်တဲ့ အရိပ်တွေ မမြင်ဘူးလား
သူ သတိရလာရင်လည်း ရဲကို သွားတိုင်မှာ
အခွင့်အရေးဆိုတာ တစ်ကြိမ် တစ်ခါပဲ လာတယ် ခ
ခက်၊ ဒါဟာ ကံကြမ္မာက ငါတို့ကို အခွင့်အရေးပေး
အချိန်ပဲ။ သူဟာ စိတ်ကျဝေဒနာ ခံစားနေရတယ် ဆို
လည်း မင်းအသိပဲ။ ဒါမျိုး ဝေဒနာရှင်တွေဆိုတာ ဘာ
ဖြစ်သွားနိုင်တယ် ...

ကဲ ... ဒီတော့ မင်း သူအမြဲမောင်းတဲ့ သူ့ကား
သွားထုတ်ခဲ့ပါ"

ခက်က ခေါင်းတစ်ချက်ညိတ်ကာ နံရံပေါ်မှ
ကိုဖြုတ်လျက် ဂိုဒေါင်ထဲမှ သိုက်ရဲ့ကားကို သွားထုတ်လာ
ပေါ်တီကိုအောက်တွင် ရပ်ပေးလိုက်သည်။ စိုင်းဝဏ္ဏသည် သိုက်
ပွေ့ချီလာကာ ကားနောက်ခန်းထဲသို့ ထည့်လေသည်။ ပြီး
ကားမောင်းတဲ့သူနေရာ၌ ဝင်ထိုင်ပြီးနောက် ...

"ခက် ... မင်းက ကိုယ့်ကားကို မောင်းပြီး နောက်က
ခဲ့။ ငါတို့ သူနဲ့အတူ သူ့ကားကိုပါ ထည့်သင်္ဂြိုဟ်ပေး





မြခက်ခက်မှာ မျက်လုံးပင့်၍ အံ့အားသင့်သွားသော်လည်း ဘာမှ ဆက်မမေးနိုင်သေးချေ။ ခေါင်းအမြန်ညိတ်ကာ နောက်ထပ် ကားတစ်စီးကိုထုတ်လျက် စိုင်းဝဏ္ဏ မောင်းသော နောက်မှ လိုက်မောင်းလာခဲ့ရသည်။

အပြင်ဘက်တွင် မိုးက ခပ်ဖွဲဖွဲကျနေရာမှ ပိုလို့သည်းလာသည်မှာ သိုက်အတွက် ဝမ်းနည်းစွာ ငိုကြွေးနေသလိုပဲဖြစ်သည်။ ဖခင်ဆုံးပါးသွားခဲ့ချိန်မှစ၍ ခင်ပွန်းသည်၏ သစ္စာဖောက်ပြန်မှု၊ စိတ်ဆင်းရဲအောင် နှိပ်စက်မှုတို့နှင့်သာ ရှင်သန်နေခဲ့ရသော သိုက်၏ နိဂုံးချုပ်သည် ဘာမှမသိသောဘဝဖြင့် သေဆုံးသွားရတော့မည်ဖြစ်သည်။

စိုင်းဝဏ္ဏ မောင်းလာသောကားသည် မြို့ပြင်ကို ကျော်ဖြတ်ကာ အဝေးပြေးလမ်းဘက်သို့ ရောက်လာသည်။ အဲဒီနောက် အန္တရာယ်ကွေ့နေရာတွင် ကားကိုရပ်လိုက်သည်။ ဒီနေရာသည် ယာဉ်မတော်ဆမှုတွေ မကြာခဏဖြစ်တတ်သောနေရာဖြစ်သည်။ ကားရပ်ပြီးလျှင် သိုက်ကိုပွေ့ကာ နောက်ခန်းထဲမှ ထုတ်ရသည်။ မိုးစက်ကြမ်းကြမ်းများသည် သိုက်ရဲ့မျက်နှာပေါ်သို့ ကြမ်းတမ်းစွာ ကျရောက်လို့ သွားလေသည်။ အဲဒီနောက်



burmeseclassic.com

www.burmeseclassic.com



သိုက်ကို မောင်းသူနေရာတွင် နေရာတကျထားကာ ကားတံ
ကို ပိတ်လိုက်သည်။ ထိုအချိန်မှာပင် မြခက်ခက်ကလည်း ကား
ပေါ်မှ ဆင်းလာကာ မဝံ့မရဲနှင့် လာကြည့်လေသည်။

ပစ်ရက်စရာမရှိသော အင်မတန် ချမ်းသာကြွယ်
သည့် ရတနာသိုက်ရဲ့ဘဝသည် အဲဒီငွေတွေကြောင့် မရှုမလှအား
သိမ်းရတော့မည်ဖြစ်သည်။ မြခက်ခက်က တွေဝေစွာ ငေးနေတုန်း
မှာပဲ စိုင်းဝဏ္ဏက ကားကိုတွန်းကာ ချောက်ထဲသို့ ဦးတည်လိုက်
လေသည်။

အဲဒီနောက် သိုက် ပါဝင်သော ကားလေးသည်
ချောက်ကမ်းပါးစွန်းမှတစ်ဆင့် နက်ရှိုင်းလှသော ချောက်ကြီး
သို့ တအိအိဖြင့် ပြုတ်ကျသွားတော့တာဖြစ်သည်။ သိပ်မကြာ
မှာပဲ ကြီးမားသော ပေါက်ကွဲသံကြီးနှင့်အတူ မီးတောက်ကြီး
တစ်ခုကို မြင်တွေ့လိုက်ရလျှင် စိုင်းဝဏ္ဏက နှစ်နှစ်ခြိုက်ခြိုက် ပြုံး
မိသွားကာ မြခက်ခက်ရဲ့ ပခုံးကိုဖက်လျက် တစ်စုံတစ်ရာကို ခပ်
တိုးတိုး ပြောလိုက်တော့လေသည်။

"ငါတို့အတွက် အားလုံးရှင်းသွားပြီ ခက်ခက်"





နံနက်ခင်းတွင် သူ အိပ်ရာက နိုးတာနှင့် တစ်ပြိုင်နက်
မောင်ချိုသည် သူ့အနားသို့ အမောတကော ရောက်လာကာ ...

"ကိုတော်ဝင် ... ဟို ... ဟိုလေ ... သတင်းဦး သတင်းထူး
ပြောမလို့ စောင့်နေတာဗျ"

သူက သွားတိုက်ဆေးကို သွားပွတ်တံပေါ် ညှစ်ချ
ရင်းမှ ...

"အဲဒါက ငါ ထမင်းစားပွဲ ရောက်တဲ့အထိတောင် မစောင့်
နိုင်တော့ဘူးလား။ မင်းရဲ့ မပြောရင် မနေနိုင်တာကလွဲလို့
ရောဂါက တော်တော်ဆိုးနေပြီနဲ့ တူတယ်"



burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... မဟုတ်ဘူး။ ဒါက ကိုတော်ဝင်နဲ့လည်း ဆိုင်တယ်။ ကိုတော်ဝင် ... ကိုတော်ဝင်ရဲ့မိတ်ဆွေ ဟို အစ်မကြီးလေ ... သိုက် ... သိုက် ..."

"အင်း ... သိုက် ... ဘာဖြစ်လို့လဲ"

"အဲဒီ သိုက် ဆုံးသွားပြီတဲ့ဗျ"

သူ့လက်ထဲမှာ ကိုင်ထားသော သွားပွတ်တံမှာ အောက်သို့ ပြုတ်ကျသွားသော်လည်း သူ့ပါးစပ်ကတော့ တကယ့်ကို အဟောင်းသား ပွင့်သွားရတာဖြစ်သည်။ အဲဒီပွင့်သွားသော ပါးစပ်ဟာ တော်တော်နှင့် ပြန်မပိတ်နိုင်သလို သူ့ရင်ထဲမှာလည်း တုန်ဟည်းမှုများစွာဖြင့် တစ်ခုခုကို တွေးမိကာ တထိတ်ထိတ် ဖြစ်လာရပြီဖြစ်သည်။

သို့သော် သူဟာ ဒီသတင်းကို အတည်မပြုပါရစေနဲ့ဦး။ သူ မယုံချင်သေးပေ။ ရှင်သန်ခြင်းနှင့် သေဆုံးခြင်းဟာ နံရံပါးပါးလေး တစ်ချပ်သာ ခြားထားတာမို့ သေဆုံးတယ်ဆိုသော ကိစ္စဟာ ဘာမှ မဆန်းကြယ်သော်ငြားလည်း သိုက်ဟာ သေဆုံးဖို့ အချိန် မကျရောက်သေးဘူးဟု သူ ထင်ပါသည်။

"မင်း ... မင်း ကြားလာတာ ဟုတ်ရော ဟုတ်ရဲ့လား"





မေးသာ မေးရသော်လည်း သူ့ရင်ထဲတွင် မျှော်လင့်ချက်က အားနည်းနေတယ်ဆိုတာ သူပဲ သိသည်။ ရတနာသိုက် ဆိုသော မိန်းကလေးသည် ငွေကလွဲ၍ ဘာမှမပြည့်စုံသော မိန်းကလေးဖြစ်ကာ စိတ်ကျဝေဒနာရောဂါရှင်၊ နှလုံးရောဂါရှင် ဟူသော အပိုဒုက္ခဆုတွေကိုပါ လက်ခံရယူထားသူ ဖြစ်သေးသည်။

"ဟုတ်ပါတယ်ဆိုဗျာ။ ကျွန်တော် မနက်ခင်း ဈေးတန်းသွားတည်းက ကြားလာတာ။ တစ်မြို့လုံး ဒါပဲပြောနေကြတာ၊ လက်ဖက်ရည်ဆိုင်မှာ ပလာတာ ဝင်ဝယ်တော့လည်း ဒီသတင်းပဲ။ သူသေပုံက ထူးထူးဆန်းဆန်း ကားကချောက်ထဲကိုကျပြီး မီးလောင်ပြီး သေတာဗျ"

"ဘာ ... ကားက ချောက်ထဲကိုကျပြီး မီးလောင်သွားတယ်၊ ဟုတ်လား။ ဒါ ... ဒါဆို သူ့အလောင်းကရော"

"မီးလောင်ပါတယ် ဆိုမှတော့ ဘယ်လိုလုပ် ရုပ်အလောင်းတွေ့ရတော့မှာလဲ ကိုတော်ဝင်ရဲ့။ ဒီနေ့မနက် တောထဲမှာ ထင်းခုတ်တဲ့သူတွေက ကားတစ်စီး မီးလောင်ထားတာတွေ့လို့ ရဲစခန်းကို အကြောင်းကြားတာ ...



burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ရတနာသိုက်ရဲ့အိမ်ကလည်း ရတနာသိုက် ပျောက်နေလို့ စခန်းမှာ တိုင်ချက်လာဖွင့်တာနဲ့ တိုက်စစ်ကြည့်တော့ ချောက်ထဲကျနေတဲ့ကားဟာ ရတနာသိုက် တစ်ဦးတည်းပဲ မောင်းတတ်တဲ့ကား ဖြစ်နေတာကို တွေ့ရတယ် ...

သူ့အိမ်ရဲ့ပြောပြချက်၊ ရဲစခန်းရဲ့ သုံးသပ်ချက်တွေကို ပေါင်းကြည့်လိုက်တော့ ရတနာသိုက်ဟာ မသေဆုံးခင်က ဆရာဝန်နဲ့ ဆေးကုသမှု ခံယူခဲ့သေးတယ်ဆိုပဲ။ အဲဒီအချိန်မှာ ဆရာဝန်ကို သူ အသက်မရှင်ချင်တော့တဲ့အကြောင်း ခဏ ခဏပြောသေးတယ်တဲ့ ...

နေမကောင်းလို့ ဆရာဝန်က ဆေးထိုးပေးခဲ့တော့ ညနေငါးနာရီခွဲလောက်တည်းက အိပ်ပျော်နေခဲ့တာလို့ ပြောတယ် ...

ဘယ်အချိန်က အိမ်ကထွက်သွားမှန်းတော့ မသိရဘူးတဲ့။ သူ ထွက်သွားတာကိုလည်း တစ်အိမ်လုံး ဘယ်သူမှ မသိကြဘူးတဲ့။ မနက်ခင်း ငါးနာရီလောက်မှာ သူ့ရဲ့





မိတ္တေး မြမြခက်က နေကောင်းရဲ့လား၊ သက်သာလားဆိုပြီး သူ့အခန်းထဲ ဝင်ကြည့်တော့မှ လူလည်း မတွေ့၊ နောက်ဆုံး တစ်အိမ်လုံး ရှာတော့မှ ကားပါမတွေ့တာနဲ့ ရဲစခန်းမှာ တိုင်ချက်ဖွင့်တာလို့ သိရတယ်"

မောင်ချိုသည် ကြားသိလာရတာ မှန်သမျှကို သူ့အား ဟန်နှင့် ပန်နှင့် ပြောပြနေသော်လည်း သူဟာ အခါတိုင်းလို မရယ်မောနိုင်တော့ပါ။ သူ့နားထဲတွင် သိုက်ပြောခဲ့သော စကားသံတို့က ထပ်ခါ ထပ်ခါ ပဲ့တင်ရှိနေသည်။

သိုက်သည် သူ့ကို မိတ်ဆွေကောင်းတစ်ယောက်ကို ခံကြည်အားကိုးပုံမျိုး ဖြင့် ခတ်ပုံတွေနှင့် ငွေညှစ်သောကိစ္စအား ဆိုင်ပင်ခဲ့သည်။

သိုက်က ခင်ပွန်းသည် မသိစေချင်သောကြောင့် ငွေပေးဖို့ ဆုံးဖြတ်ခဲ့သော်လည်း၊ အဲဒီဆုံးဖြတ်ချက်ကို သူက ဘန့်ကွက်ခဲ့သည်။ သတ်မှတ်ထားသော စနေနေ့တွင် သိုက်က ငွေမပေးခဲ့။ အခုတော့ သိုက် သေဆုံးသွားပြီဆိုသော သတင်းကို တနင်္လာနေ့မနက်တွင် သူ လက်ခံခဲ့ရပြီဖြစ်သည်။



burmeseclassic.com

www.burmeseclassic.com



သိုက် သေဆုံးသွားတာဟာ သူ့ပယောဂရော ကင်းပါရဲ့လား။ သူသည် သိုက်သေဆုံးသွားတာကို ပထမဆုံး ကြားရစဉ်မှာ အံ့ဩခြင်းများစွာ ဖြစ်ခဲ့ရပြီးနောက် ဒုတိယ၊ တတိယ စတုတ္ထ စသဖြင့် အဆုံးမရှိသော ခံစားမှုတွေကတော့ ဝမ်းနည်းကြေကွဲမှုတို့က အတောမသတ်နိုင်ခြင်းပဲ ဖြစ်လေသည်။

ပြီးတော့ အဓိက သူ သိချင်သည်မှာ ဓာတ်ပုံကိစ္စတွေနှင့် ပတ်သက်၍ သိုက်နှင့် သူ့ခင်ပွန်း ပြဿနာဖြစ်,မဖြစ်ဆိုတာ ဖြစ်သည်။

ဒါတွေကို သူ့အား ပြောပြနိုင်မည့်သူ ဘယ်သူရှိမလဲ။ သူဟာ စိတ်ထားသိပ်ဆိုးပုံမပေါ်သော သိုက်ရဲ့မိတွေးတော်စပ်သူ မြခက်ခက် ဆိုသည့် ဆံပင်ရှည်ရှည်နှင့် အမျိုးသမီးကိုပြေး၍မြင်သည်။

အဲဒီနောက် သူဟာ တစ်ခါသာ ခြေချခဲ့ဖူးသော ရတနာစံအိမ်သို့ ရောက်သွားခဲ့ပါသည်။

ရတနာစံအိမ်သည် ဒီနေ့တော့ နာရေးရှိနေသည်။ အဝင်အထွက်ကို သိပ်မစစ်ဘဲ ခြံတံခါးကို ဖွင့်ပေးထားသည်။





သူက ကားကို တခြားကားတွေ ရပ်သလိုပဲ ခြံဝင်းတစ်နေရာမှာ ရပ်ခဲ့ပြီးနောက် လွမ်းသူ့ပန်းခြင်းကိုယူကာ အိမ်ထဲသို့ လျှောက်ဝင်လာခဲ့သည်။ သူ့မျက်လုံးတွေကတော့ သိုက်ရဲ့မိတွေး ဆိုတာကို ရှာဖွေလျက် ရှိနေသည်။

တိုက်ထဲတွင် စကားပြောသံသဲ့သဲ့မှအပ ငိုယိုမှုအသွေးမှုတွေက ရှိမနေချေ။ လူတချို့က သူ ဝင်လာတာကိုတွေ့လျှင် စိတ်ဝင်စားစွာ အကဲခတ်ကြသော်လည်း သူက သိပ်ဂရုစိုက်မနေပါ။ ညှိခန်းရဲ့ ထောင့်တစ်နေရာတွင် သိုက်ရဲ့ဓာတ်ပုံမှန်ပေါင်ကြီးကို စားပွဲတစ်ခု၌ တင်ထားကာ ပန်းစည်းခြင်းတွေက ဓာတ်ပုံအောက်တွင် ပတ်လည်ဝိုင်းနေသည်။

ဓာတ်ပုံထဲမှ သိုက်သည် အခုလက်ရှိအချိန်ထက် ငယ်နေကာ မျက်နှာက အစွမ်းကုန် ကြည်လင်ဝင်းပနေလျက် နှစ်ခြိုက်စွာဖြင့် သွားပေါ်အောင် ပြုံးရယ်နေသည်။ လှပခဲ့သော ချွဲရောင်အတိတ်က ဓာတ်ပုံပဲ ဖြစ်ပေလိမ့်မည်။ သူဟာ ဓာတ်ပုံကို ငေးကြည့်နေတုန်းမှာပဲ သူ့ပခုံးတစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲလှည့်တာကို ခံလိုက်ရသည်။



burmeseclassic.com

www.burmeseclassic.com



သူ့ကို စူးရှသော မျက်လုံးများဖြင့် ကြည့်နေတာက သိုက်၏ ခင်ပွန်းယောက်ျားပဲ ဖြစ်တော့သည်။

"တော်ဝင်အောင် ဆိုတာ မင်းလား"

သူက သတိအနေအထားဖြင့် အဲဒီလူကို ခပ်တည်တည်ပဲ ပြန်ကြည့်ကာ ...

"ဟုတ်တယ်၊ ကျုပ် သိုက်ရဲ့ရှာပနကို သတင်းလာမေးတာ"

"သိုက် ! ။ ဟား ဟား ... တော်တော် မျက်နှာပြောင်တဲ့ကောင်ပါလား။ ဟေ့ကောင် ... မင်း အခုချက်ချင်း ဒီအိမ်ထဲက ထွက်သွားစမ်း"

"ဘာဆိုင်လို့ ထွက်သွားရမှာလဲ၊ ကျုပ်က သိုက်မိတ်ဆွေပဲ။ သိုက် ဘယ်လိုဆုံးသွားရတာလဲ ကျုပ် သိချင်တယ်။ သိမှ ဖြစ်မယ်"

"ဟေ့ကောင် ... မင်းနဲ့ သိုက် ဘာဆိုတာ ငါသိတယ်။ အဲဒီတော့ ငါ့စိတ်တွေ သိပ်ဒေါသထွက်မလာခင် ဒီခြံထဲက မင်း အမြန်ပြန်သွားလိုက်"





ဒီလောက်ဆို သူ သဘောပေါက်လိုက်ပြီ။ သိုက်ကို ဒြိမ်းခြောက်ခဲ့သော စာတိပုံများသည် ဒီလူ့လက်ထဲသို့ ရောက်သွားပြီဆိုတာ သေချာလို့ သွားခဲ့ပြီဖြစ်သည်။ သူက ရှင်းပြဖို့ တာဝန်ရှိသည်ဟု ယူဆကာ စိတ်ကိုတစ်ထစ်လျှော့ချလိုက်သလို မျက်နှာကိုလည်း ပြင်ယူလိုက်ကာ ...

"ခင်ဗျား ထင်တာတွေ မှားနေပြီ ကို ... ...။ ကျွတ် ... ကဲ ... ထားပါ။ ခင်ဗျား အထင်လွဲနေတာ။ ကျွန်တော်နဲ့ သိုက်နဲ့ ဘာမှမပတ်သက်ဘူး။

ကျွန်တော်တို့ ရိုးရိုး ..."

သူက စကားကိုတောင် ဆုံးအောင်မပြောရချေ။ ဒီသူက သူ့ပခုံးတစ်ဖက်ကို မိုက်မိုက်ရိုင်းရိုင်းပင် ဆောင့်တွန်းစကာ ...

"ဟေ့ကောင် ... ဘာမှ အပိုတွေ လာပြောမနေနဲ့။ မင်းနဲ့ ရတနာသိုက်တို့ရဲ့ မြို့ပြင်က ကားထဲက စာတိပုံတွေ ငါ့ဆီ ရောက်လာပြီးသား ...

မင်း ဘာငြင်းမလဲပြော၊ မင်း ဘာရည်ရွယ်ချက်နဲ့ ဒီအထိ ရောက်လာရတာလဲကွ ... ဟမ်"



burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ... ခင်ဗျားစကားတွေ သိပ်လွန်နေပြီနော်။ ခင်ဗျား ကျုပ်သိက္ခာကို မစော်ကားနဲ့။ ကာမပိုင်လင်ယောကျ်ားရှိတဲ့ မိန်းမတစ်ယောက်နဲ့ ဖောက်ပြားရတဲ့အထိ ကျုပ် အောက်တန်းမကျဘူး ...

အဲဒီဓာတ်ပုံတွေဟာ သက်သက်မဲ့ လုပ်ကြံထားတာ။ သိက်ဆိမှာ ငွေညှစ်ချင်လို့ ဖန်တီးထားတာ"

"သြော် ... ဒါဆို မင်းက တကယ်ပဲ သိုက်ကို ကားနောက် ခန်းထဲကို ပွေ့မချီသွားခဲ့ဘူးပေါ့"

ထိုလူက သူ့ကို ရိုတိုတိုကြည့်ကာ ချောင်ပိတ်သော မေးခွန်းဖြင့် မေးမြန်းတာ ဖြစ်လေသည်။ အဲဒီမေးခွန်းသည် ယောကျ်ားအချင်းချင်း သူ့ရဲ့သိက္ခာကို စုတ်ပြတ်သတ်အောင် နှင်းခြေသော စကားမျိုးဖြစ်သည်။ လောကကြီးတွင် တချို့အမှန် တရားများမှာ ဘယ်လိုမှ ဖြေရှင်းမရအောင် ရှုပ်ထွေးတတ်ကြောင်း သူ အခုမှ သဘောပေါက်လေပြီ။

"ဟော့ကောင် ... ဘာတွေမှ ရှည်ရှည်ဝေးဝေး လာပြော နေနဲ့ကွာ။ မင်းမျက်နှာကို မကြည့်ချင်ဘူး၊ ထွက်သွားစမ်း ထွက်သွား ...





ဟော့ကောင်တွေ ဒီကောင့်ကို ဆွဲထုတ်လိုက်ကြစမ်း ကွာ။ အလကား ကြာကူလီကောင်"

နောက်ဆုံး ပြောလိုက်သောစကားကတော့ သူ့ဒေါသ နက်တံကို မီးရှို့ပေးလိုက်သလိုပဲ ဖြစ်သည်။ သူဟာ ဘာရယ် ာရယ် စဉ်းစားမနေတော့ဘဲ အဲဒီလူရဲ့ မျက်ခွက်တည့်တည့်ကို ိုးချပစ်လိုက်တာ ဖြစ်သည်။ ထင်မှတ်မထားသောကြောင့်ရော ူ့လက်သီးရှိန်က ပြင်းထန်တာရောကြောင့် ထိုလူဟာ နောက်သို့ က်လက်လှန် လဲကျသွားသည်။

ဒါပေမဲ့ ချက်ချင်းပဲ လူးလဲထ,လာကာ အခြေအနေ ရတ်တရက် ရှုပ်ထွေးလို့ သွားလေသည်။ လူကြီးတချို့က င်ရောက်ဖျန်ဖြေသောကြောင့်သာ သူက ယက်ကန် ယက်ကန် ် ကားအနားထိ ရောက်လာခဲ့ခြင်းဖြစ်သည်။ ထိုလူရဲ့အသံက ာ့ ဟိန်းထွက်ညံလို့ နေဌလသည်။

"ဟော့ကောင် ... ကြာကူလီ၊ မင်း နောက်တစ်ခါ ငါနဲ့ တွေ့လို့ကတော့ သေဖို့သာပြင်ထား ...

တောက် ... xxx xxx"



burmeseclassic.com

www.burmeseclassic.com



ထိုလူက သူ့ကို မိုက်ရိုင်းရမ်းကားစွာ ပြောဆိုနေတာကို ကြားရလျှင် တော်တော့်ကို အဆင့်အတန်း မရှိသောသူဟူ၍ သုံးသပ်ရသည်။

ဒီလိုလူမျိုးနှင့် ပေါင်းသင်းနေရသော သိုက် တစ်ယောက်ဟာ နှလုံးရောဂါနှင့် စိတ်ကျဝေဒနာပါ တွဲ၍ခံစားရသည်မှာ အဆန်းမဟုတ်တော့ဆိုတာ သူ နားလည်သဘောပေါက်သွားသည်။ သူ့ကားပေါ်သို့ မတက်ခင်မှာပဲ အနက်ရောင် ရှမ်းဝတ်စုံဝတ်ထားသော သိုက်ရဲ့မိထွေးတော်က ရောက်ရှိလို့လာသည်။

"ကျွန်မ အထူးတောင်းပန်ပါတယ် ကိုတော်ဝင်အောင်"

"ကိစ္စမရှိဘူး။ ဒါဟာ သူ့ရဲ့အဆင့်အတန်းကို ဖော်ပြနေတာပဲ။ ကျွန်တော် ဒီကိုလာခဲ့တာဟာ ခင်ဗျားနဲ့ တွေ့ချင်လို့ပါ မမြခက်ခက်"

သူမက သူ ပြောချင်နေသော စကားတွေရဲ့အဓိပ္ပာယ်ကို နားလည်သဘောပေါက်ဟန် တူသည်။ သူ့စကားကို ခေါင်းတစ်ချက်ညိတ်ပြရင်းမှ ...

"မနက်ဖြန် မနက်ဆယ်နာရီ လပ်ကီးစားတော်ဆက်မှာ စောင့်နေပါ။ ကျွန်မ ရောက်လာခဲ့ပါ့မယ်"





"ကျေးဇူးပဲဗျာ။ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

သူက မြခက်ခက်ကို နှုတ်ဆက်ပြီးလျှင် ရတနာခြံထဲမှ ကားကို ကွေ့ပတ်မောင်းထွက်လာခဲ့သည်။ အပြန်လမ်းတွင် သိုက်ရဲ့ဝိညာဉ်က သူ့အနားသို့ ကပ်ပါလာခဲ့သလိုပင်။ သူ့အတွေးထဲမှာ သိုက်ကသာ ကြီးစိုး၍နေသည်။ အထူးသဖြင့် သူ့ပယောဂကြောင့်စွာဖြင့် သိုက် သေဆုံးသွားရတာကို သူ ဘယ်လိုပဲ ခံစား၍ရနိုင်ခြင်းပဲ ဖြစ်လေသည်။

စနေနေ့မှာ ငွေတောင်းခဲ့သည်။ မပေးခဲ့သောကြောင့် တနင်္ဂနွေနေ့ညတွင် သိုက်ဆုံးပါးသွားခဲ့ပြီ။ ဒါဟာ သူ့စိတ်ဦးနှောက်ထဲကို ပိုးတစ်မျိုး ထိုးကိုက်နေသလို ဘယ်လိုမှ နေလို့ထိုင်လို့ မရဘဲ တဆစ်ဆစ်နှင့် ဖြစ်လျက်ရှိနေသည်။ သူ့ရဲ့မိတ်ဆွေမလေး သိုက် သေဆုံးသွားရခြင်းဟာ သေွးရိုးသားရိုးရောဂါတ်ပါရဲ့လားဟု သူ သံသယဝင်မိလေသည်။

ဒီသံသယကတော့ လျှို့ဝှက်ထားရမည့် သံသယတစ်ခုသာ ဖြစ်သည်။



burmeseclassic.com

www.burmeseclassic.com



သူဟာ မြခက်ခက် ချိန်းဆိုထားခဲ့သော လ
စားတော်ဆက်သို့ မနက်ဆယ်နာရီမထိုးခင်တည်းကပင် ကြ
ရောက်ရှိလို့ နေခဲ့လေသည်။ ဆယ်နာရီထိုးပြီးချိန်မှာတော့ မြ
ခက်က ရောက်ရှိလို့လာသည်။ သူက အခုမှပင် မြခက်ခက်
သော မိန်းမကို သေချာ အကဲခတ် ကြည့်ရသည်။ သူ့
အသက်အနည်းငယ် ကြီးမည့်ပုံပေါ်သော ထိုမိန်းမသည် အ
အရွယ်နှင့် လိုက်ဖက်သော ဝတ်စားဆင်ယင်မှုမျိုးဖြင့်သာ
တွေ့ရလေသည်။

အထူးသဖြင့် သူ တွေ့လိုက်တိုင်းကတော့
ဝတ်စုံတွေနဲ့ပဲဖြစ်သည်။ ခင်ပွန်းသည်ဆုံးပါးသွားတာတောင်
နှင့်အတူ ဆက်၍နေထိုင်သည်ဆိုတော့ သူမနှင့်သိုက်ဟာ





ပြေသည်ဟုတော့ ခန့်မှန်းရမည်။ ပြီးတော့ သူ သိချင်တာတွေကို လည်း ဒီအမျိုးသမီးကပဲ ပြောပြနိုင်လိမ့်မည်ဟု ယူဆ၍ရသည်။

"ထိုင်ပါ မြခက်ခက်။ ဘာသုံးဆောင်မလဲ"

"ကော်ဖီပဲ သောက်ပါ့မယ်။ ကိုတော်ဝင်ကို အားနာလို့သာ ကျွန်မ ရောက်လာခဲ့တာပါ။ ပြောရရင်တော့ အပြင်သိပ်မထွက်ချင်ဘူး ...

စိတ်ထဲမှာ တော်တော်မကောင်းဘူး ဖြစ်နေတယ်"

"ဟုတ်ကဲ့။ ကျွန်တော် နားလည်ပါတယ်။ အခုလို ရောက်လာပေးတာလည်း ကျေးဇူးတင်ပါတယ်"

"ရပါတယ် ကိုတော်ဝင်အောင်။ ရှင် သိချင်တာတွေ ကျွန်မကိုမေးပါ။ ကျွန်မ သိသလောက် ပြောပြပါ့မယ်"

"ပထမဆုံးပြောချင်တာကတော့ ကျွန်တော်နဲ့သိုက်က ရိုးရိုးသားသား မိတ်ဆွေတွေဗျ။ ဒီထက် ဘာမှမပတ်သက်ဘူး ...

တကယ့်ကိုပဲ ရိုးရိုးသားသားခင်တာ။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ သိုက်ရဲ့ ဘဝအခြေအနေကို တစေ့တစောင်း သိနေခဲ့တဲ့အတွက် စာနာသနားမိတယ် ...



burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စိတ်ဓာတ်ကျနေတဲ့ သူ့ကို မိတ်ဆွေ ကောင်းပီသစွာ အားပေးတယ်။ ဒါပဲ … ဒီထက်ဘာမှမပိုဘူး"

"ဟုတ်ကဲ့ … ဒါကို ကျွန်မ နားလည်ပါတယ်၊ သိုက်က လည်း ဒါမျိုးဖြစ်မယ့် မိန်းကလေး မဟုတ်ဘူးဆိုတာ ယုံ ပြီးသားပါ၊ …

ဒါပေမဲ့ စိုင်းဝဏ္ဏက သိပ်ခေါင်းမာတယ်ရှင့်၊ တကယ့် တစယူသန် တစ်ဇွတ်ထိုး၊ အကောင်းဆုံးကတော့ သူနဲ့ မပတ်သက်တာ အကောင်းဆုံးပါပဲ …

ရှင့်ကိုလည်း သူနဲ့မပတ်သက်ဖို့ ကျွန်မ တောင်းပန် ချင်တယ်"

သူက မြခက်ခက်ရဲ့ မျက်နှာကို သေချာစွာကြည့် မိသည်။ ထိုအမျိုးသမီးရဲ့ ပုံစံဟာ သူနှင့် စိုင်းဝဏ္ဏတို့ ပြဿနာ ဖြစ်မှာကို စိုးရိမ်နေတဲ့ပုံ ပေါ်လွင်၍နေသည်။

သူက ခေါင်းတစ်ချက် ယမ်းလိုက်ကာ …

"ဒါတွေက ထားပါလေ။ ကျွန်တော် အဓိက သိချင်တာ က သိုက် တကယ်ပဲ သေသွားခဲ့တာလား …





သိုက်ကို ညကြီးသန်းခေါင် အိမ်က ထ,ထွက်သွား ရလောက်အောင် သေလောက်တဲ့ အကြောင်းတရားတွေက ဘာတွေလဲ …

ကျွန်တော် အဲဒီအကြောင်းတွေ သိချင်တယ်။ ကျွန် တော့်ကို ပြောပြပေးပါ မမြခက်ခက်"

ထိုအမျိုးသမီးက သက်ပြင်းတစ်ချက် ချသည်။ ပြီးလျှင် ခေါင်းငုံ့နေရာမှ သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ …

"ကားတစ်စီးလုံး ချောက်ထဲကျပြီး မီးလောင်ပျက်စီးသွား တဲ့ အထဲမှာ သိုက် ပါသွားခဲ့တာကို သိုက် တကယ်ပဲ သေတာလားလို့မေးတော့ ကျွန်မက ဘယ်လိုဖြေရမလဲ ကိုတော်ဝင်အောင်"

"ဟုး … ထားပါတော့ဗျာ။ ဒါဖြင့်ရင် သိုက် မသေဆုံးခင် မှာ ဘာစိတ်ညစ်စရာများ တွေ့ခဲ့လို့လဲ"

"တကယ်တော့ ကျွန်မမှာ ဒီမေးခွန်းတွေကို ဖြေစရာ အကြောင်းမရှိပါဘူး။ စိုင်းဝဏ္ဏ၊ သိုက်နဲ့ ကျွန်မတို့ဟာ တခြားစီနေတဲ့ လူတွေပါ …



burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တစ်ယောက်ခံစားချက်ကို တစ်ယော
က သိပ်နားမလည်ကြပါဘူး။ ဒါပေမဲ့ ဒီကိစ္စဟာ ရှ
လည်း ပတ်သက်နေတဲ့အတွက် ကျွန်မ ပြောပြပါမ
ပြီးခဲ့တဲ့ တနင်္ဂနွေညနေမှာ သိုက်နဲ့ စိုင်းဝဏ္ဏတို့ အ
အကျယ် စကားများကြတယ်။ အစက အကြောင်းအ
ကတော့ ရှင်နဲ့ သိုက်ရဲ့ ဓာတ်ပုံတွေ စိုင်းဝဏ္ဏ
တစ်စုံတစ်ယောက်က ပို့ပေးခဲ့လို့ပဲ ...

အဲဒီပြဿနာနဲ့ စကားများ ရန်ဖြစ်ကြပြီးတဲ့နော
မှ သိုက်ရဲ့ရောဂါထ,လာတယ်။ ချက်ချင်းပင် ဆရာ
ခေါ်ရတယ် ...

ဆရာဝန်က ကုပေးတော့လည်း သိုက်ဟာ လော
ကြီးမှာ သူ မနေချင်တော့တဲ့အကြောင်း တဖွဖွ ပြောတာ
ကျွန်မ မှတ်မိနေသေးတယ် ...

သူ စိတ်ဆင်းရဲတယ်၊ သေချင်တယ်ပေါ့လေ။
မှာ နှလုံးရောဂါအပြင် စိတ်ကျဝေဒနာကိုပါ တွဲဖက်ခံ
နေခဲ့ရှာတာပါ။ အဲဒီနောက် ဆရာဝန်က ဆေးထိုးပေး





သူ အိပ်ပျော်သွားတယ်။ ကျွန်မ အိပ်ရာဝင်ခါနီး ညဆယ်နာရီလောက်ကတောင် သူ့ကို ဝင်ကြည့်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာကို တွေ့ခဲ့ရပါသေးတယ် ...

နောက်နေ့ မနက်ငါးနာရီကျတော့ ကျွန်မ သူ့ကို တက်ကြည့်တယ်။ အဲဒီမှာ သိုက်ကို မတွေ့ရတော့ဘူး။ အဲဒါနဲ့ ရေချိုးခန်းထဲ ခြံထဲ အကုန်ရှာတာပေါ့ရှင်။ နောက်ဆုံး ဂိုဒေါင်ထဲက ကားကိုပါ မတွေ့တော့မှ သိုက်မရှိတော့ဘူးဆိုတာ သိရတာ ...

အဲဒါနဲ့ ရဲစခန်းကို အကြောင်းကြားလိုက်ရတော့တာပါပဲ ...

ဒါဟာ အဖြစ်အပျက် အကုန်အစင်ပါပဲ ကိုတော်ဝင်အောင်"

ထိုအမျိုးသမီးက စကားအရှည်ကြီး ပြောလိုက်ရသောကြောင့် မောသွားဟန်ဖြင့် နွေးစပြုနေသည့် အရှေ့မှ ကော်ဖီကို ယူသောက်သည်။

"ရဲစခန်းကရော ဘာမှတ်ချက်ပေးလဲ"



burmeseclassic.com

www.burmeseclassic.com



"ရဲ့စခန်းက စခန်းမှူးနဲ့က သူ့အဖေ ရှိစဉ်တည်းက ခင်ကြတာဆိုတော့ သူတို့လည်း လိုအပ်တာ ကူညီပေးပါတယ်။ အိမ်ကိုလည်း ရောက်လာပြီး ကျွန်မတို့ကို မေးမြန်းတာလည်းရှိတယ် ...

ဖမ်မလီဒေါက်တာတောင် ရောက်နေလို့ သူ့ကိုတောင် မေးသွားသေးတယ်။ ဒေါက်တာကတောင် တော်တော်အံ့ဩနေရှာတယ် ...

သူ့ကို ဒီလိုပြောပြီး ဒီလိုဖြစ်သွားလိမ့်မယ်လို့ မထင်ဘူးတဲ့"

"ဟုတ်တယ်ဗျာ။ ကျွန်တော်လည်း ဒီလိုဖြစ်သွားမယ်လို့ မထင်ဘူး"

"ဟုတ်တယ်ဗျာ။ ကျွန်တော်လည်း ဒီလိုဖြစ်သွားမယ်လို့ မထင်ဘူး"

"သိုက်ရဲ့စိတ်အခြေအနေက နော်မယ်မဟုတ်ဘူး။ ပြီးတော့ သူ နေမကောင်းဘူး။ မိုးကလည်း ရွာနေတယ်ဆိုတော့ ဒီလို အဖြစ်ဆိုးမျိုးနဲ့ ကြုံခဲ့ရတယ် ထင်ပါတယ်"





"ဖြစ်နိုင်ပါတယ်ဗျာ။ ကျွန်တော် တကယ့်ကိုပဲ စိတ်မကောင်းပါဘူး။ တကယ်တော့ ဒီကိစ္စမှာ ကျွန်တော်ပယောဂလည်း ပါနေတာကို ပိုစိတ်မကောင်းဆုံးပါပဲ ...

ကျွန်တော် တော်တော်ဝမ်းနည်းပါတယ်"

မြခက်ခက်က စာနာစွာဖြင့် သူ့ကို တစ်ချက်ကြည့်လာကာ ...

"ဒီလိုလည်း မဟုတ်ပါဘူးရှင်။ အရာအားလုံးဟာ ကံစီမံရာပဲပေါ့၊ ကျွန်မတို့ တတ်နိုင်တာက တစ်ခုပဲ ရှိတယ်။ အဲဒါကတော့ သိုက် တစ်ယောက် ကောင်းရာမွန်ရာ ဘုံဘဝကို ရောက်ပါစေလို့ ဆုတောင်းပေးကြရုံပါပဲ ...

ရှင်လည်း သိုက်နဲ့ပတ်သက်ပြီး စိုးဝဏ္ဏနဲ့ ပြဿနာမဖြစ်ဖို့ ကျွန်မ မေတ္တာရပ်ခံပါရစေ"

သူက ခပ်ပေါ့ပေါ့ပင် ခေါင်းညိတ်ပြလိုက်သော်လည်း စိတ်ထဲကတော့ ဘယ်လိုမှ မကျေနပ်နိုင်ချေ။ ဒါကြောင့် မြခက်ခက်က နှုတ်ဆက်ပြီး ပြန်သွားတာတောင် သူဟာ မပြန်နိုင်သေးဘဲ နေရာမှာတင် အတွေးနက်၍ ကျန်နေရစ်ခဲ့သည်။



burmeseclassic.com

www.burmeseclassic.com




ရင်ထဲမှာ သိုက်အတွက် ခမ်းနည်းစိတ်နှင့်အတူ မခံချင်စိတ်က ပို၍ ဖြစ်ထွန်းလာလေလေ သိုက် သေဆုံးသွားရတာကို ပို၍မသင်္ကာဖြစ်လာလေလေပင်။

ကားတစ်စီးလုံး ချောက်ထဲကျ မီးလောင်ကာ အစ ရှာမရတော့သည်မှာ တစ်စုံတစ်ယောက်က သိုက်ကို လုံးဝလက်စ ဖျောက်လိုက်ခြင်းနှင့် ဆင်တူနေသည်ဟု သူ ထင်သည်။

အထူးသဖြင့် သူ့အကြံပေးချက်ကို လိုက်နာခဲ့သည့်အတွက် ဒီလိုအဖြစ်ဆိုးမျိုးနှင့် ကြုံခဲ့ရတာဟု သူ့ကိုယ်သူလည်း အပြစ်မကင်းဖွာဖြင့် ခံစားရသည်မှာ ဘယ်လိုမှ နေသာထိုင်သာ မရှိဘဲ ဖြစ်တော့သည်။








burmeseclassic.com

www.burmeseclassic.com



## ၉

စိုင်းဝဏ္ဏသည် အခန်းကျယ်ထဲတွင် ခေါက်တုံ့ ခေါက်ပြန်လျှောက်ကာ တစ်စုံတစ်ခုကို မကျေမနပ်ဖြင့် တက် ခေါက်နေသည်။ မြခက်ခက်ကတော့ ကြမ်းခုံအပုဝိုင်းလေးတွင် ခြေချိတ်ထိုင်နေကာ ကြမ်းပြင်ကို စိုက်ကြည့်ရင်း ငြိမ်သက်နှုတ် ဆိတ်လို့နေသည်။

"တောက် ... ဦးမြသိုက် ... လူလည်အဘိုးကြီး။ ဟိုကောင်မ ကို အသက်ပြန်ရှင်ခိုင်းရတော့မလိုတောင် ဖြစ်နေပြီကွာ... မင်းလည်း ဘာအသုံးကျလဲ။ ဒီအကြောင်းတွေ နည်း နည်းမှတောင် ကြိုမသိထားတာ ညံ့လိုက်တာကွာ"





"ကိုစိုင်းဝဏ္ဏရယ် ... ရှင့်ရဲ့ လောဘစိတ်တွေကိုလည်း နည်းနည်းလောက် လျှော့ပါဦး။ ဒီအကြောင်းတွေ သိုက် တောင် သိသွားတာမှ မဟုတ်တာ ...

ရွှေနေကြီး ဦးဘယုနဲ့ ဦးမြသိုက်တို့ စီစဉ်ထားတဲ့ ကိစ္စတွေပဲ။ အခုလည်း လုပ်ငန်းတွေ ရှင်ပဲ ဆက်ဦးစီး နေရတာပဲ မဟုတ်လား"

"ဒီမှာ ခက်ခက်။ ငါတို့လုပ်ခဲ့တဲ့ အလုပ်တွေဟာ ဒီလောက် လုပ်ငန်းတွေကို ဦးစီးနေရရုံနဲ့ ကျေနပ်ဖို့ မဟုတ်ဘူး ကွ...

လောကမှာ ကိုယ့်အတွက် တကယ်မှ ပိုင်ဆိုင်မှုဆို တာ သေချာတာ။ ငါ့နာမည်နဲ့ ပြောင်းလို့မရသေးသရွေ့ ဘာမှစိတ်ချရမှု မရှိဘူး"

အမှန်တော့ ရတနာသိုက် သေဆုံးသွားပြီး တစ်လ ကြာမှာ စိုင်းဝဏ္ဏက ရွှေနေကြီး ဦးဘယုကို ဆက်သွယ်စကား ပြောခဲ့ရာမှ အမွေကိစ္စအကြောင်းစုံကို ရှင်းရှင်းလင်းလင်း သိခွင့် ရခြင်း ဖြစ်သည်။ ဦးမြသိုက်က ရတနာသိုက်အမည်နှင့် လွှဲ



burmeseclassic.com

www.burmeseclassic.com



ပေးထားသော အတွင်းပစ္စည်းများ၊ ဘဏ်မှ သီးသန့်ငွေသားများနှင့် လုပ်ငန်းအချို့သည် အသက်လေးဆယ် မပြည့်မီ ရတနာသိုက်တစ်ယောက် မတော်တဆများ ဆုံးပါးသွားခဲ့ပါက စိုင်းဝဏ္ဏမှလုံးဝခံစားပိုင်ခွင့်မရှိ။ ထိုပိုင်ဆိုင်မှုများ အားလုံးကို သတ်မှတ်ထားပြီးသော သာသနာရေးနှင့် လူမှုရေး နေရာအသီးသီးတို့တွင် လှူဒါန်းပစ်ရမည် ဖြစ်သည်။

ထိုအကြောင်းအရာများကိုလည်း ရတနာသိုက်ကိုယ်တိုင် သိခွင့်မရသေးချေ။ ယခုမှ အသက်နှစ်ဆယ့်ငါးနှစ်သာ ရှိသေးသော ရတနာသိုက်အဖို့ အသက်သုံးဆယ်ပြည့်သော နေ့မှသာ ယင်းအမွေများကို လွှဲပြောင်းဆက်ခံခွင့် ရရှိမည်ဖြစ်သည်။ ဒီအချိန်မှာ ရတနာသိုက်မပင်လျှင် ထိုအမွေများကို တရားဝင်ပိုင်ဆိုင်ခြင်းမရှိသေးပါ။

ဒါတွေကို အခုမှသိရသော စိုင်းဝဏ္ဏအတွက်တော့ တောက်တခေါက်ခေါက်နှင့် မကျေနပ်ဖွယ် ဖြစ်နေရတော့တာဖြစ်၏။ အကယ်၍ ရတနာသိုက်သာ အသက်သုံးဆယ်ပြည့်သော အချိန်တွင် အမွေတွေကို လက်ခံရရှိပြီးပါက ဆန္ဒရှိမည်ဆိုပါလျှင်





ခင်ပွန်းသည်အမည်ဖြင့် လုပ်ငန်းပိုင်ရှင် အမည်ကို လွှဲပြောင်းပေး၍ ရနိုင်မည် ဖြစ်သည်။

အခုတော့ စိုင်းဝဏ္ဏအဖို့ ဘာမှ မတတ်နိုင်တော့ချေပြီ။ ဒါတွေကို တမလွန်မှ ရတနာသိုက် တစ်ယောက်သာ သိခဲ့လျှင် ဟားတိုက်၍ ရယ်မောနေတော့ပေမည်။

"စိတ်တွေကို နည်းနည်းလောက် အေးအေးထားလိုက်ပါကိုစိုင်းဝဏ္ဏရယ်။ ရှင် လုပ်နေတဲ့ အလုပ်တွေကကို ဝင်ငွေတွေ မနည်းပါဘူး ...

ခက် ရထားတဲ့ ပစ္စည်းတွေလည်း ရှိတာပဲ။ ဒီခြံနဲ့အိမ်ကြီးကိုလည်း နောက်တစ်နှစ်နေရင် ရှင် ပိုင်ဆိုင်ရမှာပဲ မဟုတ်လား ...

ကျွန်မ ရထားတဲ့တိုက်ကို ရောင်းလိုက်ရင်လည်း ဝင်ငွေတွေ ထွက်လာမှာပဲ"

"ဒီမှာ ခက်ခက်၊ ဒီလောက်လေးနဲ့ မင်း ဘာသွားလုပ်မှာလဲ ... ပြော။ ဒါနဲ့ တစ်သက်လုံး ထိုင်စားသွားရမယ် များထင်နေလား ...



burmeseclassic.com

www.burmeseclassic.com



အခုဆို လုပ်ငန်းတွေကလည်း ထင်သလောက် မဟုတ်ဘူး။ ဒီလောက်များပြားတဲ့ ပစ္စည်းတွေ အလကား ဖြစ်ကုန်မှာ ဘယ်လောက်နမြောစရာ ကောင်းလိုက်လဲ"

မြခက်ခက်သည် စကားများမည် စိုး၍သာ ဘာမှ ပြန်မပြောဘဲ ခေါင်းကို အသာယမ်းမိသော်လည်း ရင်ထဲကတော့ စိုင်းဝဏ္ဏရဲ့ လုပ်ရပ်တွေကို တကယ်ပဲ မကျေနပ်လှချေ။ ဦးမြသိုက် လို အသက်ခြောက်ဆယ် အဘိုးကြီးနှင့်စာလျှင် ထိတွေ့သာယာမှု အဆုံးမရှိပေးနိုင်သော စိုင်းဝဏ္ဏရဲ့ညွတ်ကွင်းအောက်သို့ သက်ဆင်းခဲ့သည်မှလွဲ၍ မြခက်ခက်တွင် တခြားအကြံအစည် ကြီးကြီး မားမား မရှိချေ။

သို့သော် စိုင်းဝဏ္ဏက အကြံကြီးမားသည်။ ဦးမြသိုက် ကို သေကြောင်းကြံခဲ့ရုံသာမက သိုက်ကိုလည်း စိတ်ဆင်းရဲအောင် အမျိုးစုံ နှိပ်စက်ခဲ့သည်မှာ နောက်ဆုံးအချိန်အထိပဲ ဖြစ်လေသည်။ သိုက် သေဆုံးသွားရပုံကို မျက်လုံးထဲက မထွက်သော မြခက်ခက် အတွက်တော့ ဒီအိမ်မှာလည်း မနေချင်တော့ပေ။ နေရာတိုင်း၌ သိုက်ရဲ့အရိပ်တွေကသာ စိုးမိုးနေလျှက် သိုက်ကိုလည်း မကြာခဏ ပင် အိပ်မက်တွေ မက်လို့နေလေသည်။ သိုက်ဟာ မိုးတွေရွာနေကာ သေတုန်းက အဝတ်အစားတွေနဲ့ပဲ အိမ်ကိုပြန်ရောက်လာသည်တဲ့။





တစ်ခါတလေမှာလည်း မီးလောင်ထားသော ဒဏ် ရာတွေဖြင့် မြခက်ခက်ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေလေ့လည်း ရှိသေးသည်။ အဲဒီအခါမျိုးတွင် မြခက်ခက်မှာ နေစရာမရှိအောင် ချောက်ချားတုန်လှုပ်ရလေသည်။

"ဒါနဲ့ ဟိုအကောင်ရော မင်းကို ဆက်သွယ်သေးလား"

စိုင်းဝဏ္ဏ ဆိုလိုတာက တော်ဝင်အောင့်ကိုမှန်း မြခက်ခက် သိလိုက်သည်။ ထိုလူဟာလည်း အလကားနေရင်း စိုင်းဝဏ္ဏရဲ့ ထောင်ချောက်ထဲ ကျဆင်းသွားခဲ့ရတာပဲ ဖြစ်သည်။ ကြည့်ရတာတော့ သူကလည်း ထိုပြဿနာကို သိပ်ကျေနပ်ပုံ မပေါ်ပေ။

ထိုလူဟာ ထက်ထက်မြက်မြက်ရှိကာ ရဲရင့်သောသူ တစ်ယောက်ဟု အကဲခတ်မိသဖြင့် မြခက်ခက်ကပဲ ကြားထဲက ဆောင်းပန်းထားခဲ့ရခြင်း ဖြစ်သည်။

"မဆက်သွယ်တော့ပါဘူး။ သိုက် ဆုံးသွားပြီး ငါးလလောက် ကြာတော့ သူ ပြန်သွားတယ်လို့ ကြားတယ်။ အဲဒီတစ်ယောက်က ရန်ကုန်ကပါ"



burmeseclassic.com

www.burmeseclassic.com



"အေး ... ကောင်းတယ်။ အားလုံးရှင်းသွားတာပေါ့။ ဒီကောင်

ရှိနေရင်လည်း တစ်ခုခု စဉ်းစားရမှာပဲ။ အဲဒီအကောင်က

အချာတော့ ဟုတ်ဟန်မတူဘူး ...

စပ်စပ်စုစုတော့ လုပ်တတ်မယ့်ပုံ"

မြခက်ခက်က ခေါင်းတစ်ချက်ညိတ်ပြကာ ပြောချင်

နေသော စကားတချို့ကို ဖွင့်ပြောလိုက်သည်။

"ကိုစိုင်းဝဏ္ဏ ... ရှေ့ ... ရှေ့လ(၁၀)ရက်နေ့ဆို သိုက်

ဆုံးတာ တစ်နှစ်ပြည့်ပြီလေ။ အဲဒါ သိုက် အတွက် ဆွမ်း

ကျွေးလေးများ လုပ်မလားလို့ ...

ခက်လေ အခုတလော သူ့ကို အိပ်မက်တွေ ခဏ

ခဏ မက်တယ်၊ ရှင်ရော မမက်ဘူးလား"

"ဟာ ... မမက်ပါဘူးကွာ။ ရှုပ်ရှုပ်ယှက်ယှက် ဆွမ်းကျွေး

လည်း လုပ်မနေစမ်းပါနဲ့ကွာ။ အဲဒါမှ လူတွေက ပိုစွတ်

နေဦးမယ်"

"မဟုတ်ဘူး။ ခက် စိတ်ထဲမှာလေ သူ ... သူ ... မကျွေး

သလိုပဲ"





မြခက်ခက်ရဲ့ စကားကြောင့် စိုင်းဝဏ္ဏက စိတ်ရှုပ်

ထွေးသွားဟန်ဖြင့် ဟာခနဲ အော်လေသည်။

"အဓိပ္ပာယ်မရှိတာကွာ။ သူ့ဟာသူ ကျွတ်ကျွတ် မကျွတ်

ကျွတ် ငါတို့နဲ့ ဘာမှမဆိုင်ဘူး။ သူ့ပစ္စည်းတွေသူ စိတ်

စွဲလို့ မကျွတ်တာ နေမှာပေါ့ ...

ကဲ ... ကဲ ... မင်းလည်း သူ့အကြောင်းပဲ ခေါင်း

ထဲထည့်မနေနဲ့။ ဒါတွေ ခေါင်းထဲထည့်နေမှတော့ ညကျ

အိပ်မက်ကာ မက်ပြီပေါ့"

စိုင်းဝဏ္ဏက စကားကို ပိတ်ပြောလိုက်သဖြင့် မြခက်

ခက်မှာ ဘာမှဆက်မပြောသာတော့ချေ။ စိတ်ထဲမှာတော့ ကြာ

လာလေလေ သိုက်ကို မေ့မရဘဲ ပို၍သတိရလာလေလေသာဖြစ်

သည်။ ရိုးရိုးသတိရတာ မဟုတ်ဘဲ ချောက်ချားတုန်လှုပ်စွာ

သတိရခြင်းပဲ ဖြစ်လေသည်။

ဒါကိုတော့ တစ်ကိုယ်ကောင်းသမား စိုင်းဝဏ္ဏက

နားလည်ပေးဖော် မရပါချေ။ မြခက်ခက်မှာ သက်ပြင်းတွေ

အလီလီချရုံမှအပ ဘာမှမတတ်နိုင်တော့ပြီ။



burmeseclassic.com

www.burmeseclassic.com



ထိုနေ့က လပြည့်ညဖြစ်သည်။ လ,သည် အ[illegible]
ဘက်ရပ်ဝန်းဆီမှ တဖြည်းဖြည်း မြင့်တက်လို့သွားကာ ဝင်း[illegible]
အလင်းချင်းဆုံး သာလျက်ရှိနေသည်။ ရတနာစံအိမ်သည် လ[illegible]
အောက်တွင် ကျောက်သားဖြူနန်းတော်တစ်ခုလို ငြိမ်သက်စွာ[illegible]
အိပ်မောကျနေသည်။ အချိန်အားဖြင့် ညသန်းခေါင် နှစ်နာရီ[illegible]
ရှိပြီဖြစ်၍ လသာမှုနှုန်းက အမြင့်မားဆုံး လင်းလျက်ရှိနေသည်[illegible]

မြခက်ခက်သည် အခန်းထဲတွင် အိပ်မောကျနေ[illegible]
ဖျတ်ခနဲ နိုးလာသည်။ ဒီနေ့ည သူမရဲ့နံဘေးမှာ စိုင်းဝဏ္ဏ [illegible]
နေပါ။ စိုင်းဝဏ္ဏ တစ်ယောက် မန္တလေးသို့ အလုပ်ကိစ္စဖြင့် [illegible]
ပတ်ခန့် သွားရမည်ဖြစ်သည်။ ဒီနေ့ဟာ စိုင်းဝဏ္ဏ မရှိ[illegible]
ပထမဆုံးနေ့မို့ နိုးလာချိန်တွင် ဟာတာတာ ဖြစ်လို့နေသည်[illegible]





လရောင်သည် မှန်ပြတင်းမှတစ်ဆင့် မြခက်ခက်ရဲ့ အခန်းထဲသို့ ဖြာကျနေလေရာ တစ်ခန်းလုံးနီးပါးဟာ လင်းလဲ့လို့ နေသည်။ အခန်းအပြင်မှ လေတိုးသံသည် ဝီညာဉ်တစ်ခုရဲ့ ငိုညည်းသံလိုလို တစ်မျိုးချောက်ချားစရာကောင်း၍ နေလေသည်။ တဖြည်းဖြည်းနှင့် ရင်ထဲတွင် စိမ့်တက်၍ လာလေရာ ကြောက်စိတ်တစ်မျိုးက ပျံ့နှံ့လို့လာသည်။

ထိုအခိုက်တွင် ရုတ်တရက် ထ,အူလိုက်သော ခွေးအူသံကြီးက မြခက်ခက်ကို ဆတ်ခနဲတောင် တုန်သွားစေလေသည်။ လရောင်ဝင်းနေသော မှန်ပြတင်းတံခါးကို ကြည့်ကာ တုန်လှုပ်ချောက်ချားလို့လာသည်။ ခွေးအူသံတိတ်သွားပြီးသည့်နောက်တွင် အခန်းအပြင်ဘက်မှ ခြေသံတရှပ်ရှပ်ကို စတင်ကြားရလျှင် မြခက်ခက်မှာ မျက်လုံးပြူး၍ သွားလေသည်။

ဘုရား ... ဘုရား ... ဒီခြေသံ ... ဒီခြေသံဟာ ဘယ်သူ့ခြေသံဖြစ်မလဲ။

စိုင်းငဏ္ဏရဲ့ ညွှန်ကြားချက်အရ အခုဆိုလျှင် ဒီအိမ်ထဲ၌ ဘယ်အလုပ်သမားမှ နေခွင့်မရတော့ပေ။ အိမ်မှာခိုင်းသည့်



burmeseclassic.com

www.burmeseclassic.com



မိန်းကလေးများ၊ ခြံစောင့်၊ ဒရိုင်ဘာ စသည့် လူအားလုံးဟာ အိမ်ကြီးရဲ့ထောင့်မှာ ဆောက်လုပ်ထားသော ဆားဗင့်ကွာတားမှာ သာ စုပေါင်းနေရတော့ဟာဖြစ်သည်။ ခုချိန်တွင် ဒီအိမ်ကြီးပေါ်မှာ မြခက်ခက် တစ်ယောက်တည်းသာ ရှိနေလေသည်။

တစ်အိမ်လုံး တံခါးတွေ ပိတ်ထားသော အိမ်ထဲမှ ခြေသံတရှပ်ရှပ် ကြားရခြင်းဟာ မြခက်ခက်ကို ငုပ်တုတ်ထထိုင် မိသည်အထိ လန့်ဖျပ်စေသည်။ ခြေသံသည် လျှောက်နေရာမှ တဖြည်းဖြည်း နီးကပ်လို့လာကာ မြခက်ခက်ရဲ့ အခန်းရှေ့တည့် တည့်တွင် ရပ်တန့်လို့ သွားသည်။

မြခက်ခက်သည် ဗုံးပေါက်ကွဲသံကို စောင့်နေရ သောလူလို တထိတ်ထိတ် ခုန်သောရင်ဖြင့် တံခါးကို မမှိတ် မသုန် စိုက်ကြည့်နေမိသည်။ ထိုအချိန်တွင် ...

"ဒေါက် ... ဒေါက် ... ဒေါက်"

သုံးချက်ခေါက်သော တံခါးမြည်သံ အကြားတွင် မြခက်ခက်ရဲ့နဖူး၌ ချွေးတွေစိမ့်ပြန့်လာပြီဖြစ်သည်။ ဘယ်သူလဲ လို့ မေးဖို့ရာကို အသံက လည်ချောင်းထဲမှ မထွက်ချေ။





တံခါးခေါက်သံက ဆက်၍ ထွက်ပေါ်လာသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

ဒီတစ်ခါတော့ မမေး၍ မရတော့။ ဒီလောက် သေ ချာနေသော တံခါးခေါက်သံဟာ နားနားဘာဝတော့ မဟုတ်တန် ရာဟု ဖြေတွေး တွေးမိကာ ...

"ဘ ... ဘယ် ... သူ ... လဲ"

အပြင်ဘက်မှ မဖြေပေ။ မြခက်ခက်သည် မျက်လုံး ပြူးသွားကာ ချက်ချင်းပြန်လန့်လာသည်။ အဲဒီအခိုက်မှာ ချွေးအူ သံက ဆွဲဆွဲငင်ငင် ထပ်၍ထွက်ပေါ်လာလျှင် နေစရာနေရာမရှိ အောင် တုန်လှုပ်ချောက်ချားသွားရလေသည်။ အဲဒီအနောက်မှာ တော့ အခန်းတံခါးကို လက်သည်းနှင့် ကုတ်နေသော တဂျစ်ဂျစ် အသံများကို စတင်၍ ကြားရသည်။

"အ ... အ ... အ ... ပြင်ဘက်က ... ဘယ်သူလဲ"

ဘာအသံမှ ထွက်မလာပေ။ မြခက်ခက်သည် အခန်း တံခါးကို သွား၍ဆွဲဖွင့်ပစ်ချင်လှသော်လည်း ပိုဆိုးသွားမည်စိုး သဖြင့် အသာငြိမ်နေရသည်။ အဲဒီနောက် တံခါးကိုခြစ်နေသော



burmeseclassic.com

www.burmeseclassic.com



အသံဟာတိတ်သွားသဖြင့် မြခက်ခက်သည် ခုတင်ပေါ်မှ အသာ ဆင်းကာ ခြေသံမကြားရအောင်ပင် တံခါးဆီသို့ တရွေ့ရွေ့လှမ်း လာခဲ့သည်။

တံခါးနားသို့ ရောက်လျှင် လက်ကိုင်ဘုကိုကိုင် လှည့်မည့်ဟန်ပြင်ပြီးမှ မလှည့်ရဲသဖြင့် မလှည့်ဖြစ်တော့ချေ တံခါးနားသို့ နားရွက်ကိုကပ်ကာ နားထောင်သော်လည်း ဘာအသံ မှ မကြားရတော့ပေ။ ဒီတော့မှ မြခက်ခက်ဟာ သက်ပြင်းကို အသာချလျက် ခုတင်ဘက်သို့ ပြန်လျှောက်လာရသည်။

ငါ့စိတ်ကိုက ချောက်ချားပြီး ထင်တာ ဖြစ်မှာပါ လေဟု ကိုယ့်ကိုယ်ကိုယ် အားပေးနှစ်သိမ့်သော်လည်း ခြေသံ တရှပ်ရှပ်၊ တံခါးခေါက်သံ နှစ်ခါတို့ဟာ စိတ်ထင်တာတော့ မဟုတ်ဟု သေချာစွာ သိနေသည်။ ထားလိုက်ပါတော့။

မြခက်ခက်က စိတ်ကိုလျှော့လိုက်ကာ ခုတင်ပေါ်သို့ ပြန်တက်ဟန်ပြုပြီးမှ အခန်းထဲသို့ လရောင်ဖြာကျနေတာကို သဘောမကျသဖြင့် မှန်ပြတင်းမှ ခန်းဆီးကို ချပစ်ဖို့ သတိရကာ ပြတင်းတံခါးရှိရာဆီသို့ ထ,အသွားတွင် မြင်လိုက်ရသော မြင်





ကွင်းတစ်ခုကြောင့် ဟသွားသော ပါးစပ်ကို လက်ဖြင့် အလျင် အမြန် အုပ်ပစ်လိုက်ရတော့လေသည်။

ရေငွေ့တွေ ရိုက်နေသော မှန်ပြတင်းပေါ်တွင် ရေး ထားသော စာကြောင်းမှာ မပီသသော လက်ရေးတွေဖြစ်သော် လည်း ကောင်းကောင်းဖတ်၍ရသော အနေအထားဖြစ်သည်။

"အယုတ်တမာမ မြခက်ခက်"

မြခက်ခက်သည် အဲဒီစာကို ဖတ်ပြီးလျှင် တဒင်္ဂမျှ ကြက်သေ,သေသွားကာ ဒူးတွေညွတ်လျက် လဲပြိုသွားရလေသည်။



burmeseclassic.com

www.burmeseclassic.com



## ၁၀

ဒီနေ့ တစ်နေကုန် မြခက်ခက်မှာ ဘာအလုပ်မှလုပ်၍ မရချေ။ မနေ့ညကလည်း ဘုရားစာတွေ တစ်ညလုံး ထိုင်ရွတ်ကာ ဘယ်လိုလုပ် မိုးလင်းသွားမှန်းကို မသိလိုက်။ အရှေ့ဆီက ရောင်နီထွက်လာတော့မှသာ အလုပ်သမားတွေ နိုးလာက်ပြီဟု မှန်းဆလျက် အောက်သို့ဆင်းရဲတာဖြစ်သည်။ တစ်ညလုံး ချောက်ချားစွာဖြင့် မိုးလင်းခဲ့ရသဖြင့် ရင်တွေက တလှပ်လှပ်ဖြစ်ကာ လူကလည်း မူးရီရီ ဖြစ်လို့နေသည်။

သိုက် ဆိုသော ကလေးဖဟာ တကယ်ပဲ မကျွတ်လွတ်တာ သေချာလို့ နေချေပေပြီ။ ဒါကြောင့် မကျေနပ်မှုတွေကို လာရောက်ဖော်ထုတ်ခြင်း ဖြစ်သည်ဟု မြခက်ခက်က ယူဆ





သည်။ မြခက်ခက်သည် ညတုန်းက ကိုယ်လိုပင် ဘယ်သူတွေများ ခံစားရသေးလဲဟု သိချင်သဖြင့် အိမ်က အလုပ်သမားကောင်မလေးတွေကို မေးမြန်းကြည့်သေးသည်။

"ဟဲ့ ... ညကလေ ခွေးအူသံတွေများ ကြားမိသေးလားဟင်"

"ဟင့်အင်း ... မကြားမိပါဘူး။ ကျွန်မတို့က ဆင်အော်လို့တောင် မနိုးဘူး"

အဲဒီအချိန်တွင် မီးဖိုချောင်ထဲသို့ မနက်စာ လာစားသော ခြံစောင့် ကိုအိုက်မောင်က မြခက်ခက်ကို တစ်ချက်လှမ်းကြည့်ကာ ...

"ညဉ့်နှစ်ချက်တိုးလောက်ကတော့ ခွေးအူသံ ကြားတယ် မမြခက်"

သူ့ပုံစံက တစ်မျိုးဖြစ်နေကာ ပြောချင်နေသောစကားက ဒီလောက်နှင့် မကဘူးဟု မြခက်ခက်က ထင်လိုက်သဖြင့် ...

"ဟုတ်လား ... ရှင် နိုးလား"

"နိုးတယ်၊ ပထမတော့ ခွေးတွေက ဟောင်နေတာ။ နောက်တော့ ဆွဲဆွဲငင်ငင်နဲ့ အူပါလေရော။ ကျွန်တော်လည်း သူခိုးတွေ ဘာတွေများ ကပ်လာလို့ထင်ပြီး ဝါး



burmeseclassic.com

www.burmeseclassic.com



ရင်းတုတ် ယူပြီး မာတ်မီးတစ်လက်နဲ့ အိမ်မကြီးဘက်ကို ပတ်ကြည့်သေးတယ်"

အဲဒီနောက် အိုက်မောင်းက စကားကို ဆက်မပြောချေ။ မြခက်ခက်သည် မျက်မှောင်ကြုတ်ကာ သိချင်စိတ်ကြောင့် မရိုးမရွ ဖြစ်လာလျက် ...

"ပတ် ... ပတ်ကြည့်တော့ ဘာတွေ့လဲ"

အိုက်မောင်းက မြခက်ခက်ရဲ့မျက်နှာကို မဝံ့မရဲ ကြည့်ကာ မပြောရဲ ပြောရဲ ပုံစံဖြင့် ...

"ဟို ... မမြခက် ... ကိုစိုင်းဝဏ္ဏကိုတော့ သွားမပြောပြပါနဲ့"

ဒီအိမ်တွင် အလုပ်သမားတွေက စိုင်းဝဏ္ဏကို ဖိန့်ဖိန့်တုန်အောင် ကြောက်ရလေသည်။ ပြီးတော့ စိုင်းဝဏ္ဏဟာ ရတနာသိုက်နှင့် ဦးမြသိုက် အကြောင်း ပြောလျှင် လုံးဝမကြိုက်ချေ။ ချက်ချင်း ဒေါက်ငမ်းကာ ဟိန်းဟောက်တတ်လေ့ရှိသည်။ သိုက်ကို ချစ်ခင်လေးစား သနားကြသော အလုပ်သမားများသည် စိုင်းဝဏ္ဏရှေ့တွင် သိုက် အကြောင်း မပြောမိအောင် အထူးသတိထားကာ နေကြရလေသည်။





"အို ... မပြောပါဘူး။ ဘာဖြစ်လို့လဲ ကျွန်မကို ပြောစမ်းပါ"

"ကျွန် ... ကျွန်တော်လေ ညက ဝရန်တာမှ မမလေးကို တွေ့ ... တွေ့လိုက်ရတယ်"

"ဘာ ..."

မြခက်ခက်၏ မျက်နှာမှာ ချက်ချင်းပဲ သွေးဆုတ်ဖြူရော်လို့သွားလေသည်။ "ဘာ"ဟူသော အသံမှာ ဆောင့်ကြီးအောင့်ကြီး ထွက်လာတာ မဟုတ်ဘဲ ခပ်တိုးတိုးနှင့် အက်ကွဲသံပေါက်၍ ထွက်လာတာဖြစ်သည်။

ဘာစကားမှ ထပ်မထွက်နိုင်သေးဘဲ မျက်နှာပေါ်တွင်သာ ခံစားချက်အမျိုးမျိုး ပြောင်းလဲနေသော မြခက်ခက်ကို အိုက်မောင်းက အရိပ်အကဲ နားလည်စွာဖြင့် ဆက်ပြောပြသည်။

"ညက လ,ကအရမ်းသာနေတော့ ကျွန်တော် သေချာပြင်တွေ့လိုက်ရတာပါ။ မမလေးက ဝရန်တာလက်ရန်းကို လက်နှစ်ဖက်ထောက်ရပ်ပြီး ခြံထဲကိုငေးနေတယ်။ အရင်ကသူ အမြဲရပ်နေကျ ပုံစံမျိုးပဲ ...

ကျွန်တော်ဆို ပထမ တော်တော် လန့်သွားသေးတယ်။ နောက်တော့ ကိုယ့်မမလေးပဲလေဆိုပြီး ကြည့်ရင်းနဲ့

www.burmeseclassic.com



သနားလာတယ်။ သူက ခဏနေတော့ အိမ်ထဲပြန်ဝင်သွားတယ်”

“အိမ်ထဲ ပြန်ဝင်သွားတယ်”

မြခက်ရဲ့အသံတွေက တုန်တုန်လှုပ်လှုပ် ဖြစ်လာသည်။ ဒါဆို အခန်းအပြင်ဘက်က ကြားရသော ခြေသံတရှပ်ရှပ်တွေသည် ...

“ရှင် ... ရှင် ... တကယ်မြင်လိုက်တာလား ကိုအိုက်မောင်”

“ကျွန်တော် မမြခက်ကို ဘာလို့လိမ်ပြောရမှာလဲဗျာ။ ကိုစိုင်းဝဏ္ဏကို မပြောပြပါနဲ့ ဆိုတာက သူက မမလေးအကြောင်း ပြောရင် မကြိုက်ဘူး မဟုတ်လား ...

ကျွန်တော်လည်း အရင်က ဝိညာဉ်တွေ ဘာတွေ ကြားခဲ့ ပေမယ့်မယုံခဲ့ပါဘူး။ ဒါပေမဲ့ ဒါတွေက တကယ် ရှိနေတာကိုတော့ ဘယ်လိုမှ ငြင်းမရဘူး မဟုတ်လား ...

သေသွားတဲ့ လူတွေက စိတ်စွဲနေရင် မကျွတ်လွတ် တတ်ကြဘူးလို့ ကြားဖူးတယ်။ မမြခက်က ဘုရားတရား သမားပါဗျာ၊ ဘုံဘဝတွေအကြောင်း ကျွန်တော်တို့ထက် ပိုသိမှာပါ”





ပိုသိတယ်။ ပိုပိုသာသာကြီးကို သိတယ်။ မြခက်ခက်သည် ညက ကြားခဲ့ရသော ခြေသံတရှပ်ရှပ်၊ တံခါးခေါက်သံ၊ မှန်ပြတင်းမှာ ရေးထားခဲ့သော စာသား စတာတွေကို တစ်ခုချင်းစီ ပြန်မြင်ယောင်လာကာ အိုက်မောင်း ပြောတာတွေနှင့် ဆက်စပ်ကြည့်လိုက်လျှင် သိုက် တစ်ယောက် နှောင့်ယှက်နေပြီ ဆိုတာကို နားလည်လိုက်သည်။

သို့သော် ဒါမျိုးကိစ္စတွေဟာ တကယ်ပဲ ရှိလားဆိုတာကိုလည်း မြခက်ခက်က သံသယဝင်ချင်သည်။ ဒါပေမဲ့ ကိုယ်ကိုယ်တိုင်လည်း ချောက်ချားမှုကို ခံစားခဲ့ရတာကို လက်တွေ့ပင်။ အခုတော့ ကိုယ်တင်မကဘဲ အကောင်အထည်လိုက် မြင်ခဲ့ရသူ နောက်တစ်ယောက်ကပါ တိုးလာချေပေပြီ။ အကယ်၍ ညကသာ တံခါးခေါက်တာကို ဖွင့်ပေးခဲ့ပါက ...။

မြခက်ခက်မှာ ဆက်ကို မတွေးရဲတော့ချေ။ ဒီညတော့ စိုင်းဝဏ္ဏ ကြိုက်ကြိုက် မကြိုက်ကြိုက် အပေါ်ထပ်မှာ အဖော်ခေါ်အိပ်ဖို့ ဆုံးဖြတ်ချက်ချပြီး ဖြစ်တော့သည်။



burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်တစ်ရက်နေ့ညသည်လည်း ဝင်းပ

သာနေတုန်းပဲဖြစ်သည်။ လရောင်ဆမ်းထားသော ရတနာမြိုင်

ခြုံလုံးသည် လရောက်အောင်မှာပင် ငြိမ်သက်စွာ ...။ ညဉ့်က

တော်နက်နေပြီ။ ကိုးနာရီတည်းက အိပ်ဖို့ကြိုးစားခဲ့သော မြ

ခက်သည် ဆယ့်တစ်နာရီ ထိုးပြီးသည်အထိ အိပ်၍မပျော်

သဖြင့် အိပ်ဆေးသောက်ဖို့ စဉ်းစားရတော့သည်။

အိပ်ဆေးသောက်ပြီးနောက် အိပ်ရာပေါ်မှာ လှဲ

သော်လည်း မျက်လုံးတွေက မအိပ်ချင်သေး။ အဲဒီအချိန်

တိုင်ကပ်နာရီမှ ဆယ့်နှစ်နာရီထိုးသော တီးလုံးသံ ထွက်ပေါ်

ပြီး မရေးမနှောင်းမှာပင် မနေ့က ကြားခဲ့ရဖူးသော ခွေး

ကြီးကို စတင်ကြားရလျှင် မြခက်ခက်မှာ ဆတ်ခနဲ တုန်သွား





လွှမ်းလွှမ်းဆွေးဆွေး အူလိုက်သော ခွေးအူသံကြီးဟာ အနီးနားရှိ တောင်တွေထံသို့ ပဲ့တင်သံထပ်သွားသလားဟု ထင်ရလောက်အောင် စဲပဲမစဲနိုင်တော့။ ကြောက်စိတ်က ဖျတ်ခနဲ ဝင်ရောက်လာသော်လည်း တစ်ဖက်အခန်းမှာ အဲနန်းတို့ရှိသည် ဟူသော အတွေးကြောင့် သက်သာရာ ရသွားသည်။ စိတ်သက်သာရာ ရသွားလျှင် မြခက်ခက်သည် စိတ်ကိုလျှော့ချလိုက်ကာ အိပ်ပျော်ဖို့ ကြိုးစားလိုက်သည်။

စိတ်ကိုဖြေလျှော့လိုက်သဖြင့် အိပ်ပျော်လုဆဲဆဲမှာပင် မြခက်ခက်ရဲ့နားထဲသို့ တံခါးခေါက်သံက တိုးဝင်လို့လာသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

အဲဒီတံခါးခေါက်သံ ကြားတာနှင့် မြခက်ခက်ရဲ့ မျက်လုံးတွေဟာ ဆွဲဖြဲခြင်း ခံလိုက်ရသလို ပြူးကျယ်လို့သွားသည်။ ချက်ချင်းပဲ တုန်တုန်လှုပ်လှုပ် ဖြစ်လာကာ ဘာလုပ်ရမယ်မှန်းမသိ ဖြစ်သွားသည်။ ထိုစဉ် တံခါးခေါက်သံက ထပ်မံ၍ ထွက်ပေါ်လာပြန်သည်။



burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက် ... ဒေါက်"

ဒီတစ်ခါတော့ မြခက်ခက်က သိချင်စိတ်နှင့်အတူ အရဲကိုးကာ ခုတင်ပေါ်မှဆင်းပြီး အခန်းတံခါးဆီသို့ တရွေ့ရွေ့ ချဉ်းကပ်လာခဲ့သည်။ အဲဒီနောက် အခန်းတံခါးနားသို့ရောက်လျှင် ရုတ်တရက် မဖွင့်ရဲသေးသဖြင့် နားရွက်ကို တံခါးနားသို့ကပ်ကာ အပြင်ဘက်မှ အသံကို နားစွင့်လိုက်လျှင် ...

"မြခက်ခက် ... နင် ... တို့ ... ကို ... ပြန် ... သတ် ... မယ်"

မြခက်ခက်သည် ဆတ်ခနဲ တုန်သွားကာ ပါးစပ်အဟောင်းသား ပွင့်သွားသည်။ ဒီအသံဟာ ... ဒီအသံဟာ သိုက်ရဲ့အသံ ဖြစ်သော်လည်း အရင်ကြားဖူးနေကြအသံလို မဟုတ်ဘဲ သွားကြားထဲမှ လေထွက်သောအသံလို၊ လျှာဖျားနှင့်ပြောသော အသံလိုလို ရှတတနှင့် ကြောက်မက်ဖွယ် ကောင်းလွန်းလှသည်။

မြခက်သည် ကြောက်စိတ်ဖြင့် တံခါးကို ကျောနှင့်ကပ်ကာ ဒီလောက် အေးတာတောင် ချွေးတွေက စိမ့်ပြန်၍လာလေသည်။ လူက တဆတ်ဆတ် တုန်နေကာ အခန်းပတ်လည်





ကို ချောက်ချားစွာ လှည့်ကြည့်နေရင်းမှ နားထဲတွင် အသက်ရှူသံပြင်းပြင်းကြီး တစ်ခုကိုပါ ကြားလာရသည်။ ပထမတော့ စိတ်ထင်တာဟု တွေးမိသော်လည်း အပြင်ဘက်က အသက်ရှူသံကြီးဟာ ညနက်နက် တိတ်တိတ်ဆိတ်ဆိတ်ထဲတွင် ပို၍ထင်ရှားသိသာလာသည်။

မြခက်ခက်သည် ချွေးတွေပြန်နေသည့်ကြားမှ အရဲစွန့်ကာ မေးမြန်းလိုက်သည်။

"ဘယ် ... ဘယ်သူလဲ ...။ အပြင်က ဘယ်သူလဲ"

"ရ ... တ ... နာ ... သိုက်"

မြခက်ခက်မှာ လန့်မအော်မိစေရန် ပါးစပ်ကို အမြန်ပိတ်ထားလိုက်ရလေသည်။ ချက်ချင်းပဲ ရင်တွေ ပန်းတွေ တုန်လာကာ ကြောက်စိတ်ကြောင့် အသားတွေ တဆတ်ဆတ်တုန်လာလေသည်။

ဖြစ်နိုင်လား ဖြစ်နိုင်ပါ့မလား၊ သေသွားပြီးသားလူ တစ်ယောက်ဟာ ဒီလိုစကားတွေ လာပြောနိုင်တယ်ဆိုတာ ဖြစ် နိုင်ပါ့မလား။



burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင် မဖြစ်နိုင်တော့ မသိ။ အခုလောလောဆယ်မှာတော့ မြခက်ခက် ကိုယ်တိုင် ရှူးမတတ် ထိတ်လန့်ချောက်ချားနေရပြီဖြစ်သည်။ မြခက်ခက်သည် အခုမှပင် တစ်ဖက်ခန်းမှ အဲနန်းတို့ကို သတိသွားရကာ နံရံဆီသို့ ပြေးသွားလျက် တစ်ဖက်ခန်းကို တဘုန်းဘုန်းရိုက်ကာ နှိုးမိသည်။

"အဲနဂ်း ... စောရွှေ ... ထစမ်း၊ ထကြစမ်း ... ဟဲ့"

မြခက်ခက်သည် နံရံကို တဘုန်းဘုန်းနှင့် ထုနေစဉ်မှာ အခန်းတံခါးလက်ကိုင်ကို အပြင်ဘက်က လှည့်ဖွင့်နေသံကို ကြားရလျှင် ပို၍တုန်လှုပ်လာသည်။ တစ်ဖက်ခန်းက ဟာမများမှာလည်း ဘယ်ဘဝက အိပ်ရေးပျက်လာသူများမှန်း မသိရအဲ အခုထိကို မနိုးနိုင်ကြသေးချေ။

"ဟဲ့ ... အဲနန်း၊ ထကြစမ်းပါ"

အသံကုန် ဂျိုးအော်ကာ အားကုန်ထုရိုက်တော့မှပင် တစ်ဖက်ခန်းက ဟာတွေက နိုးလာကြတော့သည်။ အိပ်မှုန်စုံမွှားအသံတွေဖြင့် ...

"မမခက် ဘာဖြစ်လို့လဲ၊ ဘာဖြစ်သလဲ"





"နင် ... နင်တို့ အခန်းထဲက အခုထွက်ခဲ့။ ငါ ... ငါ့အခန်းဘက် ကူးခဲ့ကြစမ်း၊ အခု ... အခု အမြန်လုပ်"

"ဟုတ် ... လာပြီရှင့်"

အိပ်ရာမှ ဝုန်းဒိုင်း ဝုန်းဒိုင်း ထလာသော အသံတွေကို ကြားရပြီးနောက် တံခါးဖွင့်မရ ဖြစ်နေကြတာကိုလည်း ကြားနေရသဖြင့် မြခက်ခက်သည့် ကြောက်လန့်နေသည့်ကြားမှ ဒေါသထွက်၍ လာလေသည်။

"ဟဲ့ ... ဘာဖြစ်နေကြတာလဲ။ ဒီတံခါး ဖွင့်တာတောင် ဒီလောက်ကြာနေလား"

"မမခက် ... တံ ... တံခါးက ဖွင့်ရဘူး။ အ ... အပြင်က သော့ခတ်ထားတယ်။ မမခက် ခတ်ထားတာလား"

မြခက်ခက်သည် အဲနန်း ပြန်ဖြေသော စကားကြောင့် မျက်လုံးပြူးကာ ဆံပင်တွေပါ ထောင်သွားသလို ခံစားရလေသည်။ တုန်တုန်လှုပ်လှုပ်ဖြင့် ခေါင်းကို သွက်သွက်ခါအောင်ယမ်းကာ ...

"မ ... မခတ်ပါဘူး။ ငါ ... ငါက ဘာလို့ခတ်ရမှာလဲ"

"ဟင် ... ဒါဆို ဘယ်သူခတ်တာလဲ။ ကျွန်မတို့ အပြင်ထွက်လို့ မရဘူး မမခက်။ ဘယ်လိုလုပ်မလဲ ..."



burmeseclassic.com

www.burmeseclassic.com



မမခက် ကျွန်မတို့ကို ဘာလို့နှိုးတာလဲဟင်”

အဲဒီမေးခွန်းကိုဖြေဖို့ အချိန်တောင် မရလိုက်ချေ။ မြခက်ခက်၏ ပြတင်းတံခါးကမှန်သည် တစ်စုံတစ်ယောက်က အပြင်ဘက်က ရိုက်ခွဲလိုက်သလို ခွမ်းခနဲ မြည်ဟည်းကာ ကွဲထွက်သွားသည်။ မြခက်ခက် လှည့်ကြည့်လိုက်လျှင် မှန်ကွဲသွားသောကြောင့် အေးစိမ့်နေသော လေကြောင်းက တရကြမ်းဝင်လာကာ ကာထားသော ခန်းဆီးစသည် တဖျပ်ဖျပ် လွင့်မြောသွားသည်။

မြခက်ခက်ရဲ့ အခန်းထဲတွင် တစ်မုဟုတ်ချင်း အေးစက်သွားကာ လေတိုက်ခတ်သံတွေက တစ်ယောက်ယောက် ဝင်လာသလို အသက်ဝင်လာသည်။ တစ်ချီမှာတော့ လေကြမ်းကြမ်းတစ်ချက်က ခန်းဆီးစကို အထက်သို့ လုံးဝမြောက်တက်သွားအောင် ပင့်တင်တိုက်ခတ်သွားသည်။

အဲဒီအချိန်တွင် အပြင်ဘက်ရှိ အရာများကို မြခက်ခက်က ရှင်းရှင်းလင်းလင်း မြင်တွေ့လိုက်ရတာဖြစ်သည်။ မြခက်ခက်သည် အံ့သြတကြီး ကြောက်လန့်သွားကာ အသက်ရှူဖို့တောင် မေ့လျော့သွားသည်။ ခန်းဆီးတစ်ချက် အလွင့်မှာ မြင်တွေ့လိုက်





ရတာက သိုက်ကိုပဲ ဖြစ်ပါသည်။ သိုက်သည် သေဆုံးစဉ်ကဝတ်ခဲ့သော အဝတ်အစားကိုပဲ ဝတ်ဆင်ထားကာ သေးတိုက်အနေအထားဖြင့် မြင်လိုက်ရတာ ဖြစ်သည်။

မြခက်ခက်သည် ဒူးတွေညွတ်ကာ ကြမ်းပြင်ပေါ်သို့ ပုံလဲကျသွားသည်။ ခုတင်အစွန်းကိုကိုင်လျက် ပြတင်းပေါက်မှ အပြင်ကို ကြည့်လိုက်သော်လည်း သိုက်ကား မရှိတော့။ သိုက်ကို မြင်တွေ့လိုက်ရတာ စက္ကန့်ပိုင်းမျှသာ ဖြစ်သော်လည်း အမြင်မှားတာလားဟု သံသယရှိစရာ မလိုပေ။

သိုက်သည် သူ ပြန်လာကြောင်း သိစေရန်အတွက် မှန်ပြတင်းတံခါးကိုပင်ခွဲကာ သက်သေပြခဲ့ပြီဖြစ်သည်။



burmeseclassic.com

www.burmeseclassic.com



သိုက်ရဲ့ အရိပ်ပြခြောက်လှန့်မှုတွေသည် တစ်နေ့တစ်မျိုး မရိုးရအောင်ဘဲ ဖြစ်သည်။ မြခက်ခက် အတွက် တံခါးခေါက်သံကတော့ ညစဉ်တိုင်းလိုလိုဖြစ်ပြီး အဲနန်းတို့ ညသန်းခေါင် အိမ်သာထသွားတော့လည်း ထမင်းစားခန်းထဲတွင် ကျော ပေးထိုင်နေတာကို မြင်သည်။ စောရွှေ ဆိုလျှင် ကယောင်ကတန်းဖြင့် ဖျားတောင် ဖျားလေသည်။

နောက်နေ့တွေကျ ထမင်းစားခန်းထဲတွင် သိုက်စားလေ့ရှိသော နံနက်စာအတိုင်း ပြင်ဆင်ထားတာကိုလည်း တွေ့ရသေးသည်။ တစ်အိမ်လုံးရဲ့ ပြောကြားချက်အရတော့ သိုက်သည် လုံးဝမကျွတ်လွတ်ဘဲ ဝိညာဉ်အဖြစ် ဤအိမ်ကြီးတွင် ရှိနေသည် ဆိုတာပဲဖြစ်သည်။





ဒါတွေသည် စိုင်းဝဏ္ဏ မရှိသော တစ်ပတ် ဆယ်ရက်အတွင်း၌ ဖြစ်ပျက်နေသော အကြောင်းတရားများ ဖြစ်သည်။ အဲနန်းတို့ စောရွှေတို့က ဆိုလျှင် ကြောက်လွန်း၍ နေစရာနေရာတောင် မရှိတော့ချေ။

"မမခက်ရယ်... မမလေးကို ကုသိုလ်လုပ်ပြီးအမျှအတန်းပေးလိုက်ပါလား။ မမလေးက လုံးဝမကျွတ်ဘူးဖြစ်နေတာနော်...

ဟိုတစ်နေ့ကဆိုရင် ကျွန်မ ဘုရားပန်းအိုး တက်လဲတော့ မမလေး အခန်းရှေ့က ဖြတ်လျှောက်တာ အခန်းထဲက ရေသံတွေ ကြားနေရတယ် ...

ကျွန်မဖြင့် ကြောက်လွန်းလို့ ဘုရားတောင် မရှိခိုးနိုင်ဘူး။ ချက်ချင်းပြေးဆင်းလာရတာ။ အဲဒါနေ့ခင်းကြီးနော်"

အဲဒါက အဲနန်းရဲ့အပြော ဖြစ်သည်။ စောရွှေနှင့်နွဲ့ခိုင်တို့ကလည်း တစ်မျိုးစီ ရင်ဖွင့်ကြသည်။

"ဟုတ်တယ် မမခက်။ ကျွန်မ ကြားဖူးတာ တစ်ခုကလေ သရဲတစ္ဆေတွေက ဟိုဘက်ဘဝမှာ အဆင်မပြေရင် အမျှမရရင် ဒီဘက်ကို ပြန်ဒုက္ခပေးတတ်တယ်တဲ့ ...



burmeseclassic.com

ပြီးတော့ အမျှလိုချင်ရင်လည်း ဒီလိုလုပ်ကြတယ်လို့ ကြားဖူးတယ်။ မမလေး ဒီအိမ်ကြီးကို စိတ်စွဲနေတာ သေချာပါတယ်။ ကျွန်မ နေမကောင်းတုန်းက အိပ်ရာဘေးကို သစ်ခွအဖြူတစ်ပွင့် ရောက်နေတယ်လေ ...

ကျွန်မ မှတ်မိပါသေးတယ်။ မမလေး ရှိတုန်းက သစ်ခွလေး ပန်ချင်လိုက်တာလို့ သူ့ရှေ့မှာ ပြောဖူးတော့ သူက ချက်ချင်းပဲ အပင်ကနေ ခူးပြီး ရော့ ... ဆိုပြီးပေးခဲ့တာ ...

ကျွန်မကို အရိပ်တော့ မပြတော့ပါဘူး။ ကျွန်မ ကြောက်တတ်မှန်း သိသွားလို့နဲ့တူတယ်။ ဒီလိုကျတော့လည်း မမလေးက သနားပါတယ်နော် ...

ကျွန်မတို့ ကုသိုလ်လုပ်ပေးလိုက်ရအောင်လားဟင်"

မြခက်ခက်မှာ စိတ်ဆင်းရဲကြီးစွာဖြင့် ဘာမှပြန်မပြောနိုင်ချေ။ တစ်နေ့ကလည်း ရေချိုးပြီး အလှပြင်မှန်တင်ခုံမှာ ထိုင်မလို့ရှိသေး အလန့်တကြား အော်ဟစ်ခဲ့ရသေးသည်။ မှန်တင်ခုံပေါ်မှ အလှပြင်ပစ္စည်းများမှာ ဖရိုဖရဲ ပြန့်ကျဲနေကာ မှန်ပေါ်တွင်





လည်း သွေးစီးကြောင်းဖြင့် စာရေးသွားသေးသည်။ ငါ ပြန်လာခဲ့မယ် ... တဲ့။

ဈေးသွားဈေးပြန် လုပ်ရသည့် နွဲ့ခိုင်ကမူ အပြင်ဘက်က သတင်းတွေပါ ယူဆောင်လို့ လာတာဖြစ်သည်။

"ဟိုဘက်ခြံက ပူစူးကလည်း ကျွန်မကို လာမေးတယ် မမခက်။ နင်တို့အိမ်က မသိုက်သိုက်က မကျွတ်ဘူးလား တဲ့ ...

ကျွန်မက ဘာဖြစ်လို့လဲလို့ ပြန်မေးတော့ သူမြင်တာ နှစ်ခါရှိပြီတဲ့။ တစ်ခါက ညဘက်ကြီး ဝရန်တာမှာ ရပ်နေတာတဲ့။ တစ်ခါက မနက်အစောကြီး သူ အမှိုက်တွေကို မီးထရှို့တော့ ခြံအနောက်က ချယ်ရီပင်ကြီးအောက်မှာ ထိုင်နေတာတဲ့"

မြခက်ခက်သည် စိတ်ပျက်လက်ပျက် စိတ်ဆင်းရဲစွာဖြင့် မျက်လုံးများကိုမှိတ်ကာ ထားလိုက်တော့သည်။ ဒီအတိုင်းဆို သူမရဲ့အမြင်နဲ့ အထင်တင်သာ မကတော့ဘဲ တခြားလူများ အပြင် ပတ်ဝန်းကျင်ရဲ့ အမြင်ကပါ ရှိလာခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေက ရတနာစုံအိမ်နှင့် ပတ်သက်လာလျှင် စိတ်ဝင်စားကြလွန်းသဖြင့် ဒီအကြောင်းဟာလည်း ပြောကိုပြောကြမည့် အကြောင်းတစ်ခုဖြစ်မှာ သေချာလေသည်။ မြခက်ခက်သည် ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမယ်မှန်း မသိဘဲ စိုင်းဝဏ္ဏကိုသာ အကြီးအကျယ် မျှော်နေမိတာ ဖြစ်တော့သည်။





၁၁

သူသည် တောင်ကြီးမြို့၌ ငါးလလောက် နေခဲ့ပြီး ာက် နောက်တစ်ကြိမ် သဘော်ပြန်တက်ဖို့ ကိစ္စတွေအတွက် ကုန်သို့ ပြန်သွားခဲ့ရသည်။ ပြန်သွားခဲ့သည် ဆိုရာမှာလည်း ာ်နှလုံး မချမ်းမြေ့မှု၊ မသာယာမှုတွေကို ထုပ်ပိုးကာ ပြန်သွားခြင်း ဖြစ်သည်။ နောက်တစ်ကြိမ် သဘော်ပြန်တက်ဖို့ အားလုံး ဉ်ပြီးလျှင် သူက မိဘတွေကို ခွင့်ပန်ကာ လေးလေးရှိသော ာင်ကြီးမြို့သို့ နောက်တစ်ကြိမ် ပြန်လာခဲ့လေသည်။

ဒီတစ်ခေါက် သဘော်ပြန်တက်လျှင် သုံးနှစ်လောက် ာမှာမို့ သူက မသွားခင် သုံး,လေးလလောက်ကို တောင်ကြီး



burmeseclassic.com

www.burmeseclassic.com



မှာပဲ အေးအေးဆေးဆေး အနားယူဖို့ ဆုံးဖြတ်ထားခဲ့ခြင်းဖြစ်သည်။ အမြဲအေးမြနေသော ဤရာသီဥတုမျိုးကို သူ အလွန်ပဲ နှစ်သက်လှပါသည်။

သူသည် တောင်ကြီးက ထွက်ခွာခဲ့တော့လည်း အံ့ဩဝမ်းနည်းမှုများကို သယ်ကာ ပြန်သွားခဲ့ရသလို နောက်တစ်နှစ်နေမှ ပြန်ရောက်တော့လည်း အံ့ဩစရာများကို ထပ်မံကြားသိရလေသည်။

သူ အံ့ဩရသော သတင်းများကို မောင်ချိုက ခရီးရောက်မဆိုက်ပင် သတင်းပေးတာဖြစ်သည်။

"အစ်ကို ... အစ်ကို့မိတ်ဆွေ မရတနာသိုက်လေ သူ - သူ မကျွတ်ဘူးတဲ့ဗျ ... သိလား။ အခု သူတို့တစ်အိမ်လုံး သရဲခြောက်ခံနေရတယ်"

"ဟာကွာ ... မင်းကလည်း မဟုတ်ကဟုတ်က"

သူက အဲဒါမျိုးတွေကို အယုံအကြည်မရှိသူမို့ မျက်မှောင်ကုတ်ကာ ငြင်းဆိုလိုက်သည်။ သိုက်ဟာ အသေဆိုးနှင့် သေဆုံးခဲ့ရသော်လည်း အဲဒီလို မကျွတ်မလွတ်သော ဘုံဘဝမှာ





ရောက်နေလိမ့်မည်ဟု သူ မမျှော်လင့်ပါ။ အဲဒီလိုမျိုးလည်း သူ မဖြစ်စေချင်ပါ။ ဒါကြောင့် သူဟာ ကုသိုလ်ကောင်းမှု တစ်ခုခု ပြုလုပ်ပြီးတိုင်း သိုက်ကို မှန်းဆကာ အမြဲတမ်း အမျှအတန်း ဝေလေ့ရှိ၏။

သိုက်တစ်ယောက် အိုခြင်း နာခြင်း သေခြင်းများ ကင်း ဝေးရာ ဘုံဘဝကို ရောက်ပါစေဟု သူ အမြဲပဲ ဆုတောင်းပါသည်။

"ဘယ်က မဟုတ်က ဟုတ်ကရမှာလဲ။ တကယ်ဗျ။ ကျွန်တော် တကယ်ပြောနေတာ၊ အဲဒီအိမ်က နွဲ့ခိုင်ဆိုတဲ့ ကောင်မလေးနဲ့ ကျွန်တော်နဲ့က ဝက်သားဆိုင်မှာ ဝက်သား ဝယ်ရင်း ခင်နေတာ ...

သူက ပြောပြတာ။ အမိက,က သူ့ရဲ့မိထွေး မြခက်ခက်ကို ဦးတည်ပြီး ခြောက်တာတဲ့ဗျ။ နေ့လယ်ခင်းဆို အပေါ်ထပ်မှာ လူမရှိဘဲ လမ်းလျှောက်သံတွေ ကြားနေရတာတို့၊ သော့ခတ်ပိတ်ထားတဲ့ သူ့အခန်းထဲက ရေကျသံတွေ ကြားနေရတာတို့ အမြဲကြားနေရတာတဲ့ ...



burmeseclassic.com

www.burmeseclassic.com



တစ်ခါကဆို သူ မကြိုက်တဲ့ နှင်းဆီဖန်းတွေ ထိုးထားတာ ခဏနေကျတော့ အဲဒီပန်းတွေကို ကြမ်းပြင်ပေါ်မှာမွှေခြေပြီး လွှင့်ပစ်ထားတာ တွေ့ရတယ်တဲ့ ...

လသာတဲ့ညတွေမှာဆို ဝရန်တာမှာ ထွက်ထွက်ရပ်နေတာ ခြံနားနီးချင်းတွေတောင် မြင်ကြတယ်ဆိုပဲ"

သူက စိတ်ရှုပ်ထွေးစွာနှင့် မျက်မှောင်တစ်ချက်ကြုတ်မိသည်။ မောင်ချိုက ကြားသိရသမျှကို အပီအပြင်ပင် ပြန်ပြောနေတာမို့ ချက်ချင်း ဘာမှပြန်မပြောနိုင်သော်လည်း ဒီလိုကိစ္စတွေကို သူက လုံးဝအယုံအကြည် မရှိချေ။

"မဖြစ်နိုင်ပါဘူးကွာ။ သရဲဆိုတာ တကယ်မှ မရှိတာ"

"ဟာ ... အစ်ကိုကလည်း။ ဒါဆို အစ်ကို ဗုဒ္ဓဘာသာ မဟုတ်ဘူးလား ... ပြော"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ အစ်ကိုရာ။ သုံးဆယ့်တစ်ဘုံထဲမှာ ဘုံဘဝတွေ အမျိုးမျိုး ပါဝင်တာပဲ။ လူတစ်ယောက်ဟာ သေဆုံးသွားပြီ ဆိုကတည်းက တခြားဘုံဘဝ တစ်ခုခုကို ကြား





ကာလ စက္ကန့်မိနစ် မခြားဘဲ ရောက်သွားတာပဲလို့ ဘုန်းကြီးတရားဟောထဲမှာ နာဖူးတယ် ...

နောက် သေခါနီး လူတစ်ယောက်ရဲ့ စိတ်ကလည်း အရေးကြီးသေးတယ်လေ။ သူ့စိတ်က ထိတ်လန့်ကြောက်ရွံ့မှု ဒေါသတွေနဲ့ သေသွားရင် ဘယ်လိုလုပ် ကောင်းရာ သုဂတိလားနိုင်တော့မှာလဲ"

"ဘာလဲ ... မင်းက တရားဟောနေတာလား"

"တရားဟောတာ မဟုတ်ပါဘူး အစ်ကိုရာ။ ဒါတွေကို ရှိကိုရှိတယ်ဆိုတာ ပြောပြနေတာပါ။ တကယ်တမ်းတော့ ဝိညာဉ်ဆိုတာလည်း ပြဲတ္တာဘုံပါပဲ။ နားထဲအဝင်ကောင်းအောင်သာ ဝိညာဉ်လို့ ပြောနေတာ။ ဝိညာဉ်ဆိုတာလဲ ..."

"ကဲ ... တော်ပါတော့ကွာ။ ဒီနေ့အဖို့ မင်းတရားကို နာလို့ပြီးဦးမှာလား"

သူက ငေါက်လိုက်တော့မှပင် မောင်ချိုက လျှာထုတ်ကာ ဇက်ပုသွားသည်။ ဒီအချိန်မှာပဲ လေးလေးက နောက်ပါးမှ ရောက်လာကာ ...



burmeseclassic.com

www.burmeseclassic.com



"မောင်ချိုက မင်းမရှိတော့ ပျင်းနေတာကွ။ သူ့ရဲ့အ...
တကာ သတင်းတွေကို နားထောင်ပေးမယ့်လူက မင်း...
ရှိတာလေ ...

အေး ... ရတနာသိုက် မကျွတ်မလွတ်ဘူး ဆို...
အကြောင်းကတော့ ငါတို့ရှိုးက စာရေးမတွေ့လည်း ...
နေကြတာပဲကွ"

"အဲဒါ ဖြစ်နိုင်လို့လား လေးလေးရယ်"

သူက လေးလေးကိုတော့ ဖျော့တော့သော လေသံ...
မေးမိသည်။

လေးလေးက စဉ်းစားခန်းဝင်လျှင် လုပ်တတ်သော...
ထုံးစံအတိုင်း မေးစေ့ကို လက်ဝဲနှင့်ပွတ်ကာ ...

"သိပ်တော့ ပြောလို့မရဘူးကွ။ ဒါမျိုးကိစ္စတွေက သာ...
တွေလည်း ရှိတတ်တာပဲ"

"မဟုတ်ဘူးလေ၊ ကျွန်တော် ပြောတာက သူဆုံး...
တစ်နှစ်ပြည့်ပြီပဲ။ အဲဒီရှေ့က တစ်နှစ်အတွင်းမှာ ခြေ...
တယ် ဘာညာ ဘာအသံမှ မကြားခဲ့ရဘူး မဟုတ်လာ...





"အင်း ... အဲဒီလိုတော့ မကြားမိဘူး။ ခြောက်တာက အခုတလောမှ ခြောက်လာတာ။ သရဲသက် ရှည်လာလို့နဲ့ တူတယ်"

"ဟာကွာ ... ဒီကောင်ကလဲ"

သူက စိတ်ရှုပ်စွာနှင့် ဟန့်တားလိုက်သော်လည်း ဒီကိစ္စဟာ တစ်မျိုးတော့ ထူးခြားသည်ဟု သူ ထင်သည်။ သိုက် သေဆုံးသွားရတာကို ပြောရလျှင်တော့ လုံးဝမသင်္ကာခဲ့ချေ။ ကား က ချောက်ထဲကျ၍ မီးလောင်ပျက်စီးသွားခဲ့တာ မှန်သော်ငြား ဒီလိုဖြစ်ရတာကိုက သွေးရိုးသားရိုး မဟုတ်ဘူးဟု ထင်သည်။

သို့သော် သူဟာ ဒီကိစ္စကို မကျေနပ်သော်လည်း ဘာမှ မတတ်နိုင်ချေ။ သူဟာ သိုက်ရဲ့ဆွေမျိုးသားချင်းလည်း မဟုတ်။ မိတ်ဆွေရင်းချာတောင် မဟုတ်ကြသေး။

ဒါကြောင့် စိတ်လျှော့မေ့ထားခဲ့ရသော်လည်း သူ့ ရင်ထဲတွင် သိုက်နှင့် ပတ်သက်၍ အခုအခံ တစ်ခုကတော့ ရှိသေးဆဲပဲ ဖြစ်လေသည်။



burmeseclassic.com

www.burmeseclassic.com



"တောက် ... အခ်ိပ္ပာယ်ကို မရှိဘူးကွာ။ မဖြစ်နိုင်

ပြောစမ်း ခက်ခက်။ ဒီသတင်းကို စ,ဖန်တီးတာ

မဟုတ်လား"

တစ်ခုခုဆိုလျှင် စဉ်းစားချင့်ချိန်စွာ မတွေးဘဲ

ခနဲရှိ ဒေါသရှာ အရင်ကြွေထွက်ထားနှင့်သော စိုင်းဝဏ္ဏကို

ခက်က စိတ်ပျက်စွာ တစ်ချက်စိုက်ကြည့်ပြီးမှ စိတ်ကို

နိုင်ဆုံး လျှော့ချလိုက်ဟန်ဖြင့် ...

"ရှင် ရမ်းမပြောနဲ့ ကိုစိုင်းဝဏ္ဏ။ ကျွန်မ တကယ်

တာ။ မဟုတ်ဘဲနဲ့ ကျွန်မက ဘာလို့ပြောနေမှာလဲ

ကျွန်မ တစ်ယောက်တည်းတည် မဟုတ်ဘူး။

အလုပ်သမားတွေကိုပါ မေးကြည့်"





စိုင်းဝဏ္ဏက ဒေါသတစ်ချက်ကြီးစွာဖြင့် မတ်တတ်ရပ် တန်းစီနေကြသော အလုပ်သမားများကို တက်တစ်ချက်ခေါက်ပစ်လိုက်လျှင် အားလုံးက ဆတ်ခနဲ တုန်သွားကြသည်။ စိုင်းဝဏ္ဏက မနေ့ကမှ ပြန်ရောက်လာခြင်းဖြစ်သည်။

မထင်မှတ်ဘဲ အလုပ်ကိစ္စက ကြန့်ကြာသွားသဖြင့် ရက်နှစ်ဆယ်ခန့် ကြာသွားရာမှ သူ ပြန်ရောက်လာလျှင် တစ်မြို့လုံးမှာ ပွထနေသော ရတနာသိုက်ရဲ့ ဝိညာဉ်သတင်းကို ကြားရခြင်း ဖြစ်လေသည်။

သူ အိမ်ရောက်တော့လည်း မြခက်ခက်က ဒီကိစ္စကိုပဲ တုန်လှုပ်ခြင်းကြီးစွာ ပြောပြသည်။ လုပ်ငန်းကိစ္စတွေအတွက် ခေါင်းရှုပ်နေရသဖြင့် ဒီသတင်းဟာ သူ့ကို အကြီးအကျယ်ပဲ ဒေါသထွက် စိတ်တိုစေသည်။

"ဟော့ကောင် ... အိုက်မောင်း ပြောစမ်း။ မင်းကပါ ရတနာသိုက်ကို တွေ့တယ်ပေါ့လေ ... ဟုတ်လား"

အိုက်မောင်းက စိုင်းဝဏ္ဏရဲ့ ဒေါသကို ကြောက်သဖြင့် ခေါင်းငုံ့ကာ ဘာမှမပြောချေ။ စိုင်းဝဏ္ဏက အိုက်မောင်းရဲ့ ရင်ဘတ်ကို ဆောင့်တွန်းကာ ...

www.burmeseclassic.com



“ယောကောင် … ပြောလေ”

“ဟုတ် … ဟုတ်ကဲ့”

“ဘာကွ … ဘာတွေ့တာလဲ … ဘာတွေ့တာလဲ။ အဲဒီကောင်မက သေပြီလေ၊ ဘာတွေ့စရာ အကြောင်းရှိလဲ”

စိုင်းဝဏ္ဏရဲ့ ဒေါသသံက တိုက်ထဲတွင် ဟိန်းထွက်နေသည်။ နဂိုကမှ အမွေကိစ္စတွေကြောင့် ရတနာသိုက်ကို ခါးသီးမုန်းတီးနေရသည့်အထဲ ဒီလိုပြဿနာဖြစ်လာသောအခါ နောက်တစ်ခါ ပြန်သတ်ချင်အောင်ပင် ဒေါသထွက်နေရတာ ဖြစ်သည်။

“ကျွန် … ကျွန်တော်က ဝရန်တာမှာ ဖျတ်ခနဲ တွေ့ … တွေ့”

“ဟာ … ဒီကောင်တော့ ငါ လုပ်လိုက်ရ”

“ကိုစိုင်းဝဏ္ဏ”

စိုင်းဝဏ္ဏက အိုက်မောင်းကို လက်ဝါးနှင့် ရွယ်စဉ်မှာပင် မြခက်ခက်ရဲ့ ကျယ်လောင်စူးရှသော အသံက ဖောက်ထွက်၍လာသည်။ စိုင်းဝဏ္ဏရဲ့ လက်ဝါးက လေထဲမှာ ရပ်တန့်သွားကာ မြခက်ခက်ကို လည်ပြန်လှည့်ကြည့်လာသည်။ မြခက်ခက်





ရဲ့ မျက်နှာသည် နီရဲခက်ထန်နေကာ နှုတ်ခမ်းတွေက တဆတ်ဆတ် တုန်နေရသည်။

“ရှင် အဲဒီလို မတရား လုပ်မနေနဲ့၊ ကျွန်မတို့အားလုံး ဘယ်သူမှ မညာဘူး။ ရတနာသိုက် သေသွားခဲ့တာ မှန်တယ် …

အေး … ဒါပေမဲ့ သူဟာ မကောင်းဆိုးဝါးဘဝနဲ့ အားလုံးကို ခြောက်လှန့်နေတာလည်း အမှန်ပဲ …

ဒါကို ကျွန်မတို့က ရှင်ယုံအောင် ဘယ်လိုသက်သေပြရမှာလဲ။ အေး … သက်သေကတော့ တစ်ခုပဲ ရှိတယ်၊ ရှင်ကိုယ်တိုင် တွေ့လာရမှာပဲ”

မြခက်ခက်ရဲ့ စကားကြောင့် စိုင်းဝဏ္ဏက ပို၍ဒေါသထွက်သွားကာ …

“အေး … တွေ့ … တွေ့စမ်းကွာ။ လာခဲ့စမ်း”

စိုင်းဝဏ္ဏရဲ့ ကျယ်လောင်သော အော်ဟစ်သံအဆုံးတွင် ငြိမ်သက်နေသော အိမ်အပေါ်ထပ်ဆီမှ ပန်းအိုးတစ်လုံး ခွမ်းခနဲ ကျကွဲသွားသည်။



burmeseclassic.com

www.burmeseclassic.com



မြခက်ခက် အပါအဝင် အားလုံးမှာ ဆတ်ခနဲတုန် သွားကြကာ စိုင်းဝဏ္ဏကို အလန့်တကြားပဲ ကြည့်မိကြလေသည်။ စိုင်းဝဏ္ဏသည် တစ်ချက်ကြောင်သွားပြီးမှ ကောက်ကျစ်သော အပြုံးမျိုးပြုံးကာ ခေါင်းမော့ ခါးထောက်လျက် ဟစ်အော်လိုက်သေးသည်။

"ဟေ့ ... ရတနာသိုက်၊ ဒီအိမ်မှာ မင်း တကယ်ရှိနေတယ်

ဆိုရင် ထွက်လာခဲ့စမ်းလေကွာ ...

ထွက်လာခဲ့၊ အခု ထွက်လာခဲ့"

အိမ်ကြီးမှာ ရုတ်တရက် တိတ်ဆိတ်သွားလေသည်။ စိုင်းဝဏ္ဏကလည်း ဘာသံများ ထပ်ကြားရလိမ့်မလဲ ဟူသော ပုံစံနှင့် အပေါ်ထပ်ကို နားစွင့်နေမိသည်။ အတန်ကြာလျှင် အိမ်ပေါ်မှ လမ်းလျှောက်သွားသော ခြေသံများကို တစ်အိမ်သားလုံး အပါအဝင် စိုင်းဝဏ္ဏပါ နားနှင့်ဆတ်ဆတ် ကြားလိုက်ရလေသည်။

သိုက်သည် သူမရဲ့ ဝိညာဉ်ရှိနေကြောင်း တကယ်ပဲ သက်သေပြလိုက်တာပဲလား။





## ၁၂

လကွယ်သွားပြီဖြစ်သဖြင့် ညသည် မှောင်ရိပ်ကျလျက် ရှိနေသည်။ ကြယ်ရောင်တချို့သာ ပြောက်တိပြောက်ကျား လင်းလက်ကာ ည၏အရိပ်တို့က မပီသ မသဲကွဲချေ။ ည၏အနက်ရောင်က တဖြည်းဖြည်း နက်လာကာ ညဉ့်နက်ပိုင်းသို့ ရောက်လာပြီဖြစ်သည်။

ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကြောင့် စိုင်းဝဏ္ဏသည် အိပ်ပျော်လုဆဲဆဲမှ လူးလွန့်လာသည်။ သူ့နံဘေးမှ မြခက်ခက်ကတော့ အရင်ရက်တွေက အိပ်ရေးပျက်ခဲ့သမျှ အခုမှ အတိုးချ အိပ်နေသလား မှတ်ရအောင် အသက်ရှူသံမှန်မှန်ဖြင့် အိပ်ပျော်နေလျက်ရှိသည်။ စိုင်းဝဏ္ဏက အိပ်ပျော်နေသော မြခက်



burmeseclassic.com

www.burmeseclassic.com



ခက်ကို တစ်ချက်ငုံကြည့်အပြီး ပြန်အိပ်ဖို့ ကြိုးစားလိုက်စဉ်မှာပဲ နားထဲသို့ ခြေသံတရှပ်ရှပ်က တိုးဝင်လာသဖြင့် သူက မျက်မှောင် တစ်ချက် ကြုတ်သွားသည်။

ထိုခြေသံသည် တဖြည်းဖြည်းနှင့် အခန်းနားသို့ နီးကပ်လာကာ ရပ်တန့်သွားသည်။ ပြီးလျှင် တံခါးခေါက်သံက အတိအကျ တိုးဝင်လို့လာလေသည်။ သူက ဆတ်ခနဲ ခေါင်းထောင် သွားကာ ...

"ဘယ်သူလဲ"

သူ့ရဲ့ ခပ်ဆတ်ဆတ်အသံက တိတ်ဆိတ်သော ညတွင် ကျယ်လောင်စွာ ထွက်ပေါ်သွားသည်။ အပြင်က ဘာမှ တုံ့ပြန်မှုမပေး။ နောက်ထပ် တံခါးခေါက်သံ တစ်ချက်က ထပ်၍ ထွက်ပေါ်လို့ လာပြန်သည်။

ဒီတစ်ခါတော့ သူက သည်းမခံနိုင်တော့သဖြင့် ခြုံထားသောစောင်ကို လွှားခနဲဖယ်ကာ ခုတင်ပေါ်မှ ဆင်းလိုက်ရင်း ချက်ချင်းပဲ အခန်းတံခါးကို ဝုန်းခနဲမြည်အောင် ဖွင့်ချလိုက်သည်။

"ဟင်"





အပြင်ဘက်တွင် သူ မြင်တွေ့လိုက်တာက ဘယ်သူမှ ရှိမနေပေ။ ဒီလောက် နားနှင့်ဆတ်ဆတ် ကြားခွင့်ရခဲ့သော တံခါးခေါက်သံ၏ အပြင်ဘက်တွင် ဘယ်သူမှ ရှိမနေသဖြင့် သူ အံ့ဩသွားရသည်။ အဲဒီအချိန်မှာပဲ မြခက်ခက်က တုန်လှုပ်သော မျက်နှာဖြင့် နီးလာကာ ...

"ကို ... ကိုစိုင်းဝဏ္ဏ ... ရှင် ... ရှင် ... ဘာ ... ဘာတွေ့လို့လဲ။ ကျွန်မတို့ ပြောတာ ဟုတ်တယ် မဟုတ်လား"

စိုင်းဝဏ္ဏသည် အရှုံးလုပ်ခံရသော အဖြစ်ကို အတော် ဒေါသထွက်ကာ မခံချိမခံသာ ဖြစ်လို့နေသည်။ နားနှင့်ဆတ်ဆတ် ကြားခဲ့ရသော ခြေသံ၊ တံခါးခေါက်သံတို့မှာ ပိုင်ရှင်မရှိသော ဖြစ်ရပ်သည် သူ့ကို လှောင်နေသလိုပဲ ခံစားရသည်။ သူက တက်တစ်ချက်ကို ကျယ်လောင်စွာခေါက်ကာ ...

"တောက် ... ဒီကောင်မ ... အဲဒီကောင်မတော့လား"

အဲဒီအချိန်မှာပဲ အောက်ထပ်က ဝုန်းဆိုသော အသံကြီးကြားလျှင် စိုင်းဝဏ္ဏက ဆတ်ခနဲ ဖြစ်သွားသော်လည်း မြခက်ခက်ကတော့ အတော်လန့်သွားလေဟန်ရှိကာ သူ့လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်လို့လာသည်။



burmeseclassic.com

www.burmeseclassic.com



သို့သော် စိုင်းဝဏ္ဏက ဒါကို ဂရုမစိုက်အားပဲ အခန်းထဲမှ ဝုန်းခနဲ ထွက်ကာ အောက်ထပ်သို့ တရကြမ်းဆင်းလာခဲ့သည်။

အောက်ထပ်သို့ရောက်၍ မီးဖွင့်လိုက်လျှင် ဧည့်ခန်း၌ စိုင်းဝဏ္ဏ အမြတ်တနိုး ချိတ်ဆွဲထားခဲ့သော သမင်ချိုကြီးမှာ အောက်သို့ပြုတ်ကျ ကျိုးပဲ့နေတာကို တွေ့ရလေသည်။ နံရံမှာ အသေအချာ အခိုင်အခန့် ချိတ်ဆွဲထားခဲ့တာမို့ သူ့ဟာသူ ပြုတ်ကျစရာတော့ အကြောင်းမရှိပေ။ ပြီးတော့ နံရံမှာရေးထားခဲ့သော သွေးစီးကြောင်းနှင့် စာသားက စိုင်းဝဏ္ဏကို တုန်လှုပ်သွားစေသည်။

"စိုင်းဝဏ္ဏ ... ဒီတစ်ခါ နင့်အလှည့်"

စိုင်းဝဏ္ဏသည် အဲဒီစာကို ဖတ်ပြီးသွားလျှင် ကျောထဲမှ စိမ့်တက်လာကာ ချက်ချင်းပဲ ကြက်သီးမွေးညင်းတွေ ထ၍လာလေသည်။ သူ မယုံခဲ့သော အဖြစ်အပျက်များသည် တကယ်လက်တွေ့ ဖြစ်လာသဖြင့် အံ့လည်းအံ့သြကာ အထိတ်တလန့်ဖြစ်မှုတွေပါ ဝင်ရောက်လို့ လာလေသည်။





နောက်မှ ခြေသံကြား၍ လှည့်ကြည့်လိုက်လျှင် သွေးဆုတ်ဖြူဖွေးသော မျက်နှာထားဖြင့် စောင့်ကြည့်နေသော မြခက်ခက်ကို တွေ့လိုက်ရသည်။ မြခက်ခက်သည် နံရံမှ ပြုတ်ကျနေသော သမင်ချိုကြီးနှင့် နံရံပေါ်မှ စာသားတို့ကိုကြည့်ကာ မျက်နှာတွင် သွေးမရှိတော့ပေ။

သူ့ကိုသာ တုန်တုန်လှုပ်လှုပ်နှင့် အားကိုးတကြီး ကြည့်လို့နေလေသည်။ အဲဒီအချိန်မှာပဲ သူတို့နားထဲတွင် ချောက်ချားစွာ ရယ်မောလိုက်သော သိုက်ရဲ့အသံကို ကြားလိုက်ရတာဖြစ်သည်။ သိုက်ရဲ့အသံသည် အဝေးကြီးမှ ရယ်နေသလိုလို နီးနီးမှ ရယ်နေသလိုနှင့် ဝိညာဉ်ရယ်သံအလား ချောက်ချားဖွယ်ကောင်းနေလေသည်။

"အ ... မ ... လေး ... တွေ့ ... တွေ့လား ဝဏ္ဏ။ သူ ... သူ ... အဲဒါ ... သိုက် ... သူ ... ခက်တို့ကို ဒုက္ခပေးနေပြီ"

"ဘာဒုက္ခပေးရမှာလဲ၊ ဒီကောင်မက သေပြီးပြီပဲ။ အလကားကောင်မ၊ နှစ်ခါပြန် သေချင်ပြီနဲ့တူတယ်"



burmeseclassic.com

www.burmeseclassic.com



စိုင်းဝဏ္ဏက ဒေါသစိတ်နှင့်အတူချောက်ချားစိတ်ကြောင့် ပါးစပ်က ထွက်သွားရသော်လည်း မြခက်ခက်က ချက်ချင်းပဲ စိုင်းဝဏ္ဏရဲ့လက်ကို လှုပ်ကာ သတိပေးသည်။ စိုင်းဝဏ္ဏသည် မမြင်ရသော သိုက်ရဲ့ဝိညာဉ်ကို ဝေ့ဝဲကြည့်သလိုဖြင့် ဒေါသတကြီး အော်လျက်ရှိသည်။

"ဟေ့ … ရတနာသိုက်၊ သတ္တိရှိရင် ငါ့ရှေ့တည့်တည့်မှာ လာရပ်ပြစမ်း။ ဒီလို ဖြဲခြောက်တဲ့နည်းနဲ့တော့ လာမသုံးနဲ့ …

မကောင်းဆိုးဝါးမ … နင့်ကို ရအောင် နင်ထုတ်ပြမယ်"

အဲဒီအချိန်မှာပဲ ခွေးအူသံတွေက အဆက်မပြတ်ထွက်ပေါ်လို့လာလျှင် …

မြခက်ခက်သည် ဒီနေရာမှာ ဆက်၍မနေရဲတော့အောင် ကြောက်လာပြီဖြစ်သဖြင့် စိုင်းဝဏ္ဏရဲ့လက်ကို ဆွဲခေါ်ကာ_

"သွား … သွားရအောင် ဝဏ္ဏ၊ ခက် ကြောက် … ကြောက်လို့ပါ၊ လာပါ … သွားရအောင်ပါနော်"





စိုင်းဝဏ္ဏက မကျေမနပ်နှင့်ပင် သမင်ချိုကြီးကို တစ်ချက် ပိတ်ကန်ခဲ့သေးလေသည်။ နှစ်ယောက်သားဟာ အပေါ်ထပ်သို့တက်လာခဲ့၍ အခန်းထဲသို့ ပြန်ရောက်လာခဲ့လျှင် မြခက်ခက်က ခုတင်ကိုကြည့်ကာ အထိတ်တလန့်နှင့် ရူးရူးဝါးဝါးကြီး အော်ဟစ်မိလေသည်။ စိုင်းဝဏ္ဏကတော့ မျက်လုံးကြီးပြူးကာ ကြက်သေ သေလျက်ရှိနေသည်။

သူတို့တွေ့လိုက်သော အရာကား မှန်တင်ခုံပေါ်က မှန်တွင် သွေးနှင့်ရေးထားခဲ့သော "နင်တို့နှစ်ယောက်ကို ပြန်သတ်မယ်"ဟူသော စာသားနှင့်အတူ ခုတင်ပေါ်တွင်တော့ စိုင်းဝဏ္ဏနှင့် မြခက်ခက်တို့၏ ခေါင်းအုံးနှစ်လုံးစလုံးမှာ ဓားဖြင့်မွမွကြေအောင် ထိုးဖောက်ထားခြင်း ခံရလျက် သွေးတွေလောင်းသွားသဖြင့် မှို့တွေနှင့် သွေးတွေ ရောနှော၍နှစ်ကာ အော်ဂလီဆန်စွာ၊ စိတ်ဆင်းရဲစွာ ကောင်းလွန်းနေသဖြင့် မြခက်ခက်မှာ မိုက်ခနဲလဲပြို၍ သွားတော့လေသည်။

စိုင်းဝဏ္ဏရဲ့ ချောက်ချားသော အော်သံကြီးကတော့ တစ်ခြံလုံးကို ညနက်နက်တွင် ပျံ့နှံ့လို့ သွားခဲ့သည်။



burmeseclassic.com

www.burmeseclassic.com



တော်ဝင်အောင်သည် ရတနာစံအိမ်ကြီးရဲ့ အနားသ တဖြည်းဖြည်း တိုးကပ်လာစဉ်မှာပဲ အိမ်ကြီးထဲမှ မီးအလင်းရောင် ကို မြင်တွေ့လိုက်ရသည့်အတွက် တစ်မျိုးဖြစ်သွားသည်။ အချိန် အားဖြင့် ညဆယ့်နှစ်နာရီ ကျော်ပြီမို့ ဒီအချိန် မီးတွေလင်းနေခြင်း ဟာ ထူးတော့ ထူးဆန်းလေသည်ဟု သူ ယူဆသည်။ အဲဒီလို တွေးနေတုန်းမှာပဲ စူးဝါးသော ဒေါသတကြီး အော်ဟစ်သံကြီးကို ကြားလိုက်ရတာဖြစ်လျှင် သူက မျက်ခုံးနှစ်ဖက်စလုံး ပင့်တက် သွားရသည်။

ဒီအိမ်ကြီးမှာ ည,ညဆိုလျှင် သိုက်ရဲ့ဝိညာဉ်တွေ ပျော်မြူးသောင်းကျန်းတတ်သည်။ အိမ်ကလူတွေထက် စိုင်းဝဏ္ဏန မြခက်ခက်ကိုသာ အငြိုးတကြီး ခြောက်လှန့်တတ်သည်ဆိုတာ





ဟွတ်များနေပြီလား။ သူကား ဒါတွေကို မယုံကြည်သဖြင့် ကိုယ် တိုင်ကိုယ်ကျ စူးစမ်းလေ့လာဖို့ ရောက်လာခြင်းဖြစ်သည်။

အခုတော့ သူ မျှော်လင့်ထားသလိုပင် စိတ်ဝင်စား စရာတွေနှင့် စတင်၍ ကြုံနေပြီဖြစ်သည်။ သူက ခြံစည်းရိုးအနား သို့ တဖြည်းဖြည်းနှင့် တိုးကပ်လာနေစဉ်မှာပဲ ...

"ချွတ်"

သူ့နောက်မှ သစ်ကိုင်းခြောက် တစ်ခုကို တက် နင်းမိ၍ ကျိုးသွားသော အသံကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရ၍ သူက သတိအနေအထားနှင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် ...

"ဟင်"

သူ့နားနှင့် ဆတ်ဆတ်ကြားလိုက်ရတာ ဖြစ်သော် လည်း သူ့နောက်တွင် ဘယ်သူမှ ရှိမနေပေ။ သူက စိတ်ထဲမှာ ဆင့်ခနဲ ဖြစ်သွားသလို သူ့အာရုံတွင်လည်း တစ်စုံတစ်ယောက် ဟာ သူ့အနားသို့ ရောက်နေပြီမှန်း သိကိုသိလိုက်လေသည်။ သူ သည် ရှေ့က ရတနာစံအိမ်ထက် အနားက တစ်စုံတစ်ရာကို ပို စိတ်ဝင်စားသွားခဲ့သည်။



burmeseclassic.com

www.burmeseclassic.com



သူ့နားထဲတွင် ခြေသံလိုလို၊ သစ်ရွက်လေတိုးသံလိုလ် ဘာမှန်း မကွဲပြားချေ။ သူဟာ အဲဒီအသံနောက်သို့ စူးစူးစမ်းစမ် ဖြင့် ရှာဖွေလိုက်လာရာမှ ချွတ်ခနဲ အသံကြား၍ လှည့်ကြည့်လိုက် လျှင် သစ်ပင်နောက်သို့ ဖျတ်ခနဲ ဝင်ရောက်ပျောက်ကွယ်သွားသေ အရိပ်တစ်ခုကို မြင်လိုက်ရသည်။

သိုက် ... သိုက်များလား။

အဲဒီလို တွေးမိလိုက်လျှင် သူ့ကျောထဲ၌ တစ်ချက် စိမ့်တက်သွားသည်။ သို့သော် နဂိုဇီဇာတ်ခံကိုက ရဲရင့်ကာ မကြောက်တတ်သောသူမို့ သူဟာ အဲဒီအရိပ် ကွယ်ပျောက်သွားရာ သင်ပင်ရဲ့အနားသို့ တရွေ့ရွေ့ တိုးကပ်လာမိသည်။ သစ်ပင် နောက်သို့ ပြုန်းခနဲ ဝင်ရပ်လိုက်ချိန်မှာတော့ ဘယ်သူမှ ရှိမနေပါ။ သို့သော် အဖြူရောင်ပဝါလေးတစ်ထည်ကိုတော့ အံ့သြဖို့ကောင်း စွာ မြင်တွေ့လိုက်ရသည်။

သူသည် သိုက်ရဲ့ပဝါလေးများလားဟူသော အတွေး ဖြင့် ပဝါလေးကို ဒူးထောက်ကာ ကောက်ယူလိုက်သည်။ အဲဒီ အချိန်မှာပဲ သူ့နောက်စိသို့ မာကျောသော အရာတစ်ခုနှင့် လာ ရောက်ထိတို့ခြင်းကို ခံလိုက်ရကာ ...





"မလှုပ်နဲ့"

လောလောဆယ်မှာ သူက သားကောင်ဖြစ်သွားပြီ မို့ ပြောသမျှ နာခံရုံသာပင် ခေါင်းတစ်ချက် ညိတ်ပြတာကိုပင် သူ့ခေါင်းထဲသို့ အရာဝတ္ထုက ပိုမိုဖိကပ်ကာ ...

"လက်နှစ်ဖက်ကိုမြှောက်ပြီး ဖြည်းဖြည်းချင် ထရပ်"

သူက အဲဒီလို ပြောသည့်အတိုင်း လုပ်လိုက်သည်။ သူ လက်နှစ်ဖက်မြှောက်၍ မတ်တတ်ရပ်ပြီးချိန်တွင် ထိုလူကမေး ခွန်းဆက်မေးပြန်သည်။

"မင်း ဘယ်သူလဲ။ ဘာကြောင့် ဒီနားကိုရောက်နေရတာလဲ"

ဒီအတွက် သူ့မှာ အဖြေခက်သွားသည်။ အခု သူ့ ကို မေးနေတာကရော ဘယ်သူများ ဖြစ်မလဲ။ စိုင်းဝဏ္ဏ မဟုတ် တာတော့ သေချာလေသည်။ သူဟာ စိုင်းဝဏ္ဏရဲ့ အသံကို နှစ် ခါတိတိ အထူးထလည် ကြားဖူးထားတာမို့ ဒီလူ့အသံ ဟုတ်၊ မဟုတ်ဆိုတာကိုတော့ ခွဲခြားသိနိုင်သည်။

ဘာဖြေရမှန်း မသိသဖြင့် သူက အရိုးသားဆုံးစကား ကိုပဲ ဖြေလိုက်သည်။



burmeseclassic.com

www.burmeseclassic.com



"သရဲခြောက်တယ်ဆိုလို့ လာ ... လာချောင်းကြည့်တာပါ။ နေပါဦး ... ခင်ဗျားကရော ဘယ်သူလဲ။ ခင်ဗျားမှာရော ကျုပ်ကို အဲဒီလိုမေးပိုင်ခွင့် ရှိလို့လား"

"ရှိလို့ မေးနေတာပေါ့။ မင်းကို မသင်္ကာဘူး ဟေ့ကောင်။ စခန်းကို လိုက်ခဲ့။ ဟိုကျမှ စစ်မယ်"

ပြောပြောဆိုဆို ထိုလူက သူ့လက်နှစ်ဖက်ကို ဖြောင်းခနဲမြည်အောင် လက်ထိတ်ခတ်ပစ်လိုက်လျှင် မျက်လုံးပြူးသွားရသည်။ အဲဒီလူရဲ့ လုပ်ရပ်က လျင်မြန်လွန်းသဖြင့် သူက ဘာမှ မတတ်နိုင်လိုက်ချေ။ ပြီးတော့ ဒီလိုလုပ်လိမ့်မည်ဟုလည်း မျှော်လင့်မထားသဖြင့် အငိုက်မိ ခံလိုက်ရတာ ဖြစ်လည်း။

"ဟာ ... ဒီ ... ဒီမှာ၊ ကျုပ်က လူဆိုးမဟုတ်ဘူးဗျ။ ဘာရည်ရွယ်ချက်မှလဲ မပါဘူး"

"ဘာရည်ရွယ်ချက်မှ မပါတဲ့လူက ညဥ့်နက်သန်းခေါင် သူများခြံနားမှာ ခိုးကြောင်ခိုးဝှက်နဲ့ လာချောင်းနေပါ့မလား ...

ဟေ့ကောင် ... ကြာတယ်ကွာ။ အခု လိုက်ခဲ့"





"ကျွတ် ... ဒုက္ခပဲ။ ဒီမှာ ဆိုင်ကယ်လည်း ပါသေးတယ်"

"ပါလည်း မတတ်နိုင်ဘူး။ မင်းထိုက်နဲ့ မင်းကံပဲ။ ကြာတယ်ကွာ ... မြန်မြန်လုပ်"

အဲဒီလိုနှင့် သူဟာ ဘာမဆိုင် ညာမဆိုင် ရဲစခန်းသို့ ရောက်လာခဲ့ရတာဖြစ်သည်။

ဟိုရောက်လျှင် သူ့ကို ဖမ်းခေါ်လာသော ရဲအရာရှိနှင့် အခုမှပဲ တစ်ယောက်မျက်နှာ တစ်ယောက် စေ့စေ့ကြည့်ခွင့်ရကြသည်ဖြစ်ရာ သူဟာ အဲဒီလူရဲ့မျက်နှာကိုကြည့်ရင်း မျက်မှောင်တစ်ချက် ကြုတ်သွားသည်။ ထိုလူကတော့ ကိစ္စများနေသဖြင့် သူ့မျက်နှာကို သေချာမကြည့်နိုင်အားသေး။

သူသည် အဲဒီလူရဲ့မျက်နှာကို မလွှတ်တမ်း လိုက်ကြည့်နေရင်းမှ တစ်စုံတစ်ရာကို သေချာလို့လာသည်။ ဟုတ်ပါတယ် ခန္ဓာကိုယ် တောင့်တင်းကြံ့ခိုင်လာပြီး ဆံပင်ကိုတိုတိုရှင်းရှင်း ညှပ်ထားကာ အသက်အရွယ် ကြီးလာတာကလွဲလို့ ဒီကောင်ဟာ ရန်နိုင်မှ ရန်နိုင်အစစ်ပဲ ဖြစ်လေသည်။

"ဟေ့ကောင်ကြီး ... ရန်နိုင်"



burmeseclassic.com

www.burmeseclassic.com



သူ့အသံက အခန်းထဲတွင် ဟိန်းထွက်သွားလျှင် စားပွဲပေါ်၌ တစ်ခုခုကို ငုံ့ရေးနေသော ရန်နိုင်သည် ဆတ်ခနဲဖြစ်သွားပြီး သူ့ကို ဖျတ်ခနဲ လှည့်ကြည့်လာသည်။ သူက ဝမ်းသာအားရဖြင့် ခေါင်းညိတ်ကာ ...

"ငါ တော်ဝင့်အောင်လေ"

ရန်နိုင်ရဲ့ မျက်နှာမှာ ပထမ ဇဝေဇဝါ ဖြစ်သွားသည်။ နောက်တော့ အံ့သြသွားကာ နောက်ထပ်တော့ အင်မတန် ပျော်ရွှင်သွားတဲ့ပုံ ပေါက်လျက် သူ့ထံသို့ အပြေးရောက်ရှိလို့ လာလေသည်။ တကယ်တော့ ရန်နိုင်နှင့် သူသည် မူလတန်းမှ ကိုးတန်းအထိ တတွဲတွဲနှင့် အင်မတန် ချစ်ခင်ခဲ့ကြသည့် သူငယ်ချင်းများ ဖြစ်ကြသည်။ ဆယ်တန်းနှစ်မှာမှ ရဲအရာရှိတစ်ယောက်ဖြစ်သော ရန်နိုင်ရဲ့အဖေမှာ နယ်သို့ ရာထူးတိုးပြီး ပြောင်းရွှေ့သွားရသည့်အတွက် သူတို့နှစ်ဦး ကွဲကွာသွားကြရခြင်းဖြစ်သည်။ ပထမတော့ စာရေးဖြစ်ကြသော်လည်း ယောက်ျားလေးတွေမို့ ကြာလာသောအခါ စာသိပ်မရေးဖြစ်ကြရာမှ ရန်နိုင်တို့ကလည်း တစ်နယ်ပြီးတစ်နယ် ပြောင်းရာမှ အဆက်အသွယ် လုံးလုံးပြတ်တောက်သွားကြတော့တာ ဖြစ်၏။





ရန်နိုင်က ဝမ်းသာအားရနှင့် သူ့အနားသို့ ရောက်လာကာ သူ့လက်မောင်းကို ဆုပ်ကိုင်လျက် ...

"မင်း ... တော်ဝင် ... တော်ဝင် ... ဟုတ်တယ်နော်"

"ဟုတ်သပ၊ မင်း လက်ထိတ်ခတ်ခေါ်လာတာလေ"

"ဟာ ... မင်းနှယ်ကွာ။ နေပါဦး ... မင်းက ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ"

"ဒီမှာ ငါ့ဦးလေး ရှိတယ်လေ၊ ငါ သင်္ဘောတက်နေတာ ကြာပြီ။ ဒီမှာ လာအနားယူတာပေါ့ကွာ။ ရောက်တာ မကြာသေးဘူး။ ပြီးခဲ့တဲ့ တစ်ပတ်ကမှ။ ရှေ့မှာ ငါးလလောက်တောင် နေသွားဖူးတယ်"

"ဟင် ... ငါက ဒီကို တာဝန်နဲ့ ပြောင်းလာတာကွ၊ ငါ ခုရဲအုပ် ဖြစ်နေပြီလေ။ ဖြစ်မှ ဖြစ်ရလေကွာ၊ မင်းကို ဒီပုံစံနဲ့ တွေ့ရတာ စိတ်မကောင်းလိုက်တာ"

"ရိုးတဲ့မှုပဲ။ ဟော့ကောင် ... မင်း ငါ့ကို ဘာညာသာရကာ လျှောက်ထင်မနေနဲ့ကွ။ ငါ ဘာမှမဟုတ်ဘူး။ အဲဒီအိမ်က နာမည်ကြီးနေလို့ သွားချောင်းတာပဲ ရှိတယ်"

"မင်းနဲ့ တစ်ခုခုများ ပတ်သက်နေလို့လား"



burmeseclassic.com

www.burmeseclassic.com



ရန်နိုင်ကား ရဲဝန်ထမ်းလို့ မပြောရချေ။ သူ့ကို စူးစမ်းအကဲခတ်သော မျက်လုံးများဖြင့် ကြည့်လို့လာသည်။ တာဝန်က တာဝန်၊ သူငယ်ချင်းက သူငယ်ချင်းပဲ ဟူသော မျက်လုံးများဖြင့် သူ့ကို အပြည့်အဝ ယုံကြည်ပုံ မရသေး။ သူက သက်ပြင်းတစ်ချက်ကို ချလိုက်ကာ ရဲအရာရှိသူငယ်ချင်းကို ယုံကြည်စွာ ဖွင့်ဟပြောပြဖို့ စိတ်ကူးလိုက်တော့သည်။

"ငါ မင်းကို အားလုံးပြောပြပါမယ်ကွာ၊ ငါ့လိုပဲ မင်းလည်း ဒီနေရာကို ရောက်နေပုံထောက် မင်းလည်း တစ်ခုခုကို သဲလွန်စ လာရှာတာပဲ နေမှာပါ"

"ဒါပေမဲ့ ..."

"အေးပါ။ ငါ နားလည်ပါတယ်။ မင်းက မင်းတာဝန်နဲ့ လာတာ။ ငါကတော့ ..."

"အဲဒီလို မဟုတ်ပါဘူးကွာ။ မင်းကို ငါ ယုံပါတယ်။ မင်းဆီကလည်း ထူးခြားမှုတွေ သိရမယ်လို့ ထင်နေတာ။ မင်း ပြောတာတွေကို ငါ နားထောင်ချင်ပါတယ်"

"နားထောင်ချင်လည်း လက်ထိတ်ကြီးတော့ ဖြုတ်ပေးဦးကွာ။ ရှီးထဲမှပဲ"





"ဟာ ... ဟုတ်သားပဲ။ ဒါပေမဲ့ မင်း ငါ့ကို ကတိတစ်ခု တော့ ပေးရမယ်၊ ဒီတစ်ညလုံး အိမ်မပြန်ဘဲ ငါနဲ့ တစ်ည လုံး စကားပြောရမယ်ဆိုတဲ့ ကတိ၊ ဘယ်လိုလဲ"

"ပေးပါတယ်ကွာ၊ အခုကိုပဲ ညတစ်နာရီ ထိုးနေပါပြီ။ မျက်လုံးတွေလည်း ကြောင်နေပြီ၊ ဗိုက်ကလည်း ဆာလှ ပြီကွ။ ငါ့ကို တစ်ခုခုကျွေးဦး"

"ဟား ဟား ... အရေးထဲ အငတ်နဲ့ တွေ့နေသေးတယ်။ အေးပါ ... ယောက်ဖရာ၊ မင်း စားဖို့သောက်ဖို့ ညလုံး ပေါက်ဖွင့်တဲ့ဆိုင်က လက်ဖက်ရည်နဲ့ ပလာတာ သွားဝယ် ခိုင်းပေးပါ့မယ်"

"ဟော့ကောင် ... မျှော်လင့်မနေနဲ့။ ငါ့အစ်မရော ငါ့ညီမ ရော နှစ်ယောက်လုံး ယောက်ျားရသွားပြီ"

"ဟော ... ဟုတ်လား၊ မင်းကရော"

"ငါက တစ်ကိုယ်တော်လေ"

"အေးပါ ... အေးပါ။ ဘုရင့်ကြောင်ကြီး အကြိုက်မတွေ့ သေးလို့ပေါ့လေ"



burmeseclassic.com

www.burmeseclassic.com



ရန်နိုင်က သူ့အနားသို့ ရောက်လာကာ လက်မှ လက်ထိတ်ကို ဖြုတ်ပေးလိုက်လေသည်။ အဲဒီနောက် နှစ်ပေါင်းများစွာ ကွဲကွာနေကြသော သူငယ်ချင်းနှစ်ယောက်သည် သူ့အကြောင်း၊ ကိုယ့်အကြောင်း ဖလှယ်ကြ။ လက်ရှိ စိတ်ဝင်စားစရာ အရေးကိစ္စတွေကို ဖလှယ်ကြနှင့် အိပ်ဖို့ကို စိတ်မဝင်စားကြ။ အိပ်လည်း မအိပ်ချင်ကြပေ။

အထူးသဖြင့် ရန်နိုင်ကလည်း သူ့ထံမှ စိတ်ဝင်စားစရာကောင်းသော ရတနာသိုက်ရဲ့ အကြောင်းတွေကို သိခွင့်ရ၍ အကျိုးရှိသလို သူကလည်း စိုင်းဝဏ္ဏရဲ့ အကြောင်းတွေကို သိခွင့်ရတဲ့အခါ အံ့သြဘနန်း ဖြစ်ရသည်။ ပြီးတော့ သိုက်အတွက် ဝမ်းနည်းကြေကွဲကာ မခံချင် ဖြစ်ရလေသည်။

ညလုံးပေါက် စကားထိုင်ပြောကြသောအခါ ကာလကြာရှည်စွာ ဝေးကွာနေသော နှစ်များသည် မြေကြော၍လိုက်သလို နီးနီးလေး ဖြစ်လို့သွားလေသည်။





“ဒါဆို မင်းရဲ့မိတ်ဆွေမလေး သိုက်က အင်မတန် သနားစရာ ကောင်းနေတာပေါ့။ သူ့ခမျာ လင်ဆိုးမယား တဖားဖားဘဝကို ရောက်ခဲ့တာပေါ့။ မင်းက ကြားထဲက ကန့်လန့်ကန့်လန့်နဲ့ ညပ်ပါခဲ့သေးတယ်”

“ဟုတ်တယ်။ ငါကတော့ အဲဒီကိစ္စကို လုံးဝမကျေနပ်ဘူး၊ စိုင်းဝဏ္ဏကလည်း တကယ့် တစ်ဇွတ်ထိုး။ ဘယ်လိုမှ ရှင်းပြလို့ မရဘူး ...

အထူးသဖြင့် သိုက်ဟာ ငါ့စကားကို ယုံကြည်တိုးစားပြီး ငွေညှစ်တာကို မပေးခဲ့လို့ အခုလို အဖြစ်ဆိုးမျိုးနဲ့ ကြုံသွားရတာဆိုတဲ့ စိတ်မသန့်မှုကြီးက ငါ့ကိုအမြဲတမ်း ဖိစီးနှိပ်စက်နေတယ်”



burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ။ မင်းလည်း ဒီလို ဖြစ်မယ်လို့ ကြိုသိထားတာမှ မဟုတ်တာ"

သူက အဲဒါကိုတော့ ထောက်ခံဟန်ဖြင့် ခေါင်းတစ်ချက် ဆတ်သည်။ သူတို့နှစ်ယောက်သည် မိုးလင်းခါနီးမှ ခဏ အိပ်ပျော်သွားကြကာ ရန်နိုင်က သူ့နေအိမ်သို့ လိုက်ပါလာလျက် နံနက်စာစားရင်း စကားပြောနေကြခြင်းဖြစ်သည်။

"ဒါပေမဲ့ ငါက သိုက် အဲဒီလို သေသွားတာကို လုံးဝ လက်မခံနိုင်ဘူးကွာ။ သိုက်ဟာ စိတ်ကျဝေဒနာ ခံစားနေရတာ မှန်တယ်။ ဒါပေမဲ့ ညကြီးသန်းခေါင် ထထွက်သွားရလောက်အောင်အထိ ဦးနှောက်မမဲ့သေးဘူး ထင်တာပဲ။ ပြီးတော့ ..."

သူ့စကားမှ မဆုံးသေးခင် ဈေးက ပြန်ရောက်လာသော မောင်ချိုသည် ဈေးခြင်းတောင်းကိုတောင် မချအားသေးပဲ ကြားသိလာသမျှ သတင်းအစုံကို ဖောက်သည်ချဖို့ ဖြစ်သည်။

"ကိုတော်ဝင်ရေ ... သတင်းထူးတစ်ပုဒ်တော့ ကြားလာရပြန်ပြီဗျာ။ ညက ရတနာ့စံအိမ်မှာ ရတနာသိုက် သောင်းကျန်းတာ ရက်ရက်စက်စက်ပဲတဲ့ ..."





စိုင်းဝဏ္ဏရဲ့ သမင်ချိုကြီးကို နံရံပေါ်က ဖြုတ်ချပစ်တာတို့၊ ခေါင်းအုံးတွေကို ထိုးဖောက်ပစ်တာတို့ ... အဲ ... စာလည်း ရေးသွားသေးတယ်တဲ့။ နင်တို့နှစ်ယောက်ကို ပြန်သတ်မယ် ဆိုလားပဲ"

ရန်နိုင်က မောင်ချို့ကို နားမလည်သလို ကြောင်ပြီး ငေးကြည့်နေလျှင် သူကပဲ မောင်ချိုရဲ့ ဂုဏ်ပုဒ်နှင့် အရည်အချင်းတွေကိုပါ ထည့်ပေါင်းကာ မိတ်ဆက်ပေးလိုက်ရသည်။ ဒီတော့မှ ရန်နိုင်က နားလည်သွားကာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း သဘောကျနေတော့သည်။

"လိုအပ်လာရင် ... မင်း သူ့ကိုပါ ခေါ်သုံးလို့ ရတယ် ရန်နိုင်"

"အေးကွာ ... မင်း ပြောသလိုပဲ၊ ဒီကိစ္စဟာ တော်တော် စိတ်ဝင်စားဖို့ ကောင်းနေပြီ။ ရတနာသိုက်ဟာ တကယ်ပဲ ဝိညာဉ်လား၊ ဝိညာဉ်ဆိုရင်ရော အဲဒီလိုမျိုးတွေ လုပ်လို့ရလား။ ငါတို့ ရဲဘက်အနေအထားနဲ့ ကြည့်ရတာတော့ ဒါတွေဟာ စိတ်ဝင်စားစရာ သဲလွန်စတွေကွ ..."

www.burmeseclassic.com



ဝိညာဉ်ပဲ ထားပါဦး၊ သူဟာ စိုင်းဝဏ္ဏနဲ့ မြခက်ခက်ကိုပါ ဘာကြောင့် ဒီလောက် မုန်းတီးနေရတာလဲ။ စိုင်းဝဏ္ဏကတော့ သူ့ကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် နှိပ်စက်ခဲ့တဲ့ ယောကျ်ား။ မြခက်ခက်ကရော"

"အဲဒီ စိုင်းဝဏ္ဏနဲ့ မြခက်ခက်ကလည်း မရှင်းဘူး ဆရာ"

"ဟေ ... ဟုတ်လား"

အဲဒီစကားကို ဝင်ပြောတာက မောင်ချို ဖြစ်သည်။ ရန်နိုင်က အံ့သြစွာ မေးမြန်းသောကြောင့် မောင်ချိုက ဗို၍အားတက်သွားကာ သူသိသမျှ တရစပ် ပြောတော့သည်။

"ဟုတ်တယ် ဆရာရဲ့။ အဲဒီအိမ်ကြီးမှာ အရင်တုန်းက အလုပ်သမား ကောင်မလေး သုံးယောက်ပါ နေတယ်။ အောက်ထပ်မှာပေါ့။ ရတနာသိုက် သေပြီးတဲ့နောက်ပိုင်းမှာ စိုင်းဝဏ္ဏက သူတို့ကို နောက်ဖေးတန်းလျားမှာပဲ နေခိုင်းတော့တာတဲ့။ လုပ်စရာရှိတာ နေ့ခင်းပိုင်းမှာလုပ်၊ ညဘက်ရောက်တာနဲ့ တန်းလျားကိုပြန်၊ အဲဒီလိုမျိုး ...

သူတို့နှစ်ယောက်တည်း ... အဟဲ ... ဟဲ"





မောင်ချိုရဲ့ စကားကို ရန်နိုင်က တလေးတနက် စဉ်းစားကာ ...

"အင်း ... တကယ်တမ်းတော့ ဘယ်ဘက်ပဲကြည့်ကြည့် သူတို့ရဲ့ နေပုံထိုင်ပုံက အလုပ်ကို မဟုတ်ဘူး။ မြခက်ခက်ဟာ ဦးမြသိုက်ရဲ့ဇနီး ရတနာသိုက်ရဲ့မိထွေး။ စိုင်းဝဏ္ဏက ရတနာသိုက်ရဲ့ခင်ပွန်း။ ဒီနှစ်ယောက်ဟာ ဒီလိုနေဖို့ကို မသင့်တော်ဘူး ...

ရတနာသိုက် ရှိတုန်းကတော့ ကိစ္စမရှိဘူးပေါ့"

"ခြော် ... ဆရာကလည်း။ ဒါ သူတို့ မဟုတ်တာ လုပ်လို့ပေါ့။ မြခက်ခက်ကတော့ အခုနောက်ပိုင်း အပြင်ကို သိပ်မထွက်တော့ဘူး ...

စိုင်းဝဏ္ဏကတော့ ဘယ်သူ့ကိုမှ ဂရုစိုက်တဲ့လူစားမှ မဟုတ်တာ"

"ကဲ ... မောင်ချို။ ရန်နိုင် ပြန်ရင် မင်းကို တစ်ခါတည်း ထည့်ပေးလိုက်မယ်၊ ရဲသင်တန်းတက်ပြီး စုံထောက်ပဲလုပ်တော့"



burmeseclassic.com

www.burmeseclassic.com



"ဟဲ … ဟဲ … အဲဒီလိုပဲလုပ်ရင် ကောင်းမလား စဉ်းစားနေတာ"

"အဲဒါဆိုလည်း ချက်ရင်းပြုတ်ရင်း စဉ်းစား။ သွား … သွား … တော်ကြာ လေးလေး ပြန်လာလို့ ဟင်းမကျက်သေးရင် မင်းကို ဆဲနေမယ်"

သူက မောင်ချို့ကို ပ,ထုတ်လိုက်ပြီးနောက် ဒီကောင်ထွက်သွားမှ ရန်နိုင် အနားသို့ကပ်ကာ တီးတိုးမေးမိသည်။

"ရန်နိုင် … မင်းလည်း စိုင်းဝဏ္ဏကို သင်္ကာမကင်း ဖြစ်နေတယ် မဟုတ်လား"

ရန်နိုင်က သက်ပြင်းတစ်ချက်ချကာ သူ့ကိုစိုက်ကြည့်ရင်း …

"ငါတို့အလုပ်က ကိုယ့်မိန်းမ ကိုယ့်မိဘကိုတောင် ကိုယ်လိုက်နေတဲ့ အော်ပရေးရှင်းအကြောင်း ဖွင့်ပြောပြရိုး ထုံးစံမရှိဘူးကွ။ ဒါပေမဲ့ မင်းက ငါ့ကို အကူအညီပေးမယ့်လူတစ်ယောက်ဆိုတော့ မင်း သိထားသင့်တာလောက်တော့ ပြောပြပါမယ် …





စိုင်းဝဏ္ဏကို ငါတို့ဘက်က စောင့်တော့ ကြည့်နေတယ်ကွ။ သူ လုပ်နေတဲ့ အလုပ်တွေ တချို့ကို ဥပဒေဘောင်ထဲက မဟုတ်ဘူး"

"ဟင် … ဒါဖြင့်၊ သိုက် သေရတာက"

"အဲဒါတော့ အတပ်ပြောလို့ မရသေးဘူး။ အခုဟာက သိုက် ကိစ္စနဲ့ မပတ်သက်ပါဘူး။ လုပ်ငန်းကိစ္စတွေပါ၊ တချို့လုပ်ငန်းတွေက ဥပဒေနဲ့ မညီညွတ်ဘူး"

"ဒါဆို သိုက်ရဲ့ လုပ်ငန်းတွေပေါ့"

"အဲဒီလိုလည်း မဆိုင်ဘူး။ ဦးမြသိုက် လက်ထက်တုန်းက အဲဒီလုပ်ငန်းတွေက မှန်မှန်ကန်ကန်ပဲ။ ဒီလူလုပ်နေမှ အနံ့က ထွက်လာတာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ ငါကတော့ သိုက်ဘက်က မခံချင်ဖြစ်မိတယ် …

အခုလို စိုင်းဝဏ္ဏနဲ့ မြခက်ခက်က မရိုးမသား ဖြစ်နေတယ်ဆိုတော့ ပိုပြီးတောင် သံသယရှိလာတယ် …

သေချာပါတယ်ကွာ၊ သိုက် သေဆုံးရတာဟာ သွေးရိုးသားရိုး မဟုတ်နိုင်ပါဘူး။ အလောင်းတောင် ရှာမရအောင် မီးရှို့ဖျက်ဆီးလိုက်ကြတာပဲ နေမှာပါ …



burmeseclassic.com

www.burmeseclassic.com



တကယ် ရက်စက်တဲ့လူတွေ"

သူ့ရဲ့ မခံမရပ်နိုင် ဖြစ်နေမှုကို ရန်နိုင်က သဘော ပေါက်ဟန်ဖြင့် ပခုံးကိုဖက်ကာ အားပေးဖျစ်ညစ်လာသည်။

"တရားကို နှတ်စောင့်ပါတယ်။ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး။ အချိန်တန်တော့လည်း အဖြေမှန်ကို သိလာရမှာပေါ့ ...

ငါခေါ်တဲ့အချိန်မှာသာ မင်း လိုက်နိုင်ဖို့ ပြင်ထားပါ"

သူက ရန်နိုင်ရဲ့မျက်နှာကို စေ့စေ့ကြည့်ရင်း ခေါင်း ညိတ်ပြလိုက်သည်။ အဲဒီနောက် သူနဲ့ ရန်နိုင်ဟာ လက်ဖဝါးချင်း တင်းတင်းဆုပ်မိကြလျက် ခိုင်မာသောသံဓိဋ္ဌာန်ကို ချမိကြလေသည်။

မင်းအတွက် တရားသဖြင့် ဖြစ်စေရပါမယ် သိုက် ရယ်။





၁၃

ညဥ့်သည် တိတ်ဆိတ်စွာ မှောင်မိုက်၍ နေသည်။ ငှက်ဆိုးတစ်ကောင်သည် ဂီးခနဲ အော်မြည်ရင်း ပြတင်းပေါက်မှန် တံခါးကို လာရိုက်ခတ်သွားသောအခါ စိုင်းဝဏ္ဏရဲ့ ရင်ခွင်ထဲမှာ ခိုအောင်းနေသော မြခက်ခက်က ဆတ်ခနဲ တုန်သွားသည်။ စိုင်းဝဏ္ဏကတော့ မျက်မှောင်တစ်ချက် ကြုတ်သွားကာ အခြေအနေကို စောင့်ဆိုင်း၍ နေလေသည်။

အဲဒီအချိန်မှာပဲ သူတို့နားထဲသို့ ငိုညည်းသံလိုလို အသံတစ်မျိုးက ဝင်ရောက်လို့လာသည်။ ရေစက်ကျသံလိုလို ငို



burmeseclassic.com

www.burmeseclassic.com



ညည်းသံလိုလိုတွေဟာ တိုးလိုက် ကျယ်လိုက်ဖြစ်လျက် ညဥ့်စဥ့် ညဥ့်တိုင်း နှောင့်ယှက်နေတာ ကြာခဲ့ပြီဖြစ်သဖြင့် စိုင်းဝဏ္ဏက ဒေါသတကြီး တောက်ခေါက်ကာ ခုတင်ပေါ်မှ ဝုန်းခနဲ ထလိုက်သည်။

ဒါကို မြခက်ခက်က အလန့်တကြား လှမ်းဆွဲကာ...

“ဘ ... ဘယ်သွားမလို့လဲ ဝဏ္ဏ။ ခက် ... ခက်ကြောက်တယ်”

“အာ ... အရေးထဲ မင်းကလည်း။ ဘာမှ ကြောက်စရာ မရှိဘူး။ ဒီလို ညတိုင်း ဒုက္ခပေးနေတာ ငါ သည်းမခံနိုင်တော့ဘူး ... တောက် ... ဒီကောင်မတော့ ...”

“ဒါ ... ဒါကြောင့် ခက် ပြောတာပေါ့။ သူ့ကို ခက်တို့ ကုသိုလ်လုပ်ပြီး အမျှပေးရအောင်လို့ပါလို့ ...

သူ မကျွတ်လို့ အခုလို ဖြစ်နေတာ”

“ဘာကုသိုလ်မှ လုပ်ပေးစရာ မလိုဘူး။ ဒီပြိတ္တာမ သရဲမကိုများ မင်းက ဘာဂရုစိုက်နေရတာလဲ ...

ဟာ ... ကြာတယ်ကွာ။ ဒီကောင်မကို ငါကိုယ်တိုင် သတ်မယ်။ ဖယ်စမ်း”





စိုင်းဝဏ္ဏက မြခက်ခက်ကို တွန်းဖယ်လျက် အခန်းနံရံမှာ ချိတ်ဆွဲထားသော အမဲလိုက်သည့် သေနတ်ကိုယူကာ အခန်းတံခါးကို ဝုန်းခနဲ ဖွင့်လိုက်ပြီးနောက် အိမ်ထဲသို စေ့စေ့ကြည့်လိုက်လျှင် ငိုညည်းသံအစား ရယ်မောသံက တိုးဝင်လို့လာသည်။ သူ့ကို လှောင်ပြောင်နေသလိုဖြစ်သော ရယ်သံကြောင့် သူက ဒေါသထွက်သွားရကာ ...

“ဟေ့ ... ရတနာသိုက်၊ ငါ့ကို ဒီလိုခြောက်လို့ ကြောက်မယ်များ ထင်နေလား။ ဟင် ... သတ္တိရှိရင် အခုထွက်ခဲ့စမ်း ... ပုဆိုးခြုံထဲက လက်သီးပြမနေနဲ့ ပြိတ္တာမ”

စိုင်းဝဏ္ဏရဲ့ ဟိုဟိုဒီဒီ စေ့စေ့ကြည့်ရှုနေရာမှ လှေကားထိပ်မှ အောက်ကိုဆင်းသွားသော ရတနာသိုက်ကို မြင်လိုက်ရလျှင် သူ့မျက်လုံးတစ်ခုလုံး ပြာဝေသွားရသည်။ သူများ မျက်လုံးမှားတာလား။

ရတနာသိုက်ကတော့ ရတနာသိုက် အစစ်ပဲ ဖြစ်သည်။ နောက်ကျောဘက်ကို မြင်လိုက်ရတာ ဖြစ်သော်လည်း သူမမှာသူမ သေချာလို့နေသည်။ သေဆုံးစဥ်က အဝတ်အစား



burmeseclassic.com

www.burmeseclassic.com



အတိုင်း ဝတ်ဆင်ထားတာကို တွေ့ရလျှင် တဆွေမကြောက်တတ်သော သူတောင် ကျောထဲမှ တစ်ချက် စိမ့်တက်သွားသည်။

မြခက်ခက် ပြောတာ မှန်နေပြီပဲ။ သို့သော် စိုင်းဝဏ္ဏက စိတ်ကိုတင်းကာ လှေကားထက်မှ အောက်သို့ တဝုန်းဝုန်း တဒိုင်းဒိုင်း ပြေးဆင်းလာခဲ့သည်။ အောက်ထပ်မှာ ဘယ်သူမှ ရှိမနေပေ။ စိုင်းဝဏ္ဏသည် အမှောင်ထဲမှာ ကျင့်သားရနေသော မျက်လုံးများဖြင့် သတိကြီးစွာထားကာ တရွေ့ရွေ့ လျှောက်လာနေသည်။

အဲဒီအချိန်မှာပဲ သူ့နောက်ကျောကို အနောက်ဘက်မှ တစ်စုံတစ်ယောက်က ဆောင့်တွန်းပစ်တာကို ခံလိုက်ရသည်။ ရုတ်တရက် အငိုက်မိသွားတာကြောင့် စိုင်းဝဏ္ဏဟာ အရှေ့သို့ ဟပ်ထိုးလဲကျသွားသည်။ မျှော်လင့်မထားသော ဖြစ်ရပ်မို့ သူ အငိုက်မိသွားတာကို ဒေါသအကြီးအကျယ် ထွက်သွားရကာ ရုတနာသိုက်ကို ပျစ်ပျစ်နှစ်နှစ်ပဲ ကျိန်ဆဲမိလေသည်။

"တောက် … မိသိုက်။ ဟေ့ကောင်မ … အခု ထွက်ခဲ့စမ်း။ ငါ့ကို ဒီလိုလုပ်ရအောင် နင်က ဘာကောင်မမို့လို့လဲဟင် …





ငါ့ကို ဘယ်တုန်းက ဒီအချိုးမျိုး ချိုးလို့ရဖူးလို့လဲ"

အမှောင်ထဲမှ ရယ်သံတစ်ချက် ထွက်ပေါ်လာသည်။ ရယ်သံက သူ့နောက်မှာမို့ လှည့်ကြည့်လိုက်သော်လည်း ဘာမှရှိမနေပေ။ ချမ်းအေးသော ညဦးသန်းခေါင်တွင် စိုင်းဝဏ္ဏနဖူး၌ ချွေးတွေ စိမ့်လာသည်။

"အရင်တုန်းက မရပေမယ့် အခု ရပြီပေါ့ စိုင်းဝဏ္ဏ။ နင်တို့ လူယုတ်မာ မောင်နှံနှစ်ယောက် ဒီညဥ့် ဇာတ်သိမ်းမယ်နေ့ဝဲ"

အဲဒီစကားတွေကြောင့် စိုင်းဝဏ္ဏက ခေတ္တအငိုက်မိသွားသော်လည်း ချက်ချင်းပဲ အော်ဟစ်ရယ်မောပစ်လိုက်သည်။ ညအမှောင်ထဲတွင် စိုင်းဝဏ္ဏရဲ့ ရယ်သံကြီးက ချောက်ချားစွာ ထွက်ပေါ်လို့ လာလေသည်။

"ဟား ဟား ဟား … တယ်လာတဲ့ ကောင်မပါလား။ ငါတို့ပဲ ဇာတ်သိမ်းမလား။ နင်ပဲ ဇာတ်သိမ်းမလားဆိုတာ ကြည့်ကြသေးတာပေါ့"



burmeseclassic.com

www.burmeseclassic.com



စိုင်းဝဏ္ဏက ပြောပြောဆိုဆို သေနတ်ကို အပေါ် မြှောက်၍ ပစ်ဖောက်လိုက်လျှင် ကျယ်လောင်သော သေနတ်သံကြီးက မြည်ဟည်းလို့သွားသည်။ အဲဒီအချိန်မှာပဲ မြခက်ခက်က ကြောက်လန့်တကြားဖြင့် အိမ်အပေါ်ထပ်မှ ပြေးဆင်းလာကာ အမှောင်ထဲမှာ လက်တစ်စုံက မြခက်ခက်ရဲ့ ဆံပင်တွေကို အားနှင့်ဆောင့်ဆွဲပစ်လိုက်သည်။

မြခက်ခက်သည် နာကျင်တာရော၊ ကြောက်လန့်တာရော ပေါင်းကာ ထိတ်လန့်တကြား သည်းခြေပျက်မတတ် အော်ဟစ်မိလေသည်။ အဲဒီနောက် ကြောက်စိတ်နှင့် အားကုန်ရုန်းရာမှ တစ်ဖက်ကလည်း လွှတ်ပေးလိုက်လျှင် အဲဒီနှစ်ခု ရောသွားကာ မြခက်ခက်သည် လှေကားထက်မှ ဒလိမ့်ခေါက်ကွေး ပြုတ်ကျလို့လာသည်။

အား ... အင်း ... ကျွတ်နှင့် ညည်းညူနေရာမှ အသာငြိမ်သက်သွားလျှင် စိုင်းဝဏ္ဏက ပြေးလွှားကာ မြခက်ခက်ရဲ့ လည်ပင်းသွေးကြောကို စမ်းကြည့်သည်။ သွေးကြောက ခုန်နေဆဲပင်။ စိုင်းဝဏ္ဏသည် သတိမေ့နေသော မြခက်ခက်ကို လှုပ်





ကာ လှုပ်ကာ ခေါ်သည်။ မြခက်ခက်က ခေါ်၍မရချေ။ စိုင်းဝဏ္ဏက မြခက်ခက်ကို အသာချကာ တစ်အိမ်လုံးကို ဝေ့ဝဲကြည့်လျက် အသံနက်ကြီးနှင့် အော်ဟစ်လိုက်လေသည်။ စိုင်းဝဏ္ဏရဲ့ တစ်ကိုယ်လုံးသည် ချွေးတွေပြန်လာလျက် လူကလည်း နတ်ပူးသလို တဆတ်ဆတ် တုန်နေလျက်ရှိသည်။

"ဟော့ကောင်မ မိသိုက်။ အခု ထွက်ခဲ့စမ်း ... ထွက်ခဲ့စမ်း။ မင်းကို ငါ သတ်မယ်၊ ထပ်သတ်မယ်"

"ဒီည နင် သေမယ့်နေ့ပဲ စိုင်းဝဏ္ဏ"

ရတနာသိုက်ရဲ့ အသံသည် ဘယ်နားက ထွက်လာမှန်းမသိ ထွက်လာကာ စိုင်းဝဏ္ဏကို အကြီးအကျယ်ပဲ ချောက်ချားနေစေလေသည်။ လှေကားမီးလုံး တစ်လုံးသာ လင်းနေသော အိမ်ထဲက အလင်းရောင် ခပ်ပျပျအောက်တွင် စိုင်းဝဏ္ဏသည် ရတနာသိုက်ကို လှည့်ရှာရင်း ဒေါသစိတ်နှင့်အတူ ပို၍ချောက်ချားလာသည်။

"နင် ငါ့ကို တွေ့ချင်လား စိုင်းဝဏ္ဏ"

"မင်း ... မင်း ဘယ်မှာလဲ။ မင်း ဘယ်မှာလဲ"



burmeseclassic.com

www.burmeseclassic.com



"နှင် ငါ့ကို တွေ့ချင်သလား ဆိုတာပဲ ဖြေဝါ"

"တွေ့ … တွေ့ချင်တယ်။ ဟာ … မတွေ့ချင်ဘူး။ မင်း… မင်း သေသွားပြီပဲ မဟုတ်လား ရတနာသိုက် …

မင်း မသေဘူးလား။ မဖြစ်နိုင်ဘူး။ မင်းရဲ့ကား ချောက်ထဲကိုကျပြီး မီးလောင်ပြီး သေသွားရပြီလေ။ မင်း သေသွားပြီပဲ ရတနာသိုက်"

"ငါ မသေဘူး စိုင်းဝဏ္ဏ"

တိတ်ဆိတ်သောညတွင် ရတနာသိုက်ရဲ့ အက်ကွဲသောအသံက ခြောက်ကပ်အေးစက်စွာ ထွက်ပေါ်လို့လာသည်။ စိုင်းဝဏ္ဏသည် အဲဒီအသံကြောင့် ဆတ်ခနဲ ဖြစ်သွားကာ တဟားဟား အော်ရယ်သည်။ မသိလျှင် သည်းခြေပျက် ရူးသွပ်သွားပြီလားဟု ထင်ရလောက်အောင် အူလှိုက်သည်းလှိုက် ရယ်မောနေခြင်းဖြစ်သည်။

"မသေရင် ထွက်ခဲ့ ရတနာသိုက်။ ဒီတစ်ခါ ငါ့လက်နဲ့ နင့်ကို သေအောင် သတ်ပြမယ် …

ထွက်ခဲ့စမ်း … အခုထွက်ခဲ့"





စိုင်းဝဏ္ဏက သွေးရူးသွေးတန်းဖြင့် သေနတ်ကြီးကိုင်ကာ ရှိသမျှပစ္စည်းတွေကို ရိုက်ခွဲနေလျှင် လှေကားထိပ်မှ အော်ဟစ်သံတစ်ခုက ဖောက်ထွက်လို့လာသည်။

"ရပ်စမ်း"

"ဟင်"

စိုင်းဝဏ္ဏသည် အသံလာရာ လှေကားထိပ်သို့ မော့ကြည့်လိုက်လျှင် မီးရောင်မှိန်မှိန်အောက်၌ ရပ်နေသော ရတနာသိုက်ကို ဝိညာဉ်လွင့်မတတ် တွေ့မြင်လိုက်ရသည်။ မီးရောင်ကို ကျောပေးထားသဖြင့် မျက်နှာကို ရှင်းရှင်းလင်းလင်း မမြင်ရသော်လည်း အရပ်အမောင်း ကိုယ်လုံးကိုယ်ထည်နှင့် အဝတ်အစားက အစ ရတနာသိုက်မှ ရတနာသိုက် ရှင်းရှင်းလင်းလင်းကြီးပဲ ဖြစ်သည်။

"မင်း … မင်း … တ … ကယ် … တကယ် … မ … သေ … ခဲ့ဘူးလား"

"အခုတော့ နင် သေရမယ့် အလှည့်ပေါ့"

သူက တဟားဟားနှင့် အော်ရယ်လိုက်ကာ …



burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... ဒီလောက် သေအောင်သတ်ထား တာတောင် မင်းက မသေဘူးဆိုတော့ တော်တော်အသက် ပြင်းပါလား ...

အရင်တစ်ခါ သတ်တုန်းက မသေလို့ အခုတစ်ခါ လာပြီး အသေထပ်ခံတာပေါ့လေ၊ ဟား ဟား ... စိတ်ချ ရတနာ့သိုက်။ ဒီတစ်ခါ မင်းနှလုံးသား တည့်တည့်ကို အသေအချာပစ်မှာ"

ရတနာသိုက်သည် သူ့စကားကို ဘယ်လိုမှ တုန်လှုပ် ဟန်မရှိပေ။

သူ့ကိုသာ မုန်းတီးစူးရှသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်မှာ မျက်လုံးက မီးတောက်မတတ်ပင်။ စိုင်းဝဏ္ဏသည် ကောက်ကျစ်စဉ်းလဲစွာပြုံးရင်း သေနတ်မောင်းကို တင်လိုက်သည်။

ပြီးနောက် ရတနာသိုက်ရဲ့ နှလုံးသားတည့်တည့်ကို ချိန်ရွယ်လိုက်စဉ်မှာပဲ တစ်အိမ်လုံးက မီးတွေအားလုံးသည် ဖျတ် ခနဲပဲ လင်းထိန်ပွင့်သွားကြသည်။





တစ်ဆက်တည်းမှာပင် ...

"ခုံဖို့ မကြိုးစားနဲ့ စိုင်းဝဏ္ဏ။ လက်ထဲက သေနတ်ကို အောက်ချလိုက်ပါ"

တည်ကြည်ခန့်ညားသော အသံနှင့် သူ့ကို အမိန့်ပေး နေသော လူတစ်ယောက်သည် ပစ္စတိုတစ်လက်ဖြင့် ချိန်ရွယ်ထား လေသည်။ သူတင်မကသေးဘဲ နောက်ထပ် လူသုံးယောက်က လည်း အလျှိုလျှို ထွက်ပေါ်လာကာ အားလုံးက သူ့ကို ဝိုင်းပြီးသား ဖြစ်လို့နေသည်။

"မင်း ... မင်းတို့က ဘယ်သူတွေလဲ။ ဘာကိစ္စနဲ့ ငါ့အိမ် ထဲ ရောက်နေကြတာလဲ"

"ကျုပ်က ဒုရဲအုပ်ရန်နိုင်ပါ။ ခင်ဗျားကို ဦးမြသိုက်ကို ကားဘရိတ်ဖောက် လုပ်ကြံမှု၊ ရတနာသိုက်ကို ကားချောက ထဲကျအောင် လုပ်ကြံမှုတွေအပြင် တရားမဝင်ပစ္စည်းတွေ ရောင်းဝယ်နေမှုတွေနဲ့ ဖမ်းပါတယ်။ ခုံဖို့ မစဉ်းစားပါနဲ့ တော့ စိုင်းဝဏ္ဏ။ လက်နက်ချပါ။ အပြင်မှာလည်း ကျုပ် တို့အဖွဲ့တွေက ဝိုင်းထားပြီးပါပြီ ...



burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတပည့်တွေကိုလည်း ဖမ်းပြီးပါပြီ"

စိုင်းဝဏ္ဏကား ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျလို့ သွားလေသည်။ ရန်နိုင်သည် စိုင်းဝဏ္ဏရဲ့ အနားသို့ လျှောက်သွားကာ လက်ထိတ်ခတ်လိုက်သည်။ အဲဒီနောက် မှေ့လဲ့နေသော မြခက်ခက်ကို အသာပွေ့ကာ ဆိုဖာပေါ်တွင် တင်ပေးထားလိုက်သည်။ ရဲသားနှစ်ဦးသည် စိုင်းဝဏ္ဏကို လွှဲပြောင်းယူသွားကာ အသင့်စောင့်နေသောကားဖြင့် ခေါ်ဆောင်သွားကြလေသည်။

ဒါတွေကို တစ်နေရာမှ စောင့်ကြည့်နေသော တော်ဝင်အောင်သည် မျက်လုံးအဝိုင်းသားဖြင့် ကြောင်ကာငေးလျက်ရှိနေသည်။ သိုက်ကား အမှန်တကယ်ကိုပဲ လေကားထက်မှ ခပ်ဖြည်းဖြည်း ဆင်းလို့လာနေသည်။

"သိုက် ... သိုက်ပါလား။ အဲ ... အဲဒါ တကယ်ပဲ သိုက်လား ရန်နိုင်။ သိုက် မသေဘူးပေါ့ ...

မင်းလည်း ဒါကို သိနေတယ်ပေါ့"

ရန်နိုင်က သူ့ပခုံးကို တစ်ချက် နှစ်ချက် ပုတ်ကာ





"အခြေအနေအရ မင်းကို ကြိုမပြောပြနိုင်ခဲ့တာ တာဝန်အရမို့ ခွင့်လွှတ်နားလည်ပေးပါကွာ။ သိုက်က မသေခဲ့ပါဘူး။ လုပ်တဲ့လူတွေက လက်စလက်န မကျန်အောင် အဆုံးစီရင်ခဲ့ကြပေမယ့် အင်မတန်ကြီးလွန်းတဲ့ ဘုန်းကံကြောင့် သိုက်က သေဘေးကနေ လွတ်မြောက်လာခဲ့တဲ့သူပါ ...

မင်း သိချင်နေတာတွေကို သူကပဲ ရှင်းပြပေးပါလိမ့်မယ်"

သူက ရန်နိုင်ရဲ့စကားကို တအံ့တဩ နားထောင်ပြီးနောက် အနားသို့ လျှောက်လာနေပြီဖြစ်သော သိုက်ကို ထူးဆန်းစွာ ငေးကြည့်နေမိသည်။

လွန်ခဲ့သော တစ်နှစ်ခန့်က သိကျွမ်းခဲ့သော သိုက်ရဲ့ပုံစံအတိုင်း ဘာမှမပြောင်းလဲချေ။

သို့သော် သိုက်ရဲ့မျက်လုံးများ ...။ အဲဒီ မျက်လုံးတွေကတော့ အရင် သူတွေ့ဖူးနေကျ အားငယ်စိတ်ဓာတ်ကျနေသည့် မျက်လုံးများ မဟုတ်တော့။



burmeseclassic.com

www.burmeseclassic.com



လောကစိတ်ကို ချဲ့ရှဲရင်ဆိုင်နိုင်သော တောက်ပကြည်လင်ကာ သတ္တိရှိသော မျက်ဝန်းတွေအဖြစ် ပြောင်းလဲသွားပြီဖြစ်သည်။

"ကိုတော်ဝင် ... နေကောင်းတယ်နော်"

သူက အံ့သြတိတ်ဆိတ်နေသဖြင့် သိုက်ကပဲ စတင်နှုတ်ဆက်လေသည်။ သူသည် ထူးဆန်းအံ့သြဖွယ်ရာကောင်းသော သူ့ရဲ့မိတ်ဆွေမလေးကို ပင့်သက်များစွာဖြင့် ငေးမောကြည့်နေမိသဖြင့် ပြုံးပြခေါင်းညိတ်မိရုံမှအပ စကားကို မဆိုနိုင်ခဲ့ပါ။





၁၄

သောက ဝန်ထုပ်ဝန်ပိုးများကို ပစ်ချထားခဲ့ကာ လူသစ် စိတ်သစ်ဖြင့် ဘဝသစ်တစ်ခုကို အားမာန်အပြည့်ဖြင့် ပြန်လည်တည်ဆောက်ထားသည့် ရတနာ့သိုက်သည် နေရောင်ခြည်လို တောက်ပသော အပြုံးများ ဝေဝေဆာဆာဖြင့် နေသာသော တစ်မနက်ခင်း၌ ရတနာ့စံအိမ်ရဲ့ တောင်ကုန်းလေးပေါ်တွင် ဆက်တီများချထားရင်း သူ့ကို နွေးနွေးထွေးထွေးပဲ ပြောဆိုရှင်းပြခဲ့ပါသည်။

"ရှေ့ပိုင်းကိစ္စတွေကတော့ ကိုတော်ဝင် သိပြီးသား ဖြစ်မှာပါ။ တကယ်လည်း ကျွန်မဟာ သူတို့လုပ်ကြံခဲ့တဲ့အတိုင်း ကားနဲ့အတူ ချောက်ထဲကို ကျသွားခဲ့တာပါ ...



burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကားက ချောက်ထဲကို တန်းမကျဘဲ သစ်ပင်တွေ သစ်ကိုင်းနဲ့ ရိုက်တယ်၊ ငြိတယ်၊ ဆောင့်တယ်နဲ့ တူပါတယ်။ ကံအားလျော်စွာပဲ ကျွန်မက ကားတံခါးထဲကနေ အောက်ကို သပ်သပ် ပြုတ်ကျသွားတာပါ ...

ဒါကလည်း ကျွန်မ သတိရနေလို့ မဟုတ်ဘူး။ အဲဒီလိုပဲ ဖြစ်နိုင်တာပါ။ အဲဒီကမှတစ်ဆင့် ချောင်းထဲကို က ၄ ၂ပါသွားပြီး ကျွန်မကို မုဆိုးကြီးတစ်ဦးက ကယ်တင်ပေးခဲ့တာပါ ...

သူ ကယ်တင်ပေးခဲ့တုန်းက ကျွန်မဟာ အသက်မြော့မြော့ပဲ ကျန်ပါတော့တယ်။ ခြေထောက်တစ်ဖက်လည်း ကျိုးသလို နံရိုးတွေလည်း ကျိုးပါတယ်။ ကျွန်မကို ဆေးကုသပေးခဲ့တာက တောထဲမှာ ကောစာရီကျင့်သုံးနေတဲ့ အင်မတန် တန်ခိုးကြီးတဲ့ ရသေ့ကြီးတစ်ပါးကပါ။

ကျွန်မဟာ ရက်ပေါင်းများစွာ သတိမေ့မြောနေခဲ့တယ်။ သတိရလာတော့လည်း တစ်ကိုယ်လုံးက အရိုးတွေကျိုးနေသလိုမျိုးကို အရုပ်ကြိုးပြတ် အိပ်ရာထဲကနေ ရှစ်လှလောက် မထနိုင်ခဲ့ပါဘူး ...





ရသေ့ကြီးရဲ့ ကြီးမားတဲ့ မေတ္တာစွမ်းအင်နဲ့ မုဆိုးကြီးရဲ့ ရဲရဲတောက် အားပေးစကားတွေကြောင့်သာ ကျွန်မစိတ်ဓာတ်တွေ မလဲပြိုခဲ့တာပါ။ ကိုတော်ဝင်ပဲ စဉ်းစားကြည့်ပါ။ ဒီလောက် တောကြီးမျက်မည်းထဲမှာ ရသေ့ကြီးရယ်၊ မုဆိုးကြီးရယ်ပဲ ရှိတဲ့နေရာမှာ ဘယ်လောက်ပဲ လုံခြုံပါတယ်ပြောပြော ကျွန်မ ဘယ်လောက် စိတ်ဆင်းရဲရမလဲ ...

ဒါတောင် ကျွန်မဟာ သူတော်ကောင်းတွေနဲ့ တွေ့ခဲ့ရလို့။ သူတို့နဲ့ မတွေ့ခဲ့ရင်လည်း ကျွန်မဟာ ကားမီးလောင်တဲ့အထဲ ပါခဲ့ဦး သေတော့မှာပါပဲ။ ဒီလိုနဲ့ တောထဲမှာ ရသေ့ကြီးကသပ်သပ်၊ ကျွန်မနဲ့ မုဆိုးကြီးက သပ်သပ် မလှမ်းမကမ်း တဲလေးတွေနဲ့ နေခဲ့ရတာပေါ့ ...

ကျွန်မလေ သူတို့နှစ်ယောက်ကို ပြန်သတ်ချင်တဲ့စိတ်နဲ့ နေကောင်းအောင်၊ လမ်းပြန်လျှောက်လို့ ရအောင် ကြိုးစားခဲ့တာပေါ့ ...

ဒါကို ရသေ့ကြီးက သိတယ်။ သိတဲ့အတွက် ဆုံးမတယ် ...



burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ဝဋ်ကြွေးတွေ အကုသိုလ်တွေ ပါလာလို့ ဒီဘဝမှာ ဒီဒုက္ခတွေ ခံစားရတယ်။ ယောကျ်ားရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံရတယ် ...

ဒါပေမဲ့ ကံကြီးလွန်းလို့ အသက်ရှင်ခွင့် ရခဲ့တယ်။ ဒါကြောင့် ထပ်မမိုက်စေချင်ဘူး။ တရားသဖြင့်ပဲ ရင်ဆိုင်ပါ၊ ၀ိုင်းဝဏ္ဏတို့ကို ပြန်မသတ်ပါဘူး ခိုတဲ့ ကတိကို တောင်းတယ်။ အဲဒါနဲ့ ကျွန်မလည်း ကတိပေးခဲ့ရတယ်။ ဒီလိုနဲ့ ကျွန်မ ကောင်းကောင်း နေပြန်ကောင်းလာတော့ ရသေ့ကြီးကို နှုတ်ဆက်ကန်တော့ပြီး မုဆိုးကြီးကပဲ ကျွန်မတို့မြို့အနားထိရောက်အောင် ပြန်လိုက်ပို့ခဲ့တာပါ ...

ဒီကိုရောက်တော့ ကျွန်မကို သေလူအဖြစ် အားလုံးက စာရင်းသွင်းလိုက်ကြပြီ။ ကျွန်မကလည်း တောထဲမှာ လရှည်ကြီးကို ဆေးကုခဲ့ရတာဆိုတော့ ဒီလိုပဲဖြစ်ဖို့ မျှော်လင့်မိသားပါ။ ဒါနဲ့ ကျွန်မ ဘာဆက်လုပ်ရမလဲ စဉ်းစားတယ်။ ဒီအတိုင်း ရတနာစံအိမ်ကို ပြန်သွားလို့ကတော့ ကျွန်မ ထပ်အသတ်ခံရရင်ခံရ၊ မခံရရင်လည်း အင်မတန်





လည်တဲ့ ဝိုင်းဝဏ္ဏကို ဖမ်းမိဖို့ဆိုတာ မလွယ်တော့ဘူး။ သူ့အတွက် လှုပ်ရှားဖို့ အချိန်ပေးလိုက်သလို ဖြစ်သွားမှာ သေချာတယ် ...

ဒါနဲ့ ကျွန်မအတွက် စိတ်ချ အယုံကြည်ဆုံးလူကို စဉ်းစားလိုက်တော့ ကျွန်မရဲ့ ရှေ့နေကြီးကို သွားသတိရတယ်။ ဒီလိုနဲ့ ရှေ့နေကြီးနဲ့ ဆက်သွယ်မိပြီး ရှေ့နေကြီးကတစ်ဆင့် စခန်းမှူးနဲ့ပါ ထပ်ဆက်သွယ်ခဲ့တယ်။ ကျွန်မရဲ့ ဖြစ်ကြောင်းအဝဝကို ပြောပြခဲ့ပြီးတဲ့ နောက်မှာတော့ ဒီလိုနည်းနဲ့ သူတို့ကို ဒန်ခံဖမ်းဆီးဖို့ တိုင်ပင်စိတ်ကူးရခဲ့ကြတာပါပဲ ...

ကိုတော်ဝင်ရဲ့ သူငယ်ချင်း ဒုရဲအုပ်ကိုရန်နိုင်က ဒီအော်ပရေးရှင်းကို အထူးတာဝန်ယူရတဲ့သူပါ။ ကျွန်မရဲ့ ဖြစ်ကြောင်းကုန်စင်ကတော့ အဲဒါပါပဲ ကိုတော်ဝင်”

သိုက်က ပြောပြီးသွားလျှင် မောသွားဟန်ဖြင့် အရှေ့မှ ကော်ဖီကို တစ်ခွက်ငှဲ့ကာ ခပ်ပူပူကိုပဲ မှုတ်သောက်၍ နေလေသည်။ သူသည် ဘဝရဲ့ဒဏ်ရာဒဏ်ချက်တွေကို အရွယ်နှင့်မမျှအောင်



burmeseclassic.com

www.burmeseclassic.com



ခံစားနာကျင်ခဲ့ရသော ကံဆိုးမလေးကို ကြည့်ကာ ရင်ထဲတွင် နင့်လာသည်။

ဘယ်လောက်ပဲ သတ္တိအားမာန်တွေ အပြည့်နဲ့ပါလို့ ပဲပြောပြော ဒီရပ်ရည် ဒီရည်းစိမ်ဥစ္စာတွေနဲ့ မင်းဘဝလေးက လုံခြုံမှာလား သိုက်ရယ်။

သူသည် နဖပ်သန့်စင်နေသည့် သိုက်ရဲ့မျက်နှာလေးကို ငေးကြည့်ကာ ရင်ထဲမှာ ပင့်သက်ရှိုက်မိသည်။ သိုက်အသက်ရှင်တုန်းပဲ ဆိုတာ သိခွင့်ရခဲ့တဲ့ အချိန်မှာ သူ့စိတ်ထဲမှာ အဆပေါင်းများစွာ ပျော်နေခဲ့တာထက် သူ့နှလုံးသားက တဆတ်ဆတ်တုန်နေခဲ့က ဘာကြောင့်ပါလဲဆိုတာ အဖြေကို သူရှာ၍ တွေ့သွားပြီဖြစ်သည်။

ယုံကြည်ရာ အဖော်ကောင်း မရှိသော သိုက်ရဲ့ဘဝလေး သူက အမြဲတမ်းပဲ ကာကွယ်စောင့်ရှောက်ချင်ခဲ့ပါသည်။ တစ်သက်လုံးပဲ သိုက်ရဲ့အနားမှာ ယုံကြည်ကိုးစားရာ အဖော်ကောင်းတစ်ယောက်အဖြစ် မေတ္တာစစ်တွေကိုပေးကာ ထာဝရရပ်တည်ပေးချင်ခဲ့သည်။





ဒီအတွက် သူက ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည်။

"သိုက်"

သူက ခေါ်လိုက်လျှင် သိုက်က မျက်ဝန်းများဖြင့် ပြန်၍ထူးသည်။

"ဒီကိုပြန်ရောက်တော့ ယုံကြည်ရာ အားကိုးရာအဖြစ် ကျွန်တော့်ကို ဘာလို့သတိမရဘာလဲ။ သိုက်မှာ ဘာအခက်အခဲပဲရှိရှိ ကျွန်တော့်ကို သတိရပါလို့ ကျွန်တော် ပြောခဲ့ဖူးတယ်လေ ...

ကျွန်တော့်ကို မယုံလို့လား"

သိုက်က သူ့စကားကို မဲ့ပြုံးပြုံးကာ မျက်စောင်းတစ်ချက် ထိုးသည်။ သူက နားမလည်သလို မျက်ခုံးပင့်ကာ ...

"ကိုယ့်ကို ရှေ့နေကြီးလောက် မယုံကြည်လို့လားဟင်"

"သွားစမ်းပါ။ အဲဒီတုန်းက ရှင်မှ မရှိတာ"

ဒီတော့မှ သူက ကိုယ့်နဖူးကိုယ် ပိတ်ရိုက်မိသည်။ သို့သော် သိုက်ရဲ့စကားကြောင့် သူ့ရင်ထဲတွင် အပျော်တစ်ခု ဖြစ်ထွန်းသွားခဲ့ရသည်။



burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါဆို သိုက်က ကိုယ့်ကို သတိရသေးတယ်ပေါ့နော်"

သိုက်က မဖြေဘဲ ပြုံးရုံသာ ပြုံးနေလေသည်။ သူက သိုက်ရဲ့အပြုံးလေးကိုငေးကာ ရင်ထဲမှာ မချင့်မရဲ ဖြစ်၍ လာသည်။

"သိုက် ... ကျေးဇူးပြုပြီး ကိုယ့်စကားကို အလေးအနက်ထားပေးပါ။ ဒီစကားဟာ ကိုယ့်နှလုံးသားနဲ့ရင်းပြီး ပြောတဲ့စကားပါ ...

သိုက်ရဲ့ဘဝကို ကိုယ့်ကို စောင့်ရှောက်ခွင့်ပေးပါ သိုက်ရယ် ...

နော် ... ။ သိုက် ဘဝတစ်သက်တာလုံး စိတ်ချမ်းသာစေရပါ့မယ်လို့ ကိုယ် ကတိပေးပါတယ် ...

ကိုယ့်ကို ယုံကြည်ပါ သိုက်"

"ရှင့်ကို ယုံကြည်ပါတယ်။ ရှင်ဟာ သိုက်အပေါ် တကယ်စေတနာရှိတဲ့ လူဆိုတာလည်း သိုက် သိပါတယ်။ ဒါပေမဲ့ သိုက်ဘဝက အမည်းစက်တွေနဲ့ပါ ကိုတော်ဝင် ...

သိုက်ဘာသာပဲသိုက် ဒီအတိုင်း ရှိနေပါစေတော့"





"ဟာ ... မဟုတ်တာဘဲ သိုက်ရာ။ အဲဒါတွေ ကိုယ့်ခေါင်းထဲမှာ ဘာမှ မရှိဘူး ...

ကိုယ် သိုက်ကို ဖြူဖြူစင်စင်နဲ့ ချစ်တယ်။ မြတ်နိုးတန်ဖိုးထားတယ်။ ကိုယ့်အတွက်တော့ သိုက်က ဟိုးပင်မြင့်ထက်က ချယ်ရီတွေလိုပဲ ...

ကိုယ့်ကိုယ်ကိုယ် နှိမ့်ချမတွေးစမ်းပါနဲ့ သိုက်ရယ်"

သိုက်သည် သူ့စကားကို နားထောင်ရင်းနှင့် မျက်ရည်ဥတွေက တဖြည်းဖြည်း လိမ့်ဆင်းလို့လာလျှင် သူ့မှာ ထူပူသွားရသည်။ ချက်ချင်းပဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကာ ...

"သိုက် ... သိုက် ... ဘာဖြစ်လို့ ငိုတာလဲ"

"သိုက် ... သိုက်လေ၊ အို ... သိုက်လို ကံဆိုးမတစ်ယောက်ကို ဒီလို ချစ်နိုင်တဲ့လူ၊ တန်ဖိုးထားတဲ့လူ ရှိသေးတယ်နော် ...

သိုက် အရမ်းကံဆိုးခဲ့တယ် ကိုတော်ဝင်ရယ်။ ဘဝမှာ အချစ်စစ် အချစ်မှန် ဆိုတာကိုလည်း မကြုံတွေ့ခဲ့ရဖူးဘူး။ အမြဲတမ်း အတုတွေ၊ စိတ်ဆင်းရဲစရာတွေနဲ့ပဲ ကြုံခဲ့ရတယ် ...



burmeseclassic.com

www.burmeseclassic.com



သိုက်ဘဝကို သိုက် ဝမ်းနည်းလွန်းလို့ပါ"

"ဪ ... သိုက်ရယ်"

သူက ရင်ထဲမှာ ကရုဏာစိတ်တွေကို ထိန်းမရတော့ စွာဖြင့် သိုက်ရဲ့ မျက်ရည်တွေကို ကြင်နာစွာပဲ သုတ်ပေးမိလေသည်။

ပြီးလျှင် သိုက်ရဲ့ပခုံးလေးကို အသာထွေးပွေ့မိလျှင် သိုက်သည် သူ့ရင်ခွင်ထဲသို့ အလိုက်သင့်ပဲ ခိုဝင်၍လာသည်။

မင်းဘဝမှာ အမောတွေ များနေပါပြီ သိုက်ရယ်။ ကိုယ့်ရင်မှာပဲ မှေးစက်အနားယူပါတော့။

"ကိုယ်ပြောတာတွေကို သေချာနားထောင် သိုက်။ သိုက် ဘဝမှာ ကံဆိုးမှုတွေ ကြုံတွေ့ခဲ့ရတာ မှန်တယ်။ ဒါပေမဲ့ ဒါတွေအားလုံးဟာ ဟိုးချောက်ထဲ ကျသွားစဉ်တည်းက ပါသွားခဲ့ပြီ။ ပြီးဆုံးသွားပြီ ...

အခု ဘဝသစ်နဲ့ ပြန်ရှင်သန်လာတဲ့ သိုက်မှာ ကံကောင်းမှုတွေပဲ ရှိတော့တယ်။ ဟိုးမှာ ပွင့်နေတဲ့ ချယ်ရီတွေကို မြင်လား သိုက်"





သူညွှန်ပြသော ချယ်ရီပွင့်တွေကို ကြည့်ကာ သိုက် က ခေါင်းညိတ်ပြသည်။

"ဘယ်သူတွေ ဘာပဲပြောပြော ကိုယ့်အတွက်တော့ သိုက် ဟာ အဲဒီ ချယ်ရီလေးလိုပဲ။ ပင်မြင့်မှာ ပွင့်နေတဲ့ အေး ချမ်းတဲ့ ပန်းခဲလေးပဲ ...

အဲဒီချယ်ရီပန်းလေး သိုက်ထံမှာလည်း ကံကောင်း ခြင်းတွေပဲ ရှိတယ် ...

အဲဒီ ကံကောင်းခြင်းကလည်း တစ်ခဏအတွက် မဟုတ်ဘူး။ တစ်ဘဝလုံးအတွက်၊ သိုက်အတွက် ကံကောင်း ခြင်းတွေဟာ နေမဝင်စေရဘူး ...

အဲဒီအတွက် ကိုယ်က အမြဲဖန်တီးပေးသွားမယ်။ ဒါကြောင့် ကိုယ့်ရင်ခွင်မှာ စိတ်ချလက်ချပဲ သိုက် အနားယူ တော့နော်"

သူ့စကား ဆုံးသွားလျှင် သိုက်က သူ့ကို အားကိုး ယုံကြည်သော မျက်ဝန်းလေးများဖြင့် မော်ကြည့်ကာ ပြုံးပြလာ သည်။ မျက်ရည်စတွေဖြင့် တောက်ပစိုစွတ်သော မျက်ဝန်းလေး ထဲတွင် သူ့အတွက် အချစ်များကိုလည်း သူ မြင်နေခဲ့ရပါသည်။



burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် သိုက်ရဲ့လက်နှစ်ဖက်သည် သူ့ရဲ့ခါးကို ခပ်တင်းတင်း လာရောက်ဖက်ထားခြင်းဖြင့် သူနဲ့ သိုက်တို့ရဲ့ ဘဝနှစ်ခုဟာ တစ်ခုတည်းအဖြစ် အတိအကျ ပေါင်းစပ်တော့မည်ဖြစ်ကြောင်း နှလုံးသားဖြင့် သိမြင်လိုက်ပါသည်။

ဆုမြတ်မွန်မွန်

burmeseclassic.com

www.burmeseclassic.com

## စေတနာ့စာမေ
## ၏
## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မင်္ဂလာပါ မဆု။ မဆုစာအုပ်တွေ အရမ်းကောင်းတယ်နော်။ အရမ်းလည်း ဆွဲဆောင်မှုရှိတယ်။ မဆုစာအုပ်တွေကို ဖတ်ပြီဆိုရင် လက်ကကိုမချချင်တော့ဘူး။ ပြီးတော့လေ သမီးက စာအုပ်ဖတ်ရင် အရမ်းရွေးတာ။ စာအုပ်ဖတ်တာနဲ့ Heart ထိသွားတယ်။ သမီး ပထမဆုံး အချစ်ဦးနှင့်လွဲပြီးသည့်နောက်ဖူးစာ စာအုပ်ကို စဖတ်တာ အရမ်းသဘောကျတယ်။ မဆု တစ်ယောက် ဒီထက်မက ကျော်ကြားတဲ့ စာရေးဆရာမတစ်ယောက် ဖြစ်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

မဆုကို ထာဝရချစ်နေမယ့်
ချို့မာဝင်း
ပထမနှစ်(သချာ)
စစ်တွေတက္ကသိုလ်

ချို့မာဝင်း
၁၁၉၊ ကျောင်းကြီးလမ်း။
ပြည်နယ်မီးသတ်နောက်လမ်း။
စစ်တွေမြို့။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

ညီမလေးကလေ မမရဲ့ထာဝရပရိသတ်အဖြစ်လုပ်သွားမယ့်သူပါ။ “မမ”ရဲ့စာအုပ်တွေ (၈)အုပ်တိတိဖတ်ပြီးသွားပါပြီ။ အားလုံးကောင်း။ အားလုံးကြိုက်ပါတယ်။ ဆွဲဆောင်မှုအပြည့်ရှိတယ်။ ရေးတဲ့စာလုံးတိုင်းမှာ ကောင်းလွန်းလို့ ချကိုမချချင်ပါဘူး။ စာအုပ်တိုင်းမှာ မမရဲ့စာအုပ်တွေတွေ့မှ ဖတ်ရင်းနဲ့စွဲသွားတာ။ မမရဲ့စာအုပ်တွေ အရမ်းကောင်းတဲ့အကြောင်းကို မဖတ်ရသေးတဲ့သူတွေ၊ သူငယ်ချင်းတွေကို ကြော်ငြာပေးတယ်။ ဒီထက်မက စာအုပ်တွေအများကြီးရေးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

သို့ အေးအေးလှိုင်
ဦးထွန်းရွှေ + ဒေါ်ခင်ရီ
မြန်မာ့သစ်လုပ်ငန်း
စစ်ကိုင်းတိုင်း၊ ဖောင်ပြင်မြို့၊ ယန္တရားဝန်း

burmeseclassic.com

www.burmeseclassic.com

# စာေပေနာစာေမ ၏ အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

ကျွန်တော် ခင်မင်မှုအနေနဲ့ မဆုမြတ်မွန်မွန်ကို မဆုမြတ်လို့ခေါ်မယ်နော်။ ကျွန်တော်ကတော့ ဆရာမ မဆုမြတ်ရဲ့ 'လသုံးစင်းနှင့်အစဥ္စကခုန်ခြင်း' ဆိုတဲ့စာအုပ်ကိုဖတ်ပြီးကတည်းက ဆရာမ မဆုမြတ်ရဲ့ ထာဝရပရိသတ်တစ်ဦးဖြစ်ခဲ့တာပါ။ ကျွန်တော်ကတော့ ဆရာမ မဆုမြတ်ရဲ့လစဉ်ထွက်တဲ့စာအုပ်တွေကို အမြဲတမ်းအားပေးလျက်ပါ။ ဆရာမ မဆုမြတ် အောင်မြင်ကျော်ကြား၍ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

စိုင်းကျော်သူ
ကျွန်းလှမြို့၊ ဖျဥ်းမရှိုင်ရပ်၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း။
ရွှေအလည်ကျောင်း

# စာေပေနာစာေပ ၏ အမှတ်တရအစီအစဉ်

မဆု

ညီမ ခင်မင်မှုများစွာနဲ့ အတူစာရေးလိုက်ပါတယ်။ ညီမ မဆုရဲ့စာအုပ်လေးတွေကို ဖတ်ရပါတယ်။ အဲဒီနောက် မဆုရဲ့စာအုပ်လေးတွေကို ဖတ်ချင်နေမိတယ်။ မဆုရဲ့ဝတ္ထု ရေးထားတာတွေက အရမ်းကောင်းတယ်။ မဆုရဲ့စာအုပ်တွေထဲက "ကြွင်းကျန်ရစ်သောဘဝစွာ" စာအုပ်လေးကို ကြိုက်တယ်။ လသုံးစင်းနှင့်ကခုံခြင်းကိုလည်း ညီမနှစ်သက်တယ်။ လူအများက ဒီစာအုပ်တွေကို တော်တော်ကြိုက်တယ်နော်။ ညီမလေးက ဝတ္ထုဖတ်ရင် ဇာတ်လမ်းထဲမှာ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ထားသလို ခံစားပြီး ဖတ်တာ အရမ်းကောင်းတယ်။ ဇာတ်လမ်း၊ ဇာတ်အိမ်၊ ဇာတ်ကွက်တွေက ဘာတစ်ခုမှ ဝေဖန်စရာမရှိအောင် ရေးထားတာတွေက ကောင်းတယ်။ မဆု လာမဲ့နှစ်သစ် (၂၀၀၉)မှာ အောင်မြင်မှုတွေရပါစေ ...

စုမြတ်ထွေး
No. 641/B
အောင်ဆန်းဘုတာရုံလမ်း၊
စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့၊
ခေတ္တ–ရန်ကုန်။

burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရ အစီအစဉ်

မမဆုမြတ်

ညီမက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မမရဲ့ ‘ရင်ခုန်ချစ်ခြင်းနဲ့ မေတ္တာနန်းတော်’ စာအုပ်ကို စဖတ်မိတော့ အရမ်းနှစ်သက်မိတာ ပ်။ ညီမက စာဖတ်တာဝါသနာပါတော့ စာအုပ်တော်တော်များများကို ဖတ်ဖူးပါတယ်။ အစွဲအလမ်းလည်း မထားပါဘူး။ ဒါပေမဲ့ မမရဲ့စာအုပ်ကိုဖတ်မိတော့ လက်ကမချချင်တော့လောက်အောင် စွဲလမ်းသွားတယ်။ မမရဲ့စာအုပ်တွေက အရမ်းဖတ်လို့ကောင်းတယ်။ ပေဖန်စရာမလိုအောင် အပိုအလိုမရှိပြည့်စုံတယ်။ စာကြောင်းတိုင်းမှာ ဆွဲဆောင်မှုရှိတယ်။

မမကို အမြဲအားပေးနေမဲ့
မိုးဆုမွန်
၅/၃၃/၂၁၇(က)သာစည်လမ်း။
(၁၈)ရပ်ကွက်၊ ရန်ကုန်တိုင်း။
ရွှေပြည်သာမြို့။

## စေတနာစာပေ ၏

## အမှတ်တရ အစီအစဉ်

သို့

လေးစားရပါသော မဆုမြတ်ရှင့် ... ညီမလေးတို့ကတော့ မဆုမြတ်ရဲ့ပရိသတ်တွေထဲက ပရိသတ်ပါပဲ။ မဆုမြတ်ရဲ့စာအုပ်တွေကိုလည်း မလွတ်တမ်းဖတ်ပါတယ်။ စာအုပ်ဆိုင်ရောက်တိုင်း မဆုမြတ်စာအုပ်ထွက်ပြီလားလို့ မေးရတာလည်း အမောပါပဲ။ အပိုမပြောပါဘူး။ မဆုရဲ့“အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်” စာအုပ်ကို ပထမဆုံးဖတ်ဖူးတာပါ။ အဲဒီမှာကြိုက်သွားပြီး နောက်ပိုင်းစာအုပ်တွေလည်းရှာဖတ်၊ ရှေ့ပိုင်းထွက်သမျှတွေလည်း ငှားဖတ်ဖြစ်ပါတယ်။ ကိုယ်ကြိုက်တဲ့စာရေးဆရာနာမည်တွေကိုပဲဖတ်တာ။ မ့က ငယ်ငယ်လေးနဲ့အောင်မြင်တာ တော်တာပဲ။ မ့ကို အပြင်မှာမြင်ဖူးချင်တာပဲ။

မ့ကို လေးစားတဲ့ပရိသတ်
အိခင်နှင့်စန္ဒာ
ဗိုလ်ချုပ်အောင်ဆန်းလမ်း။
ပညာရေးကောလိပ်ရှေ့၊ Album ဓာတ်ပုံဆိုင်

burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

သို့

မမဆုမြတ်

မမကို ခင်မင်လေးစားစွာဖြင့် ညီမစာရေးလိုက်ပါတယ်။ မမဆုမြတ်ရဲ့ ဝတ္ထုက တော်တော်ဖတ်ကောင်းတယ်။ မမဆုမြတ်ရဲ့ဝတ္ထုကို အားပေးတယ်။ ထွက်တဲ့ဝတ္ထုတိုင်းလိုလို ဖတ်ဖြစ်တယ်။ မမဆုမြတ်ရဲ့ဝတ္ထုကို အရမ်းကြိုက်တယ်။ ဇာတ်သွား၊ ဇာတ်လာလည်း ကောင်းတယ်။ ဇာတ်ကောင်ရဲ့စရိုက်ကိုလည်း ကြိုက်တယ်။ ပြီးတော့ နာမည်လေးတွေလည်း ကြိုက်တယ်။ အကုန်လုံးကြိုက်တယ်မမရယ်။

ဒါပဲနော် မမ

မမ ညီမ

သီရိမွန်


# စေတနာစာပေ ၏ အမှတ်တရအစီအစဉ်


မမ

ခင်မင်လေးစားစွာဖြင့် ပထမဆုံးအကြိမ် မမထံစာရေးလိုက်ပါတယ်။ မမကို ကျွန်တော်တို့နိုင်ငံအတွက် ထွန်းတောက်တဲ့ ကြယ်တစ်ပွင့်အနေနဲ့ တွေ့ရတာ ဂုဏ်ယူဝမ်းသာလို့မဆုံးပါဘူး။ "ချစ်ခြင်းဟန်ဆောင်ခြင်းအတတ်ပညာ"စာအုပ်ကို ဖတ်မိတဲ့အချိန်ကစပြီး ဝတ္ထုဖတ်တာကို ဝါသနာပါခဲ့ပါတယ်။ စာဖတ်တဲ့အတွက် စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးကို သိခဲ့ပါတယ်။ အခုချိန်ကစပြီး မမရေးတဲ့စာအုပ်အားလုံးကို ကျွန်တော်ဖတ်ပါတော့မယ်။ မမလည်း ကျန်းမာချမ်းသာပြီး စာတွေများများစွာရေးနိုင်ပါစေလို့ ဆုတောင်းနေပါမယ်။ မမစိတ္တသုခကာယသုခနဲ့ပြည့်စုံပါစေလို့ ဆုတောင်းလျက် မမကိုထာဝရအလေးထားအားပေးနေမယ့် ...

မမရဲ့မောင်လေး

မင်းအောင်

ကျေးတိုင်။ ပေါက်မြို့နယ်၊

တုတ်စုကျေးရွာ

burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

သို့

မမဆုမြတ်မွန်မွန်

မမကို ခင်မင်ရင်းနှီးစွာနှင့် မိတ်ဆက်စာရေးလိုက်ပါတယ်။ မမကိုရေးမယ်ရေးမယ်နဲ့ အခုမှ အကောင်အထည်ဖော်ဖြစ်တာပါ။ မမရဲ့ဝတ္ထုတွေက ကောင်းလို့ ပြောစရာမလိုလောက်အောင်ကို ပရိသတ်အခိုင်အမာရှိပြီးသားပါ။ သစ်ရွက်စိမ်းလေးရဲ့ နွေဦးဒုက္ခာရီအားပေးပါတယ်။

မျှော်နေမယ်
ညီမလေး
မမရဲ့ထာဝရပရိသတ်
အောင်
ဝေါမြို့နယ်၊ စကာရာစ်ကျေးရွာ
ဉမ္မာအောင်
**Ohnmar Aung**

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

ခင်မင်လေးစားခြင်းနှင့်အတူ နန်းတို့သူငယ်ချင်းတစ်စု စာရေးလိုက်ပါတယ်။ ဆရာမ အစဉ်ရွှင်လန်းပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။ သူငယ်ချင်းတစ်စုက ငွေတောင်က စာအုပ်ဆိုင်ကိုအမှီပြုပြီး စာဖတ်နေရတာ။ ဆရာမ စာအုပ်ရောက်လာရင် ဆိုင်ပေါ်က စာအုပ်တမ်းစင်ကို တစ်ခါမှမနေရှာဘူး။ အလုအယက်နဲ့ငှားကြတာ။ နန်းတို့သူငယ်ချင်းတစ်စုအပါအဝင်ပေါ့။ အမြဲလည်း အားပေးနေမှာပါ။

အဲလစ်စာဘာက်(ခ)နန်းကု
ငွေတောင်၊ ဒေါင်ရောက်
အမှတ်-၁၉၂၇-ရပ်ကွက်၊
ဒီမောဆိုးမြို့နယ်၊
ကယားပြည်နယ်။

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မဆု

ညီမလေးက မဆုရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မဆုရဲ့ စာအုပ်တွေအားလုံးလိုလို ဖတ်ပြီးပါပြီ။ မဆုရဲ့ အရေးအသားတွေကို တော်တော်ကြိုက်တယ်။ English လို စကားလုံးလေးတွေ ထည့်ထားတော့ ပိုပြီးတော့ မိုက်တယ်။ မဆုက နာမည်လေးတွေ ပေးထားတာ အရမ်းစဲလှတယ်။ နာမည်လေးတွေကလည်း အဆန်းလေးတွေပဲနော်။ မဆုရဲ့မျက်နှာလေးက အရမ်းအေးချမ်းနေတာပဲ။ မဆုတစ်ယောက် စာပေလောကမှာ အမြဲထာဝရ ရှင်သန်နေပါစေလို့ ညီမလေး ဆုတောင်းပေးလိုက်ပါတယ်။

လွင်လွင်မော်(ခ)မော်သူ
ညောင်ပင်ကြီး၊ စဉ့်ကိုင်မြို့၊
ကျောက်ဆည်ခရိုင်၊
မန္တလေးတိုင်း။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ လေးစားစွာဖြင့် မမဆုလို့ခေါ်ပါရစေ မမဆုရေးသားတဲ့ စာအုပ်တိုင်းမှာ သုံးနှုန်းထားတဲ့ ဝေါဟာရပြောဆိုတဲ့စကားလုံးတွေဟာ တကယ့်ကို ရသမြောက်တယ်။ မဆုရဲ့စာအုပ်တွေက အရမ်းကောင်းတော့ ကျွန်တော်တို့လို ဆယ်ကျော်သက်တွေရဲ့လက်ထဲမှာ မချချင်လောက်အောင်ကို ဖြစ်မိတယ်။ တက်ကြွနေတဲ့ လူငယ်တွေရဲ့ စိတ်ဓာတ်တွေကို အစဉ်ထာဝရတက်ကြွလာအောင် အောင်မြင်တဲ့လူတစ်ယောက်ဖြစ်ချင်လာအောင် စွမ်းနိုင်တဲ့ မမဆုကို ထာဝရလေးစားလျှက်ပါ ...

မဆုရဲ့စာအုပ်တွေကို အမြဲတမ်းအားပေးနေမဲ့ ...

အောင်ဇော်

အောင်ဇော်လွင်
ကျောက္ကလမ်း၊ ဘုန်းစိုးရပ်၊
ဇောတိက ရွှေပြည်မိုး
မုံရွာမြို့။

burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
# အမှတ်တရအစီအစဉ်

မဆု

မဆုရဲ့ဝတ္ထု (၁၅) အုပ် ဖတ်ပြီးသွားပြီ။ 'လသုံးစင်းနှင့် ကခုန်ခြင်း'နှင့် 'နူးညံ့ခြင်းပြိုင်ပွဲ'ကို အရမ်းကြိုက်တယ်။ မဆုရဲ့ ဝတ္ထုတွေက လူငယ်တွေအတွက် လမ်းပြကြယ်ပါ။ ညီမလေးဟာ မဆုရဲ့ မိန်းကလေးတစ်ယောက်ထားရှိအပ်တဲ့ မာနတွေကို သဘောကျတယ်။ ပြီးတော့ မိန်းကလေးတွေအရမ်းထက်မြက်တယ်လေ။ မဆု ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်နေပါပြီ။ မဆုရဲ့ ကဗျာတွေကိုလည်း အရမ်းကြိုက်တယ်။

ဖြိုးပန်းဝေဆာစွာနဲ့ ထာဝရအောင်မြင်ပါစေ ...

စံပယ်ထွန်း
ရ.က.က(၆)ဘိုကုန်း
သင်္ဂါလမ်း၊
စန်းမြသီတာဂေဟာ
မြင်ဦးလွင်မြို့

## စေတနာစာပေ
## ၏
# အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ခင်မင်ရင်းနှီးစွာ 'မမွန်'လို့ခေါ်ခွင့်ပြုပါနော်။ မမွန်ရေးတဲ့ စာအုပ်တွေကို တော်တော်များများဖတ်ဖူးတယ်။ ဖတ်မိတဲ့ စာအုပ်တိုင်းကိုလည်း ကြိုက်နှစ်သက်မိပါတယ်။ မမွန်ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာ စာပေတွေရေးသားနိုင်ပါစေလို့ မဖြူ ဆန္ဒပြုနေပါတယ်။

မမွန်ရဲ့ ပရိသတ်တစ်ဦး
မဖြူ (အိဖြူဝင်း)
ထန်းတပင်ရပ်၊ ဝခန်းကြီးမြို့ဟောင်း၊
ရေစကြိုမြို့နယ်။

burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မဆုကို ညလေးစားရေးလိုက်ပါတယ်။ မဆုရဲ့စာအုပ်တွေ ထဲမှာ ဘယ်စာအုပ်ကောင်းတယ်လို့ ညလေးမပြောတတ်ဘူး။ ဘယ်စာအုပ်ကိုမဆို အားလုံးကောင်းတယ်။ အဓိပ္ပာယ်လည်းရှိ တယ်။ အရမ်းကောင်းတယ်။ အပိုအလိုလည်း မရှိပါဘူး။ ခါတိုင်း ဆို စာအုပ်တိုင်းဖတ်တယ်။ အခုတော့ မဆုရဲ့ဝတ္ထုတစ်မျိုးတည်း ဖတ်တယ်။ မဆုတစ်ယောက် မိုးယံမှ ကြယ်ပွင့်လေးလို ထာဝရ ရွှန်းတောက်နေပါစေလို့ ဆုမွန်တောင်းရင်း ...

မဆုရဲ့ပြန်စာကိုမျှော်နေမယ့်
ညလေးဝင်း
အမှတ်(၁)၊ ဝင်းဘော၊
ကရှင်ပြည်နယ်
C/O ဦးစိုးဝင်း + ဒေါ်ရွှေ

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

မမရဲ့စာအုပ်များများတွေ့တော့ ဖတ်ပြီးသွားပြီ။ အားလုံး ပေါင်း (၁၅)အုပ်လောက်ရှိပြီ။ ဒါပေမဲ့ ညီမလေးက မမ အခုတစ် အုပ်ထွက်တစ်အုပ်ဖတ်ချင်တာ။ စာအုပ်လေးအုပ်လောက်အပိုင် ဝယ်ထားတယ်။ မမရဲ့စာအုပ်တစ်အုပ်တစ်အုပ်တိုင်းရဲ့ idea က အရမ်းကောင်းတယ် ... heart ထိတယ်။ attractive လည်းရှိတယ်။ မမရဲ့စာအုပ်တွေထဲက ညီမလေးအကြိုက်ဆုံးက "အချစ်သို့ တစ်ချက်ငဲ့ကြည့်စဉ်"နှင့် ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ် ပညာတွေပါပဲ။ မမရဲ့ idea တွေ ဝေဖန်စရာမလိုလောက်အောင် ပါပဲ။ အခု မမရဲ့ဝတ္ထုတွေကို ဇာတ်ကားရိုက်နေလားဟင်။ မမရဲ့ စာအုပ်တွေကို အစဉ်ထာဝရအားပေးနေမယ့် ပရိသတ်တစ်ဦးပါ။ မမတစ်ယောက် အောင်မြင်မှုသရဖူဆွတ်ခူးနိုင်ပြီး နိုင်ငံကျော် စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းပေးနေမယ်။

ညီမလေး
တင်ဇာမိုး

burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

ဆု

ရှယ်တူလောက်ပဲထင်လို့ ဆုလို့ပဲခေါ်မယ်နော်။ ပထမဆုံး ရေးတာမို့လို့ အမှားပါရင် ဆောရီးနော်။ ဆုရဲ့အရေးအသားကို နှစ်သက်တယ်။ စာအုပ်အဆုံးသတ်ကျရင် မပေါင်းရတဲ့ဟာကို ဆင်းရဲသားလူတန်းစားအကြောင်းတွေကို အခြေခံပြီး သဘာဝကျတဲ့ဝတ္ထုတွေလည်း ရေးပါလို့ တောင်းဆိုပါရစေ။ ရင်ထဲမှာ တစ်ခုခုကျန်နေခဲ့တဲ့ ဇာတ်လမ်းတွေပေါ့ ...

ဓမိမောင်အေး

C/O မျိုးမျိုးစိုး

နမ္မတူးဆေးရုံ၊ ရှမ်း/မြောက်

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

'မ'ကို ညီမလေးတို့ လေးစားစွာစာရေးလိုက်ပါတယ်။ 'မ'ရဲ့ဝတ္ထုတွေက အရမ်းဆွဲဆောင်မှုရှိတာပဲနော်။ "အကြင်နာများကောင်းကင်ယံသို့ လွှင့်တင်ထားသည်"စာအုပ်ကို အရမ်းကြိုက်တာပဲ။ "ပန်းတစ်ပွင့်ရဲ့မှုပိုင်ရာသီဥတု"ကိုလည်း ကြိုက်တယ်။ 'မ'ရဲ့ idea က အရမ်းလန်းတယ်နော်။ 'မ'ကိုအကြံတစ်ခု ပေးမယ်နော်။ 'မ'ရဲ့စာအုပ်တွေကို အမြဲစောင့်ဖတ်နေမယ်နော်။

မရဲ့ပရိသတ်

**Cand J**

အိမ်အမှတ်--၈/၃၂၀၊

ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ စပ်စုံထွန်းရပ်ကွက်၊

တောင်ကြီးမြို့။

www.burmeseclassic.com

စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

သို့

မမဆု

မင်္ဂလာပါ ခိုင်က မမဆုရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ ခိုင်ဝတ္ထုဖတ်ရတာ အရမ်းဝါသနာပါတယ်။ မမဆုရဲ့စာအုပ်ကိုလည်း "လသုံးစင်းနှင့်တခုနှစ်ခြင်း"ကနေပြီး အရမ်းကြိုက်သွားတယ်။ အခုဖတ်ပြီးသွားတဲ့ "လိမ္မော်ပင်ပျိုလေးရဲ့ကောင်းဘွိုင်"လည်း ကောင်းပါတယ်။ စာတင်သိမ်းမှာ မညားဘူးနော်။ မမဆု ဒီထက်မက အောင်မြင်ကျော်ကြားပါစေလို့ ခိုင်ဆုတောင်းပေးလိုက်ပါတယ်။

မခိုင်မြိုးသူ

အမှတ်—၅၀၊ အင်းကြင်းမြိုင်လမ်း၊

ဆိပ်ကြီးခနောင်တိုမြို့နယ်၊

ဆိပ်ကြီးရှေ့ရပ်ကွက်၊ ရန်ကုန်မြို့။

စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ မမရဲ့စာအုပ်အသစ်ထွက်တိုင်း အမြဲအားပေးပါတယ်။ မမရဲ့စာအုပ်ထွက်တာ (၂၄)အုပ်ရှိပြီနော်။ တစ်အုပ်ကိုတစ်မျိုးစီကောင်းပါတယ်။ ညီမလေးတို့မြို့ကိုလည်း ရောက်ရင်ဝင်ခဲ့ပါနော်။ ဖိတ်ခေါ်ပါတယ်။ နောင်လည်း ဒီထက်ပိုပြီး အောင်မြင်တဲ့စာရေးဆရာမ တစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။ အမြဲအားပေးနေမယ်နော် ...

ခင်မင်စွာဖြင့်

နှင်းနှင်း

နှင်းအေးသီတာလွင်

အမှတ်(၁၂၆)၊ ဝိပဿနာလမ်း၊

သဲတုန်းရပ်ကွက်၊

ပြင်ကောက်မြို့၊ ပဲခူးတိုင်း။

www.burmeseclassic.com

## စေတနာစာပေ ၏

# အမှတ်တရ အစီအစဉ်

သို့

မဆုမြတ်

ကျွန်တော် သင်တန်းတစ်ခုတက်နေရင်း (၂၅-၉-၂၀၀၈) နေ့မှ သူငယ်ချင်းတစ်ယောက် ဝတ္ထုစာအုပ်တစ်အုပ်ပေးသွားပါတယ်။ စာအုပ်ကတော့ ဆုမြတ်မွန်မွန်ရေးတဲ့ "ပန်းတစ်ပွင့်၏ မူပိုင်ရှင်သီဥတု" ဒီစာအုပ်ဟာ လူတစ်ယောက်ရဲ့စိတ်ကို ဆွဲဆောင်သွားသည့်အပြင် "နှလုံးသားသွေးစက်လို့ခေါ်တဲ့ကဗျာတွေဟာလည်း စာအုပ်ရဲ့အသက်သွေးကြောသဖွယ်ဖြစ်နေပါတယ်။ ဒီလို ဝတ္ထုကောင်းတွေ အများကြီးရေးဖို့ အကြံပြုချင်ပါတယ်။

တိုးတက်အောင်မြင်ပါစေ
ဆုမြတ်ရဲ့
ထာဝရ
ရွှေသိန်း **B.A (His)**
**Age : 24 year (teacher)**
စံရိုးတောင်ရွာ၊ ဘူးသီးတောင်မြို့နယ်၊
ရခိုင်ပြည်နယ်။

မောင်ရွှေသိန်း
စံရိုးတောင်ရွာ
C/O ဒေါ်မကျော့ဦး
ဘူးသီးတောင်မြို့နယ်၊
ရခိုင်ပြည်နယ်။



## စေတနာစာပေ ၏

# အမှတ်တရ အစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော်က မရဲ့စာဖတ်ပရိသတ်ပါ။ မရဲ့စာတွေက အရမ်းဖတ်လို့ကောင်းတယ်နော်။ 'မ'ရဲ့စာအုပ်တွေထဲမှာ လမင်းခေတ်က ယဉ်ကျေးမှုကို အကြိုက်ဆုံးပဲ။ မဆုမြတ်တစ်ယောက် စာပေနယ်ပယ်မှာ သရဖူဆောင်းနိုင်ပါစေ။ နောက်ထပ် လသုံးစင်းနှင့် ကခုန်ခြင်းစာအုပ်လိုမျိုး ဇာတ်လမ်းဆက်ရေးပေးပါဦးနော်။

မရဲ့
ထာဝရပရိသတ်
ခွန်နှဒီဝင်းကို

ခွန်နှဒီဝင်းကို
နံ့ပါတ်(၉၀)၊
အမှတ်-၆(ခ)၊ မွေးရောင်ခြည်လမ်း၊
အောင်သပြေ တောင်ကြီးမြို့။

burmeseclassic.com

www.burmeseclassic.com

## စေတနာ့စာပေ ၏

## အမှတ်တရ အစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

ကျွန်တော်ဟာ ဆရာမဆုမြတ်မွန်မွန်ရဲ့ ပရိသတ်တစ်ယောက်ပါ။ ကျွန်တော် ဖတ်ဖူးတဲ့စာအုပ်ထဲမှာ 'အညှိုးမြစ်' စာအုပ်ကို အကြိုက်ဆုံးပဲ။ ထွက်ပြီးသွားတဲ့ အညှိုးမြစ်ကားကိုလည်း ကျွန်တော် တော်တော်ကြိုက်ပါတယ်။ နောင်ဆက်လက်ထွက်ရှိမဲ့ မဆုမြတ်မွန်မွန်ရဲ့စာအုပ်တွေကို ကျွန်တော်မပြတ်တမ်းအားပေးဖတ်ရှုမှာပါ။ ကျွန်တော် မဆုမြတ်မွန်မွန်ရဲ့ဓာတ်ပုံနဲ့ ပြန်စာကိုမျှော်နေမယ်နော်။

မဆုမြတ်မွန်မွန်ရဲ့
အမြဲတမ်းပရိသတ်

ကျော်ဇင်သန့်
အမှတ်(၁၁)၊ (၁၁)ရပ်ကွက်၊
ရန်အောင်လမ်းသွယ်၊ မော်လမြိုင်ကျွန်းမြို့။

## စေတနာ့စာပေ ၏

## အမှတ်တရ အစီအစဉ်

မင်္ဂလာပါ မဆု

မဆုရဲ့ဝတ္ထုစာအုပ်တွေကို ဖတ်လိုက်ရတော့ တစ်ခါမှ မတွေ့ဘူးတဲ့ စာရေးသူနှင့် အင်တာဗျူးကို ဖတ်လိုက်ရတယ်။ အရေးအသားနှင့် ဓာတ်လမ်းတင်ပြပုံလေးတွေကိုလည်း နှစ်ခြိုက်သဘောကျပါတယ်။ မဆုရဲ့ထွက်ပြီးတဲ့စာအုပ်တွေကိုလည်း အကုန်နီးပါးဖတ်ပြီးပါပြီ။ နောက်ထွက်လာမဲ့စာအုပ်တွေကိုလည်း အမြဲအားပေးနေပါ့မယ်။ မဆု အောင်မြင်မှုများစွာကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆန္ဒပြုရင်း ...

ဇင်မီကို
ကျောက်ထု

burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ မဆု

ခင်မင်စွာဖြင့် ဒီစာကိုရေးလိုက်ပါတယ်။ မဆုရဲ့စာအုပ်ကို ဖတ်ရတာ ဆွဲဆောင်မှုရှိတယ်လို့ ကျွန်တော်ထင်တယ်။ လက်ထဲက မချစ်ချင်လောက်အောင်ကို ဆွဲဆောင်မှုရှိတယ်။ ဇာတ်အိမ်ဖွဲ့ထားတာကလည်း တစ်မျိုးကွဲထွက်နေတာကို တွေ့ရတယ်။ စာသားတွေကလည်း ဆန်းသစ်တယ်။ ဒါနဲ့ ကျွန်တော်လည်း စာအုပ်ကိုဖတ်ကြည့်တော့မှပဲ ကောင်းမှန်းသိတော့တယ်။ နောက်ဆို မဆုရဲ့စာအုပ်တွေကို အားပေးနေမယ်နော်။ ကဲ ဒီလောက်ပါပဲ။

လိုချင်သောဘဝပန်းတိုင်'ဆု'ကို မြင့်'မြတ်'သောအနေအထားဖြင့် ပရိသတ်၏မွန်မြတ်သောမေတ္တာများကို ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆု'မွန်'ကောင်းတောင်းလိုက်ပါတယ်။

ဟန်ဖြိုးအောင်
၁၉/၅၀၂ သီတာလမ်း၊
တောင်ဥက္ကလာပမြို့နယ်

## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

သမီးနာမည်က သူဇာပါရှင်၊ မမစာအုပ်တွေကို အရမ်းကြိုက်တဲ့သူပေါ့။ မမစာအုပ်တွေက အရမ်းကောင်းလွန်းတော့ ဘယ်စာအုပ်က အကောင်းဆုံးဆိုတာ မပြောတတ်တော့ဘူး။ မမဝတ္ထုတွေက အရမ်းထိမိတာပဲ။ မမကို အရမ်းအားကျတယ်။ ဆက်လက်ပြီး အားပေးနေဦးမှာပါ။

သူဇာ
ကလေးမြို့နယ်
စခန်းကြီး

www.burmeseclassic.com

# စာတနာ့စာပေ ၏

## အမှတ်တရအစီအစဉ်

မ

မလို့ပဲခေါ်မယ်နော်။ အရင်ဆုံးဖတ်ဖြစ်တာကတော့ ကြွင်းကျန်ရစ်သောသစ္စာ။ အဲဒီစာအုပ်။ ဒါလည်းပဲအမှတ်တမဲ့ပဲ။ နောက်ထပ်တစ်အုပ်ပြီးတစ်အုပ်ဖတ်ဖြစ်တယ်။ တဖြည်းဖြည်းနဲ့ ရင်းနှီးလာသလို ခံစားရတယ်။ နောက်မန္တလေးသားဆိုတဲ့စာအုပ် ကိုဖတ်လိုက်ရော ဟာ ဘာဖြစ်သွားမှန်းမသိဘူး။ ရင်ထဲမှာ စာအုပ် ကို လက်ကမချချင်တော့ဘူး။ ပြန်ပြန်ဖတ်လည်း ရင်ထဲမှာ မှန်နေပြီ။ ဆိုင်ကိုတောင် မအပ်ချင်တော့ဘူးဖြစ်သွားတယ်။

မရဲ့ ထာဝရပရိသတ်

ချစ်ထက်ထက်ချစ်

# စာတနာ့စာပေ ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ပထမဆုံးမိတ်ဆက်စာရေးတာမို့ အမှားပါရင်ခွင့်လွှတ်ပါ။ ကျွန်တော်က 'မ'ရေးတဲ့ဝတ္ထုတွေကို အားပေးတဲ့ကောင်လေး တစ်ယောက်ပါ။ မ,ရဲ့စာအုပ်တွေကို ဖတ်လိုက်ရရင် ကျွန်တော့် ရင်ထဲမှာ ကဗျာလေးတွေကျန်ရစ်ခဲ့တယ်။ မ,ရဲ့အရေးအသားတွေ ထဲမှာ နာမည်ပေးတာကို အကြိုက်ဆုံးပါပဲ။

မျှော်လင့်ခြင်းများနဲ့

ရဲရဲ

မောင်းမတော်ရွာအနီး၊ လောင်းလုံမြို့နယ်၊

သဘော့ဆိပ်ရွာ

burmeseclassic.com